ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၂၁ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ

ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၁၃၀၀၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ**

**ပုံနှိပ်ထုတ်ဝေသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# ပြည်ထောင်စုတရားသူကြီးချုပ် နှင့်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A (Law),LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမြဟန် | B.A.(Law).,LL.B<br>D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၄-၆-၂၀၁၇ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |
| ၆။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးစိုးနိုင် | B.A.(Law).,LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၄-၆-၂၀၁၇ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |
| ၈။ | ဦးခင်မောင်ကြည် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၄-၆-၂၀၁၇ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |
| ၉။ | ဦးမျိုးဝင်း | LL.B, C.B.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၅-၁၁-၂၀၁၈ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |

၁၀။ဦးမျိုးမောင် LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၄-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၁။ဦးကြည်သိန်း LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၄-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၂။ဦးခင်မောင်ကြီး LL.B. ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၃။ ဦးတင်ဟုန် LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၄။ ဒေါ်ခင်မေရီ LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၅။ ဦးသောင်းနိုင် LL.B ,LL.M ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၁၄-၃-၂၀၂၂ ရက်နေ့မှ ယနေ့အထိ)

၁၆။ ဦးသိန်းကိုကို LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၁၄-၃-၂၀၂၂ ရက်နေ့မှ ယနေ့အထိ)

၁၇။ ဒေါ်သင်းသင်းနွဲ့ LL.B ,LL.M ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၁၄-၃-၂၀၂၂ ရက်နေ့မှ ယနေ့အထိ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | B.A.(Law).,LL.B | ဥက္ကဋ္ဌ |
| ၂။ | ဦးမျိုးမောင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | LL.B | အဖွဲ့ဝင် |
| ၃။ | ဦးသိန်းကိုကို<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | LL.B | အဖွဲ့ဝင် |
| ၄။ | ဦးစန်းလွင်<br>ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | B.A.(Law).,LL.B. | အဖွဲ့ဝင် |
| ၅။ | ဦးမြသိန်း<br>တရားလွှတ်တော်ရှေ့နေ | B.A., B.L. | အဖွဲ့ဝင် |
| ၆။ | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | LL.B,LL.M,<br>M.A. Asian Law | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာဆွေဆွေအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | LL.M, Ph.D | အဖွဲ့ဝင် |

၈။ ဒေါ်နုနုခင် LL.B အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ်

(တရားစီရင်ရေး)

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၁၄-၉-၂၀၂၁ ရက်နေ့မှ ၂၄-၃-၂၀၂၂ ရက်နေ့အထိ)

၉။ ဒေါ်သင်းသင်းချို LL.B, အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ်

(လုပ်ထုံး/အငြင်းပွား/စစ်ဆေးရေး)

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

( ၆-၄-၂၀၂၁ ရက်နေ့မှ ယနေ့ထိ)

၁၀။ ဦးစောမျိုးမျိုး LL.B,LL.M အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

ပြစ်မှုတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၁၅-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၁။ ဒေါ်အေးအေးမော် LL.B,LL.M အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

တရားမတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၃-၅-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၂။ ဒေါ်မိမိစိန် LL.B အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စာချုပ်တော်ဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၂၇-၂-၂၀၂၀ ရက်နေ့မှ ၃-၅-၂၀၂၂ ရက်နေ့အထိ)

၁၃။ ဒေါ်ခင်အုန်းတင့် LL.B အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စာချုပ်တော်ဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၅-၅-၂၀၂၂ ရက်နေ့မှ ယနေ့အထိ)

၁၄။ ဒေါ်ဥမ္မာအေး LL.B, LL.M အတွင်းရေးမှူး
ညွှန်ကြားရေးမှူး Master of International
ဥပဒေလုပ်ထုံးလုပ်နည်းဌာန and Business Law
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၂၆-၄-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

“တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်”

(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ ) [၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

# မာတိကာ

## စီရင်ထုံးပြုသောရာဇဝတ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ဃ |
| ဒေါ်ခင်စန္ဒာမိုး | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂ | ၁ |
| ဒေါ်ချိုသဲ (ခ) ဒေါ်ငယ် | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ -၂ | ၂၂ |
| ဦးနိုင်ဝင်း | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ -၂ | ၃၅ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | မသက်သက်အောင် ပါ - ၄ | ၄၃ |
| မသီတာ / ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် / မသီတာ | ၅၁ |
| ဒေါ်လီလီဝင်း | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ | ၆၄ |
| ဦးသီဟကိုကို | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ | ၇၆ |
| သံချောင်း (ခ) ရဲမြင့်အောင် | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ | ၈၅ |

| | | | |
|---|---|---|---|
| သန့်ဇင်ဖြိုး<br>(ခ) ရှမ်းကြီး<br>(ခ) ကိုစိုင်း | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ၉၈ |
| ဦးသန်းစိုး | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ၁၀၆ |
| ဦးအေးချိုပါ - ၂ | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ - ၂ | ၁၁၃ |
| အောင်ဇော်ဦး<br>(ခ) အဲဇော် | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ၁၂၁ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | ကက-က၈ |
| ဒေါ်ခိုင်ခိုင်မြင့် နှင့် ဦးကျော်မျိုးဟန်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးလှဟန်) | နှင့် | ဦးကျော်မျိုးဟန်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးလှဟန်) ဒေါ်ခိုင်ခိုင်မြင့် | ၁ |
| ဒေါက်တာစိုင်းကျော်မင်း (ခ) အိုက်ယွမ်း | နှင့် | ဦးစိုင်းကျော်စည်သူ | ၁၃ |
| ဦးစန်းဝင်း ပါ ၂ | နှင့် | ဒေါ်အုန်းသိန်း ပါ ၃ | ၂၁ |
| ဦးငွေးအောင် | နှင့် | ဒေါ်ခင်ထားရီ | ၃၁ |
| ဒေါ်နန္ဒမာလာ (ခ) ဒေါ်ထံဏီဝင်းပြည့် (ခ) ပြည့်ပြည့် (ခ) စောမြင့်ကြည် (ခ) ချင်းမ | နှင့် | ဒေါ်နေဇင်မြင့် | ၄၄ |
| ဦးဥတ္တရ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးခင်မောင်တင့်) | နှင့် | ဦးစိုးနိုင် ပါ ၃ | ၅၀ |

# ၂၀၂၁ ခုနှစ်

# ရာဇဝတ်ဆိုင်ရာအမှုများ

## ရာဇဝတ်ဆိုင်ရာမှုခင်းများ

စာမျက်နှာ

ဥပဒေများ -

- ရာဇဝတ်ကျင့်ထုံးဥပဒေ
- ရာဇသတ်ကြီးဥပဒေ
- သက်သေခံဥပဒေ
- ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ
- ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေ

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပြဋ္ဌာန်းချက်အရ တတိယပုဂ္ဂိုလ်သည် ဝရမ်းကပ်ပစ္စည်း၏ အကျိုးခံစားခွင့်အပေါ် အရေးဆိုနိုင်ရန် အချိန်ကာလကန့်သတ်ချက်ဖြင့် ခွင့်ပြုထားခြင်းသာဖြစ်ခြင်း၊ သတ်မှတ်ကာလအတွင်း တောင်းဆိုခြင်းမပြုခဲ့သည့် တတိယပုဂ္ဂိုလ်အပေါ် တရားခံပြေးအတွက် သက်သာခွင့်ပြုရန် ရည်ရွယ်ပြဋ္ဌာန်းထားသည့် ယင်းဥပဒေပုဒ်မ ၈၉ ၏ အခွင့်အရေးကို မပေးနိုင်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆က) (၆ဃ) (၇) တို့ကို ဆက်စပ်ယှဉ်တွဲ ကြည့်ရှုရန်ဖြစ်ပြီး အဆိုပါ ပြဋ္ဌာန်းချက်များအရ ဝရမ်းကပ်ထားသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ၏ စဉ်ဆက်မပြတ် အခွင့်အရေးများ အချိန်ကာလ

ညွှန်းချက်

ကန့်သတ်ချက်နှင့်တကွ အပြည့်အဝခွင့်ပြုထားသည်မှာ ထင်ရှား စာမျက်နှာ
သည်။

အဆိုပါပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့် ကာလ စည်းကမ်းသတ်များနှင့်စပ်လျဉ်း၍ ခြွင်းချက်၊ ကင်းလွတ်ချက်၊ ပြဋ္ဌာန်းချက်များ ပါရှိကြောင်းမတွေ့ရ။ ထို့ကြောင့် ခြွင်းချက်မရှိ လိုက်နာဆောင်ရွက်ရန်သာ ဖြစ်သည်မှာ မြင်သာသည်။ ဤအမှုတွင် မူလရုံး လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်က ဝရမ်းခွာပေးရန် လျှောက်ထားသည့်နေ့မှာ ၅-၂-၂၀၁၃ နေ့ဖြစ်သည်။ ဝရမ်းခွာပေးရန် လျှောက်ထားသည့်ပစ္စည်းများကို ဝရမ်းစွဲကပ်သည့်နေ့မှာ ၁၃-၈-၂၀၁၁ ဖြစ်ရာ ဒေါ်ခိုင်ကြည်ဇာနောင်၏ လျှောက်ထားမှုသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ပါလျက် မူလအမှုစစ် လှိုင်သာယာမြို့နယ် တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ ဝရမ်းခွာပေးစေလိုမှုအဖြစ် လက်ခံဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ သည် ပုဒ်မ ၈၇ အရ လူဖမ်းဝရမ်းထုတ်ဆင့်ကြေညာခြင်းခံရသူ ပုဒ်မ ၈၈ အရ ၎င်းပိုင်ပစ္စည်းကို ပစ္စည်းကပ်ဝရမ်းစွဲကပ်ခြင်းခံရသူ တရားခံပြေး အား သက်သာခွင့်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းခြင်း ဖြစ်သည်။ ပစ္စည်းနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဟု အဆိုရှိသူတို့က တောင်းဆို ခြင်း၊ ကန့်ကွက်ခြင်းပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိ။ ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ပစ္စည်းကိုဝရမ်းစွဲကပ်သော ရာဇဝတ် တရားသူကြီးတစ်ဦးအနေဖြင့် ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ တတိယပုဂ္ဂိုလ်၊ အပြင်လူ (Third party) ၏ တောင်းဆိုမှု

များကို စုံစမ်းစစ်ဆေးရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ Su We V King စာမျက်နှာ Emperor အမှုကို ရည်ညွှန်းသည်။

ဒေါ်ခင်စန္ဒာမိုး နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁

## အယူခံမှု၊ ပြင်ဆင်မှုဆိုသည်မှာ သီးခြားစစ်ဆေးစီရင်မှုမဟုတ်ဘဲ မူလအမှုတို့နှင့် တစ်ဆက်တစ်စပ်တည်းသာဖြစ်ခြင်း၊ သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်းသည် သီးခြားအမိန့်မဟုတ်ဘဲ မူလအမှုတွင် တရားခံပြစ်မှု ကျူးလွန်ခြင်း ရှိမရှိ နှင့် ဆက်စပ်သုံးသပ်ရမည့်ကိစ္စဖြစ်ခြင်း

**ဆုံးဖြတ်ချက်**။ ။ တရားစစ်ဆေးစီရင်မှုတစ်ခုသည် ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ပြစ်မှုထင်ရှားမတွေ့ရှိသဖြင့် အပြီးအပြတ် လွှတ်ခြင်းတွင် ဆုံးခန်းတိုင်သည်။ ထိုသို့ တရားစစ်ဆေးစီရင် ဆုံးဖြတ်ချက်တစ်ခု ဆုံးခန်းတိုင်ခြင်း ရှိ မရှိ၊ တစ်နည်းအားဖြင့် ပြီးဆုံးခြင်း ရှိ မရှိ ကို မူလတရားရုံး၏ စီရင်ဆုံးဖြတ်ချက် တစ်ခုတည်းအပေါ်တွင်သာ ကွက်၍စဉ်းစားလျှင် ပြည့်စုံမည်မဟုတ်ပေ။ ထိုသို့ပြစ်မှုထင်ရှားစီရင်ခြင်း ရှိ မရှိ ချမှတ်သည့်အမိန့်အပေါ် တင်သွင်းလျှောက်ထားကြသည့် အယူခံမှု၊ ပြင်ဆင်မှုတို့အပေါ်တွင်လည်း ဆက်လက်စဉ်းစားရမည် ဖြစ်သည်။ အယူခံမှု၊ ပြင်ဆင်မှုဆိုသည်မှာ သီးခြားစစ်ဆေးစီရင်မှု မဟုတ်ဘဲ မူလမှုကို ဆက်လက်ဆောင်ရွက်ခြင်းသာ ဖြစ်သည်။ တစ်နည်းဆိုရမူ အယူခံမှု၊ ပြင်ဆင်မှုဟူသည် တရားစီစစ်သည့်သဘော၊ မူလတရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ထပ်မံစီစစ်သည့်သဘော ဖြစ်သည်။ မူလမှုနှင့် အယူခံမှု၊ ပြင်ဆင်မှုတို့သည် တစ်ဆက်တစ်စပ်တည်းသာ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည်လည်း

(ဃ) ညွှန်းချက်

သီးခြားအမိန့်မဟုတ်ဘဲ မူလအမှုတွင် တရားခံပြစ်မှု ကျူးလွန်ခြင်း ရှိ မရှိနှင့် ဆက်စပ်သုံးသပ်ရမည့် ကိစ္စဖြစ်သည်။ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်လျှင် သက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲရာတွင် စဉ်းစားရမည့်သဘောသဘာဝနှင့် တရားခံသည် ပြစ်မှုထင်ရှားခြင်း မရှိလျှင် စဉ်းစားရမည့်သဘောသဘာဝတို့မှာ တူညီနိုင်မည်မဟုတ်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် တရားခံကျော်ရဲသည် ပြစ်မှုကျူးလွန်ကြောင်း၊ ဘဏ်ငွေစုစာအုပ်ထဲမှ ငွေများသည် ရွှေဖြူန်းများကို ခိုးယူရောင်းချထားသော ငွေများဖြစ်ကြောင်း သုံးသပ်ထားပြီး သုံးသပ်ခဲ့ပြီးဖြစ်သည့်အခြေအနေ၌ သက်သေခံငွေစုစာအုပ် (၂) အုပ်ရှိငွေများသည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ အဓိပ္ပာယ် ရှင်းလင်းချက်အရ ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် လက္ခဏာရှိသောပစ္စည်းဟု ဆက်လက် ကောက်ယူသုံးသပ်ရန်သာရှိသည်။ သို့မှသာ ဥပဒေအရ ချိတ်ဆက်ညီညွတ်သောအကြောင်းခြင်းရာအရ ညီညွတ်မျှတသော စီရင်ဆုံးဖြတ်ခြင်းဖြစ်ပေလိမ့်မည်။

ဒေါ်ချိုသဲ(ခ) ဒေါ်ငယ် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၂

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ ယခင်အမှုမှ ဒဏ်ငွေကို အရကောက်ခံရန်စွဲဆိုမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှုမပြုနိုင်ခြင်း**

**ဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ အရေးယူဆောင်ရွက်မှုမှာ ယခင်အမှုမှ ဒဏ်ငွေကိုပေးဆောင်မှုမရှိသဖြင့် ဒဏ်ငွေအရကောက်ခံရန် စွဲဆိုမှုဖြစ်သည်။ တရားခံအပေါ်

တရားရုံးက ပြစ်မှုထင်ရှားစီရင်ထားခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း မဟုတ်သဖြင့် ယခုအမှုဖြင့် စွဲဆိုခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်မှုမရှိပေ။ စာမျက်နှာ

ဦးနိုင်ဝင်း နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ-၂ ၃၅

**အယူခံတရားခံအား ဆင့်စာအတည်ပြု၍မရသဖြင့် ၎င်းအပေါ် ကြားနာရန် အခွင့်အရေးမရရှိသောကြောင့် အမှုကို ယာယီပိတ်သိမ်းမည့်အစား ၎င်းအား ထိခိုက်နစ်နာမှုမရှိသည့်အမိန့်မျိုး ချမှတ်နိုင်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ တရားခံအားကြားနာခွင့်မပေးဘဲ တရားခံက ပြောဆိုခွင့်မရှိဘဲ ၎င်းအပေါ် အမိန့်ချမှတ်မည်ဆိုလျှင် ၎င်းအား ထိခိုက်နစ်နာမည့်အမိန့်ဖြစ်ပါက တရားမျှတမှုကို ထိခိုက်စေနိုင်မည်ဖြစ်သည်။

သို့သော် ထိုသို့ပျက်ကွက်မှုမှာ တရားမျှတမှုကိုမထိခိုက်လျှင် တရားခံအား ဥပဒေက ပေးအပ်ထားသော အခွင့်အရေးကို ဆုံးရှုံးနစ်နာမှု တစ်စုံတစ်ရာမပေါ်ပေါက်လျှင်မူ တစ်နည်းအားဖြင့် တရားခံအပေါ် ထိခိုက်သည့် အမိန့်တစ်စုံတစ်ရာမဟုတ်လျှင်မူ အမှုပျက်ပြယ်ရန် အကြောင်းရှိမည်မဟုတ်ပေ။ တရားမျှတမှုကို မထိခိုက်သည့်ပျက်ကွက်မှု၊ တရားခံကိုမထိခိုက်သည့် ပျက်ကွက်မှုသည် ကုစား၍ရနိုင်သည့် ပျက်ကွက်မှုသာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလရုံးအမှုတွင် ပေါ်ပေါက်သော သက်သေခံအထောက်အထားများအရ အယူခံတရားခံအမှတ် (၁) (၂) (၃) တို့နှင့်အတူ အယူခံတရားခံအမှတ် (၄) သည်လည်း ပြစ်မှုကျူးလွန်

ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိပေ။ စာမျက်နှာ

အယူခံတရားခံအမှတ် (၄) ဖြစ်သူ ကျော်ထွန်းခိုင်မှာ ဆင့်စာအတည်ပြု၍မရသဖြင့် ဤအယူခံမှုတွင် ၎င်းကို ကြားနာ ရန် အခွင့်အရေးမရှိသော်လည်း ၎င်းအတွက် ထိခိုက်မှုမရှိသည့်အမိန့်၊ တစ်နည်းအားဖြင့် တရားမျှတမှုကို မထိခိုက်သည့် အမိန့်ချမှတ်ရန် ပေါ်ပေါက်သည့် အခြေအနေတွင် ၎င်းနှင့်စပ်လျဉ်း၍ ထပ်မံကြားနာ ရန် လိုအပ်မည်မဟုတ်တော့သဖြင့် ၎င်းအပေါ်ကြားနာနိုင်ရန်အတွက် အမှုယာယီပိတ်သိမ်းမှုမျိုး ဆောင်ရွက်ရန် အကြောင်းရှိမည်မဟုတ် တော့ပေ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် မသက်သက်အောင် ပါ-၄ ၄၃

**ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်းမပေါ်ပေါက်ပါက ပြစ်မှုပြစ်ဒဏ် စီရင်ပြီးသော တရားခံအပေါ် ပိုမိုကြီးလေးသော စွဲချက်ဖြင့် ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေရန် ရည်ရွယ်၍ မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် မသင့်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ အမှုတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တရားခံမသီတာအပေါ် ပိုမိုကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင် စစ်ဆေး ပေးရန် တရားခံအား ပြစ်မှုထင်ရှားစီရင်ပြီးသည့်အချိန်မှလျှောက်ထား လာခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး မူလခရိုင်တရားရုံးသည် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၄) အရ နောက်ထပ်စွဲဆိုသည့်ပြစ်မှုကို စစ်ဆေးစီရင်ပိုင်ခွင့်မရှိသည့် တရားရုံးလည်း မဟုတ်ပေ။ ၎င်းအပြင်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) တွင် ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်အတည်ဖြစ်နေစဉ် ၎င်းပြစ်မှုနှင့် ထပ်တူပြစ်မှုအတွက်ဖြစ်စေ၊ ၎င်းအမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားပြစ်မှုအတွက် ဖြစ်စေ ထပ်မံစစ်ဆေးစီရင်ခြင်း မခံထိုက်စေရဟု ပြဋ္ဌာန်းထားရာ တရားခံကိုပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးဖြစ်သည့် အမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားပြစ်မှုအတွက် စွဲချက်တင်ပြန်လည် စစ်ဆေးစီရင်နိုင်ရန် မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန်မှာ မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်မှုသည် ဥပဒေကြောင်းအရ လွန်စွာလွဲမှားနေမှသာ ပယ်ဖျက်သင့်သည်။ တရားခံအပေါ် ပိုမိုကြီးလေးသောစွဲချက်ဖြင့် ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေရန် ရည်ရွယ်၍ မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်းမျိုး မဖြစ်သင့်ပေ။ စာမျက်နှာ

| မသီတာ<br>ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>မသီတာ | ၅၀ |
|---|---|---|---|

## Main Server တွင် သိုလှောင်ထားသော အချက်အလက်များအား CD ဖြင့် ကူးယူ၍ သက်သေခံစာတမ်းအမှတ်အသား အဖြစ် တင်သွင်းခြင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၃၊ ယင်းပုဒ်မ ၆၃ (၅) နှင့် ယင်းပုဒ်မ ၆၅ (ဃ) အရ ခွင့်ပြုနိုင်ခြင်း

**ဆုံးဖြတ်ချက်။** ။ သက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများသည် အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များ

ဖြစ်ပြီး ထိုစာရွက်စာတမ်းများမှာ တရားခံ သီဟကိုကို အပ်နှံသည့် ကွန်ပျူတာအတွင်းမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ Main Server မှ ပြန်လည်ကူးယူထားပြီး ကွန်ပျူတာထဲရှိစဉ်က ထိုစာရွက်စာတမ်းများကို ဦးလှမျိုးသန့် (လိုပြ-၃) မှ ကိုယ်တိုင်မြင်တွေ့ဖတ်ရှုခဲ့ရသူဖြစ်ကြောင်း ထွက်ဆို၍ သက်သေခံတင်သွင်းခြင်းဖြစ်သည်။ စာမျက်နှာ

ထို့ကြောင့် သက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများသည် သက်သေခံအက်ဥပဒေပုဒ်မ ၃၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၃ (၅) အရ စာရွက်စာတမ်းများကို ကိုယ်တိုင်မြင်ဖူးခဲ့သူက ထိုစာရွက်စာတမ်းအမှတ်အသားရှိ အချက်အလက်များနှင့်ပတ်သက်သည့် ထွက်ဆိုချက်များ၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၅ (ဃ) အရ မူရင်းသည် လွယ်လင့်တကူ ရွှေ့ပြောင်းခြင်းမပြုနိုင်သည့် ပြဌာန်းချက်များနှင့်အညီ သက်သေခံအဖြစ် လက်ခံသည်ဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားခံသီဟကိုကိုထံမှရရှိသော စာရွက်စာတမ်းများအားလုံးသည် ကုမ္ပဏီပိုင်စာရွက်စာတမ်းများဖြစ်ကြောင်း မှတ်ပုံတင်ဆောင်ရွက်ထားခြင်းမရှိဟု ဦးကျော်ကျော်စိုး (လိုပြ-၁) အား ပြန်လှန်မေးမြန်းထားသဖြင့် သက်သေခံတင်သွင်းသည့် စာရွက်စာတမ်းများမှာ မှန်ကန်ခြင်း ရှိ မရှိ စပ်ဆိုင်လျက်ရှိသောကြောင့် ထိုသက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများ သည် သက်သေခံအက်ဥပဒေပုဒ်မ ၉ အရ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်မှာ ထင်ရှားလျက်ရှိပေသည်။ တရားခံ သီဟကိုကိုအနေဖြင့် သက်သေခံ (ဂ) မှ (ဇ-၄) ပါ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ပြန်လည်ချေပရန် လုံလောက်သောအခွင့်အရေးရရှိနိုင်သည်ဖြစ်၍ ၎င်းအပေါ် ထိခိုက်နစ်နာသည်ဟုလည်း မဆိုနိုင်ပေ။

**ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ခြင်းမရှိဘဲ အမှုကို ပြောင်းလဲစွဲချက်တင်ရန် ချမှတ်ခဲ့သည့် အထက်တရားရုံး၏အမိန့်သည် ဥပဒေအရ တရားဝင်၍ မှန်ကန်သောအမိန့်အဖြစ် ရပ်တည်နိုင်ခြင်း ရှိ မရှိ** — စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ မြို့နယ်တရားရုံးက သံချောင်း(ခ)ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမရှိပေ။ ပြင်ဆင်မှုတွင် ခရိုင်တရားရုံးက မူလရုံး၏ စွဲချက်အမိန့်ကိုပယ်ဖျက်ရုံမျှဖြင့် မူလရုံးက ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့် အပြီးသတ်အမိန့်သည် အလိုအလျောက် မပျက်ပြယ်ပေ။ ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၉ ပါ ပြဋ္ဌာန်းချက်အရ မြို့နယ်တရားရုံးက သံချောင်း (ခ) ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်သည် တည်ဆဲပင်ဖြစ်သည်။ ခရိုင်တရားရုံးကမူလရုံး၏စွဲချက်အမိန့်ကိုသာ ပယ်ဖျက်၍ အခြားပြစ်မှုများနှင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားသည့်အမိန့်သည် မူလရုံး၏ အတည်ဖြစ်ဆဲအပြီးသတ်အမိန့်ကို ထိခိုက်စေသည်ဖြစ်၍ ဥပဒေအရ တရားဝင်၍ မှန်ကန်သောအမိန့်အဖြစ် ရပ်တည်နိုင်မည် မဟုတ်ပေ။

| | | | |
|---|---|---|---|
| သံချောင်း(ခ) ရဲမြင့်အောင် | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | ၈၅ |

**လိမ်လည်အတုပြုမှု ကျူးလွန်သည်ဟု မထင်ရှားသည့် အခြေအနေတွင် လိမ်လည်အတုပြုထားသော စာရွက်စာတမ်း အမှတ်အသားဖြစ်ကြောင်း သိလျက်နှင့် အသုံးပြုပါသည်ဟု**

**ကောက်ယူ၍ အပြစ်ပေးနိုင်ခြင်း ရှိ မရှိ** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ရာဇသတ်ကြီးပုဒ်မ ၄၆၃ တွင် လိမ်လည်အတုပြုမှု၊ ယင်းပုဒ်မ ၄၆၄ တွင် မဟုတ်မမှန်သည့် စာတမ်းအမှတ်အသားပြုမှု၊ ယင်းပုဒ်မ ၄၇၀ တွင် လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားတို့၏ ပြစ်မှုအင်္ဂါရပ်များကို ဖွင့်ဆိုပေးထားသည်။

ရာဇသတ်ကြီးပုဒ်မ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၄၇၅၊ ၄၇၆၊ ၄၇၇၊ ၄၇၇-က တို့တွင် ကျူးလွန်သည့်ပြစ်မှုအတွက် ချမှတ်နိုင်သည့်ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ရာဇသတ်ကြီးပုဒ်မ ၄၇၁ တွင် တိုက်ရိုက်အပြစ်ပေးနိုင်သည့် ပြဋ္ဌာန်းချက် မပါရှိပေ။

ရာဇသတ်ကြီးပုဒ်မ ၄၇၁ သည် ယင်းပုဒ်မတစ်ခုတည်း သီးခြားရပ်တည်နိုင်ခြင်းမရှိဘဲရှေ့တွင် ပြဋ္ဌာန်းထားသည့် ရာဇသတ်ကြီး ပုဒ်မ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈ တို့အပေါ် တည်မှီ၍ ဆင့်ပွားသော ပုဒ်မသာဖြစ်သည်။

သို့ဖြစ်ရာ ယခုအမှုတွင် ဒေါ်လီလီဝင်းသည် ရာဇသတ်ကြီး ပုဒ်မ ၄၆၈ ကို ကျူးလွန်ကြောင်း မထင်ရှားသည့်အခြေအနေတွင် ယင်းမှ ဆင့်ပွားလာသော ရာဇသတ်ကြီးပုဒ်မ ၄၇၁ ကို ကျူးလွန်ကြောင်း သုံးသပ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဒေါ်လီလီဝင်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၆၄

**အမှုသည်တစ်စုံတစ်ဦးက တင်သွင်းသော အမှုနှင့်စပ်ဆိုင်သည့် သက်သေခံချက်များကို စစ်ဆေးစီရင်မှု၏ မည်သည့် အဆင့်တွင်မဆို သက်သေခံအဖြစ်လက်ခံရန် တရားရုံး**

## တွင် မူလဘူတအာဏာရှိခြင်း



**ဆုံးဖြတ်ချက်။** ။ စာတမ်းအမှတ်အသားသက်သေခံချက်တစ်ရပ်နှင့်စပ်လျဉ်း၍ သက်သေခံဝင်သည်၊ မဝင်သည်ကို ဆုံးဖြတ်နိုင်ခွင့်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၃၆ အရ တရားသူကြီး၏ အခွင့်အာဏာဖြစ်သည်။

အကြောင်းခြင်းရာတစ်ခုသည် သက်သေခံဝင်ရန်အတွက် သက်သေခံအက်ဥပဒေပုဒ်မ ၅ အရ အငြင်းဖြစ်သည့်အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာများ ဟုတ် မဟုတ် စိစစ်ရန်သာဖြစ်သည်။

စစ်ဆေးစီရင်သည့်အမှုတွင် သတ်မှတ်ထားသည့်အဆင့် ကျော်လွန်ပြီးနောက် ပြစ်မှုအတွက် သက်သေပြရန် အမှုနှင့်စပ်ဆိုင်ပြီး အခြားနည်းဖြင့် သက်သေခံမဝင်ကြောင်း ပိတ်ပင်ထားခြင်းမရှိသော သက်သေခံချက်ကို သက်သေခံအဖြစ်လက်ခံခြင်းအား ပိတ်ပင်သည့် ဥပဒေပြဋ္ဌာန်းချက်မရှိပေ။

အယူခံရုံးပင်လျှင် အမှုကို ထိုက်သင့်သလို အဆုံးအဖြတ်ပေးရန် သက်သေခံချက်ကို လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ နောက်ထပ်သက်သေခံချက်ရယူနိုင်သည်။ ထို့ပြင် အမှုစပ်ဆိုင်ပြီး တရားမျှတမှန်ကန်ရေးအတွက် လိုအပ်ကြောင်းတွေ့ရှိရလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပါ ပြင်ဆင်မှုအာဏာအရ သက်သေခံချက်အသစ်ကို လက်ခံနိုင်သည်။

သို့ဖြစ်၍ အမှုသည်တစ်စုံတစ်ဦးက တင်သွင်းသောအမှုနှင့် စပ်ဆိုင်သည့် သက်သေခံချက်ကို စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်

(၄)                                ညွှန်းချက်

တွင်မဆို သက်သေခံအဖြစ်လက်ခံရန် တရားရုံးတွင် မူလဘူတ စာမျက်နှာ အာဏာရရှိကြောင်း ထင်ရှားသည်။

| | | | |
|---|---|---|---|
| ဦးအေးချိုပါ-၂ | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပါ-၂ | ၁၁၃ |

**ပူးတွဲတရားခံတစ်ဦး၏ ရဲထံပြောကြားချက်သည် သက်သေခံ အက်ဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော သက်သေခံချက်မဟုတ်သဖြင့် တရားခံအပေါ် အပြစ် ပေးရန် အခြေခံအဖြစ်အသုံးမပြုနိုင်ခြင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်သည် အခိုင်အမာဖြစ်နေသော တရားဝင် သက်သေခံချက် (Legal testimony) အပေါ် အခြေခံ ရန်ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ ပူးတွဲတရားခံတစ်ဦး၏ ဖြောင့်ချက်သည် သက်သေခံ အက်ဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သက်သေခံချက် မဟုတ်ပေ။ ထို့ကြောင့်အပြစ်ပေးရန် အခြေခံအဖြစ်မသုံးနိုင်ပေ။ အခြားသက်သေခံချက်ကို ထောက်ခံသည့်အနေဖြင့်သာ အသုံးပြု နိုင်သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် အလှ(ခ)မောင်လှပါ-၃** အမှုကို ကြည့်ပါ။

တရားခံ အောင်မြတ်နိုင်နှင့်လှထွန်းရီတို့၏ ရဲထံ ပြောကြားချက်သည် ကတိသစ္စာပြု၍ ထွက်ဆိုသောပြောဆိုချက် မဟုတ်သည့်အပြင် လျှောက်ထားသူရှေ့တွင် ပြောဆိုချက်မဟုတ် သည်သာမက ပြန်လှန်မေးမြန်းခွင့်မရသော ပြောဆိုချက်ဖြစ်သည်။ ထို့ပြင် တရားခံအောင်မြတ်နိုင်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁)

အရ ရုံးရှေ့၌ ထွက်ဆိုရာတွင် လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍ သယ်ဆောင်ရန် စေခိုင်းခြင်းမရှိပါ၊ ရဲထံတွင်လည်း ထိုသို့ထွက်ဆိုခဲ့ခြင်းမရှိပါဟု ထွက်ဆိုသည်။ ထို့ကြောင့် တရားခံ အောင်မြတ်နိုင်နှင့်လှထွန်းရီတို့၏ ရဲထံ ပြောကြားချက်သည် သက်သေခံ အရာတွင် အားနည်းလျက်ရှိကြောင်း ကောက်ယူနိုင်သည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရာဇဝတ်မှုများတွင် တရားခံ ပြစ်မှုကျူးလွန်ကြောင်းသံသယမရှိဘဲ ထင်ရှားအောင် တရားလိုဘက်က သက်သေ ထင်ရှားပြသရန် တာဝန်ရှိသဖြင့် တရားရုံးကလည်း တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သံသယလုံးဝမရှိသည်အထိ စဉ်းစားဆင်ခြင်ပြီးမှသာ ပြစ်မှုထင်ရှားစီရင်ရန်ဖြစ်သည်။ တရားရုံး၏ ဆုံးဖြတ်ချက်သည် သံသယ အပေါ် အခြေခံရန်မဟုတ်ဘဲ အခိုင်အမာဖြစ်နေသော တရားဝင် သက်သေခံချက်များအပေါ် အခြေခံရန်ဖြစ်သည်။

အောင်ဇော်ဦး(ခ) အဲဇော် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၁၂၁

**ရဲစုံထောက်မေးမြန်းစဉ် ရဲကစေခိုင်း၍ တယ်လီဖုန်းဖြင့် ဆက်သွယ်မှာကြားချက်အရ မူးယစ်ဆေးဝါးရောင်းချရန် ရောက်ရှိလာသူ၏ လက်ဝယ်တွေ့ရှိသော မူးယစ်ဆေးဝါး နှင့်စပ်လျဉ်း၍ ဖုန်းဆက်သွယ်ပေးရန် ခိုင်းစေခြင်းခံရသူ၏ ပြုလုပ်မှုသည် မိမိအလိုအလျောက်ပြုခြင်း ဟုတ် မဟုတ်**

**ဆုံးဖြတ်ချက်**။ ။ ရဲအရာရှိ၏ စေခိုင်းချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ဖုန်းဆက်မှာကြားပေးပို့ခိုင်းခဲ့ခြင်းသည် ၎င်း၏ အလိုအလျောက် ပေါ်ပေါက်လာသောစိတ်ဆန္ဒအရ ပြုမူဆောင်ရွက်ခဲ့သည်ဟုလည်း

ကောင်း၊ လာရောက်ပေးပို့သူထံမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး နှင့်စပ်လျဉ်း၍ အဆိုပါ လာရောက်ပေးပို့သူနှင့် ပူးပေါင်းကြံစည် သည်ဟုလည်းကောင်း ဆိုနိုင်မည်မဟုတ်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားခံ၏ ဆောင်ရွက်ချက်သည် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က) (၂၃) ပါ “ အားပေးကူညီခြင်း ” ဆိုသည့် စကားရပ်နှင့် ရာဇသတ်ကြီး ပုဒ်မ ၃၉ ပါ “ မိမိအလိုအလျောက်ပြုခြင်း” ဆိုသည့်စကားရပ်တို့တွင် အကျုံးဝင်သက်ဆိုင်သည်ဟု သုံးသပ်မည်ဆိုပါက ဥပဒေနှင့်ညီညွတ် မှုတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

| | | | |
|---|---|---|---|
| သန့်ဇင်ဖြိုး(ခ) ရှမ်းကြီး(ခ)ကိုစိုင်း | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | ၉၈ |

## ပြစ်မှုနှင့်သက်ဆိုင်သည်ဆိုရာတွင် ပြစ်မှုကျူးလွန်၍ ရရှိသည့် ငွေကြေးဖြင့် ပစ္စည်းအားဝယ်ယူခြင်းနှင့် ပြစ်မှုကျူးလွန် ရာတွင် အဆိုပါပစ္စည်းကို အသုံးချခြင်းတို့ပါဝင်ခြင်း

**ဆုံးဖြတ်ချက်**။ ။ အချင်းဖြစ်ယာဉ်သည် ပြစ်မှုနှင့်သက်ဆိုင်ခြင်း ရှိ မရှိ စဉ်းစားရန်မှာ အကြောင်းခြင်းရာပြဿနာဖြစ်သည်။ ပြစ်မှုနှင့် သက်ဆိုင်သည်ဆိုရာတွင် ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ပစ္စည်းအားဝယ်ယူခြင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အဆိုပါပစ္စည်းကို အသုံးချခြင်းတို့ဖြစ်သည်။ သို့ဖြစ်၍ ယာဉ်ကို မည်သူကပိုင်ဆိုင်သည် ဆိုသည့်အချက်ကို အခြေခံစဉ်းစားရန်မဟုတ်ဘဲ ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ဝယ်ယူခဲ့ခြင်း ဟုတ် မဟုတ်၊ ပြစ်မှုကျူးလွန်ရာ တွင် အသုံးပြုခဲ့ခြင်း ရှိ မရှိ ဆိုသည့် အချက်တို့ကို စိစစ်ရန်ဖြစ်သည်။

| | | | |
|---|---|---|---|
| ဦးသန်းဆိုး | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် | ၁၀၆ |

ရာဇဝတ်ပြင်ဆင်မှု

+၂၀၂၀ ပြည့်နှစ်
ဇွန်လ ၂ ရက်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးစိုးနိုင်ရှေ့တွင်

## ဒေါ်ခင်စန္ဒာမိုး
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပြဋ္ဌာန်းချက်အရ တတိယပုဂ္ဂိုလ်သည် ဝရမ်းကပ်ပစ္စည်း၏ အကျိုးခံစားခွင့်အပေါ် အရေးဆိုနိုင်ရန် အချိန်ကာလကန့်သတ်ချက်ဖြင့် ခွင့်ပြုထားခြင်းသာဖြစ်ခြင်း၊ သတ်မှတ်ကာလအတွင်း တောင်းဆိုခြင်း မပြုခဲ့သည့် တတိယပုဂ္ဂိုလ်အပေါ် တရားခံပြေးအတွက် သက်သာခွင့်ပြုရန် ရည်ရွယ်ပြဋ္ဌာန်းထားသည့် ယင်းဥပဒေပုဒ်မ ၈၉ ၏ အခွင့်အရေးကို မပေးနိုင်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) (၆ ဃ) (၇) တို့ကို ဆက်စပ်ယှဉ်တွဲကြည့်ရှုရန်ဖြစ်ပြီး အဆိုပါပြဋ္ဌာန်းချက်များအရ ဝရမ်းကပ်ထားသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ၏ စဉ်ဆက်မပြတ်အခွင့်အရေးများ အချိန်ကာလကန့်သတ်ချက်နှင့်တကွ

---

* ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁၀၇(ခ)

\+ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၄(ခ) တွင်ချမှတ်သော၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

အပြည့်အဝခွင့်ပြုထားသည်မှာ ထင်ရှားသည်။

အဆိုပါပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့် ကာလစည်းကမ်းသတ်များနှင့်စပ်လျဉ်း၍ ခြွင်းချက်၊ ကင်းလွတ်ချက်၊ ပြဋ္ဌာန်းချက်များပါရှိကြောင်းမတွေ့ရ။ ထို့ကြောင့် ခြွင်းချက်မရှိလိုက်နာဆောင်ရွက်ရန်သာဖြစ်သည်မှာ မြင်သာသည်။ ဤအမှုတွင်မူလရုံး လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်က ဝရမ်းခွာပေးရန် လျှောက်ထားသည့်နေ့မှာ ၅-၂၂၀၁၃ နေ့ဖြစ်သည်။ ဝရမ်းခွာပေးရန်လျှောက်ထားသည့် ပစ္စည်းများကို ဝရမ်းစွဲကပ်သည့်နေ့မှာ ၁၃-၈-၂၀၁၁ ဖြစ်ရာ ဒေါ်ခိုင်ကြည်ဇာနောင်၏ လျှောက်ထားမှုသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ပါလျက် မူလအမှုစစ် လှိုင်သာယာမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ ဝရမ်းခွာပေးစေလိုမှုအဖြစ် လက်ခံဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ သည် ပုဒ်မ ၈၇အရ လူဖမ်းဝရမ်းထုတ်ဆင့်ကြေညာခြင်းခံရသူ ပုဒ်မ ၈၈ အရ ၎င်းပိုင်ပစ္စည်းကို ပစ္စည်းကပ်ဝရမ်းစွဲကပ်ခြင်းခံရသူ တရားခံပြေးအား သက်သာခွင့်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်သည်။ ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဟုအဆိုရှိသူတို့က တောင်းဆိုခြင်း ကန့်ကွက်ခြင်း ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ပစ္စည်းကိုဝရမ်းစွဲကပ်သော ရာဇဝတ်တရားသူကြီးတစ်ဦးအနေဖြင့် ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ တတိယပုဂ္ဂိုလ်၊ အပြင်လူ (Third party) ၏ တောင်းဆိုမှုများကို စုံစမ်းစစ်ဆေးရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ Su We V King Emperor အမှုကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက် - ဦးတင်ထွန်း၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများ - (၁) ဦးဝင်းမောင်၊
အတွက် လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး
(၂) ဒေါ်စုစုငြိမ်း၊ တရားလွှတ်တော်ရှေ့နေ

လှိုင်သာယာမြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၃၉ တွင် လှိုင်သာယာမြို့နယ်၊ FMI City အမှတ် F ၈၇၊ ရွှေစံပယ် (၇) လမ်းရှိ အိမ်နှင့်ခြံမြေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ၁၃-၈-၂၀၁၁ ခုနှစ်က ကပ်ထားသောဝရမ်းအမိန့်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်သို့ ပေးအပ်စေရန် အမိန့်ချမှတ်သည်။ အဆိုပါ အမိန့်ကို ဒေါ်ခင်စန္ဒာမိုးမှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၇ ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၄(ခ) ဖြင့်လည်းကောင်း အဆင့်ဆင့်တင်သွင်းရာ ပလပ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ လှိုင်သာယာမြို့နယ်တရားရုံး၊ ၂၀၁၁ ခုနှစ် ရာဇဝတ်အထွေထွေမှုအမှတ် ၆၁၁ အမှုတွင် ဒေါ်ခင်စန္ဒာမိုးက ဦးသန့်ဇင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲဆိုသော အမှုတွင် တရားခံ ထွက်ပြေးတိမ်းရှောင်ကြောင်းပေါ်ပေါက်သဖြင့် ၎င်းပိုင် လှိုင်သာယာမြို့နယ်၊ FMI အိမ်ယာ ၆၀ ပေ၊ ၄၀ ပေအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ FMI အိမ်ယာ ၄ ရပ်ကွက်၊ ရွှေစံပယ် (၇) လမ်း၊ အမှတ် ၈၇ အိမ်အား ဝရမ်းစွဲကပ်ရာ ဒေါ်ခင်စန္ဒာမိုးက တရားခံဦးသန့်ဇင်၏ပိုင်ဆိုင်မှုကို ဝရမ်းစွဲကပ်ထားသဖြင့် မရောင်းချရန်သတင်းစာမှကြော်ငြာခဲ့၍ ဒေါ်ခိုင်ကြည်ဇာနောင်က အဆိုပါ ဦးသန့်ဇင်ပိုင်နေအိမ်မှာ ၎င်းဝယ်ယူပိုင်ဆိုင်လက်ရှိရယူထားကြောင်းဖြင့် ဝရမ်းခွာပေးစေရန် လျှောက်ထား

ရာမှ ပေါ်ပေါက်လာမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) တွင် ဝရမ်းကပ်ထားသည့်ပစ္စည်းကို ဝရမ်းခွာလိုသူက ဝရမ်းစွဲကပ်သည့်နေ့မှ (၆) လ အတွင်း ခွာရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယခုအချင်းဖြစ်ကိစ္စတွင် အချင်းဖြစ်ပစ္စည်းအပေါ် တရားရုံးက ဝရမ်းစွဲကပ်သည့်နေ့မှာ ၁၃-၈-၂၀၁၁ နေ့ဖြစ်ပြီး အဆိုပါဝရမ်းကို ခွာပေးရန်အတွက် ဒေါ်ခိုင်ကြည်ဇာနောင်က လျှောက်ထားသည့်နေ့မှာ ၅-၂-၂၀၁၃ နေ့ဖြစ်၍ ဝရမ်းစွဲကပ်ပြီး တစ်နှစ်ခန့်ကြာမှ ဝရမ်းကိုခွာပေးရန် လျှောက်ထားခြင်း၊ ထိုသို့ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ လျှောက်ထားလာသည့်အချက်ကို ကုစားသည့်ဥပဒေပြဋ္ဌာန်းချက်မရှိကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ အရ စည်းကမ်းသတ်ကာလတိုးချဲ့နိုင်သည့်ကိစ္စများတွင် အကျုံးဝင်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ တွင် ပြဋ္ဌာန်း ထားခြင်းမရှိကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ သည် ထွက်ပြေးတိမ်းရှောင်နေသော တရားခံနှင့်သာသက်ဆိုင်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) ပါ အခြားသူတစ်ဦးဦးနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ဒေါ်ခိုင်ကြည်ဇာနောင်သည် ထွက်ပြေးတိမ်းရှောင်နေသော တရားခံ (ကြေညာခြင်းခံရသူ) မဟုတ်ကြောင်း၊ အခြားသူတစ်ဦးဦးသာလျှင်ဖြစ်သဖြင့် ဒေါ်ခိုင်ကြည်ဇာနောင်သည် ပုဒ်မ ၈၉ ပါ နှစ်နှစ်ဟူသော အကာအကွယ်ကို ရထိုက်ခွင့်မရှိကြောင်း၊ ၂၀၁၁ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၆၁၁ တွင် ဒေါ်ခိုင်ကြည်ဇာနောင်သည် အမှုသည်အဖြစ် ပါဝင်ခြင်းမရှိဘဲ တတိယပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားပါလျက် အချင်းဖြစ်ပစ္စည်းများကို ပုဒ်မ ၈၉ အရ ၎င်းအားပေးအပ်စေရန်ချမှတ်ခဲ့သောအမိန့်သည် မှားယွင်းကြောင်း၊ ဒေါ်ခိုင်ကြည်ဇာနောင်က တင်ပြသော ၅-၁၁-၂၀၁၀ စာချုပ်သည် မှတ်ပုံတင်စာချုပ်ဆိုထားသောစာချုပ်မဟုတ်ဘဲ အရပ်ကတိစာချုပ်သာဖြစ်၍ အချိန်မရွေးဖန်တီး

ချုပ်ဆိုနိုင်သော စာချုပ်မျိုးဖြစ်ကြောင်း၊ လျှောက်ထားသူဘက်မှ တင်ပြသော သက်သေခံ (၃၊ ၄၊ ၅၊ ၆၊ ၇) စာရွက်စာတမ်းများတွင် ဦးသန့်ဇင်နေထိုင်သောလိပ်စာမှာ အချင်းဖြစ်နေအိမ်ပင်ဖြစ်ကြောင်း ပေါ်ပေါက်ထင်ရှားသဖြင့် အမှတ် (၂) လျှောက်ထားခံရသူ ဒေါ်ခိုင်ကြည်ဇာနောင် အချင်းဖြစ်နေအိမ်ကို ဝရမ်းစွဲကပ်ခြင်းမပြုမီကပင် ဝယ်ယူလက်ရောက်ထားခဲ့သည်ဆိုသောအချက်မှာ ယုံကြည်လက်ခံနိုင်ဖွယ်ရာမရှိကြောင်း ပေါ်လွင် ထင်ရှားနေကြောင်း၊ ဤပြင်ဆင်မှုကို လက်ခံပြီးရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးနှင့် လှိုင်သာယာမြို့နယ်တရားရုံးတို့က ချမှတ်သောအမိန့်များကို ပယ်ဖျက်ပြီး အချင်းဖြစ် မြေနှင့်အိမ်ကို ဝရမ်းစွဲကပ်မြဲကပ်စေသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် ဖော်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) တွင် "ဝရမ်းကပ်သည့်နေ့မှ ခြောက်လအတွင်းတောင်းဆိုခြင်း၊ ကန့်ကွက်ခြင်းအပေါ် စုံစမ်းစစ်ဆေးရာတွင် ထိုတောင်းဆိုချက်၊ ကန့်ကွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသဖြင့် ဝရမ်းခွာပေးစေလိုသူသည် ဝရမ်းကပ်သည့်နေ့မှ ခြောက်လအတွင်းတောင်းဆိုခြင်း သို့မဟုတ် ကန့်ကွက်ခြင်းကို မလွဲမသွေ ပြုလုပ်ရမည်ဟုလည်းကောင်း၊ ထိုသို့ ကန့်ကွက်ခြင်းမပြုလျှင် ဝရမ်းခွာပေးရန်တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်းမပြုနိုင်ဟုလည်းကောင်း၊ အတိအလင်း ပြဋ္ဌာန်းချက်မရှိသဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ တွင် အစိုးရက စီမံခန့်ခွဲသည့် သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့် ပစ္စည်းပိုင်ရှင်သည် ဝရမ်းကပ်သည့်နေ့မှ နှစ်နှစ်အတွင်း မိမိအလိုအလျောက်လာရောက်ခဲ့လျှင် အဆိုပါ တရားရုံးက ကျေနပ်လောက်အောင် ထိုသူက ထုချေရှင်းလင်းနိုင်ခဲ့လျှင် ထို့ပြင် မိမိအနေဖြင့် ကြေညာချက်တွင်

သီးခြားဖော်ပြထားသည့်အချိန်အတွင်း တရားရုံးရှေ့သို့လာရောက်ရန် အဆိုပါ ကြေညာချက်ကိုမသိခဲ့ကြောင်း အဆိုပါတရားရုံးက ကျေနပ်လောက်အောင် ထုချေဖြေရှင်းနိုင်ခဲ့လျှင် အဆိုပါပစ္စည်းကို ထိုသူအား ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့်လည်းကောင်း၊ **ဦးစိုးမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၁] တွင် "ဤလျှောက်ထားမှုအပေါ် ကာလစည်းကမ်းသတ်ကျော်လွန်ရခြင်း အကြောင်းချက်တစ်ရပ်တည်းဖြင့် အမှုတစ်ခုလုံးကိုပယ်ရန်အကြောင်းမတွေ့ရပေ။ X X X တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ အရ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် ပြင်ဆင်မှုကို လက်ခံဆောင်ရွက်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိကြောင်း" လမ်းညွှန်စီရင်ထုံးဖွဲ့ထားရာ ယခုအမှုတွင် မူလရုံးက ဦးသန့်ဇင် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အချင်းဖြစ် မြေနှင့်အိမ်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ဂရမ်းစွဲကပ်ခဲ့ကြောင်း၊ လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင် သည် ၎င်း၏ခင်ပွန်းတာဝန်ထမ်းဆောင်ရာဒေသသို့ လိုက်ပါနေထိုင်ရသဖြင့် လျှောက်ထားခံရသူ ဒေါ်ခင်စန္ဒာမိုးက သတင်းစာတွင် ကြော်ငြာချက်ထည့်သွင်းသည့်အချိန်မှ သိရှိရ၍ ၅-၂-၂၀၁၃ ရက်နေ့တွင် ဝရမ်းခွာပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ အချင်းဖြစ်မြေနှင့်အိမ်ကို ဒေါ်ခိုင်ကြည်ဇာနောင်က ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ စွဲကပ်ထားသော ဝရမ်းအမိန့်ကို ရာဇဝတ်အထွေထွေမှုအမှတ် ၃၉/၂၀၁၃ အမှုတွင် လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်သို့ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်များမှာ အမှုတွဲပါပေါ်ပေါက်ချက်များနှင့် ညီညွတ်မှုရှိသဖြင့် လျှောက်ထားသူ၏ ပြင်ဆင်အကြောင်းပြချက်များအပေါ် လက်ခံစဉ်းစားပေးရန်မသင့်ပါကြောင်း၊ ရာဇဝတ်ပြင်ဆင်မှုကို ပလပ်သည့် အမိန့်ချမှတ်ပေးပါရန် လျှောက်ထားသည်။

လျှောက်ထားခံရသူ (၂) ၏ တရားလွှတ်တော်ရှေ့နေက

---

၁။ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၈

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ တွင် ဝရမ်းခွာပေးရန် လျှောက်ထားသူကို ဝရမ်းစွဲကပ်သည့်အမှု၌ပါရှိသော အမှုသည်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ပစ္စည်းအားယူထားသော ပိုင်ရှင်ဖြစ်ရန်သာလိုကြောင်း၊ လျှောက်ထားသူက ဒေါ်ခိုင်ကြည်ဇာနောင်သည် ဝရမ်းကပ်သော လှိုင်သာယာမြို့နယ်တရားရုံး၊ ရာဇဝတ်အထွေထွေမှုအမှတ် ၆၁၁/၂၀၁၁ ၌ ပါဝင်သောအမှုသည်မဟုတ်၍ လှိုင်သာယာမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ ဝရမ်းခွာပေးပြီး ပစ္စည်းပေးအပ်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) တွင် ဝရမ်းကပ်သည့်နေ့မှ (၆) လ အတွင်း တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်းအပေါ် စုံစမ်းစစ်ဆေးရာတွင် ထိုတောင်းဆိုချက်၊ ကန့်ကွက်ချက်အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ၊ ခွင့်ပြုနိုင်သည် (သို့မဟုတ်) ငြင်းပယ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဝရမ်းခွာပေးစေလိုသူသည် ဝရမ်းကပ်သည့်နေ့မှ (၆) လအတွင်း တောင်းဆိုခြင်း (သို့မဟုတ်) ကန့်ကွက်ခြင်းကို မလွဲမသွေပြုလုပ်ရမည်ဟုလည်းကောင်း၊ ဝရမ်းကပ်သည့်နေ့မှ (၆) လအတွင်း တောင်းဆိုခြင်း (သို့မဟုတ်) ကန့်ကွက်ခြင်းမပြုလျှင် ဝရမ်းခွာပေးရန် တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်းမပြုနိုင်ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၉ တွင်မူ ဝရမ်းကပ်သောအချိန်၌ ဝရမ်းကပ်သောပစ္စည်းကို ဒေါ်ခိုင်ကြည်ဇာနောင်က ပိုင်ဆိုင်ကြောင်း ထင်ရှားမှုမရှိဟုဆိုခြင်းမှာ မမှန်ကြောင်း၊ ဝရမ်းစွဲကပ်ခြင်းမတိုင်မီကပင် ဝရမ်းစွဲကပ်သောပစ္စည်းကို ဒေါ်ခိုင်ကြည်ဇာနောင်က ပိုင်ဆိုင်ပြီး လက်ရှိဖြစ်ခဲ့ကြောင်း၊ ဒေါ်ခိုင်ကြည်ဇာနောင်၏ထွက်ချက်နှင့် စာချုပ်ပါ သက်သေများဖြစ်သော ဒေါ်သန်းသန်းဇင်၊ ဒေါ်မိမိခိုင်တို့၏ထွက်ချက်အရလည်း ဒေါ်ခိုင်ကြည်ဇာနောင်သည် ၅-၁၁-၂၀၁၀ ရက်နေ့ကတည်းကပင် မူလဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဦးမျိုးသော်ထံမှ အရပ်စာချုပ်ဖြင့်

ဝယ်ယူသည့် ဦးသန့်ဇင်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့ကြောင်း၊ တစ်ဖန် ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးသော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး အမည်ပြောင်းခဲ့သူ ဒေါ်ခိုင်ကြည်ဇာနောင် အရောင်းအဝယ်အမည်ပေါက်ပိုင်ဆိုင်ကြောင်း ထင်ရှားကြောင်း၊ ဆက်စပ်စာချုပ်များဖြစ်သော သက်သေခံ (ခ)(ဂ)၊ (ဃ) စာချုပ်မူရင်းများမှလည်း ဒေါ်ခိုင်ကြည်ဇာနောင်၏ လက်ဝယ်မှာ ပင်ရှိကြောင်း ထင်ရှားပေါ်ပေါက်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၀ အရ ယခုအမှုတွင် ဝရမ်းကပ်ခံရသောပစ္စည်းသည် ဝရမ်းကပ်စဉ်အချိန်၌ ဦးသန့်ဇင်၏ ပစ္စည်းလည်းမဟုတ်၊ ဦးသန့်ဇင် လက်ရှိ ပစ္စည်းလည်းမဟုတ်ဘဲ လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင် က ဝရမ်းမကပ်မီကတည်းကပင် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရရှိထားကြောင်း၊ ဒေါ်ခိုင်ကြည်ဇာနောင်ကပင် စီမံခန့်ခွဲလျက် အခွန်အခများ ထမ်းဆောင်လျက်ရှိကြောင်း၊ တရားရုံး ကျေနပ်လောက်အောင် ပေါ်ပေါက်ထင်ရှားနေပါသဖြင့် ဝရမ်းခွာပေးသည့်အမိန့်မှာ မှားယွင်းမှုမရှိကြောင်း၊ **ဒေါ်ခင်မိ နှင့် ဒေါ်နီလာလူပါ- ၃ အမှု** [၂] ကို ကိုးကား၍ ယခုအမှုတွင်လည်း ဝရမ်းစွဲကပ်သည့်နေ့မှာ ၁၃-၈-၂၀၁၁ ဖြစ်ပြီး ဒေါ်ခိုင်ကြည်ဇာနောင်မှ ဝရမ်းစွဲကပ်ခြင်းမပြုမီ ဦးသန့်ဇင်ထံမှ သက်သေခံ (ခ) စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၂၅၈/၂၀၁၅ ဖြင့် မှတ်ပုံတင်လိုက်သည့်အတွက် အမှုအတောအတွင်းလွှဲပြောင်း ရောင်းချသည်ဟု မဆိုနိုင်ကြောင်း၊ တရားခံပြေး ဦးသန့်ဇင်ပိုင်သည်ဟု မဆိုနိုင်လျှင် ဝရမ်းခွာပေးခဲ့သည့်အမိန့်မှာ မှားယွင်းမှုမရှိကြောင်း၊ ဤပြင်ဆင်မှုကို ပလပ်ပေးထိုက်ကြောင်း လျှောက်ထားသည်။

အမှုမှာ လှိုင်သာယာမြို့နယ်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၆၁၁ တရားလို ဒေါ်ခင်စန္ဒာမိုးက တရားခံ ဦးသန့်ဇင် အပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၆ အရ စွဲဆိုသောအမှုတွင် ဦးသန့်ဇင်သည်

---

၂။ ၁၉၉၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၄

အမှုမှထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးမှုအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ထို့နောက်တရားခံ ဦးသန့်ဇင်သည် ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇၊ ၈၈ အရ ဦးသန့်ဇင်ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဝရမ်းထုတ်ဆင့်ရာတွင် ဦးသန့်ဇင်ပိုင်ဆိုင်သော လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် ၈၇၃၊ လူနေရပ်ကွက်အမှတ် FMI အိမ်ရာ၊ ၆၀x၄၀ ပေ အကျယ်ရှိ ဂရန်မြေကွက်ပေါ်တွင် FMI အိမ်ရာ၊ ရွှေစံပယ် (၇) လမ်း၊ အမှတ် (F/၈၇) ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦကို ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ဂရမ်းကပ်သည့် အမိန့်ချမှတ်ပြီး ၁၃-၈-၂၀၁၁ နေ့တွင် ဂရမ်းကပ်သည်။ အဆိုပါနေအိမ်နှင့်မြေကွက်သည် ၅-၁၁-၂၀၁၀ နေ့ကတည်းက ဦးသန့်ဇင်ထံမှ ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်၍ ၎င်း ပိုင်ဆိုင်သောပစ္စည်းဖြစ်သောကြောင့် ဂရမ်းခွာပေးပါရန် ဒေါ်ခိုင်ကြည်ဇာနောင် က လှိုင်သာယာမြို့နယ်တရားရုံးတွင် ၅-၂-၂၀၁၃ နေ့တွင် လျှောက်ထား သဖြင့် ၎င်းရုံးက ၂၀၁၃ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်ထားမှုအမှတ် ၃၉ အဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့သော အမှုဖြစ်သည်။

ဒေါ်ခိုင်ကြည်ဇာနောင်၏ ၅-၂-၂၀၁၃ နေ့စွဲပါ လျှောက်ထားချက် အပေါ် မူလအမှုစစ် လှိုင်သာယာမြို့နယ်တရားရုံးက ဂရမ်းခွာပေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ လျှောက်ထားမှုကို လက်ခံရရှိကြောင်း မှတ်တမ်းတင်ပြီး ယခုရာဇဝတ်အထွေထွေမှုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဤအမှုတွင် ဒေါ်ခိုင်ကြည်ဇာနောင်၏ လျှောက်လွှာတွင် ဝရမ်းခွာပေးရန် အဆိုပြုဖော်ပြထားသည့် နေအိမ် နှင့်ခြံမြေသည် လှိုင်သာယာမြို့နယ်တရားရုံး၏ ၂၀၁၁ ခုနှစ်၊ ရာဇဝတ် အထွေထွေမှုအမှတ် ၆၁၁၊ ရာဇသတ်ကြီးပုဒ်မ ၄၀၆၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရစွဲဆိုမှုတွင် စွပ်စွဲခံရသူ ဦးသန့်ဇင်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ဦးသန့်ဇင်ထွက်ပြေးတိမ်းရှောင်နေ

သဖြင့် အဆိုပါ ပစ္စည်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ မူလ အမှုစစ်တရားရုံးက ၁၃-၈-၂၀၁၁ နေ့တွင် ဝရမ်းစွဲကပ်ထားခြင်းဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပါ ပြဋ္ဌာန်းချက်၏ရည်ရွယ်ချက်သည် တရားရုံးမှ သက်သေခံချက်ရယူပြီးမှဖြစ်စေ၊ သက်သေခံချက်ရယူခြင်း မပြုမီဖြစ်စေ ဖမ်းဝရမ်းထုတ်ထားသည့် တရားခံသည် ဝရမ်းအတည် မဖြစ်စေရန် ရှောင်တိမ်းနေကြောင်း၊ စွပ်စွဲရန်အကြောင်းရှိလျှင် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ စွပ်စွဲခံရသူသည် သတ်မှတ်ထားသည့်အချိန်၊ နေရာတို့တွင် ရောက်ရှိရမည်ဖြစ်ကြောင်း စာဖြင့် ကြေညာချက် (written proclamation) ကို ထုတ်ပြန်နိုင်ပြီး ထိုသို့ ထုတ်ဆင့်ကြေညာခြင်းခံရသူ ထွက်ပြေးတရားခံရုံးရှေ့သို့ လာရောက်စေရန်အတွက် ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ – ၃ / ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ – ၂ **နှင့်** မောင်သက်ဝေအောင် (ခ)မောင်ကျော်ကျော် / ဒေါ်သီသီဆင့်ပါ – ၂ **အမှု**[၃] တွင် ကြည့်ပါ။

လှိုင်သာယာမြို့နယ်တရားရုံးသည် ထွက်ပြေးတရားခံ ဦးသန့်ဇင်နှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ထုတ်ဆင့် သည့် အမိန့်ကြေညာစာနှင့် ပုဒ်မ ၈၈ အရ ထုတ်ဆင့်သည့် ဝရမ်း စွဲကပ်ရန်အမိန့်တို့ကို ၁၃-၈-၂၀၁၁ နေ့တစ်နေ့တည်းတွင် ထုတ်ဆင့်ခဲ့ ကြောင်းတွေ့ရှိရသည်။ ပုဒ်မ ၈၇ အရ အမိန့်ကြေညာစာကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ သက်သေ ရာအိမ်မှူး ဦးအောင်ကျော်မိုး၊ အဆိုပါအိမ်ရာ လုံခြုံရေးဝန်ထမ်း ဦးမြင့်သိန်းတို့နှင့်အတူ သွားရောက်အတည်ပြုရာ တရားခံ ဦးသန့်ဇင်ထွက်ပြေးတိမ်းရှောင်နေ၍ ဝရမ်းအတည်မဖြစ် ကြောင်း၊ သက်ဆိုင်ရာသက်သေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် များနှင့်အတူ တရားရုံးသို့ ပြန်လည်တင်သွင်းခဲ့ကြောင်း တွေ့ရှိရသည်။ ပုဒ်မ ၈၈ အရ ထုတ်ဆင့်သည့် ဝရမ်းစွဲကပ်ထားကြောင်း ဖော်ပြလျက် သက်ဆိုင်ရာသက်သေများ အုပ်ချုပ်ရေးမှူးတို့၏ လက်မှတ်များနှင့်အတူ တရားရုံးသို့ ပြန်လည်တင်သွင်းထားကြောင်းတွေ့ရှိရသည်။ ထိုသို့ပုဒ်မ

---

၃။ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၂

၈၈ အရ ပစ္စည်းဖမ်းဝရမ်းစွဲကပ်စဉ်က ထွက်ပြေးတရားခံ ဦးသန့်ဇင်ပိုင်ပစ္စည်းအဖြစ် ဝရမ်းစွဲကပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပစ္စည်းနှင့်စပ်လျဉ်း၍ မည်သူကမျှ အဆိုပါပစ္စည်းတွင် ၎င်းတို့အကျိုးခံစားခွင့်ရှိကြောင်း ဝရမ်းစွဲကပ်ခွင့်မရှိကြောင်း ခုခံချေပကန့်ကွက်ကြောင်း ပေါ်ပေါက်ခဲ့ခြင်းမရှိ။ အချင်းဖြစ်ရပ်ကွက် ရာအိမ်မှူးနှင့် အိမ်ရာလုံခြုံရေးမှူးတို့ကလည်း အချင်းဖြစ်အိမ်နှင့်ခြံကို ဦးသန့်ဇင်ပိုင်ဆိုင်ခြင်းမရှိတော့ကြောင်း အခြားသူတစ်ဦးသို့လွှဲပြောင်းပြီးကြောင်း တင်ပြပြောဆိုသည့် မှတ်တမ်းရှိကြောင်း ပေါ်ပေါက်မှုမရှိပေ။

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၈၈ အရ ဝရမ်းစွဲကပ်ထားသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ ကြေညာခြင်းခံရသူ (ထွက်ပြေးတရားခံ) မှတစ်ပါး အကျိုးသက်ဆိုင်ကြောင်းဝရမ်းကပ်ခွင့်မရှိကြောင်း အဆိုပြုသူ အခြားသူတစ်ဦးဦး (any person other than the proclaimed person) သည် ဝရမ်းကပ်သည့်နေ့မှ (၆) လအတွင်း တောင်းဆိုခြင်း (claim)၊ ကန့်ကွက်ခြင်း (objection) အပေါ် အဆိုပါတောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်ကို လက်ခံရရှိသည့်တရားရုံးက စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးရာတွင် ထိုတောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က)(၆ ဂ) တို့တွင်ကြည့်ပါ။ ပုဒ်မခွဲ (၆ က) အရ ခွင့်ပြုထားသည့်အချိန် (၆) လအတွင်း သို့မဟုတ် ကန့်ကွက်ထားစဉ် တောင်းဆိုသူ သို့မဟုတ် ကန့်ကွက်သူ သေဆုံးခဲ့သော် ထိုသူ၏တရားဝင်ကိုယ်စားလှယ် ( legal representative) က ဆက်လက်ဆောင်ရွက်နိုင်ကြောင်း အဆိုပါ အပိုဒ်တွင်ပင် ပြဋ္ဌာန်းထားသည်။ ထို့ပြင် ပုဒ်မခွဲ (၆ က) အရ ချမှတ်သောအမိန့်ဖြင့် တစ်ဦးဦး၏ တောင်းဆိုချက် သို့မဟုတ် ကန့်ကွက်ချက်အားလုံးကိုဖြစ်စေ၊ တစ်ချို့တစ်ဝက်ကိုဖြစ်စေ ငြင်းပယ်ခံရလျှင် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍

တစ်နှစ်အတွင်း အငြင်းပွားသည့်ပစ္စည်းနှင့် စပ်လျဉ်း၍ မိမိတောင်းဆိုသည့် အခွင့်အရေးရရှိရန် တရားမမှုစွဲဆိုနိုင်ကြောင်း၊ အဆိုပါ တရားမမှုတွင် ဆုံးဖြတ်ချက် တစ်စုံတစ်ရာရှိခဲ့လျှင် ထိုဆုံးဖြတ်ချက်နှင့် မဆန့်ကျင်စေဘဲ ထိုအမိန့်သည် အပြီးသတ် (conclusive) ဖြစ်စေရမည်ဟု အဆိုပါ ပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ ဃ) တွင် ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၇) တွင် ကြေညာခြင်းခံရသူ (တရားခံပြေး) သည် သတ်မှတ်ထားသည်အချိန်အတွင်း မရောက်ရှိ ခဲ့လျှင် ဝရမ်းကပ်ထားသောပစ္စည်းသည် အစိုးရက စီမံခန့်ခွဲခွင့်ရှိစေရ မည် (the property under attach shall be at the disposal of Government) ဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ဝရမ်းကပ်သည့်နေ့မှ (၆) လမကုန်မီနှင့် ပုဒ်မခွဲ (၆ က) အရ တောင်းဆိုချက်၊ ကန့်ကွက်ချက်ကို အဆိုပါ ပုဒ်မခွဲအရ ဆောင်ရွက်ခြင်းမပြုမီ ဝရမ်းကပ်ထားသောပစ္စည်းကို ရောင်းချခြင်းမပြုရန် အတိအလင်းတားမြစ်ထားသည်။ အဆိုပါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) (၆ ဃ) (၇) တို့ကို ဆက်စပ်ယှဉ်တွဲကြည့်ရှုရန်ဖြစ်ပြီး အဆိုပါပြဋ္ဌာန်းချက်များအရ ဝရမ်းစွဲကပ်ထားသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ၏ စဉ်ဆက်မပြတ်အခွင့်အရေးများ အချိန်ကာလကန့်သတ်ချက်နှင့်တကွ အပြည့်အဝခွင့်ပြုထားသည်မှာ ထင်ရှားသည်။

အဆိုပါပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့် ကာလစည်းကမ်းသတ်များနှင့်စပ်လျဉ်း၍ ခြွင်းချက်၊ ကင်းလွတ်ချက်၊ ပြဋ္ဌာန်းချက်များပါရှိကြောင်း မတွေ့ရ။ ထို့ကြောင့်ခြွင်းချက်မရှိ လိုက်နာဆောင်ရွက်ရန်သာဖြစ်သည်မှာ မြင်သာသည်။ ဤအမှုတွင် မူလရုံးလျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်က ဝရမ်းခွာပေးရန် လျှောက်ထားသည့်နေ့မှာ ၅-၂- ၂၀၁၃ နေ့ဖြစ်သည်။ ဝရမ်းခွာပေးရန် လျှောက်ထားသည့်ပစ္စည်းများကို ဝရမ်းစွဲကပ်သည့်နေ့မှာ ၁၃-၈-၂၀၁၁ ဖြစ်ရာ ဒေါ်ခိုင်ကြည်ဇာနောင်၏ လျှောက်ထားမှုသည်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ သို့ပါလျက် မူလအမှုစစ်လှိုင်သာယာမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ ဝရမ်းခွာပေးစေလိုမှုအဖြစ် လက်ခံဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

မူလတရားရုံးက သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်းသုံးသပ်စီရင်မှုမပြုခဲ့သော်လည်း မြောက်ပိုင်းခရိုင်တရားရုံးက ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းကို တိုးချဲ့ခွင့်ပြုနိုင်ကြောင်း **ဦးစိုးမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၄] ကို ကိုးကားဆုံးဖြတ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ သည် ပြဋ္ဌာန်းထားသည့် ကာလစည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ တင်သွင်းသည့် အယူခံမှု၊ စီရင်ချက်ကို ပြန်လည်စစ်ဆေးစေရန် လျှောက်ထားမှု၊ အယူခံဝင်ခွင့်ရရှိစေရန် လျှောက်ထားမှု၊ တည်ဆဲပြဋ္ဌာန်းဥပဒေတစ်ခုခုအရ အဆိုပါ ပုဒ်မ ၅ နှင့် သက်ဆိုင်စေသည့် အခြားလျှောက်ထားမှုကိစ္စများနှင့်သာ သက်ဆိုင်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ လျှောက်ထားမှုသည်လည်းကောင်း၊ ပုဒ်မ ၈၉ အရ လျှောက်ထားမှုသည်လည်းကောင်း ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ နှင့် သက်ဆိုင်စေရန် ပြဋ္ဌာန်းချက်ရှိကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။ ဦးစိုးမြင့် စီရင်ထုံးသည် ပြင်ဆင်မှုတင်သွင်းရာ တရားရုံးလက်စွဲ အပိုဒ် ၇၆၆ အပေါ် သုံးသပ်ခြင်းဖြစ်၍ ယခုအမှုနှင့် သက်ဆိုင်ခြင်းမရှိသည်မှာ မြင်သာသည်။ အကယ်၍ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ နှင့် သက်ဆိုင်သည်ဟု လက်ခံသည့်တိုင်အောင် မူလရုံးလျှောက်ထားသူက အဆိုပါ ဥပဒေပုဒ်မအရ ကာလစည်းကမ်းသတ်ကာလကို တိုးချဲ့လက်ခံပေးပါရန် လျှောက်ထားကြောင်းမတွေ့ရှိရပေ။ ကာလစည်းကမ်းသတ်အက်ဥပဒေ

၄။ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၈

ပုဒ်မ ၃ အရ ကာလစည်းကမ်းသတ်ကာလ ကျော်လွန်နေသော လျှောက်လွှာတစ်စောင်ကို တရားရုံးက လက်ခံခဲ့သည်။ ပုဒ်မ ၅ လျှောက်လွှာလည်း တင်ခဲ့သည်မဟုတ်။ တရားရုံးသည် ၎င်းအား အပ်နှင်းမထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်းဖြစ်သောကြောင့် တရားလွှတ်တော်က ပြင်ဆင်ပယ်ဖျက်နိုင်သည်။ **စီ၊ ကာလီယာပရမပါ ဒီယချီ နှင့် စီ၊ ဗွီ၊ အေ၊ အာရ် ချစ်တီးတိုက် အမှု**[၅] တွင် ကြည့်ပါ၊ ဤအခြေအနေတွင် ဝရမ်းစွဲကပ်ထားသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ရှိသူအနေဖြင့် မူလရုံး လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်အား ပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) (၆ဃ) (၇) တို့အရ ပေးထားသည့် ဥပဒေအရ အခွင့်အရေးများသည် ယခုအမှုကို စတင်လျှောက်ထားသည့်နေ့တွင်ပင် ဥပဒေအမြင်အရ ကုန်ဆုံးပြီးဖြစ်သည်မှာ မြင်သာသည်။

လျှောက်ထားခံရသူ (၁) နိုင်ငံတော်ကိုယ်စားလိုက်ပါဆောင်ရွက်သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ ဂရမ်းခွာပေးစေလိုသည့် ဝရမ်းကပ်သည့်နေ့မှ (၆) လအတွင်းတောင်းဆိုခြင်း၊ သို့မဟုတ် ကန့်ကွက်ခြင်း၊ မလွဲမသွေပြုလုပ်ရမည်ဟုလည်းကောင်း၊ ထိုသို့ ကန့်ကွက်ခြင်းမပြုလျှင် ဂရမ်းခွာပေးရန် တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်းမပြုနိုင်ဟုလည်းကောင်း၊ အတိအလင်းပြဋ္ဌာန်းချက်မရှိသဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ နှင့် ညီညွတ်သဖြင့် ပြင်ဆင်မှုကို ပလပ်ပေးပါရန် လျှောက်ထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) (၆ ဃ) (၇) တို့တွင် ဝရမ်းကပ်သည့်ပစ္စည်းနှင့် အကျိုးသက်ဆိုင်သူ၏ အခွင့်အရေးနှင့် ဆောင်ရွက်လျှောက်ထားခွင့်ရှိသည့် သတ်မှတ်ကာလများကို အတိအကျ ပြဋ္ဌာန်းပြီးဖြစ်သည်။ ရှင်းလင်းထင်ရှားသော ဥပဒေစကားရပ်တို့ကို တရားရုံးများကသော်လည်းကောင်း၊ အခြားအုပ်ချုပ်ရေးဆိုင်ရာတို့က

၅။ 9 L B R 71

သော်လည်းကောင်း အဓိပ္ပာယ်ဖွင့်ရန် ဋီကာချဲ့ရန်မပြုသင့်ပေ။ ထိုသို့ပြုလျှင် အဓိပ္ပာယ်ဖွင့်သလိုနှင့်ဥပဒေချဲ့ထွင်ခြင်း၊ ချုံ့ခြင်း၊ ထွင်ခြင်းတို့ပြုလုပ်တတ်ကြသည်။ ချဲ့ရန်၊ ချုံ့ရန်၊ ထွင်ရန် လိုအပ်လျှင်ဥပဒေပြုအဖွဲ့အစည်းကသာ လိုအပ်သလိုပြုနိုင်သည်။ ဥပဒေစကားရပ်များကမထင်ရှား၊ မသဲကွဲဖြစ်နေမှသာလျှင် လက်ငင်းအားဖြင့် ဥပဒေပြုအဖွဲ့အစည်း၏ ရည်ရွယ်ချက်ဖြစ်မြောက်စေရန် ဥပဒေစကားနှင့်လက်တွေ့အခြေအနေ စပ်ဟပ်မိစေရန် လိုအပ်သလောက် အဓိပ္ပာယ်ဖွင့်ဆိုရသည်။ ယင်းသို့အဓိပ္ပာယ်မဖွင့်လျှင်မဖြစ်သော အခြေအနေမျိုးနှင့် တွေ့ကြုံရလျှင် အမြင့်ဆုံးသောတရားရုံးကသာလျှင် အထူးသတိထား၍ စည်းကမ်းစောင့်ထိန်းကာ မိမိ၏စီရင်ပိုင်ခွင့်ကို မလွန်စေဘဲညီညွတ်သော ထုံးပြုပေးရပေသည်။ **စိန်ရတနာပိုးယက်ကန်းစက်လီမိတက် နှင့် ကုန်သွယ်လုပ်ငန်းခွန်မင်းကြီးပါ-၃ အမှု**[6] တွင် ကြည့်ပါ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အဆိုပါတင်ပြချက်သည် ဥပဒေတွင် အတိအကျ ပြဋ္ဌာန်းချက်သတ်မှတ်ချက်များရှိပြီးဖြစ်ပါလျက် ဥပဒေကိုချဲ့ထွင်ရာရောက်ပြီးသတ်မှတ်ကာလစည်းကမ်းသတ်များကို အဟောသိကံဖြစ်ဖွယ်ရှိသဖြင့်လက်ခံရန်အကြောင်းမရှိပေ။

မူလတရားရုံးသည် ယခုအမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ ဝရမ်းခွာပေးစေလိုမှုအဖြစ် လက်ခံစစ်ဆေးသည်။ ထို့နောက် အပြီးသတ်အမိန့်ချမှတ်ရာတွင် မူလရုံး လျှောက်ထားသူက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ လျှောက်ထားခြင်းဖြစ်ကြောင်း ဖော်ပြပြီး အချင်းဖြစ်အိမ်နှင့် ခြံမြေကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ၁၃-၈-၂၀၁၁ က ကပ်ထားသောဝရမ်းအမိန့်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်သို့ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြင်ဆင်မှုရုံးအဆင့်ဆင့်က အဆိုပါစီရင်ချက်နှင့်အမိန့်ကို ဆက်လက်အတည်ပြုခဲ့ကြသည်။ အဆိုပါ

၆။ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၀၅

စီရင်ချက်နှင့်အမိန့်သည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိစိစစ်ရန်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) မှ (၆ ဃ) ထိသည် တရားခံပြေးအဖြစ် ကြေညာခြင်းခံရသူမှတစ်ပါး ဝရမ်းကပ်ခြင်း ခံရသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူတစ်ဦးဦးက ဝရမ်းကပ်ထားသည့်ပစ္စည်းကိုတောင်းဆိုခြင်း၊ ဝရမ်းကပ်ခြင်းကို ကန့်ကွက်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များဖြစ်သည်။ ပုဒ်မခွဲ (၆ င) သည် တရားခံပြေးအဖြစ်ကြေညာခြင်းခံရသူသည် သတ်မှတ်ထားသည့် အချိန်အတွင်း တရားရုံးသို့ရောက်ရှိလျှင် ပစ္စည်းကိုဝရမ်းကပ်ထားခြင်းမှ ဝရမ်းခွာပေးသည့်အမိန့်ချမှတ်ရန် ပြဋ္ဌာန်းချက်ဖြစ်သည်။ ကြေညာခြင်းခံရသူသည် သတ်မှတ်ထားသည့်အချိန်အတွင်း တရားရုံးသို့လာရောက်ခြင်း၊ ဖမ်းဆီးပို့ဆောင်ခံရခြင်းမရှိလျှင် ဝရမ်းကပ်ထားသည့်ပစ္စည်းသည် အစိုးရက စီမံခန့်ခွဲခွင့်ရရှိသည့် ပစ္စည်းအဖြစ်သို့ရောက်ရှိသည်။ ယင်းဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၇) ကို ကြည့်ပါ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ တွင် ယင်းဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၇) အရ အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်ပစ္စည်းအဖြစ်သို့ ရောက်ရှိနေသည့်ပစ္စည်း၏ပိုင်ဆိုင်သူတစ်စုံတစ်ယောက် (any person whose property is or has been at the disposal of Government) သည် ဝရမ်းစွဲကပ်သည့်နေ့မှ (၂) နှစ်အတွင်း သက်ဆိုင်ရာဝရမ်းစွဲကပ်သည့် တရားရုံးသို့ဖြစ်စေ၊ ၎င်း၏အထက်တရားရုံးသို့ဖြစ်စေ၎င်း၏ အလိုအလျောက်လာရောက်လျှင် (appears voluntarily) သို့မဟုတ် ဖမ်းဆီးတင်ပို့ခြင်း (or is apprehended and brought before the court) ခံရလျှင်၊ ၎င်းသည် ထွက်ပြေးတိမ်းရှောင်နေခြင်းမဟုတ်ကြောင်း (that he did not abscond) ဖမ်းဝရမ်းအတည်ပြုခြင်းမှ ရှောင်ရှားရန် တိမ်းရှောင်ပုန်းကွယ်နေခြင်းမဟုတ်ကြောင်း (that he did not conceal himself for the purpose of avoiding execution of the warrant,)

ကြေညာချက်တွင် သတ်မှတ်ထားသည့်နေ့ရက်အချိန်အခါအတွင်း လာရောက်နိုင်အောင် ကြော်ငြာသည်ကိုလည်းမကြားမသိကြောင်း (he had not such notice of the proclamation as to enable him to attend within the time specified therein,) တို့ကို တရားရုံးက ကျေနပ်အောင် သက်သေပြထုချေရှင်းလင်းပြသနိုင်လျှင် ဝရမ်းစွဲကပ်ခြင်းကြောင့် ကုန်ကျစရိတ်များကို ခုနှိမ်ပြီးနောက် ဝရမ်းစွဲကပ်ထားသည့်ပစ္စည်းကို ဖြစ်စေ၊ အဆိုပါပစ္စည်းကိုရောင်းချပြီးပါက ရောင်းရငွေ (nett proceeds of the sale) ကိုဖြစ်စေ၊ ပစ္စည်းတစ်ချို့တစ်ဝက်ရောင်းချပြီးလျှင်လည်း ရောင်းရငွေနှင့်တကွ ကျန်ပစ္စည်းကိုဖြစ်စေ ၎င်းသူသို့ပေးအပ်ရမည် (shall be delivered to him) ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇ အရ ဖမ်းဝရမ်းထုတ်ဆင့်ကြေညာခြင်းခံရသူမှာ တရားခံပြေး ဦးသန့်ဇင်ဖြစ်သည်။ ပုဒ်မ ၈၈ အရ ပစ္စည်းဖမ်းဝရမ်းစွဲကပ်သည့် အချင်းဖြစ် အိမ်နှင့်ခြံအမှတ် ၈၇၊ ရွှေစံပယ် (၇) လမ်း၊ FMI အိမ်ယာ၊ (၄) ရပ်ကွက်၊ FMI အိမ်ယာဝင်း၊ လှိုင်သာယာမြို့နယ်ကို ဦးသန့်ဇင် ပိုင် ခြံနှင့်မြေအဖြစ် ဝရမ်းစွဲကပ်ခဲ့ခြင်းဖြစ်သည်။ မူလရုံးလျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင် ပိုင်ဆိုင်သည့်ပစ္စည်းအဖြစ် ဝရမ်းစွဲကပ်ခဲ့ခြင်းမဟုတ်။ ဝရမ်းစွဲကပ်ချိန်က မူလရုံးလျှောက်ထားသူအပါအဝင် မည်သူကမျှ ၎င်းတို့နှင့်အကျိုးသက်ဆိုင်ကြောင်း၊ ခုခံချေပကြောင်းမပေါ်ပေါက်ခဲ့။ တရားခံပြေး ဦးသန့်ဇင်သည် ပုဒ်မ ၈၇ အရ သတ်မှတ်ထားသည့်ရက် ၁၂-၉-၂၀၁၁ နေ့တွင် သက်ဆိုင်ရာ တရားရုံးသို့ လာရောက်ခဲ့ခြင်းမရှိ ဖမ်းဆီးတင်ပို့ခံရခြင်းလည်းမရှိ။ သို့ဖြစ်ရာ ပုဒ်မ ၈၈ အရ ဝရမ်းစွဲကပ်ထားသော ဦးသန့်ဇင်ပိုင်ပစ္စည်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၇) အရ အစိုးရက

စီမံခန့်ခွဲခွင့်ရှိသော ပစ္စည်းအဖြစ်သို့ ရောက်ရှိသွားပြီးဖြစ်သည်မှာ မြင်သာသည်။

သို့ဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ ပါ ပုဒ်မ ၈၈၊ ပုဒ်မခွဲ (၇) အရ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောပစ္စည်းကို ပိုင်ဆိုင်သူတစ်ဦးတစ်ယောက် (any person whose property is or has been at the disposal of Government) ဆိုသူမှာ ပုဒ်မ ၈၇ အရ လူဖမ်းဝရမ်းထုတ်ဆင့်ခြင်းခံရသူ၊ ပုဒ်မ ၈၈ အရ ပစ္စည်းဖမ်းဝရမ်းစွဲကပ်ခြင်းခံရသူ ဦးသန့်ဇင်သာလျှင်ဖြစ်ကြောင်း ထင်ရှားမြင်သာသည်။ တရားခံပြေး ဦးသန့်ဇင်သည် ပုဒ်မ ၈၉ အရ ၎င်းကိုယ်တိုင်တရားရုံးသို့ အလိုအလျောက် လာရောက်လျှင်ဖြစ်စေ၊ ဖမ်းဆီးတင်ပို့ခြင်းခံရလျှင်ဖြစ်စေ ပုဒ်မ ၈၉ ပါ အချက် (၃) ရပ်ကို တရားရုံးက ကျေနပ်ကြောင်းရှင်းလင်းသက်သေပြနိုင်ပါက ၎င်း၏ဝရမ်းကပ်ခံထားသောပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံးက ပြန်ပေးရန်အမိန့်ချမှတ်ခွင့်ရှိမည် ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ နှင့်အကျုံးဝင်သူမှာ ဖမ်းဝရမ်းထုတ်ခံရသည့် တရားခံပြေးဖြစ်ကြောင်း အောက်ပါအတိုင်း စီရင်ထုံးများအရ မြင်သာသည်-

This section precribes a remedy where there is good and legal publication, but offers no facility for the contesting of the legality of the proclamation. Abdullah V. Jitu. (1900) 22 ALL.

"It complates and requires proof that the offender did not abscond or conceal himself for the purpose of avoiding arrest and that he had not such notice of the proclamation as to enable him to attend within the time specified. Nilkanth[၇] တွင်ကြည့်ပါ။

---

၇။ 1912, 15 Bom. L.R 175

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ သည် ပုဒ်မ ၈၇ အရ လူဖမ်းဝရမ်းထုတ်ဆင့်ကြေညာခြင်းခံရသူ၊ ပုဒ်မ ၈၈ အရ ၎င်းပိုင်ပစ္စည်းကို ပစ္စည်းကပ်ဝရမ်းစွဲကပ်ခြင်းခံရသူ တရားခံပြေးအား သက်သာခွင့်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်သည်။ ပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ၊ ပိုင်ရှင်ဟု အဆိုရှိသူတို့က တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ပစ္စည်းကိုဝရမ်းစွဲကပ်သော ရာဇဝတ်တရားသူကြီးတစ်ဦးအနေဖြင့် ယင်းပစ္စည်းကိုပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ တတိယပုဂ္ဂိုလ်၊ အပြင်လူ (Third party) ၏ တောင်းဆိုမှုများကို စုံစမ်းစစ်ဆေးရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ **Su We V king Emperor အမှု**[၈] တွင် ကြည့်ပါ။

သို့ပါလျက် ဤအခြေအနေတွင် မူလရုံးသည် လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်၏ လျှောက်ထားချက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ (၆ က) အရ ဝရမ်းခွာပေးစေလိုမှုအဖြစ် လက်ခံဆောင်ရွက်ပြီးမှ အပြီးသတ်အမိန့်တွင် ပုဒ်မ ၈၉ အရ လျှောက်ထားခြင်းဖြစ်သည်ဟု ဖော်ပြ၍ လျှောက်ထားသူတင်ပြသည့် မှတ်ပုံတင်ထားခြင်းမရှိသော အရောင်းအဝယ်စာချုပ်များကို သုံးသပ်ပြီး ပုဒ်မ ၈၈ အရ ဝရမ်းစွဲကပ်ထားသော အချင်းဖြစ်ပစ္စည်းများကို လျှောက်ထားသူပိုင်ဆိုင်ကြောင်း ဆုံးဖြတ်၍ ပြန်ပေးခဲ့သည့်အမိန့်သည် ပုဒ်မ ၈၉ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသဖြင့် မူလတရားရုံးသည် မိမိအား ဥပဒေအရ အပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာရောက်သည်မှာ မြင်သာသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ တရားခံပြေး၏ပစ္စည်းကို ဝရမ်းစွဲကပ်သဖြင့် တတိယပုဂ္ဂိုလ် (အပြင်လူ) က တောင်းဆိုမှုပြုလုပ်သည့်ကိစ္စတွင် ရာဇဝတ်တရားသူကြီးအနေဖြင့် တောင်းဆိုသူအား ၎င်း၏

၈။ 4 L.B.R 109

အခွင့်အရေးကို ထင်ရှားအောင်သက်သေထူရန် အခွင့်အရေးပေးသင့်သည်။ သို့ရာတွင် ရာဇဝတ်တရားသူကြီးက ယင်းသို့ပြုလုပ်ခြင်းမရှိပါက သို့မဟုတ် တောင်းဆိုသူ၏လျှောက်လွှာကိုပယ်ပါက တောင်းဆိုသူအတွက်ကုစားနည်းမှာ အစိုးရနှင့်ပစ္စည်းကို ဝရမ်းစွဲကပ်ပေးရန် လျှောက်ထားသူတို့ကို တရားပြိုင်အဖြစ် ပူးတွဲလျက် တရားမကြီးမှု စွဲဆိုခြင်းဖြစ်သည်။ **Nga Po Aung V. King Emperor အမှု**[၉] တွင် ကြည့်ပါ။ သို့ဖြစ်၍ မူလရုံးလျှောက်ထားသူအနေဖြင့် တရားရုံးမှ ၎င်း၏လျှောက်ထားချက်ကို ငြင်းပယ်ပါက တရားမကြီးမှုစွဲဆိုရန် အခွင့်အရေးရှိပြီး ယခုအမှုတွင် ၎င်းတင်ပြသည့် အချက်အလက်များမှာ အဆိုပါ အိမ်နှင့်မြေကို ၎င်းပိုင်ဆိုင်ခွင့်ရရှိရန်အတွက် သက်သေတင်ပြရန် အကြောင်းအရာများဖြစ်လာပေမည်။

ဤအခြေအနေတွင် မူလလှိုင်သာယာမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ဝရမ်းစွဲကပ်ထားသည့် လှိုင်သာယာမြို့နယ်၊ FMI City အမှတ် F ၈၇၊ ရွှေစံပယ် (၇) လမ်း အိမ်နှင့်ခြံကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၉ အရ လျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်သို့ ပေးအပ်စေရန်ချမှတ်သည့်အမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်တို့၏ စီရင်ချက်နှင့်အမိန့်များသည် ဥပဒေနှင့်ညီညွတ်မှုမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဝင်ရောက်စွက်ဖက်ပြင်ဆင်တည့်မတ်ရပေမည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုအား ခွင့်ပြုသည်။ မူလလှိုင်သာယာမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ ဝရမ်းစွဲကပ်ထားသည့်အမှတ် F ၈၇၊ ရွှေစံပယ် (၇) လမ်း၊ FMI City အိမ်ယာဝင်း၊ အမှတ် (၄) ရပ်ကွက်၊ လှိုင်သာယာမြို့နယ် အမည်ပေါက်တွင်

၉။ 1910-13,UBR,66

သည့် နေအိမ်နှင့်ခြံအား မူလလျှောက်ထားသူ ဒေါ်ခိုင်ကြည်ဇာနောင်အား ပေးအပ်စေရန်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။

+၂၀၂၁ ခုနှစ်
အောက်တိုဘာလ
၂၅ ရက်

**ရာဇဝတ်အထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊**
**ဒေါ်ခင်မေရီ တို့ရှေ့တွင်**

**ဒေါ်ချိုသဲ(ခ)ဒေါ်ငယ်**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ၂***

**အယူခံမှု၊ ပြင်ဆင်မှုဆိုသည်မှာ သီးခြားစစ်ဆေးစီရင်မှုမဟုတ်ဘဲ မူလအမှုတို့နှင့် တစ်ဆက်တစ်စပ်တည်းသာဖြစ်ခြင်း၊ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည် သီးခြားအမိန့်မဟုတ်ဘဲ မူလအမှုတွင် တရားခံပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ နှင့် ဆက်စပ်သုံးသပ်ရမည့်ကိစ္စဖြစ်ခြင်း**

**ဆုံးဖြတ်ချက်** ။ ။ တရားစစ်ဆေးစီရင်မှုတစ်ခုသည် ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ပြစ်မှုထင်ရှားမတွေ့ရှိသဖြင့် အပြီးအပြတ်လွှတ်ခြင်းတွင် ဆုံးခန်းတိုင်သည်။ ထိုသို့ တရားစစ်ဆေးစီရင်ဆုံးဖြတ်ချက်တစ်ခုဆုံးခန်းတိုင်ခြင်း ရှိ မရှိ၊ တစ်နည်းအားဖြင့် ပြီးဆုံးခြင်း ရှိ မရှိကို မူလတရားရုံး၏ စီရင်ဆုံးဖြတ်ချက် တစ်ခုတည်းအပေါ်တွင်သာ ကွက်၍စဉ်းစားလျှင် ပြည့်စုံမည်မဟုတ်ပေ။ ထိုသို့ပြစ်မှုထင်ရှားစီရင်ခြင်း ရှိ မရှိ ချမှတ်သည့်အမိန့်အပေါ် တင်သွင်းလျှောက်ထားကြသည့်

* ၂၀၂၁ ခုနှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၃

\+ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှုအမှတ် ၇၁ (ခ) တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၅ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အထူးအယူခံမှု

အယူခံမှု၊ ပြင်ဆင်မှုတို့အပေါ်တွင်လည်း ဆက်လက်စဉ်းစားရမည် ဖြစ်သည်။ အယူခံမှု၊ ပြင်ဆင်မှုဆိုသည်မှာ သီးခြားစစ်ဆေးစီရင်မှု မဟုတ်ဘဲ မူလမှုကို ဆက်လက်ဆောင်ရွက်ခြင်းသာဖြစ်သည်။ တစ်နည်း ဆိုရမူ အယူခံမှု၊ ပြင်ဆင်မှုဟူသည် တရားစီစစ်သည့်သဘော၊ မူလ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ထပ်မံစီစစ်သည့်သဘောဖြစ်သည်။ မူလမှုနှင့် အယူခံမှု၊ ပြင်ဆင်မှုတို့သည် တစ်ဆက်တစ်စပ်တည်းသာ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည်လည်း သီးခြားအမိန့်မဟုတ်ဘဲ မူလအမှုတွင် တရားခံပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ နှင့် ဆက်စပ်သုံးသပ်ရမည့်ကိစ္စဖြစ်သည်။ တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်လျှင် သက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲရာတွင် စဉ်းစားရမည့် သဘောသဘာဝနှင့် တရားခံသည် ပြစ်မှုထင်ရှားခြင်းမရှိလျှင် စဉ်းစား ရမည့်သဘော သဘာဝတို့မှာတူညီနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ယခုအမှုတွင် တရားခံ ကျော်ရဲသည် ပြစ်မှုကျူးလွန်ကြောင်း၊ ဘဏ်ငွေစုစာအုပ်ထဲမှ ငွေများသည် ရွှေဖြူနန်း များကို ခိုးယူရောင်းချထားသော ငွေများဖြစ်ကြောင်း သုံးသပ်ထားပြီး သုံးသပ်ခဲ့ပြီးဖြစ်သည့် အခြေအနေ၌ သက်သေခံငွေစုစာအုပ် (၂) အုပ်ရှိ ငွေများသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အဓိပ္ပာယ်ရှင်းလင်း ချက်အရ ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် လက္ခဏာရှိသောပစ္စည်း ဟု ဆက်လက်ကောက်ယူ သုံးသပ်ရန်သာရှိသည်။ သို့မှသာ ဥပဒေအရ ချိတ်ဆက်ညီညွတ်သော၊ အကြောင်းခြင်းရာအရ ညီညွတ်မျှတသော စီရင်ဆုံးဖြတ်ခြင်းဖြစ်ပေလိမ့်မည်။

အယူခံတရားလိုအတွက် - ဒေါ်ခင်သီတာအုန်း၊
တရားလွှတ်တော်ရှေ့နေ

၂၀၂၁ ခုနှစ်
ဒေါ်ချိုသဲ (ခ)
ဒေါ်ငယ်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

| | | |
|---|---|---|
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်သီသီရွှေ၊ ညွှန်ကြားရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန |
| အယူခံတရားခံ (၂) အတွက် | - | ဦးပြည့်ဖြိုးမောင်မောင်၊ တရားလွှတ်တော်ရှေ့နေ |

သပိတ်ကျင်းမြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆၂၀ တွင် တရားခံ ကျော်ရဲ ၊ သုနောင်စိုး ၊ စိုင်းကျော် တို့အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ခဲ့ပြီး သက်သေခံဘဏ်ငွေစုစာအုပ် ၂ အုပ်ကို အယူခံ ပြင်ဆင်ရက်ကျော်က အပ်ပေးသူထံ ပြန်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံဘဏ်ငွေစု စာအုပ် ၂ အုပ်နှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့် အပေါ် တရားလို ဒေါ်ချိုသဲ(ခ) ဒေါ်ငယ်က ပြင်ဦးလွင်ခရိုင်တရားရုံးသို့ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၈၅ ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ် ပြင်ဆင်မှုအမှတ် ၆ (ခ) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၁ (ခ) ဖြင့်လည်းကောင်း အဆင့်ဆင့်တင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး)အမှတ် ၁၃၁ ကို ဆက်လက်တင်သွင်း လျှောက်ထားရာ အောက်ပါ ပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည် -

> “ တရားခံကျော်ရဲအား ရာဇသတ်ကြီးပုဒ်မ ၃၈၁ အရ စွဲဆိုမှု တွင် မူလမြို့နယ်တရားရုံးက တရားခံအား အပြီးအပြတ်လွှတ် သည့်အမိန့်ကို အယူခံရာ သက်သေခံဘဏ်ငွေစုစာအုပ် ၂ အုပ်တွင် စုဆောင်းထားသော ငွေကျပ်သိန်း ၅၀၀ ကျော်သည် ရွှေဖြူနန်းများ ခိုးယူရောင်းချထားသော ငွေများဖြစ်ကြောင်း

ကောက်ယူသုံးသပ်၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံများကို ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရာဇဝတ်အထွေထွေ လျှောက်လွှာ (အထူး) ခုံရုံးမှ တစ်သဘောတည်း သုံးသပ်အတည်ပြုခဲ့သော်လည်း သက်သေခံပစ္စည်းနှင့်ပတ်သက်၍ တက်ရောက်သော ပြင်ဆင်မှုတွင်မူ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ရွှေပါသောဖြုန်းမြေများကို ငွေသားအသွင်ပြောင်းလဲ၍ ထိုငွေများကို သက်သေခံပစ္စည်း ဘဏ်စာအုပ် ၂ အုပ်တွင် ပေးသွင်းခဲ့ခြင်းဖြစ်သည်ဟု တထစ်ချကောက်ယူနိုင်ရန် သက်သေခံချက်အားနည်းကြောင်း သုံးသပ်၍ ဘဏ်စာအုပ် ၂ အုပ်ကို အပ်ပေးသူ (ပြစ်မှုထင်ရှားစီရင်ခံရသူ) သို့ ပြန်လည်ထုတ်ပေးရန်ချမှတ်ခဲ့သည့် မူလသပိတ်ကျင်းမြို့နယ်တရားရုံးနှင့် ပြင်ဦးလွင်ခရိုင်တရားရုံးတို့၏ အမိန့်ကို ဆက်လက်အတည်ပြုခဲ့ပြီး အဆိုပါအမိန့်အပေါ် တက်ရောက်သည့်ပြင်ဆင်မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကျဉ်းနည်းဖြင့် ပလပ်ခဲ့ခြင်းမှာ အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် သက်သေခံအထောက်အထားများအရလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မျှတမှန်ကန်မှု ရှိ မရှိ။ ”

အမှုမှာ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာရှိ ရွှေချောင်းကြီးကုမ္ပဏီပိုင်ရှင် ဒေါ်ချိုသဲ(ခ)ဒေါ်ငယ်က မြောက်ခဲတောင်လုပ်ကွက်အတွင်းရှိ အင်းအမှတ် (B-20) ကို လုပ်ကိုင်စဉ် ရွှေဖြုန်းအထွက်နည်းလာသဖြင့် လိုက်လံစုံစမ်းရာ အလုပ်သမားခေါင်းဆောင် ကျော်ရဲသည် (B-11) အင်းပိုင်ဖြစ်သူ သုနောင်စိုးထံသို့ ဖြုန်းမြေများကို ရောင်းချနေ

ကြောင်း ကုမ္ပဏီဝန်ထမ်းစိုင်းကျော်မှ ပြောပြသိရှိရသည့်အပြင် ကျော်ရဲတို့ကလည်း ခိုးယူရောင်းချကြောင်း ဝန်ခံသောကြောင့် အရေးယူပေးရန် တရားလိုပြုလုပ်တိုင်တန်းမှုဖြစ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက မူလရုံးတရားခံကျော်ရဲသည် ခိုးမှုကျူးလွန်ကြောင်းထင်ရှား၍ ရာဇသတ်ကြီးပုဒ်မ ၃၈၁ အရ ပြစ်ဒဏ်အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် ကျခံထားသည်မှာ အထက်တရားရုံးအဆင့်ဆင့်အထိ အတည်ပြုထား၍ သက်သေခံပစ္စည်းဖြစ်သည့် ဘဏ်စာအုပ် (၂) အုပ်အား ရထိုက်သူမဟုတ်ကြောင်း၊ သက်သေခံပစ္စည်း ဘဏ်စာအုပ် (၂) အုပ်ကို ပြစ်မှုကျူးလွန်သူ ကျော်ရဲအား ပြန်ပေးထားခြင်းသည် အမှုတွင် ပေါ်ပေါက်လျှက်ရှိသည့် သက်သေခံအထောက်အထားများအရလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မျှတ မှန်ကန်မှုမရှိကြောင်း၊ မူလရုံးတရားခံကျော်ရဲ ကိုယ်တိုင်ရှာဖွေပုံစံ သက်သေခံ-ယ စာတိုင်တွင် ရေးသားချက်မှာ မူလရုံးတရားလိုဒေါ်ချိုသဲ၏ ရွှေဖြူနှံးကျောက်များကို ခိုးယူရောင်းပြီး ကျန်ငွေကျပ်သိန်း ( ၅၀၀ ) အား မိဘများဖြစ်သူ ဦးအောင်ဝင်း၊ ဒေါ်ညွန့်လှိုင်၏ အမည်ဖြင့် ရွှေဘို ကမ္ဘောဇဘဏ်တွင် အပ်နှံကြောင်း ပြောကြားချက်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းများ စီမံခန့်ခွဲရာတွင် မူလပိုင်ရှင် ဒေါ်ချိုသဲကိုသာ ပြန်ပေးရမည်မှာ ဥပဒေအရ မှန်သော်လည်း ခိုးမှုကျူးလွန်သော မူလရုံးတရားခံကျော်ရဲအား ပြန်ပေးစေရန်အမိန့်ချမှတ်ခြင်းသည် အမှုတွင်ပေါ်ပေါက်လျှက်ရှိသည့် သက်သေခံအထောက်အထားများအရလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မှန်ကန်မှုမရှိကြောင်း၊ ဤအထူးအယူခံမှုကို ခွင့်ပြုပြီး အယူခံတရားလို ဒေါ်ချိုသဲ(ခ) ဒေါ်ငယ်အား သက်သေခံပစ္စည်းဘဏ်စာအုပ်(၂) အုပ်အား ပြန်ပေးစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးက သက်သေခံ

ဘဏ်စာအုပ်ရှိငွေများမှာ ရွှေဖြုန်းများခိုးယူရောင်းချရာမှ ရရှိသော ငွေများကို ၎င်း၏ မိဘများအမည်ဖြင့် စုဆောင်းထားကြောင်း တရားခံ ကျော်ရဲ၏ အစစ်ခံချက်အရ ကျော်ရဲ၏ မိဘများထံမှ ဘဏ်ငွေစုစာအုပ် (၂) အုပ် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကျော်ရဲ၏မိခင် ဒေါ်ညွန့်လှိုင် (ခံပြ-၄) ကလည်း ဘဏ်စာအုပ် (၂) အုပ်တွင် ငွေများထည့်သွင်းခြင်း နှင့်စပ်လျဉ်း၍ မည်သို့ရရှိထားသည့်ငွေများဖြစ်ကြောင်း အထောက် အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ခြင်းမရှိသဖြင့် သက်သေခံငွေများသည် ရွှေဖြုန်းများ ခိုးယူရောင်းချရာမှရရှိသည့် ငွေများဖြစ်၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇(၁) အဓိပ္ပာယ်ရှင်းလင်းချက်တွင် အကျုံးဝင်ကြောင်း၊ တရားခံမှာ ခိုးမှုကျူးလွန်ကြောင်း မထင်ရှား၍ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့လျှင် တရားခံထံမှ သိမ်းဆည်းထားသော သက်သေခံ ပစ္စည်းများကို အပ်ပေးသူတရားခံထံပြန်ပေးခြင်းမှာ မှန်ကန်မှုရှိသော် လည်း တရားခံများအား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ရာဇသတ်ကြီးပုဒ်မ ၃၈၁ နှင့် ၃၇၉ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ပြင်ဆင်ပယ်ဖျက်ခဲ့ခြင်း မရှိသဖြင့် တရားခံများအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမှာ အတည် ဖြစ်လျက်ရှိသဖြင့် သက်သေခံဘဏ်စာအုပ် (၂) အုပ်ကို အပ်ပေးသူ တရားခံထံ ပြန်လည်ပေးအပ်စေသည့်အမိန့်မှာ မှန်ကန်သည်ဟု မဆိုနိုင် ကြောင်း၊ ဤရာဇဝတ်အထူးအယူခံမှုအား ဥပဒေနှင့်အညီ အမိန့် တစ်ရပ်ချမှတ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားခံ (၂) ၏ တရားလွှတ်တော်ရှေ့နေက သက်သေခံ ဘဏ်စာအုပ်များသည် အယူခံတရားခံအမည်ပေါက်မဟုတ်သည့်အပြင် ဘီနာမီ အမည်ငှားဖြင့် ဘဏ်စာအုပ်ဖွင့်လှစ်ခွင့်ရှိကြောင်း ဘဏ်ဥပဒေ တွင် ပြဋ္ဌာန်းထားမှုမရှိခြင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးတရားခံများအား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် ခိုးမှုကျူးလွန်

ကြောင်းသာပေါ်ပေါက်သဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး သက်သေခံ ဘဏ်စာအုပ်များထဲရှိ ငွေများမှာ အယူခံတရားခံ၏ငွေများဖြစ်ကြောင်း သက်သေခံချက်များအရ ပေါ်ပေါက်မှုမရှိခြင်းကြောင့် ထည့်သွင်း သုံးသပ်မှုမပြုခဲ့ခြင်းအပေါ် မူလသပိတ်ကျင်းမြို့နယ်တရားရုံး၊ ပြင်ဦးလွင် ခရိုင်တရားရုံး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က သက်သေခံ ပစ္စည်းနှင့်ပတ်သက်၍ မူလရုံးအမိန့်အား ဆက်လက်အတည်ပြုခဲ့ခြင်း သည်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံ တရားလိုလျှောက်ထားသည့် ပြင်ဆင်မှုကို ပလပ်ခဲ့ခြင်းသည် အမှုတွင် ပေါ်ပေါက်လျက်ရှိသည့် သက်သေခံအထောက်အထားများအရလည်း ကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မျှတမှုရှိ ကြောင်း၊ ဤအထူးအယူခံမှုကို ပလပ်ပေးရန် လျှောက်ထားတင်ပြသည်။

သပိတ်ကျင်းမြို့နယ်တရားရုံးက တရားခံများကို အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်အပေါ် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၃၂၀ ဖြင့်တင်သွင်းရာ အယူခံမှုကိုခွင့်ပြုပြီး မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ တရားခံ ကျော်ရဲ၊ တရားခံ စိုင်းကျော် တို့အား ရာဇသတ်ကြီးပုဒ်မ ၃၈၁ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန် နှင့် တရားခံ သုနောင်စိုးအား ရာဇသတ်ကြီးပုဒ်မ ၃၇၉ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ အမိန့်တွင် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ထည့်သွင်းအမိန့်ချမှတ် ထားခြင်းမရှိပေ။

အဆိုပါပြစ်မှုထင်ရှားစီရင်သည့်အမိန့်အပေါ် တရားခံကျော်ရဲက ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန်အတွက်လည်း ကောင်း၊ တရားလို ဒေါ်ချိုသဲ(ခ)ဒေါ်ငယ်က ပြစ်ဒဏ်တိုးမြှင့်ရန်အတွက် လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုများ

အသီးသီးတင်သွင်းကြရာတွင် အကျဉ်းနည်းဖြင့် ပလပ်ခြင်းခံကြရပြီး အထူးအယူခံဝင်ခွင့်ရရှိရန် ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး)များ အသီးသီးတင်သွင်းကြရာတွင်လည်း ပလပ်ခြင်းခံခဲ့ကြရသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှု ဆုံးခန်းတိုင်ရောက်ရှိသည့်အခါ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရသည်။ တစ်နည်းအားဖြင့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါမှ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ အမိန့်တစ်ရပ်ချမှတ်နိုင်မည်ဖြစ်သည်။

တရားစစ်ဆေးစီရင်မှုတစ်ခုသည် ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ပြစ်မှုထင်ရှားမတွေ့ရှိသဖြင့် အပြီးအပြတ်လွှတ်ခြင်းတွင် ဆုံးခန်းတိုင်သည်။ ထိုသို့ တရားစစ်ဆေးစီရင်ဆုံးဖြတ်ချက်တစ်ခု ဆုံးခန်းတိုင်ခြင်း ရှိ မရှိ၊ တစ်နည်းအားဖြင့် ပြီးဆုံးခြင်း ရှိ မရှိကို မူလတရားရုံး၏ စီရင်ဆုံးဖြတ်ချက်တစ်ခုတည်းအပေါ်တွင်သာကွက်၍ စဉ်းစားလျှင် ပြည့်စုံမည်မဟုတ်ပေ။ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်း ရှိ မရှိ ချမှတ်သည့်အမိန့်အပေါ် တင်သွင်းလျှောက်ထားကြသည့် အယူခံမှု၊ ပြင်ဆင်မှုတို့အပေါ်တွင်လည်း ဆက်လက်စဉ်းစားရမည်ဖြစ်သည်။ အယူခံမှု၊ ပြင်ဆင်မှုဆိုသည်မှာ သီးခြားစစ်ဆေးစီရင်မှုမဟုတ်ဘဲ မူလအမှုကို ဆက်လက်ဆောင်ရွက်ခြင်းသာဖြစ်သည်။ တစ်နည်းဆိုရမူ အယူခံမှု၊ ပြင်ဆင်မှုဟူသည် တရား စိစစ်သည့်သဘော၊ မူလတရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ထပ်မံစိစစ်သည့်သဘောဖြစ်သည်။ မူလမှုနှင့်အယူခံမှု၊ ပြင်ဆင်မှုတို့သည် တစ်ဆက် တစ်စပ်တည်းသာဖြစ်သည်။

သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်းသည်လည်း သီးခြားအမိန့်မဟုတ်ဘဲ မူလအမှုတွင် တရားခံပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ နှင့် ဆက်စပ်

သုံးသပ်ရမည့်ကိစ္စဖြစ်သည်။ တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်လျှင် သက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲရာတွင် စဉ်းစားရမည့်သဘောသဘာဝ နှင့် တရားခံသည် ပြစ်မှုထင်ရှားခြင်းမရှိလျှင် စဉ်းစားရမည့်သဘော သဘာဝတို့မှာ တူညီနိုင်မည်မဟုတ်ပေ။

တရားခံများအပေါ် ပြစ်မှုထင်ရှားစီရင်သည့် မန္တလေးတိုင်း ဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၂၀ တွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ဘဏ်ငွေစုစာအုပ်ပါ ငွေ များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်ထားသည်ကို တွေ့ရသည်-

> " အမှုတွဲရှိ သက်သေခံအဖြစ် သိမ်းဆည်းထားသော ကျော်ရဲ (ခံပြ-၁) ၏ မိဘများဖြစ်သော ဦးအောင်ဝင်း ဒေါ်ညွန့်လှိုင် အမည်ဖြင့် ဖွင့်လှစ်ထားသော ကမ္ဘောဇဘဏ်မှ ငွေစုစာအုပ် တွင် ငွေကျပ်သိန်း ၅၀၀ ကျော် ထည့်သွင်းစုဆောင်းထား ခြင်းနှင့်ပတ်သက်၍ ကျော်ရဲ (ခံပြ-၁) ၏ မိဘများမှ ခိုင်လုံစွာ ချေပထွက်ဆိုနိုင်ခြင်းမရှိသကဲ့သို့ ဖော်ပြပါငွေများသည် သမီးနှင့်သားမက်တို့၏ ငွေများဖြစ်ကြောင်း ခုခံချေပချက် သည် ယုတ္တိမတန်ဘဲ ကျော်ရဲ(ခံပြ-၁) မှ ဖြောင့်ချက်တွင် ဖြောင့်ဆိုထားသည့်အတိုင်း ၎င်းနှင့်စိုင်းကျော် (ခံပြ-၃) တို့မှ သုနောင်စိုး (ခံပြ-၂) နှင့်အတူ တရားလို လုပ်ပိုင်ခွင့်ရရှိသော (B-20) အင်းမှ ရွှေဖြုန်းများကိုခိုးယူ၍ အပြင်သို့ထုတ်ခဲ့ခြင်း အပေါ် သုနောင်စိုး (ခံပြ-၂) မှ အခကြေးငွေများအဖြစ် ပေးခဲ့ သောငွေများဖြစ်ကြောင်း ကောက်ယူရမည်ဖြစ်သည်။"

အဆိုပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၂၀ တွင် စီရင်ဆုံးဖြတ်ချက်အပေါ် အထက်တရားရုံးအဆင့်ဆင့်သို့ တင်သွင်းကြရာ၌ ပြည်ထောင်စုတရား

၂၀၂၁ ခုနှစ်
ဒေါ်ချိုသဲ (ခ)
ဒေါ်ငယ်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ
၂

လွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး) အမှတ် ၂၁ တွင်လည်း သက်သေခံအဖြစ် သိမ်းဆည်းထားသော ဘဏ်ငွေစုစာအုပ်ပါ ငွေများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သုံးသပ်ထားသည်ကို တွေ့ရသည်-

"သက်သေခံ-ဃ ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသည့် ဦးအောင်ဝင်း၊ ဒေါ်ညွန့်လှိုင်အမည်ပါ ကမ္ဘောဇဘဏ်ငွေစုစာအုပ်၌ ငွေကျပ် သိန်း ၅၀၀ ကျော် စုဆောင်းထားကြောင်း တွေ့ရှိရပြီး အဆိုပါစုဆောင်းငွေများမှာ မိဘများ၏ ငွေများဖြစ်ကြောင်း ကျော်ရဲက ထွက်ဆိုပြီး ဒေါ်ညွန့်လှိုင် (ခံပြ-၄)၊ အောင်ဇော်မျိုး (ခံပြ-၅) တို့က ရွာမှဝိုင်းမြေရောင်းချငွေဖြစ်ကြောင်း၊ အတူနေ သမီးနှင့် သမက်၏ငွေများဖြစ်ကြောင်း အကြောင်းပြသော်လည်း ၎င်းတို့၏ ထွက်ဆိုချက်များမှာ ရှေ့နောက်ညီညွတ်ခြင်းမရှိသည့်အပြင် အကြောင်းယုတ္တိခိုင်လုံခြင်းမရှိသဖြင့် ဖြောင့်ချက်ပါအချက်များကို ပျက်ပြယ်စေခြင်းမရှိကြောင်း တွေ့ရှိရသည်။ "

သို့ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၂၀ တွင် သက်သေခံဘဏ်ငွေစုစာအုပ် ၂ အုပ်၌ စုဆောင်းထားသည့် ငွေကျပ်သိန်း ၅၀၀ ကျော်သည် တရားခံကျော်ရဲက ရွှေပြုန်းများ ခိုးယူရောင်းချထားသော ငွေများဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ တရားခံ ကျော်ရဲအား ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း အဆိုပါအမိန့်ကို ဆက်လက်အတည်ပြုထားသည်။

သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍လည်း တရားခံပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ အဆုံးအဖြတ်ပြုထားသည့် မူလရုံး၏ စီရင်ဆုံးဖြတ်ချက်

၂၀၂၁ ခုနှစ်
ဒေါ်ချိုသဲ (ခ)
ဒေါ်ငယ်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ
၂

အပေါ် ဆက်လက်ဆောင်ရွက်သည့် အယူခံမှု၊ ပြင်ဆင်မှုများ၏ စီရင်ဆုံးဖြတ်ချက်များကို အဆင့်ဆင့်အခြေပြု၍ တစ်နည်းအားဖြင့် အဆင့်ဆင့်အတည်ပြုထားသည့် စီရင်ဆုံးဖြတ်ချက်များအပေါ် လိုက်လျော ညီထွေသုံးသပ်၍ ဆုံးဖြတ်မှသာ ဥပဒေနှင့်ညီညွတ်ပေလိမ့်မည်။ တရားခံ ပြစ်မှုကျူးလွန်ခြင်း ရှိ မရှိ အဆုံးအဖြတ်ပြုထားသည့် အဆင့်ဆင့်သော စီရင်ဆုံးဖြတ်ချက်များအပေါ် ကျော်လွန်သုံးသပ်မည်ဆိုပါက ဥပဒေနှင့် ညီညွတ်နိုင်မည်မဟုတ်ပေ။ ထိုသို့ ကျော်လွန်သုံးသပ်မည်ဆိုလျှင်၊ သီးခြားကောက်ယူသုံးသပ်မည်ဆိုလျှင် တစ်ရုံးတစ်ထုံးဆုံးဖြတ်သည့် သဘောသက်ရောက်ပေလိမ့်မည်။

သို့ဖြစ်၍ ယခုအမှုတွင် တရားခံကျော်ရဲသည် ပြစ်မှု ကျူးလွန် ကြောင်း၊ ဘဏ်ငွေစု စာအုပ်ထဲမှငွေများသည် ရွှေဖြူန်းများကို ခိုးယူ ရောင်းချထားသော ငွေများဖြစ်ကြောင်း သုံးသပ်ထားပြီး၊ သုံးသပ်ခဲ့ပြီး ဖြစ်သည့် အခြေအနေ၌ သက်သေခံငွေစုစာအုပ် ၂ အုပ်ရှိ ငွေများသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အဓိပ္ပာယ်ရှင်းလင်းချက်အရ ပြစ်မှု ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် လက္ခဏာရှိသောပစ္စည်းဟု ဆက်လက် ကောက်ယူ သုံးသပ်ရန်သာရှိသည်။ သို့မှသာ ဥပဒေအရ ချိတ်ဆက် ညီညွတ်သော အကြောင်းခြင်းရာအရ ညီညွတ်မျှတသော စီရင်ဆုံးဖြတ် ခြင်း ဖြစ်ပေလိမ့်မည်။

မူလရုံးက ပြစ်မှုထင်ရှားခြင်း ရှိ မရှိ စီရင်ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်အပေါ် ဆက်လက်ဆောင်ရွက်သည့် အယူခံမှု၊ ပြင်ဆင် မှုများ၏ စီရင်ဆုံးဖြတ်ချက်များကို ကျော်လွန်ပြီး သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ သုံးသပ်ဆုံးဖြတ်ထားသည့် ပြင်ဦးလွင်ခရိုင်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့မှာ ဥပဒေနှင့်ညီညွတ် သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်းဖြေကြားလိုက်သည် -

" တရားခံကျော်ရဲအား ရာဇသတ်ကြီးပုဒ်မ ၃၈၁ အရ စွဲဆိုမှုတွင် မူလမြို့နယ်တရားရုံးက တရားခံအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံရာ သက်သေခံဘဏ်ငွေစုစာအုပ် ၂ အုပ်တွင် စုဆောင်းထားသော ငွေကျပ်သိန်း ၅၀၀ ကျော်သည် ရွှေဖြူန်းများ ခိုးယူရောင်းချထားသော ငွေများဖြစ်ကြောင်း ကောက်ယူသုံးသပ်၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံများကို ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခဲ့ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) ခုံရုံးမှ တစ်သဘောတည်း သုံးသပ်အတည်ပြုခဲ့သော်လည်း သက်သေခံပစ္စည်းနှင့် ပတ်သက်၍ တက်ရောက်သောပြင်ဆင်မှုတွင်မူ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ရွှေပါသော ဖြူန်းမြေများကို ငွေသားအသွင်ပြောင်းလဲ၍ ထိုငွေများကို သက်သေခံပစ္စည်း ဘဏ်စာအုပ် ၂ အုပ်တွင် ပေးသွင်းခဲ့ခြင်းဖြစ်သည်ဟု တထစ်ချကောက်ယူနိုင်ရန် သက်သေခံချက် အားနည်းကြောင်းသုံးသပ်၍ ဘဏ်စာအုပ် ၂ အုပ်ကို အပ်ပေးသူ (ပြစ်မှုထင်ရှားစီရင်ခံရသူ) သို့ ပြန်လည်ထုတ်ပေးရန်ချမှတ်ခဲ့သည့် မူလသပိတ်ကျင်းမြို့နယ်တရားရုံးနှင့် ပြင်ဦးလွင်ခရိုင်တရားရုံးတို့၏ အမိန့်ကို ဆက်လက်အတည်ပြုခဲ့ပြီး အဆိုပါအမိန့်အပေါ် တက်ရောက်သည့် ပြင်ဆင်မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကျဉ်းနည်းဖြင့် ပလပ်ခဲ့ခြင်းမှာ အမှုတွင်ပေါ်ပေါက်လျက်ရှိသည့် သက်သေခံအထောက်အထားများအရလည်း

ကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရလည်းကောင်း ညီညွတ်မှုတမှန်ကန်မှု မရှိကြောင်း။"

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုသည်။ သက်သေခံ ပစ္စည်းဘဏ်ငွေစုစာအုပ် ၂ အုပ်အား အပ်ပေးသူ မူလရုံးတရားခံ ကျော်ရဲသို့ ပြန်လည်ထုတ်ပေးစေရန် ချမှတ်ခဲ့သည့် မူလသပိတ်ကျင်းမြို့နယ် တရားရုံးနှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့သည့် တရားရုံး အဆင့်ဆင့်၏အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး သက်သေခံ-ဃ ရှာဖွေပုံစံဖြင့် မူလရုံး တရားခံကျော်ရဲ အပ်ပေးထားသော ကမ္ဘောဇဘဏ်လီမိတက် တံဆိပ်ပါ ၁၀-၄-၂၀၁၇ ရက်စွဲဖြင့် တရားခံကျော်ရဲ၏ဖခင် ဦးအောင်ဝင်း အမည်ဖြင့် ငွေကျပ် ၃၅၀၇.၈၁ (သုံးထောင့်ငါးရာခုနှစ်ကျပ် ရှစ်ဆယ့်တစ်ပြား ) ပါ ငွေစုစာအုပ်တစ်အုပ်နှင့် ကမ္ဘောဇဘဏ်လီမိတက် တံဆိပ်ပါ ၅-၇-၂၀၁၇ ရက်စွဲဖြင့် တရားခံကျော်ရဲ၏ဖခင် ဦးအောင်ဝင်း၊ မိခင် ဒေါ်ညွန့်လှိုင်အမည်ဖြင့် ငွေကျပ် ၅၀၀၀၂၄၅၇.၄၂ (သိန်းငါးရာနှစ်ထောင့်လေးရာငါးဆယ့်ခုနှစ်ကျပ်လေးဆယ့်နှစ်ပြား) ပါ ငွေစုစာအုပ် တစ်အုပ်တို့ကို အယူခံတရားလို ဒေါ်ချိုသဲ(ခ) ဒေါ်ငယ်ထံ ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

+၂၀၂၁ ခုနှစ်
စက်တင်ဘာလ
၁၄ရက်

## ရာဇဝတ်ပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင်ရှေ့တွင်

## ဦးနိုင်ဝင်း
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ - ၂*

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ ယခင်အမှုမှ ဒဏ်ငွေကို အရကောက်ခံရန်စွဲဆိုမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်မှု မပြုနိုင်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ အရေးယူဆောင်ရွက်မှုမှာ ယခင် အမှုမှ ဒဏ်ငွေကို ပေးဆောင်မှုမရှိသဖြင့် ဒဏ်ငွေအရ ကောက်ခံရန် စွဲဆိုမှုဖြစ်သည်။ တရားခံအပေါ် တရားရုံးက ပြစ်မှုထင်ရှားစီရင်ထားခြင်း သို့မဟုတ် တရားသေလွှတ်ခြင်းမဟုတ်သဖြင့် ယခုအမှုဖြင့် စွဲဆိုခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်မှုမရှိပေ။

လျှောက်ထားသူအတွက် - ဒေါ်မာမာဝင်း၊
တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်တင်တင်မိုး၊ ၊
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၅၃ (ခ)

\+ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၇ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၁၇ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

လျှောက်ထားခံရသူ(၂)အတွက် - ကိုယ်တိုင် ( မလာ )

အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၅ တွင် လျှောက်ထားခံရသူ ဦးနိုင်ဝင်းအပေါ် ၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ဥပဒေပုဒ်မ ၆၅ (က) အား ဖောက်ဖျက်ကျူးလွန်သောကြောင့် တစ်ရက်လျှင် ငွေဒဏ် ကျပ် တစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေဒဏ်ကျပ် ၄၉၅၀၀၀၀ ပေးဆောင်မှု မရှိဘဲ ပျက်ကွက်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ တရားစွဲဆိုမှု ဖြစ်သည်။ အဆိုပါ အမှုကို ဦးနိုင်ဝင်းက ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၇ ဖြင့် အမှုတွဲချေဖျက်ပေးရန် လျှောက်ထားရာ ပယ်ကြောင်း အမိန့်ချမှတ်ခံရသဖြင့် ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၈၂ တွင် တရားခံ ဦးနိုင်ဝင်းအပေါ် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၅ အရ တရားစွဲဆိုမှုတွင် ငွေဒဏ်ကျပ် ၅၀၀၀၀ ပေးဆောင်စေရန် နှင့် မဆောင် ထောင်ဒဏ် (၃) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ ငွေဒဏ် ကျပ် ၅၀၀၀၀ ပေးဆောင်ခဲ့ကြောင်း၊ ထို့နောက် အခင်းဖြစ်သုသာန်ဟောင်းမြေနေရာတွင် ဖယ်ရှားမှုမပြုဘဲ ဆက်လက် ကျူးကျော်နေထိုင်သဖြင့် အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၀၁၊ စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၉ ဖြင့် ထပ်မံတရားစွဲဆိုရာ ၁၃-၅-၂၀၁၇ ရက်နေ့မှ ၂၈-၉-၂၀၁၈ ရက်နေ့ထိ ၄၉၅ ရက် အတွက် တစ်ရက်လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေဒဏ် ကျပ် ၄၉၅၀၀၀၀ ပေးဆောင်စေရန်၊ ငွေဒဏ်မဆောင် အလုပ်မဲ့ ထောင်ဒဏ် (၄) လ ကျခံစေရန် အမိန့်ချမှတ်သည်။ ဦးနိုင်ဝင်းက ငွေဒဏ်မဆောင်နိုင်သဖြင့် ထောင်ဒဏ် (၄) လ ကျခံခဲ့သည်။ ထပ်မံ၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ ဒဏ်ငွေများပေးဆောင်ရန်

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဦးစီးမှူး ဒေါ်ခင်မာချို က အုတ်တွင်းမြို့နယ်တရားရုံးသို့ လျှောက်ထားမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားသူသည် အချင်းဖြစ်နေရာကို အဖိုးနှင့်ဖခင်တို့လက်ထက်ကပင် နေထိုင်လာခြင်းဖြစ်ကြောင်း၊ သုသာန်ဟောင်းမြေနေရာအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ပြီး အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၈၂၊ စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၅ အရ တရားစွဲဆိုသဖြင့် ငွေဒဏ် ၅၀၀၀၀ ကျပ် ပေးဆောင်ခဲ့ကြောင်း၊ ဆက်လက်နေထိုင်သဖြင့် အုတ်တွင်းမြို့နယ်တရားရုံးတွင် ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၀၁၊ စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၉ ဖြင့် ထပ်မံတရားစွဲဆိုကြောင်း၊ ထိုအမှုတွင် ၁၃-၅-၂၀၁၇ မှ ၂၈-၉-၂၀၁၉ ရက်နေ့ထိ ရက်ပေါင်း ၄၉၅ ရက်အတွက် တစ်ရက်လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ ဖြင့် စုစုပေါင်းငွေဒဏ် ကျပ် ၄၉၅၀၀၀၀ ပေးဆောင်စေ၊ ငွေဒဏ်မဆောင် အလုပ်မဲ့ထောင်ဒဏ် (၄) လ ကျခံစေရန် အမိန့်ချမှတ်သဖြင့် ငွေဒဏ်မဆောင်နိုင်သဖြင့် ထောင်ဒဏ် (၄) လ ကျခံပြီးဖြစ်ကြောင်း၊ ယခုအမှုဖြင့် ဒဏ်ငွေများပေးဆောင်စေရန် ထပ်မံတရားစွဲဆိုကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်ပြီးဖြစ်၍ ထပ်မံတရားစွဲဆိုခွင့်မရှိကြောင်း၊ ဖြစ်ရပ်တစ်ခုတည်းအပေါ် အကြိမ်ကြိမ်အခါခါ တရားစွဲဆိုခြင်းသည် ဥပဒေကြောင်းအရ လွဲမှားနေသည့်အပြင် လူသားအချင်းချင်း စာနာထောက်ထားမှုကင်းမဲ့သလိုဖြစ်နေကြောင်း၊ လျှောက်ထားသူ၌ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုများဖြစ်ပေါ်နေသည့်အတွက်အမှုအားချေဖျက်ပေးရန် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ လျှောက်ထားသော်လည်း ပလပ်ခံရသဖြင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်၍ အမှုတွဲချေဖျက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားခံ

သည် ထောင်ဒဏ်ကျခံပြီးဖြစ်သည့်အပြင် ငွေဒဏ်ကောက်ခံသော်လည်း မရရှိပါက ငွေဒဏ်ပယ်ဖျက်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ ငွေဒဏ်မရရှိနိုင်ကြောင်း ထောက်ခံတင်ပြချက်ကို အမှုနေ့စဉ်မှတ်တမ်းတွင်ဖော်ပြီး ငွေဒဏ်ပယ်ဖျက်နိုင်ရေးအတွက် တရားရုံးများလက်စွဲအပိုဒ် ၇၃၅ အရ ဆောင်ရွက်နိုင်ကြောင်း၊ အုတ်တွင်းမြို့နယ်ရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးအမှတ် ၁၂၀၁ အမှုမှ တရားခံ ဦးနိုင်ဝင်း အပေါ် ငွေကျပ် ၄၉၅၀၀၀၀ တပ်ရိုက်ခဲ့သော်လည်း ပေးဆောင်ခြင်း မရှိသဖြင့်နိုင်ငံပိုင်ငွေများမဆုံးရှုံးရေးအတွက် အုတ်တွင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ လျှောက်ထားသူအပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ အရေးယူဆောင်ရွက်ခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ရန်မသင့်ကြောင်း လျှောက်ထားသူ၏ ရာဇဝတ်ပြင်ဆင်မှုအား ပလပ်ပေးပါရန် လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူအမှတ် ၂ ဒေါ်ခင်မာချိုသည် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း ရုံးရှေ့သို့ လာရောက်လျှောက်ထားမှု မရှိပေ။

အမှုမှာ လျှောက်ထားသူသည် အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်သုသာန်မြေဟောင်းနေရာတွင် ကျူးကျော်ပြီး နေအိမ်ဆောက်လုပ်နေထိုင်သဖြင့် အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၁၀၈၂၊ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းစည်ပင်သာယာရေးဥပဒေပုဒ်မ ၇၅ ဖြင့် တရားစွဲဆိုမှုတွင် ငွေဒဏ် ၅၀၀၀၀ ကျပ် ပေးဆောင်စေရန်၊ မဆောင် ထောင်ဒဏ် ၃ လ ကျခံစေရန် အမိန့်ချမှတ်ရာ ငွေဒဏ် ၅၀၀၀၀ ကျပ် ပေးဆောင်ခဲ့သည်။

သို့ရာတွင် လျှောက်ထားသူမှာ အချင်းဖြစ်နေရာမှ ဖယ်ရှား

ထွက်ခွာပေးခြင်းမရှိသဖြင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဦးစီးမှူးက အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၁၂၀၁၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင် သာယာရေးဥပဒေပုဒ်မ ၇၉ ဖြင့် တရားစွဲဆိုခဲ့သည်။ ထိုအမှုတွင် ယခင် ပြစ်ထင်ရှားစီရင်ခြင်းခံရသော ၁၃-၅-၂၀၁၇ ရက်နေ့မှ ၂၈-၉-၂၀၁၈ ရက်နေ့အထိ ရက်ပေါင်း ၄၉၅ ရက်အတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ် ၁၀၀၀၀ ဖြင့် စုစုပေါင်း ငွေဒဏ် ၄၉၅၀၀၀၀ ကျပ် ပေးဆောင်စေ၊ မဆောင် အလုပ်မဲ့ထောင်ဒဏ် (၄) လ ကျခံစေရန် အမိန့်ချမှတ်ရာ လျှောက်ထားသူက ငွေဒဏ်မဆောင်ဘဲ အလုပ်မဲ့ထောင်ဒဏ် (၄) လ ကျခံခဲ့ကြောင်း ပေါ်ပေါက်သည်။

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လျှောက်ထားသူသည် အချင်းဖြစ် မြေနေရာမှ ဖယ်ရှားခြင်းမရှိဘဲ ဆက်လက်ကျူးကျော်သည့်အပြင် ၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဥပဒေပုဒ်မ ၆၅ (က) အား ဖောက်ဖျက်ကျူးလွန်ကြောင်း၊ အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂၀၁ မှ တပ်ရိုက်ထားသည့် ငွေဒဏ် ၄၉၅၀၀၀၀ ကျပ် ပေးဆောင်ရန်ပျက်ကွက်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ အရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသဖြင့် အုတ်တွင်းမြို့နယ်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၅ ဖြင့် လက်ခံစစ်ဆေးမှုဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ "ပြစ်မှုကျူးလွန်သူတစ်ဦးအပေါ် ငွေဒဏ်ပေးဆောင်ရန် စီရင်ချက်ချမှတ်သည့်အခါတိုင်း ယင်းသို့စီရင်ချက်ချမှတ်သည့် တရားရုံးသည် အောက်ပါနည်းလမ်းများအနက် တစ်နည်းနည်း သို့မဟုတ် နှစ်နည်းစလုံးဖြင့် ငွေဒဏ်ကိုအရတောင်းခံနိုင်ရန်အတွက် အရေးယူဆောင်ရွက်နိုင်သည်။ ဆိုလိုသည်မှာ ယင်းတရားရုံးသည်-

(က) ပြစ်မှုကျူးလွန်သူပိုင် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း တစ်စုံတစ်ရာကို ဝရမ်းစွဲကပ်ရောင်းချခြင်းဖြင့် ငွေကို ကောက်ခံရန်အတွက် ဝရမ်းထုတ်ဆင့်နိုင်သည်။

(ခ) ငွေဒဏ်မပေးမဆောင် ပျက်ကွက်သူပိုင် ရွှေ့ပြောင်း နိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် ပစ္စည်းနှစ်မျိုးစလုံးအပေါ် တရားမ ကြောင်းလုပ်ငန်းစဉ်အတိုင်း အတည်ပြုခြင်းအားဖြင့် ယင်းငွေကို ရယူရန် မြို့နယ်စုကော်လိတ်တော်အရာရှိ အား အခွင့်အာဏာအပ်နှင်းသည့် ဝရမ်းထုတ်ဆင့် နိုင်သည်။

သို့ရာတွင် ၎င်းငွေဒဏ်ကို ပေးဆောင်ရန် ပျက်ကွက်ပါက "ပြစ်မှုကျူးလွန်သူအား အကျဉ်းထောင်တွင် အကျဉ်းချထားရန် စီရင်ချက်၌ ညွှန်ကြားထားလျှင်၊ ထို့ပြင် ၎င်းမှာလည်း ငွေဒဏ် ပေးဆောင်ရန် ပျက်ကွက်သည့်အတွက် ထောင်ဒဏ်အပြည့်ကို ကျခံခဲ့ပြီးဖြစ်သည့်အခါ ပြစ်မှုကျူးလွန်သူသည် ငွေဒဏ်အားလုံးကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပေးဆောင်နိုင်ခြင်းရှိသည်ဟု တရားရုံး က ရေးမှတ်ထားရမည်" ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုပါပြဋ္ဌာန်းချက်အရ လျှောက်ထားသူသည် ငွေဒဏ် ၄၉၅၀၀၀၀ ကျပ်ကို ပေးဆောင်နိုင်ခြင်းမရှိဟုဆိုကာ ထောင်ဒဏ် ၄ လ ကျခံခဲ့သော်လည်း ပေးဆောင်ရန် ဒဏ်ကြေးငွေများကို အရကောက်ခံ နိုင်ရန်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ အရေးယူ ဆောင်ရွက်ခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ (၁) အရ အရေးယူ ဆောင်ရွက်မှုမှာ ယခင်အမှုမှ ဒဏ်ငွေကို ပေးဆောင်မှုမရှိသဖြင့် ဒဏ်ငွေ

အရကောက်ခံရန် စွဲဆိုမှုဖြစ်သည်။ တရားခံအပေါ် တရားရုံးက ပြစ်မှုထင်ရှားစီရင်ထားခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း မဟုတ်သဖြင့် ယခုအမှုဖြင့် စွဲဆိုခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်မှုမရှိပေ။

မူလရုံး၌ စစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာမှုခင်းတစ်ခုခုကို ချေဖျက်ပေးရန် လျှောက်ထားလာလျှင် မူလရုံး၌ အဆိုပါအမှုကို ဆက်လက်စစ်ဆေးပါက တရားဥပဒေလမ်းကြောင်းကို ဆန့်ကျင်ရန် အကြောင်းများပေါ်ပေါက်လာလျှင်ဖြစ်စေ၊ တရားလိုဘက်မှ စွပ်စွဲပြောဆိုချက်များ မှန်ကန်သည့်တိုင်အောင် ပြစ်မှုအင်္ဂါရပ်နှင့် အကျုံးဝင်ခြင်းမရှိကြောင်း သိသာထင်ရှားနေလျှင်ဖြစ်စေ မူလရုံးအမှုတွဲကို ချေဖျက်ပေးရန်ဖြစ်သည်။ တစ်နည်းအားဖြင့် တရားလိုဘက်က စွပ်စွဲချက်သည် မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင် အမှုတွဲကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးနိုင်သည်။

မူလရုံးတွင် လျှောက်ထားသူသည် ဒဏ်ကြေးငွေမပေးဆောင်နိုင်သည့်အပေါ် သက်သေအထောက်အထား၊ စာရွက်စာတမ်းအထောက်အထားဖြင့် ထုချေတင်ပြရန် အခွင့်အရေးရှိပေသည်။ အမှုအားဆက်လက်ဆောင်ရွက်ပါက တရားဥပဒေလမ်းကြောင်း ဆန့်ကျင်နိုင်သည့် အကြောင်းများပေါ်ပေါက်ရန်လည်း မရှိပေ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အာဏာကို မလွှဲမရှောင်နိုင်မှသာ အသုံးပြုရမည်ဖြစ်သည်။ တစ်နည်းနည်းဖြင့် သက်သာခွင့်ရရှိရန် အကြောင်းရှိလျှင် ဤအာဏာကိုအသုံးမပြုရပေ။ **ဦးဝိလာသနှင့် ဦးပညာလောက ပါ ၂ အမှု**[၁] ကို ကြည့်ပါ။

---

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၇၃

လျှောက်ထားသူသည် မူလရုံးအမှုတွင် အခြားနည်းလမ်းတစ်ခုခုဖြင့် သက်သာခွင့်တောင်းခံနိုင်သည့် အခွင့်အရေးရှိကြောင်း ပေါ်ပေါက်သဖြင့် အမှုကို ချေဖျက်ပေးရန်လျှောက်ထားမှုကို ပယ်ခဲ့သော ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည့်အတွက်ဤရုံးမှဝင်ရောက်စွက်ဖက်ရန်မလိုကြောင်း သုံးသပ်ရရှိသည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်လိုက်သည်။

+၂၀၂၁ ခုနှစ်
အောက်တိုဘာလ
၂၇ ရက်

## ရာဇဝတ်အယူခံမှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးသာဌေး ရှေ့တွင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နှင့်
## မသက်သက်အောင် ပါ- ၄*

**အယူခံတရားခံအား ဆင့်စာအတည်ပြုရှ၍မရသဖြင့် ၎င်းအပေါ် ကြားနာရန် အခွင့်အရေးမရရှိသောကြောင့် အမှုကို ယာယီ ပိတ်သိမ်းမည့်အစား ၎င်းအား ထိခိုက်နစ်နာမှုမရှိသည့် အမိန့်မျိုးချမှတ်နိုင်ခြင်း**

**ဆုံးဖြတ်ချက်။** ။ တရားခံအားကြားနာခွင့်မပေးဘဲ တရားခံက ပြောဆိုခွင့်မရှိဘဲ ၎င်းအပေါ် အမိန့်ချမှတ်မည်ဆိုလျှင် ၎င်းအား ထိခိုက်နစ်နာမည့်အမိန့်ဖြစ်ပါက တရားမျှတမှုကို ထိခိုက်စေနိုင်မည်ဖြစ်သည်။

သို့သော် ထိုသို့ပျက်ကွက်မှုမှာ တရားမျှတမှုကိုမထိခိုက်လျှင် တရားခံအား ဥပဒေက ပေးအပ်ထားသော အခွင့်အရေးကို ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာမပေါ်ပေါက်လျှင်မူ တစ်နည်းအားဖြင့် တရားခံအပေါ် ထိခိုက်သည့် အမိန့်တစ်စုံတစ်ရာမဟုတ်လျှင်မူ အမှုပျက်ပြယ်ရန် အကြောင်းရှိမည်မဟုတ်ပေ။ တရားမျှတမှုကို မထိခိုက်သည့်ပျက်ကွက်မှု၊ တရားခံကိုမထိခိုက်သည့် ပျက်ကွက်မှုသည် ကုစား၍ရနိုင်သည့် ပျက်ကွက်မှုသာဖြစ်သည်။

---

*၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၇၂

+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၈ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်စွဲပါ ကချင်ပြည်နယ်တရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် အယူခံမှု

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလရုံးအမှုတွင် ပေါ်ပေါက်သော သက်သေခံ အထောက်အထားများအရ အယူခံတရားခံ အမှတ်(၁)(၂)(၃)တို့နှင့်အတူ အယူခံတရားခံအမှတ် (၄) သည်လည်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား ပေါ်ပေါက်ခြင်းမရှိပေ။

အယူခံတရားခံအမှတ် (၄) ဖြစ်သူ ကျော်ထွန်းခိုင်မှာ ဆင့်စာ အတည်ပြု၍ မရသဖြင့် ဤအယူခံမှုတွင် ၎င်းကိုကြားနာရန် အခွင့် အရေးမရှိသော်လည်း ၎င်းအတွက် ထိခိုက်မှုမရှိသည့်အမိန့်၊ တစ်နည်း အားဖြင့် တရားမျှတမှုကို မထိခိုက်သည့်အမိန့်ချမှတ်ရန် ပေါ်ပေါက်သည့် အခြေအနေတွင် ၎င်းနှင့်စပ်လျဉ်း၍ ထပ်မံကြားနာရန် လိုအပ်မည် မဟုတ်တော့သဖြင့် ၎င်းအပေါ်ကြားနာနိုင်ရန်အတွက် အမှုယာယီ ပိတ်သိမ်းမှုမျိုးဆောင်ရွက်ရန် အကြောင်းရှိမည်မဟုတ်တော့ပေ။

အယူခံတရားလိုအတွက် - ဦးအောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊
ဥပဒေရေးရာဝန်ကြီးဌာန

အယူခံတရားခံများအတွက် - ကိုယ်တိုင် (မလာ)

မြစ်ကြီးနားမြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၄၁၀၉၊ တရားခံ ဆွတ်ဆိုင်းနော် ပါ - ၆ ဦးအပေါ် လောင်းကစား ဥပဒေပုဒ်မ ၁၃ (က)၊ ၁၄ (က) အရ စွဲဆိုမှုတွင် တရားခံဆွတ်ဆိုင်းနော် နှင့်မထူးထူးစံတို့ကို ထွက်ပြေးတရားခံများအဖြစ် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ နှင့်အညီ ဆောင်ရွက်ခဲ့ပြီး တရားခံ မသက်သက်အောင် ပါ -၄ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အမှုမှအပြီး အပြတ်လွတ်သည်။ ယင်းအမိန့်အပေါ် ကချင်ပြည်နယ်၊ ဥပဒေချုပ်ရုံးက ကချင်ပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၂၁၈ ဖြင့် တက်ရောက်ရာ ပလပ်ခံရသဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်အယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၃၀-၈-၂၀၁၇ ရက်နေ့ ၁၆:၀၀ နာရီအချိန် မြစ်ကြီးနားခရိုင်၊ မှုခင်းအကူဌာနစုမှ ရဲအုပ်နေဇာဦးနှင့်အဖွဲ့သည် အေးစေတီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ နယ်မြေမှူး ဦးကျော်ရှင်၊ ဦးသန်းအောင်တို့နှင့်အတူ လောင်းကစားဝရမ်းအမှတ် (၂/၂၀၁၇) ဖြင့် မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊နယ်မြေ (၅)၊ အိမ်အမှတ် (အခတ/၁၆၅) ရှိ ဆွတ်ဆိုင်းနော်၏နေအိမ်သို့ ရှာဖွေရာ နေအိမ်အောက်ထပ်တွင် ဆွတ်ဆိုင်းနော်ဦးစီး၍ မသက်သက်အောင်၊ မမြင့်မြင့်သီ၊ မသက်ထားခိုင်နှင့် မထူးထူးစံတို့သည် လောင်းကစားဂိမ်းဆိုင်ဝန်ထမ်းများအဖြစ်လည်းကောင်း၊ ကျော်ထွန်းခိုင်မှလာရောက်လောင်းကစားသူအဖြစ်လည်းကောင်း၊ တရားမဝင် ငါးပစ်လောင်းကစားဂိမ်းစက်များဖြင့် လောင်းကစားနေပြီး ၎င်းတို့လွယ်ထားသည့် လွယ်အိတ်အတွင်းမှ လောင်းကစားငွေများနှင့် လောင်းကစားရာတွင် အသုံးပြုသည့် ကတ်တို့ကို တွေ့ရှိ၍ ရဲအုပ်နေဇာဦးက မသက်သက်အောင် ပါ ၄ ဦးအပေါ် လောင်းကစားဥပဒေဖြင့် တိုင်ချက်ရေးဖွင့်သော အမှုဖြစ်သည်။

မြစ်ကြီးနားမြို့နယ်တရားရုံးက တရားခံပြေးဆွတ်ဆိုင်းနော်၏ နေအိမ်၌ သတင်းအရ ရှာဖွေရာ ဂိမ်းစက်များတွေ့ရှိ၍ လောင်းကစားဒိုင်ပြုလုပ်သည်မှာပေါ်ပေါက်ကြောင်း ကျန်တရားခံများသည် လောင်းကစားအိမ်မှ ဝန်ထမ်းများ၊ လောင်းကစားရန်ရောက်နေသူများဟု ပေါ်ပေါက်ခြင်းမရှိကြောင်း သုံးသပ်၍ တရားခံ မသက်သက်အောင် ပါ ၄ ဦးကို အမှုမှအပြီးအပြတ် လွှတ်ခဲ့သည်။

ကချင်ပြည်နယ်တရားလွှတ်တော်က အယူခံတရားခံများသည် အချင်းဖြစ်အိမ်သို့ အခင်းမဖြစ်မီနှစ်ရက်က ရောက်ရှိကြပြီး အဝေးသင် တက္ကသိုလ်တက်ရန်နှင့် အဖော်အဖြစ် အလည်လာသူများဖြစ်ကြောင်း ပေါ်ပေါက်ကြောင်း၊ လောင်းကစားဒိုင်ဝန်ထမ်းများဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများမတွေ့ရှိကြောင်း သုံးသပ်၍ မူလမြို့နယ်

၂၀၂၁ ခုနှစ်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နှင့်
မသက်သက်အောင်ပါ-၄

တရားရုံး၏အမိန့်ကို အတည်ပြုပြီး အယူခံမှုအား ပလပ်ခဲ့သည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက တရားခံ ဆွတ်ဆိုင်နော်သည် လောင်းကစားအိမ်ဖွင့်လှစ်ပြီး မသက်သက်အောင်၊ မသက်ထားခိုင်၊ မထူးထူးစံတို့သည် လောင်းကစားအိမ်သို့ ရောက်ရှိနေခြင်းနှင့် စပ်လျဉ်း၍ ခိုင်လုံသည့် အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်ပြင် သက်သေခံလောင်းကြေးငွေနှင့် လောင်းကစားရာတွင် အသုံးပြုသည့် ကတ်ပါရှိသော လွယ်အိတ်များ လွယ်လျက်တွေ့ရှိ ဖမ်းဆီးရမိကြောင်းပေါ်ပေါက်သဖြင့် ငါးပစ်လောင်းကစားအိမ်တွင်လောင်းကြေးငွေ စီမံခန့်ခွဲခြင်းဆောင်ရွက်သူများဖြစ်ကြောင်း၊ ကျော်ထွန်းခိုင်သည် လောင်းကစားအိမ်၌ လောင်းကစားရန် ရောက်ရှိနေကြောင်း ပေါ်ပေါက်ပြီး မီးသွေးဖိုးအကြွေး လာတောင်းခြင်းဖြစ်ကြောင်း တင်ပြနိုင်ခြင်းမရှိကြောင်း၊ အယူခံတရားခံ ကျော်ထွန်းခိုင်၏ နေရပ်လိပ်စာရရှိ၍ အကြောင်းကြားစာအတည်ဖြစ်ပါက ပြန်လည်ကြားနာခြင်းကို မထိခိုက်စေဘဲ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုကိုယာယီပိတ်သိမ်းခွင့်ပြုပေးရန်၊ ကျန်အယူခံတရားခံ ၃ ဦးတို့ အား လောင်းကစားဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်ဒဏ်ချမှတ်ပေးရန် လျှောက်လဲ တင်ပြသည်။

အယူခံတရားခံ (၁) မှ (၃) ထိသည် အကြောင်းကြားစာအတည်ဖြစ်သော်လည်း လာရောက်လျှောက်လဲတင်ပြခြင်းမရှိပေ။

မြစ်ကြီးနားခရိုင်၊ မှုခင်းအကူဌာနစုမှ ရဲအုပ်နေဇာဦးနှင့် အဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးတို့နှင့်အတူ လောင်းကစားသတင်းအရ တရားခံပြေး ဆွတ်ဆိုင်းနော်၏ နေအိမ်သို့ သွားရောက်၍ ရှာဖွေကြသည်။ ထိုသို့ရှာဖွေရာတွင် ကြိုတင်သတင်းရရှိသည့်အတိုင်း လောင်းကစားဂိမ်းစက်များ၊ လောင်းကြေးငွေများနှင့် လောင်းကစားရာ

တွင် အသုံးပြုသည့်ပစ္စည်းတို့ ရှာဖွေတွေ့ရှိခဲ့သည်။ သက်သေခံပစ္စည်းများကို ရှာဖွေပုံစံသက်သေခံ (ခ) ၌ ရဲအုပ်နေဇာဦးမှ ရေးသွင်းချက်ပြုလုပ်ပြီး ၎င်း၏ ထွက်ဆိုချက်တွင် အယူခံတရားခံများက ရှာဖွေပုံစံ၌ ဝန်ခံအပ်ပေးကြောင်း ထွက်ဆိုထားသည်။

ဦးကျော်ရှင်း (လိုပြ - ၉)၊ ဦးသန်းအောင် (လိုပြ - ၁၀) တို့သည် ရှာဖွေသက်သေများဖြစ်ကြပြီး ရှာဖွေစဉ်အချိန်က အမျိုးသမီးတစ်ဦးမှ ကျောင်းသူဟုပြောကြောင်း၊ အမျိုးသားတစ်ဦးမှ မီးသွေးလာရောင်းကြောင်း ပြောခဲ့သည်ဟု ထွက်ဆိုသည်။

ရာဇဝတ်မှုများတွင် ပြည့်စုံစွာ သက်သေထင်ရှားပြရန် တာဝန်သည် တရားလို အပေါ်တွင် ကျရောက်သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးအေးကြည် အမှု**[၁] ကို ရည်ညွှန်းသည်။

အမှုတွဲပါ သက်သေခံချက်တို့အရ တရားခံအပြစ်ရှိကြောင်း အထင် အရှားမပေါ်ပေါက်လျှင် အယူခံရုံးအနေဖြင့် အောက်ရုံးတို့၏ တွေ့ရှိသုံးသပ်မှုအပေါ် အလွယ်တကူဝင်ရောက်စွက်ဖက်ရန် သင့်မည် မဟုတ်ပေ။

တရားခံမသက်သက်အောင်က မြစ်ကြီးနားအဝေးသင်တက္ကသိုလ် တက်ရန် အခင်းမဖြစ်မီနှစ်ရက်က ရောက်ရှိနေကြောင်း ထုချေချက်နှင့် တရားခံမမြင့်မြင့်သီသည် မသက်သက်အောင်၏ အစ်မဖြစ်ပြီး တရားခံမသက်ထားခိုင်နှင့် အဖော်အဖြစ် လိုက်ပါလာခြင်းဖြစ်ကြောင်း ထုချေတင်ပြချက်ကို လက်ခံခဲ့သည့် မူလရုံးနှင့်အယူခံရုံးတို့၏ သုံးသပ်ချက်သည် မှားယွင်းကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ အယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် မသင့်ပေ။

ဤအမှုတွင် အယူခံတရားခံအမှတ် (၄) ကျော်ထွန်းခိုင်အား ဆင့်စာအတည်ပြု ချထားနိုင်ခြင်းမရှိဘဲ ၎င်း၏နေရပ်လိပ်စာ အသစ်

---

၁။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၉၆

လည်း တင်သွင်းနိုင်ခြင်းမရှိသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ နေရပ်လိပ်စာအသစ် တင်သွင်းပါက ပြန်လည်ကြားနာခြင်းကို မထိခိုက်စေဘဲ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုကို ယာယီပိတ်သိမ်းပေးပါရန် ဥပဒေရေးရာဝန်ကြီးဌာနက တင်ပြလျှောက်ထားသည်။

Audi alteram partem ( hear the other side ) "အခြားတစ်ဖက်ကိုလည်း ကြားနာပါ" ဆိုသည့်ဥပဒေဆိုရိုးစကားရှိသည်။ တရားစစ်ဆေးစီရင်သည်ဆိုရာတွင် နှစ်ဖက်ကြားနာ စစ်ဆေးစီရင်ခြင်းပင်ဖြစ်သည်။ သဘာဝတရားမျှတမှုအရလည်း တစ်ဖက်ကိုလည်းကြားနာမှသာမျှတမှုရှိမည်ဖြစ်သည်။ ထိုသဘောတရားကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) တွင် တွေ့ရသည်။ ယင်းဥပဒေပုဒ်မ ၄၃၉ (၂) တွင် "တရားခံကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ထုချေခွင့်မရလျှင် ၎င်းတရားခံအားထိခိုက်အောင် ဤပုဒ်မအရ မည်သည့်အမိန့်ကိုမျှ ချမှတ်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားသည်။

တရားခံအားကြားနာခွင့်မပေးဘဲ၊ တရားခံက ပြောဆိုခွင့် မရှိဘဲ ၎င်းအပေါ်အမိန့် ချမှတ်မည်ဆိုလျှင် ၎င်းအား ထိခိုက်နစ်နာမည့်အမိန့်ဖြစ်ပါက တရားမျှတမှုကို ထိခိုက်စေနိုင်မည်ဖြစ်သည်။

သို့သော် ထိုသို့ပျက်ကွက်မှုမှာ တရားမျှတမှုကိုမထိခိုက်လျှင်၊ တရားခံအား ဥပဒေက ပေးအပ်ထားသော အခွင့်အရေးကို ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာမပေါ်ပေါက်လျှင်မှု တစ်နည်းအားဖြင့် တရားခံအပေါ်ထိခိုက်သည့်အမိန့် တစ်စုံတစ်ရာမဟုတ်လျှင်မှု အမှုပျက်ပြယ်ရန်အကြောင်းရှိမည်မဟုတ်ပေ။ တရားမျှတမှုကို မထိခိုက်သည့် ပျက်ကွက်မှု၊ တရားခံကို မထိခိုက်သည့် ပျက်ကွက်မှုသည် ကုစား၍ရနိုင်သည့်ပျက်ကွက်မှုသာ ဖြစ်သည်။

အယူခံမှုပြင်ဆင်မှုကို လက်ခံစစ်ဆေးရသည့် တရားရုံးအနေ

ဖြင့် မူလရုံးအမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံ အထောက်အထား နှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် သုံးသပ်၍ ဆုံးဖြတ်ရန်ဖြစ်သည် **တင်အောင်ဝင်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမှု**[၂] ကို ရည်ညွှန်းသည်။

ယခုမူလရုံးအမှုတွင်ပေါ်ပေါက်သော သက်သေခံ အထောက် အထားများအရ အယူခံတရားခံအမှတ် (၁) (၂) (၃) တို့နှင့်အတူ အယူခံတရားခံအမှတ် (၄) သည်လည်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား ပေါ်ပေါက်ခြင်းမရှိပေ။

အယူခံတရားခံအမှတ် (၄) ဖြစ်သူ ကျော်ထွန်းခိုင်မှာ ဆင့်စာ အတည်ပြု၍မရသဖြင့် ဤအယူခံမှုတွင် ၎င်းကိုကြားနာရန် အခွင့်အရေး မရှိသော်လည်း ၎င်းအတွက် ထိခိုက်မှုမရှိသည့် အမိန့်၊ တစ်နည်းအားဖြင့် တရားမျှတမှုကို မထိခိုက်သည့်အမိန့် ချမှတ်ရန်ပေါ်ပေါက်သည့် အခြေ အနေတွင် ၎င်းနှင့်စပ်လျဉ်း၍ ထပ်မံကြားနာရန် လိုအပ်မည်မဟုတ်တော့ သဖြင့် ၎င်းအပေါ် ကြားနာနိုင်ရန်အတွက် အမှုယာယီပိတ်သိမ်းမှုမျိုး ဆောင်ရွက်ရန် အကြောင်းရှိမည် မဟုတ်တော့ပေ။

ထို့ကြောင့် အယူခံတရားခံ မသက်သက်အောင်၊ မမြင့်မြင့်သီ၊ မသက်ထားခိုင်၊ ကျော်ထွန်းခိုင် (မူလရုံးတရားခံများ) အား ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အပြီးအပြတ်လွှတ်သည့် မြစ်ကြီးနား မြို့နယ်တရားရုံး၏ အမိန့်အား အတည်ပြုခဲ့သည့် ကချင်ပြည်နယ်တရား လွှတ်တော်၏အမိန့်ကို ဆက်လက်အတည်ပြုပြီး ဤရာဇဝတ်အယူခံမှုကို ပလပ်သည်။

---

၂။ ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၈

+၂၀၂၁ ခုနှစ်
ဇွန်လ ၁၀ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးအောင်ဇော်သိန်း ရှေ့တွင်**

**မသီတာ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်***

**မသီတာ****

**ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း မပေါ်ပေါက်ပါက ပြစ်မှုပြစ်ဒဏ် စီရင်ပြီးသော တရားခံအပေါ် ပိုမိုကြီးလေးသောစွဲချက်ဖြင့် ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေရန် ရည်ရွယ်၍ မူလရုံး၏ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် မသင့်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ အမှုတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တရားခံမသီတာအပေါ် ပိုမိုကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင် စစ်ဆေးပေးရန် တရားခံအား ပြစ်မှုထင်ရှားစီရင်ပြီးသည့်အချိန်မှ လျှောက်ထားလာခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး မူလခရိုင်တရားရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃(၄) အရ နောက်ထပ်စွဲဆိုသည့်

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၂ (ခ)၊

** ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁(က)

\+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၄ (ခ)နှင့် ၈၀ (ခ) တို့တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏

ပြစ်မှုကိုစစ်ဆေးစီရင်ပိုင်ခွင့်မရှိသည့် တရားရုံးလည်းမဟုတ်ပေ။ ၎င်းအပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၁) တွင် ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်အတည်ဖြစ်နေစဉ် ၎င်းပြစ်မှုနှင့်ထပ်တူပြစ်မှုအတွက်ဖြစ်စေ၊ ၎င်းအမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားပြစ်မှုအတွက်ဖြစ်စေ ထပ်မံစစ်ဆေးစီရင်ခြင်းမခံထိုက်စေရဟု ပြဋ္ဌာန်းထားရာ တရားခံကို ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးဖြစ်သည့် အမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားပြစ်မှုအတွက် စွဲချက်တင် ပြန်လည်စစ်ဆေးစီရင်နိုင်ရန် မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန်မှာ မူလရုံး၏ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်မှုသည် ဥပဒေကြောင်းအရ လွန်စွာလွဲမှားနေမှသာ ပယ်ဖျက်သင့်သည်။ တရားခံအပေါ် ပိုမိုကြီးလေးသောစွဲချက်ဖြင့် ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေရန်ရည်ရွယ်၍ မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်းမျိုး မဖြစ်သင့်ပေ။

လျှောက်ထားသူအတွက် - ဒေါ်တင်တင်အေး၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်နှင်းသီရိဝေ၊
လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

---

လျှောက်ထားသူအတွက် - ဒေါ်နှင်းသီရိဝေ၊
လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် - ဒေါ်တင်တင်အေး၊
တရားလွှတ်တော်ရှေ့နေ

တောင်ငူခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်

၂၀၂၁ ခုနှစ်
မသီတာ
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
မသီတာ

၁၀၀ တွင် တရားခံမသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် စွဲချက်တင်စစ်ဆေးပြီး အလုပ်နှင့်ထောင်ဒဏ် ၂ နှစ် ကျခံစေရန် ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် စွဲချက်တင်သည့်အမိန့်ကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၄ (ခ) ဖြင့်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်ကို ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၀ (ခ) ဖြင့်လည်းကောင်း ပြင်ဆင်မှုများတင်သွင်းရာ ပြင်ဆင်မှုများကိုခွင့်ပြုပြီး ပြင်ဆင်မှုအမှတ် ၅၄ (ခ) တွင် တရားခံမသီတာကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် စွဲချက်တင်ဖြေရှင်းစေရန်လည်းကောင်း၊ ပြင်ဆင်မှုအမှတ် ၈၀ (ခ) တွင် ခရိုင်တရားရုံးအမိန့်ကို ပယ်ဖျက်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်လည်းကောင်း အသီးသီးအမိန့်ချမှတ်ခဲ့သည်။ တရားခံမသီတာက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၄(ခ)/၂၀၁၉ တွင် ချမှတ်သောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၂ (ခ) ဖြင့် တင်သွင်းလာသဖြင့် ဆက်စပ်မှုဖြစ်သည့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၀(ခ)/၂၀၁၉ ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ (က) ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဤရာဇဝတ်ပြင်ဆင်မှု ၂ မှုမှာ တောင်ငူခရိုင်တရားရုံး၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၀ မှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် ပြင်ဆင်မှု ၂ မှုလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ၂၀-၇-၂၀၁၈ ရက်နေ့ ၀၉း၀၀ အချိန်က အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုရဲအုပ်ခွန်ကောင်းမြတ်က ဦးညွန့်ရွှေပါ ၉ ဦးအား တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်းရောက်ရှိလာကြောင်း သတင်းအရ သွားရောက်မေးမြန်းခဲ့ရာ ထန်းတပင်မြို့နယ်၊ ဘုမ္မတီးရွာနေ မသီတာက တရုတ်နိုင်ငံရှိဆိုလာစက်ရုံ၊ ဖုန်းကာဗာစက်ရုံ၊ အရုပ်စက်ရုံတို့တွင် တစ်လလျှင် ၆ သိန်း၊ ၇ သိန်းခန့်အလုပ်ရလိမ့်မည်ဟုပြော၍ မူဆယ်သို့လိုက်ပါခဲ့ကြောင်း၊ မသီတာက မူဆယ်မြို့တွင် ပွဲစားသန်းဝင်းထံ လွှဲပြောင်းပေးကာ တရုတ်နိုင်ငံအတွင်း ခရီးစရိတ်အတွက် တစ်ဦးလျှင် ယွမ် ၆၀၀ နှင့် ပွဲစားခ မြန်မာငွေကျပ် ၂၀၀၀၀ စီ တောင်းယူသွားကြောင်း၊ ပွဲစားသန်းဝင်းမှ ကွမ်းတုံပြည်နယ်၊ ရာဘာစက်ရုံသို့ ပို့ဆောင်ကာ ၂ လနီးပါး လုပ်အားခအပြည့်အဝမပေးဘဲ ကိုသန်းဝင်းမှ ခေါင်းပုံဖြတ်ယူကြောင်းသိရသည်ဆိုကာ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေကလျှောက်ထားသူသည် မူလခရိုင်တရားရုံး၏ စွဲချက်အမိန့်ကို ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၄(ခ)/၂၀၁၉ ဖြင့် တက်ရောက်သည်ကို သိရှိသူမဟုတ်ကြောင်း၊ မူလခရိုင်တရားရုံးက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် ထောင် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ၂၈-၂-၂၀၁၉ ရက်နေ့မှစ၍ တောင်ငူအကျဉ်းထောင်နှင့် မုပ္ပလင်(ရဲဘက်စခန်း)သို့ ရောက်ရှိနေ၍ ရာဇဝတ်ပြင်ဆင်မှုလျှောက်ထားရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ မူလရုံးမှ ချမှတ်ခဲ့သည့် အပြီးသတ်အမိန့်အပေါ် ပြင်ဆင်မှုတက်ရောက်နိုင်ကြောင်း လမ်းညွှန်ပြထားမှုများရှိပါလျက် ၂၅-၁-၂၀၁၉ ရက်နေ့က ချမှတ်သည့် စွဲချက်အမိန့်ကို ပြင်ဆင်မှုတက်ရောက်

ပြီးနောက်မှ ၂၈-၂-၂၀၁၉ ရက်စွဲပါ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်အပေါ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၀(ခ)/၂၀၁၉ ဖြင့် တက်ရောက်ခဲ့ခြင်းသည် ဥပဒေအရမှားယွင်းကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃၊ ၂၃၆၊ ၂၃၇ အရ ပြဋ္ဌာန်းထားရှိချက်များအပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခန်း(၈)၊ အပိုဒ် ၃၇၄ တွင် တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှအပြီးအပြတ်လွှတ်ခြင်းခံရလျှင်ဖြစ်စေ၊ အဆိုပါပြစ်မှုထင်ရှားသည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ် လွှတ်သည့်စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကို အသစ်တဖန်ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယခင် ပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရဟူ၍ ပြဋ္ဌာန်းချက်များ ရှိခြင်းကြောင့် မူလခရိုင်တရားရုံးတော်မှ အမှုတွဲပါစစ်ဆေး ပေါ်ပေါက်ချက်များအရ မူလရုံးတရားခံအပေါ် ပြည်ပအလုပ်အကိုင် ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် အမိန့်ချမှတ်ခဲ့မှုသည် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချမှတ်ခဲ့သည့်အမိန့်ဖြစ်ပါ၍ မူလရုံး စွဲချက်အမိန့်နှင့် အပြီးသတ်အမိန့်တို့အား အတည်ပြုသည့်အမိန့်ချမှတ် ပေးရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက တရားခံ မသီတာအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ အရ စွဲချက်တင်သည့်အမိန့်နှင့် ယင်းဥပဒေပုဒ်မ ၂၆ အရ ပြစ်ဒဏ်ချမှတ် ခဲ့သည့်အမိန့်တို့ကို ပယ်ဖျက်ပြီးလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၅ အရ စွဲချက်တင်သည့်အမိန့်နှင့် ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရန် ချမှတ်ခဲ့သည့်အမိန့်တို့မှာ ဥပဒေအရ ညီညွတ် မှန်ကန်မှုရှိကြောင်း၊ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို ပယ်ဖျက်၍ တရားခံများအပေါ် စွဲချက်တင်ထားသည့်အဆင့်မှ ပြန်လည်စစ်ဆေးရန်

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁)(ခ) အရ ညွှန်ကြားသည့်အမိန့် ချမှတ်နိုင်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်သိန်း ပါ ၃ အမှု**[၁] တွင်လည်းကောင်း၊ စွဲချက်ကိုဝန်ခံခြင်းကြောင့် တရားခံအနေဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း မှန် မမှန် စောဒကတက်ခွင့်မရှိသော်လည်း တရားရုံးချုပ်အနေဖြင့် တရားမျှတစွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခွင့်ကို ထိခိုက်ခြင်းမရှိ၊ တရားရုံးချုပ်သည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ အရ တရားဥပဒေတိမ်းစောင်းခြင်းမဖြစ်စေရန်အတွက် တည့်မတ်ပေးရန် တာဝန်ရှိကြောင်း **နိုင်ငံတော် နှင့် စံဖိုး အမှု**[၂] တွင် လည်းကောင်း လမ်းညွှန်ထုံးဖွဲ့ထားပါကြောင်း၊ တရားခံအပေါ် ပြည်ပအလုပ်အကိုင် ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့် စွဲချက်တင်သည့်အမိန့်နှင့် ယင်းဥပဒေပုဒ်မ ၂၆ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်က ဥပဒေနှင့်အညီ ပြင်ဆင်ပြီးဖြစ်၍ ဆက်လက် အတည်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန်နှင့် ပြင်ဆင်မှု လျှောက်ထားသူက မြို့နှင့် အလှမ်းဝေးသည့်နေရာတွင် အကျဉ်းကျခံ နေရခြင်း၊ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်များ ကူးယူရခြင်းကြောင့် ကာလစည်းကမ်းသတ်ရက်ပေါင်း ၃၀ ကျော်မှ လျှောက်ထားရခြင်း ဖြစ်ကြောင်း အကြောင်းပြချက်အား လက်ခံစဉ်းစားရန် မသင့်ပါကြောင်း လျှောက်ထားသည်။

လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာတွင် ကာလ စည်းကမ်းသတ်ကျော်လွန်ခြင်းမှာ ပြစ်ဒဏ်ကျခံရပြီး ရဲဘက်စခန်းသို့ ရောက်ရှိနေခြင်း၊ စီရင်ချက်၊ တာဝန်ခံမိတ္တူများ ကူးယူရခြင်းဖြစ်ကြောင်း အကြောင်းပြချက်သည် လုံလောက်သော အကြောင်းပြချက်ဟု ယူဆ နိုင်သည့်အပြင် ဤရုံးမှ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁ က) ဖြင့် ဖွင့်လှစ်ထားသောအမှုနှင့် ဆက်စပ်မှုဖြစ်၍ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းကို ခွင့်ပြုသည်။

---

၁။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၀

၂။ ၁၉၄၇ ခုနှစ်၊ ရန်ကုန် စာ-၂၀၂

အမှုတွင် တောင်ငူခရိုင်တရားရုံးက တရားခံမသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ စွဲချက်တင်၍ ယင်းဥပဒေပုဒ်မ ၂၆ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံမသီတာအပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် စွဲချက်တင်ဖြေရှင်းစေ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ခြင်းနှင့် ခရိုင်တရားရုံး၏ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ အရ အလုပ်နှင့်ထောင် ၂ နှစ်ကျခံစေရန်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည်လည်းကောင်း ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အမှုတွဲအား စိစစ်ကြည့်ရှုရာ တောင်ငူခရိုင်တရားရုံးက တရားခံမသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ ၂၅-၁-၂၀၁၉ ရက်နေ့တွင် စွဲချက်တင်စစ်ဆေးပြီး ၂၈-၂-၂၀၁၉ ရက်နေ့တွင် ယင်းဥပဒေပုဒ်မ ၂၆ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက ၂၅-၁-၂၀၁၉ ရက်စွဲပါ စွဲချက်အမိန့်အပေါ် ၅-၃-၂၀၁၉ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၄(ခ)/၂၀၁၉ ဖြင့်လည်းကောင်း၊ ၂၈-၂-၂၀၁၉ ရက်စွဲပါ တရားခံ မသီတာအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် ၉-၄-၂၀၁၉ ရက်နေ့တွင် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၀ (ခ) ဖြင့်လည်းကောင်း ပြင်ဆင်မှု ၂ မှု တင်သွင်းခဲ့ခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) ပါ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုတရားရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ အရ အယူခံရုံးအား အပ်နှင်းထားသောအာဏာကို သုံးစွဲခွင့်ရှိသည်။ ရာဇဝတ်ကျင့်ထုံး

ဥပဒေပုဒ်မ ၄၂၃ (၁) (က) တွင် အမှုမှအပြီးအပြတ်လွှတ်သောအမိန့် အပေါ် အယူခံခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ပုဒ်မ ၄၂၃(၁)(ခ) တွင် ပြစ်ဒဏ်ချမှတ်ထားသောအမိန့်အပေါ် အယူခံခြင်းနှင့် ပတ်သက်၍ လည်းကောင်း ပြဋ္ဌာန်းထားသည်။ ၎င်းအနက်ပုဒ်မ ၄၂၃(၁)(ခ)အရ အယူခံသောအမှုတွင် (၁) ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ကို ပယ်ဖျက်၍ တရားခံအား အမှုမှအပြီးအပြတ်ဖြစ်စေ၊ စွဲချက်မတင်မီဖြစ်စေ လွှတ်နိုင်သည်။ သို့မဟုတ် အဆိုပါတရားရုံး၏ လက်အောက်ဖြစ်သော စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးတစ်ရုံးက ပြန်လည်စစ်ဆေးစီရင်ရန် သို့မဟုတ် စစ်ဆေးစီရင်ရန်အတွက် လွှဲအပ်တင်ပို့ရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်း ထားသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၅၄(ခ)/၂၀၁၉ တွင် တောင်ငူခရိုင်တရားရုံးက မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ ဖြင့်စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ ဖြင့် စွဲချက်တင်ဖြေရှင်းစေရန်လည်းကောင်း၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၀ (ခ)/၂၀၁၉ တွင် တောင်ငူခရိုင်တရားရုံးက မသီတာအား ပြည်ပအလုပ်အကိုင် ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်ကျခံစေရန် ချမှတ်သောအမိန့်ကို ပယ်ဖျက်၍ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၄(ခ) စီရင်ချက်အရ မသီတာအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ရန်လည်းကောင်း ရာဇဝတ်ပြင်ဆင်မှု ၂ မှုအား ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် တစ်မှုစီခွဲ၍တစ်ပြိုင်တည်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြင်ဆင်မှုများမှာ တောင်ငူခရိုင်တရားရုံး၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၀ တွင် တရားခံမသီတာအပေါ် ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ပြီး ဖြစ်သည့်အချိန်တွင်မှ လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုဘက်

အနေဖြင့် စွဲချက်အဆင့်တွင် ပြင်ဆင်မှုတက်ရောက်ရန် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ မူလရုံးပြစ်မှု ပြစ်ဒဏ်ထင်ရှားစီရင်ပြီးသည့်အခါမှ မူလပြစ်မှုထက်ပိုမိုကြီးလေးသော ပြစ်မှုပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွဲချက်တင် စစ်ဆေးပေးပါရန် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်း၊ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပေးရန် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ (၁) တွင် တရားရုံးတစ်ရုံးရုံးသည် စီရင်ချက်မချမီ မည်သည့်အချိန်၌မဆို စွဲချက်တစ်ခုခုသို့ ပြောင်းလဲနိုင်သည် သို့မဟုတ် ဖြည့်သွင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တရားသူကြီးက မူလစွဲချက်ကို ဖတ်ကြားရှင်းလင်းပြောကြားပြီးသည်နှင့်စွဲချက်ကို ပြောင်းလဲပေးရန် လျှောက်ထားနိုင်သည်။ တရားရုံးက လျှောက်ထားချက်ကိုခွင့်မပြုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ပြင်ဆင်မှုရုံးသည် မူလရုံးက စီရင်ချက်မချမီအချိန်အတွင်း မူလရုံး၏ စွဲချက်အမိန့်ကို ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်ရှိသည်။ မူလရုံးက ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးခဲ့ပါက ပြင်ဆင်မှုရုံးအနေဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ (၄) ပြဋ္ဌာန်းချက်အရသာလျှင် နောက်ထပ်စွဲချက်တင်၍ စစ်ဆေးရန် ညွှန်ကြားနိုင်မည်ဖြစ်သည်။

အမှုတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တရားခံမသီတာအပေါ် ပိုမိုကြီးလေးသော ပြစ်မှုဖြင့်စွဲချက်တင် စစ်ဆေးပေးရန် တရားခံအား ပြစ်မှုထင်ရှားစီရင်ပြီးသည့်အချိန်မှ လျှောက်ထားခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး မူလခရိုင်တရားရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃(၄) အရ နောက်ထပ်စွဲဆိုသည့် ပြစ်မှုကို စစ်ဆေးစီရင်ပိုင်ခွင့်မရှိသည့် တရားရုံးလည်းမဟုတ်ပေ။ ၎င်းအပြင် ရာဇဝတ်ကျင့်ထုံး

ဥပဒေပုဒ်မ ၄၀၃(၁) တွင် ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်အတည်ဖြစ်နေစဉ် ၎င်းပြစ်မှုနှင့်ထပ်တူ ပြစ်မှုအတွက်ဖြစ်စေ၊ ၎င်းအမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားပြစ်မှုအတွက်ဖြစ်စေ ထပ်မံစစ်ဆေးစီရင်ခြင်းမခံထိုက်စေရဟု ပြဋ္ဌာန်းထားရာ တရားခံကို ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးဖြစ်သည့် အမှုအကြောင်းခြင်းရာများကို အကြောင်းပြု၍ အခြားပြစ်မှုအတွက် စွဲချက်တင်ပြန်လည်စစ်ဆေးစီရင်နိုင်ရန် မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန်မှာ မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်မှုသည် ဥပဒေကြောင်းအရ လွန်စွာလွဲမှားနေမှသာ ပယ်ဖျက်သင့်သည်။ တရားခံအပေါ် ပိုမိုကြီးလေးသော စွဲချက်ဖြင့် ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေရန်ရည်ရွယ်၍ မူလရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်းမျိုး မဖြစ်သင့်ပေ။

ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက ပြည်တောင်စုမြန်မာနိုင်ငံတော်နှင့်ဦးမောင်သိန်း ပါ ၃ အမှု^(၁) တွင် ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို ပယ်ဖျက်၍ တရားခံများအား စွဲချက်တင်ထားသည့်အဆင့်မှ ပြန်လည်စိစစ်စစ်ဆေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁)(ခ) အရ ညွှန်ကြားသည့် အမိန့်ချမှတ်ခဲ့သည့်သာဓကရှိကြောင်း လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်သိန်း ပါ ၃ အမှု^(၁) တွင် ဦးမောင်သိန်း ပါ ၃ ဦးသည် မျှောစာမပါဘဲ မီးသွေးများသယ်ဆောင်သဖြင့် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၀(ဇ) အရ စွဲချက်တင်ခဲ့သော်လည်း မကွေးတိုင်းတရားရုံးက မူလရုံး၏ စွဲချက်အမိန့်ကိုပယ်ဖျက်ပြီး ၁၉၉၂ ခုနှစ်သစ်တောဥပဒေပုဒ်မ ၃၅ အရ စွဲချက်တင်ရန် အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံးက ဦးမောင်သိန်းတို့အပေါ် ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၃၅ အရ စွဲချက်တင်၍ အပြစ် ရှိ မရှိ မေးမြန်းရာ အပြစ်ရှိကြောင်းဝန်ခံ၍ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ တရားရုံးချုပ်

က ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၅ သည် သစ်တောအရာရှိ၏ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူဆောင်ရွက်သည့်လုပ်ပိုင်ခွင့်ဖြစ်ပြီး တရားရုံး၏ စီရင်ပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်မဟုတ်ကြောင်း၊ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၅ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်မှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ သစ်တောဥပဒေပုဒ်မ ၄၀(ဇ) အရ ငြိစွန်းချက်ရှိနေသဖြင့် ဖြေရှင်းရန်တာဝန်ရှိကြောင်း သုံးသပ်ပြီး မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ၎င်းတို့အား သစ်တောဥပဒေပုဒ်မ ၄၀(ဇ) အရ စွဲချက်တင်သည့်အဆင့်မှ ပြန်လည်စစ်ဆေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁)(ခ)(၁) အရ ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် မသက်ဆိုင်သည့်စွဲချက်ပုဒ်မအရ စစ်ဆေးစီရင်ခဲ့၍ ဥပဒေနှင့်ညီညွတ်မှု မရှိသောကြောင့် ပယ်ဖျက်ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။

ယခုအမှုမှာ တောင်ငူခရိုင်တရားရုံးက တရားခံ မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ စွဲချက်တင်ဖြေရှင်းစေပြီး ယင်းဥပဒေပုဒ်မ ၂၆ အရ ပြစ်မှုပြစ်ဒဏ် ထင်ရှားခဲ့ခြင်းသည် တရားရုံး၏ စီရင်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ စွဲချက်တင်စစ်ဆေးစီရင်ခဲ့ခြင်း ဖြစ်၍ အထက်ဖော်ပြပါ စီရင်ထုံးအမှုတွင် အကြောင်းပြထားသည့်အတိုင်း စွဲချက်တင်သည့်အဆင့်မှ အမှုကိုစစ်ဆေးရန် ထူးခြားသော အခြေအနေမျိုး ပေါ်ပေါက်ခြင်းမရှိပေ။

အမှုတွင် ဦးညွန့်ရွှေ (လိုပြ-၂)၊ အောင်ကျော်စိုး (လိုပြ-၃)၊ ဦးကျော်နိုင် (လိုပြ-၄)ဦးမြင့်လွင် (လိုပြ-၅)၊ ကိုမြင့် (လိုပြ-၆)၊ ကိုပြုံး (လိုပြ-၈)၊ ဦးစောအောင်ကံ (လိုပြ-၉) တို့သည် ကိုငယ်လေး (ခံပြ-၄)၏ စီစဉ်ပေးမှုဖြင့် မသီတာ(ခံပြ-၁)က မူဆယ်မြို့ထိ လိုက်ပါပို့ဆောင်ခဲ့ကြောင်း၊ မူဆယ်မြို့သို့ ရောက်သောအခါ မသီတာက ၎င်းတို့တွင် ပါလာသည့် မြန်မာငွေနှင့်တရုတ်ယွမ်ငွေတို့ကို လဲလှယ်ပေးကြောင်း၊ ယွမ်

| ၂၀၂၁ ခုနှစ် |
| --- |
| မသီတာ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် |
| မသီတာ |

၆၀၀ နှင့် မြန်မာငွေ ၂၀၀၀၀ ကျပ်ကို တရုတ်ပြည်သွား လမ်းစရိတ်အဖြစ် မသီတာကိုပေးခဲ့ကြောင်း ကိုသန်းဝင်းက မူဆယ်မြို့မှတဆင့် တရုတ်ပြည်သို့ ခေါ်ဆောင်သွားကြောင်း ထွက်ဆိုပြီး ဦးမြတ်ဝင်း (လိုပြ-၁၀) က ယွမ် ၆၀၀ မှာ တရုတ်ပြည်သွားသည့် ကားခပေးရပြီး မြန်မာငွေ ၂၀၀၀၀ ကျပ်မှာ မသီတာကို မုန့်ဖိုးပေးရသည်ဟုသိကြောင်းကို ထွက်ဆိုထားသဖြင့် မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ ပို့ဆောင်သူမှာ ဦးသန်းဝင်းဖြစ်ကြောင်း၊ ဦးညွန့်ရွှေ ပါ ၉ ဦးတို့၏ လုပ်အားခများကို အပြည့်အဝမပေးဘဲ ဖြတ်တောက်သူမှာ ဦးသန်းဝင်းဖြစ်ကြောင်း ပေါ်ပေါက်တွေ့ရှိသည်။

တရားခံမသီတာသည် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်တို့တွင် နေထိုင်သည့် ဦးညွန့်ရွှေ ပါ ၉ ဦးအား မူဆယ်မြို့သို့ အတူလိုက်ပါပို့ဆောင်ပေးခဲ့ခြင်းသာပေါ်ပေါက်ပြီး စည်းရုံးခေါ်ဆောင်ခြင်း၊ လုပ်အားခကို ခေါင်းပုံဖြတ်ခြင်းတို့ မပေါ်ပေါက်ပေ။

သို့ဖြစ်ရာ တရားခံ မသီတာသည် ဦးညွန့်ရွှေ ပါ ၉ ဦးထံမှ လမ်းစရိတ်ငွေအဖြစ် ၂၀၀၀၀ ကျပ် ရယူခဲ့ခြင်းသည် မိမိ၌အကျိုးဆောင်လိုင်စင်မရှိဘဲ ဝန်ဆောင်ခရယူခဲ့ကြောင်း သုံးသပ်၍ တောင်ငူခရိုင်တရားရုံးက တရားခံမသီတာအပေါ် စွဲချက်တင်ထားသည့် ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိဟုလည်းကောင်း၊ တရားမျှတမှုမရှိ လွန်စွာလွဲမှားသည်ဟုလည်းကောင်း ဆိုနိုင်မည်မဟုတ်ပေ။

တရားခံသည် မူလခရိုင်တရားရုံးက ချမှတ်ခဲ့သည့်ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ ၂၇-၂-၂၀၂၀ ရက်နေ့တွင် ထောင်မှလွတ်မြောက်ရမည်ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်မှ စွဲချက်အမိန့်အား ပြင်ဆင်ချမှတ်ခဲ့သဖြင့် ထောင်ကျခံရမည့်နေ့ရက်များ ကျော်လွန်ပြီး

၂၀၂၁ ခုနှစ်
မသီတာ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
မသီတာ

အကျဉ်းထောင်မှ အမှုရင်ဆိုင်နေရကြောင်း နေ့စဉ်မှတ်တမ်းဖော်ပြချက်များအရ တွေ့ရှိရသည်။ ၎င်းအပြင် ပြစ်ဒဏ်ကျခံနေရသူများကို ၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်တွင်း နိုင်ငံတော်မှလည်း လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ၃ ကြိမ်ထုတ်ပြန်ပေးပြီးဖြစ်ရာ တရားခံအနေဖြင့် အဆိုပါ အခွင့်အရေးများကို ခံစားခွင့်မရရှိခဲ့ကြောင်း တွေ့ရသည်။

**မောင်စိုးသိန်း ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** [၃] တွင် "မလိုဘဲလည်း အမှုကို ပြန်လည်စစ်ဆေးခြင်းမပြုအပ်၊ ပြန်လည်စစ်ဆေးခြင်းဖြင့် ကြန့်ကြာခက်ခဲတတ်သည်။ သက်သေများကို ရှာဖွေခေါ်ယူရန်မလွယ်ဖြစ်တတ်သည်။ တရားခံများအဖို့ အခါခါစစ်ဆေးခံရသဖြင့် နစ်နာတတ်သည်။ ထို့ကြောင့်မလွဲမရှောင်မှသာလျှင်အမှုကို ပြန်လည်စစ်ဆေးစေအပ်သည်။ အထက်ရုံးက အမှားကို ပြင်ဆင်၍ အပြီးအပြတ်ဆုံးဖြတ်နိုင်သမျှ ဆောင်ရွက်ပေးအပ်သည်" ဟူ၍ ထုံးဖွဲ့ ညွှန်ပြသည်။

တရားရုံး၏ ပြင်ဆင်မှုအာဏာသည် ကျယ်ပြန့်သည်မှာ မှန်သော်လည်း ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေဘောင်အတွင်းမှ မျှမျှတတချင့်ချိန်၍ ဥပဒေနှင့်အညီ ကျင့်သုံးရန်ဖြစ်သည်။ မူလရုံးက တရားခံအပေါ် ပြစ်မှုပြစ်ဒဏ်စီရင်ပြီးသည့်အခါမှ မူလပြစ်မှုထက် ပိုမိုကြီးလေးသော ပြစ်မှုပြစ်ဒဏ်ထိုက်သင့်သည့်ပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးပါရန် ပြင်ဆင်မှုလျှောက်ထားချက်အပေါ် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ပြင်ဆင်မှုကို ခွင့်ပြု၍ မူလခရိုင်တရားရုံးက ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်သောအမိန့်ကို ပယ်ဖျက်ပြီး တရားခံအပေါ် ပိုမိုကြီးလေးသော ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၅ အရ စွဲချက်တင် ပြန်လည်စစ်ဆေးစီရင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် အထက်တွင် သုံးသပ်တွေ့ရှိချက်များအရ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်

၃။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)၊ စာ-၃၁၆

မှျတမှန်ကန်မှုရှိသည်ဟုမဆိုနိုင်၍ ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် ဖြစ်သည်။

ထို့ကြောင့်ဤရာဇဝတ်ပြင်ဆင်မှု ၂ မှုလုံးကို ခွင့်ပြုသည်။ တောင်ငူခရိုင်တရားရုံး၏ တရားခံမသီတာအပေါ် ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ကာ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၅ အရ စွဲချက်တင်၍ အမှုကိုပြန်လည် စစ်ဆေးစီရင်ဆုံးဖြတ်ရန် ညွှန်ကြားအမိန့်ချမှတ်ခဲ့သည့် ပဲခူးတိုင်း ဒေသကြီး တရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

တောင်ငူခရိုင်တရားရုံးက တရားခံမသီတာအပေါ် ပြည်ပ အလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၂၆ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ် ကျခံစေရန်ချမှတ်သည့်အမိန့်ကို ပြန်လည်အတည်ပြုသည်။

+၂၀၂၁ ခုနှစ်
အောက်တိုဘာလ
၂၅ ရက်

## ရာဇဝတ်အထူးအယူခံမှု

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီတို့ရှေ့တွင်

## ဒေါ်လီလီဝင်း
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**လိမ်လည်အတုပြုမှု ကျူးလွန်သည်ဟု မထင်ရှားသည့် အခြေအနေတွင် လိမ်လည်အတုပြုထားသော စာရွက်စာတမ်းအမှတ်အသားဖြစ်ကြောင်း သိလျက်နှင့် အသုံးပြုပါသည်ဟု ကောက်ယူ၍ အပြစ်ပေးနိုင်ခြင်း ရှိ မရှိ**

**ဆုံးဖြတ်ချက်**။ ။ ရာဇသတ်ကြီးပုဒ်မ ၄၆၃ တွင် လိမ်လည်အတုပြုမှု၊ ယင်းပုဒ်မ ၄၆၄ တွင် မဟုတ်မမှန်သည့် စာတမ်းအမှတ်အသားပြုမှု၊ ယင်းပုဒ်မ ၄၇၀ တွင် လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားတို့၏ ပြစ်မှုအင်္ဂါရပ်များကိုဖွင့်ဆိုပေးထားသည်။

ရာဇသတ်ကြီးပုဒ်မ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၄၇၅၊ ၄၇၆၊ ၄၇၇၊ ၄၇၇-က တို့တွင် ကျူးလွန်သည့် ပြစ်မှုအတွက် ချမှတ်နိုင်သည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ရာဇသတ်ကြီးပုဒ်မ

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၅

\+ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၂၆ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အထူးအယူခံမှု

၄၇၁ တွင် တိုက်ရိုက်အပြစ်ပေးနိုင်သည့် ပြဋ္ဌာန်းချက်မပါရှိပေ။

ရာဇသတ်ကြီးပုဒ်မ ၄၇၁ သည် ယင်းပုဒ်မတစ်ခုတည်းသီးခြား ရပ်တည်နိုင်ခြင်းမရှိဘဲ ရှေ့တွင်ပြဋ္ဌာန်းထားသည့် ရာဇသတ်ကြီးပုဒ်မ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈ တို့အပေါ် တည်မှီ၍ ဆင့်ပွားသောပုဒ်မသာ ဖြစ်သည်။

သို့ဖြစ်ရာ ယခုအမှုတွင် ဒေါ်လီလီဝင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၆၈ကို ကျူးလွန်ကြောင်း မထင်ရှားသည့်အခြေအနေတွင် ယင်းမှ ဆင့်ပွားလာသော ရာဇသတ်ကြီးပုဒ်မ ၄၇၁ ကို ကျူးလွန်ကြောင်း သုံးသပ်ခြင်းမှာ ဥပဒေနှင့် ညီညွတ်သည်ဟုဆိုနိုင်မည် မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဒေါ်ခိုင်ဇာလင်း၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သီသီရွှေ၊ ညွှန်ကြားရေးမှူး၊
ဥပဒေရေးရာဝန်ကြီးဌာန

ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ၂၀၁၂ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၀၃၉၊ ရာဇသတ်ကြီးပုဒ်မ ၄၆၈၊ ၄၇၁ အရ စွဲဆိုမှုတွင် လျှောက်ထားသူ ဒေါ်လီလီဝင်းကို အမှုမှ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်အပေါ် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၅၁၄ ဖြင့် တင်သွင်းလျှောက်ထားရာ ပလပ်သည့်အမိန့်ချမှတ်ခဲ့သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၂၆ ဖြင့် ဆက်လက်တင်သွင်းလျှောက်ထားရာ ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ် ၁ ရက်နှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀ ပေးဆောင်စေရန်၊ မဆောင်ပျက်ကွက်က ထောင်ဒဏ် ၆ လကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ဒေါ်လီလီဝင်းက

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၉ ခုနှစ်ရာဇဝတ်အထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၂၆၆ ကို ဆက်လက်တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့သည် -

> "တရားခံ ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၈၊ ၄၇၁ အရ စွဲဆိုမှုတွင် ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က အမှုမှအပြီး အပြတ်လွှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်ပြီး ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် အမှုတွဲပေါ်ပေါက်ချက်များအရ ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိ မရှိ "

အမှုမှာ ၆-၅-၁၉၉၉ နေ့က လားရှိုးမြို့တွင် ကွယ်လွန်ခဲ့သော ဖခင် ဦးကြူရွှင်ကျန်း၏သေစာရင်းကို မန္တလေးမြို့ကျန်းမာရေးဦးစီးဌာနမှ မမှန်မကန်ထုတ်ယူခဲ့ပြီး ဖခင်အမည်ပါ မြေကွက်၏ မြေပုံ၊ မြေရာဇဝင် ထုတ်ယူခြင်း၊ မိခင် ဒေါ်ဟောင်ကော၊ အစ်မ ဒေါ်ကြူလင်ရှင်း တို့ကို အမွေဆက်ခံပိုင်ဆိုင်စာချုပ်၊ ပေးကမ်းစာချုပ် ချုပ်ဆိုစေခြင်း၊ မြေထက်ဝက်ကို ဖခင်အမည်ပေါက်မှ ၎င်းအမည်ပေါက်အဖြစ် ပြောင်းလဲခြင်းကြောင့် မိသားစုနစ်နာဆုံးရှုံးမှုဖြစ်စေသဖြင့်ဒေါ်လီလီဝင်းနှင့် ရှေ့နေဦးကျော်သန်းကို အရေးယူပေးရန် ဦးမြင့်နိုင်က ချမ်းအေးသာစံမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုမှုဖြစ်သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ဦးကြူရွှင်ကျန်း ကွယ်လွန်သွားသောအခါ ၎င်း၏အမွေကို ဆက်ခံသူမှာ ဇနီးဖြစ်သူ ဒေါ်ဟောင်ကောဖြစ်သည့်အတွက် ဒေါ်လီလီဝင်းအနေဖြင့် သေစာရင်းကို အတုပြုလုပ်အသုံးပြုရန် အကြောင်းမရှိကြောင်း၊ သေစာရင်းမှာ အမွေရ ပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းပြုလုပ်ရာတွင်သာ အသုံးပြုနိုင်မည်ဖြစ်

ကြောင်း၊ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းကို ပြုလုပ်သူမှာ ဒေါ်ဟောင်ကောဖြစ်၍ ဒေါ်လီလီဝင်းသည် ၎င်းအား တိုက်ရိုက်အကျိုး မရှိနိုင်သော သေစာရင်းအတုအား သုံးစွဲရန်အကြံဖြင့် လိမ်လည်အတု ပြုရန် အကြောင်းမရှိသည်မှာ မြင်သာကြောင်း၊ ဒေါ်လီလီဝင်းမှ သေစာရင်းကို အတုမှန်းသိလျက် အစစ်အမှန်အနေဖြင့် အသုံးပြုခဲ့ ကြောင်း အငြင်းပွားဖွယ်မရှိ ခိုင်လုံသော အထောက်အထားကို တရားလို ဘက်မှ တင်ပြနိုင်ခြင်းမရှိကြောင်း အမှုတွင် ပေါ်ပေါက်ကြောင်း၊ အခြေခံ အကျဆုံးဖြစ်သည့် သက်သေခံ-ဃ သေစာရင်းအတုဆိုသည်မှာ မည်သူက ပြုလုပ်သည်ဆိုသောအချက်မှာ အမှုတွင် ထင်ရှားပေါ်ပေါက်ခြင်းမရှိ ကြောင်း၊ ဒေါ်ဟောင်ကော၊ ဒေါ်ကြူလင်ရှင်း၊ ဒေါ်လီလီဝင်း၊ အလုပ်ကို လက်ခံဆောင်ရွက်သည့် တရားလွှတ်တော်ရှေ့နေ ဦးအောင်မြင့် နှင့် ဦးကျော်သန်းတို့အနက် မည်သူက အဆိုပါ သေစာရင်း အတုဆိုသည်ကို ပြုလုပ်ခဲ့ကြောင်း၊ အတိအလင်းကောက်ယူနိုင်သော သက်သေခံချက် မရှိကြောင်း၊ ရာဇဝတ်အထွေထွေလျှောက်လွှာ (အထူး) တွင် သုံးသပ် ဆုံးဖြတ်ချက်အရ သက်သေခံချက် အခိုင်အမာမရှိဘဲ ဒေါ်လီလီဝင်း အပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း သက်သေပြရန်တာဝန်၊ ရာဇဝတ်တရားရုံးများ၏ ကျင့်စဉ်များနှင့် စပ်လျဉ်း၍ စီရင်ထုံးအကိုးအကားများဖြင့် လျှောက်ထားတင်ပြသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးက ဒေါ်လီလီဝင်း သည် ရန်ကုန်မှ ဖုန်းလာသည်ကို သွားကိုင်ရာမှအစပြု၍ ဦးကြူရွှင်ကျန်း အမည်ပေါက် မြေနှင့်အိမ်အား ဒေါ်ဟောင်ကောအမည်ပေါက်ပြောင်းရန် ပြောဆိုခဲ့ကြောင်း၊ ဒေါ်ဟောင်ကောအမည်ပေါက်ပြောင်းလဲရန်ဟု ပြောဆို ပြီး စာမတတ်သည်ကို အခွင့်ကောင်းယူကာ လက်ဗွေနှိပ်စေခဲ့ကြောင်း၊ အိမ်ခြံမြေနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တောင်းယူခဲ့ ကြောင်း၊ စာချုပ်စာတမ်းမူရင်းများကိုပြန်မပေးဘဲ ၎င်းထံ၌ထားရှိ

ကြောင်း၊ ဒေါ်ဟောင်ကောတို့မိသားစု ဖခင်သင်္ချိုင်းကန်တော့ရန် လားရှိုးမြို့သို့သွားစဉ် နေအိမ်အနောက်ဘက်ခြမ်းကို အသေပိတ်ကာရုံလိုက်၍ စကားများကြကြောင်း၊ ဒေါ်ဟောင်ကော အမည်ပေါက်ပြောင်းမည်ဆိုသော်လည်း မိခင်အမည်ပေါက်ပြောင်းခြင်း၊ ဒေါ်ကြူလင်ရှင်း အမည်ပေါက်ပြောင်းခြင်းမရှိဘဲမြေကွက်တစ်ဝက်တိတိကို ဒေါ်လီလီဝင်း အမည်ပေါက် ပြောင်းလဲ၍ အိမ်မြေတစ်ဝက်ကို ၎င်းပိုင်အဖြစ်ရယူဆောင်ရွက်ခဲ့ခြင်းတို့မှာ စပ်ဆိုင်၍ သက်သေခံဝင်သဖြင့် ဦးကြူရှင်ကျန်း၏ သေစာရင်းအတုကို ဒေါ်လီလီဝင်းရေးသားပြုလုပ်ကြောင်း၊ ဒေါ်လီလီဝင်း၏ ညွှန်ကြားချက်အရ တရားခံဦးကျော်သန်းက ရေးသားပြုလုပ်ကြောင်း တိုက်ရိုက်စွပ်စွဲချက်မရှိသော်လည်း မည်သူ၏အကျိုးအတွက် ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံ၏ ပြုမူမှုများနှင့် ဆက်စပ်သုံးသပ်သင့်ကြောင်း၊ ဦးကြူရှင်ကျန်း၏ သေစာရင်းမှာ ဒေါ်ဟောင်ကော ပြုလုပ်ချုပ်ဆိုသည့် သက်သေခံ-ဈ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အတွက်သာ လိုအပ်သော်လည်း ယင်းအမွေဆက်ခံပိုင်ခွင့်အပေါ် အခြေပြု၍ ပေးကမ်းစာချုပ်ပြုလုပ်ပြီး ဒေါ်လီလီဝင်းသည် အချင်းဖြစ် အိမ်မြေတစ်ဝက်ကို ရရှိရန်အတွက် ဒေါ်ဟောင်ကော အမွေဆက်ခံပိုင်ခွင့်ရှိကြောင်း ကြေညာစာချုပ်ကို ဦးစွာပြုလုပ်ခဲ့သည်မှာ ထင်ရှားကြောင်း၊ အမွေဆက်ခံခွင့်ရှိကြောင်း ကြေညာစာချုပ်အရ ၎င်းအားပေးကမ်းသည့် စာချုပ်ကို ဆက်လက်ပြုလုပ်ခဲ့ခြင်းမှာ အချင်းဖြစ်အိမ်မြေတစ်ဝက်ကို မတရားရယူရန် အကြံနှင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သက်သေခံ-ဃ သေစာရင်းအတုကို မည်သူက ပြုလုပ်သည်ဟု ထင်ရှားပေါ်ပေါက်ခြင်းမရှိသော်လည်း ဒေါ်လီလီဝင်းသည် လားရှိုးမြို့တွင် နေထိုင်သူဖြစ်၍ ဦးကြူရှင်ကျန်းသည် လားရှိုးမြို့တွင် ကွယ်လွန်သည်ကို ချွေးမဖြစ်သူအနေဖြင့် သိရှိနိုင်ကြောင်း၊ သက်သေခံ-ဈ အမွေဆက်ခံပိုင်ခွင့် စာချုပ်ပြုလုပ်ရာတွင် လိုအပ်သည့်

ဖခင်ဖြစ်သူ၏ သေစာရင်းကို မိသားစုများထံမှ တောင်းခံခဲ့ခြင်းမရှိဘဲ မန္တလေးပြည်သူ့ဆေးရုံမှ သေစာရင်းကို အစစ်အမှန်မဟုတ်ကြောင်း သိလျက် သေစာရင်းအတုကို အစစ်အမှန်အနေဖြင့်အသုံးပြု၍ ၎င်း၏ ကိုယ်ကျိုးအတွက် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အယူခံတရားခံ ဒေါ်လီလီဝင်းအား ရာဇသတ်ကြီး ပုဒ်မ ၄၇၁ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်မှာဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိကြောင်း၊ ဤရာဇဝတ်အထူးအယူခံမှုအား ပလပ် သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

အမှုတွင် သက်သေခံ - ဃ သေစာရင်းအတုကို မည်သူပြုလုပ်ခဲ့ ကြောင်း အတိအလင်းကောက်ယူနိုင်သည့် သက်သေခံချက်မရှိသဖြင့် ဒေါ်လီလီဝင်းကို ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုခဲ့သည့် အခြေအနေတွင် ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရ ပြစ်မှုထင်ရှား စီရင်ရာ၌ လိမ်လည်အတုပြုလုပ်ထားသော စာမှတ်စာတမ်းမှန်းသိလျက် အစစ်အမှန်အနေဖြင့်အသုံးပြုခဲ့ကြောင်း ကောက်ယူနိုင်သည့် သက်သေခံ ချက်ရှိ မရှိ စိစစ်ရန် ဖြစ်သည်။

ဒေါ်ဟောင်ကောသည် သက်သေခံ-ဈ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကိုချုပ်ဆိုပြီးသည့်နေ့မှာပင်သမီးဖြစ်သူ ဒေါ်ကြူလင်ရှင်း နှင့် ချွေးမဖြစ်သူ ဒေါ်လီလီဝင်းတို့ကို ပေးကမ်းစာချုပ်ချုပ်ဆိုပေးခြင်း၊ ထို့နောက် ပေးကမ်းခြင်းကို လက်ခံရယူသူ ဒေါ်ကြူလင်ရှင်းနှင့် ဒေါ်လီလီဝင်းတို့ အပြန်အလှန်စွန့်လွှတ်စာချုပ်များ ချုပ်ဆိုကြခြင်းတို့မှာ အမှုတွင် သက်သေခံ-ည၊ သက်သေခံ-ဋ၊ သက်သေခံ-ဌ စာချုပ်စာတမ်း များအရ ပေါ်ပေါက်နေပြီးဖြစ်၍ ထိုသို့စာချုပ်များချုပ်ဆို ဆောင်ရွက်ရာ တွင် ဒေါ်လီလီဝင်းသည်လည်းပါဝင်ဆောင်ရွက်ခဲ့သည်မှာ ထင်ရှားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမည်ပြောင်း

ဆောင်ရွက်မှုကို ဒေါ်ကြူလင်ရှင်းနှင့် ဒေါ်ဟောင်ကောတို့က ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု ဒေါ်လီလီဝင်းက ခုခံချေပထွက်ဆိုသော်လည်း အမှန်အကျိုးခံစားသူမှာဒေါ်လီလီဝင်းသာဖြစ်သည်ဟုသုံးသပ်ထားသည်။

ဒေါ်ဟောင်ကော၏ သက်သေခံ-ဈ အမွေရပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ကို အခြေခံ၍ ချွေးမဖြစ်သူ ဒေါ်လီလီဝင်းအနေဖြင့် အကျိုးခံစားခွင့်ရရှိခဲ့သည်မှာမှန်သည်။ သို့သော် အကျိုးခံစားခွင့်ရှိသူဆိုရာတွင် သမီးအရင်းဖြစ်သူ ဒေါ်ကြူလင်ရှင်း (လိုပြ-၁၀) လည်း ပါဝင်သည်ကို ထည့်သွင်းစဉ်းစားရပေလိမ့်မည်။ အဓိကစဉ်းစားရမည့် အချက်မှာ ထိုသို့ အကျိုးခံစားရာတွင် ဒေါ်လီလီဝင်းအနေဖြင့် ဥပဒေကို ချိုးဖောက်ခဲ့ခြင်း ရှိ မရှိ သာဖြစ်သည်။

ဒေါ်ကြူလင်ရှင်း (လိုပြ-၁၀) က ၎င်းနှင့်မိခင် ဒေါ်ဟောင်ကောတို့မှာ မြန်မာစာကို မရေးတတ် မဖတ်တတ်၍ ဒေါ်လီလီဝင်း စီမံဆောင်ရွက်သည့်အတိုင်း ဆောင်ရွက်ရသည့်သဘော ထွက်ဆိုထားသည်။ ဒေါ်ကြူလင်ရှင်း (လိုပြ-၁၀) ကို ရုံးရှေ့စစ်ဆေးရာတွင် မြန်မာစကားဖြင့် ထွက်ဆိုအစစ်ခံခဲ့သည်ကို တွေ့ရသည်။

သက်သေခံ- ဂ အဖြစ် တင်ပြထားသော ၁၀-၂-၂၀၀ဖ ရက်နေ့က မန္တလေးတိုင်းတရားရုံး၏ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၁ တွင် သက်သေအဖြစ် တရားရုံးချုပ်ရှေ့နေ ဦးအောင်မြင့်၏ ထွက်ဆိုချက်အရ သက်သေခံ-ဈ အမွေရပိုင်ဆိုင်ကြောင်းကြေညာစာချုပ်နှင့် သက်သေခံ-ည ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် ၎င်းထံသို့ဒေါ်ဟောင်ကောနှင့်သမီးဖြစ်သူ ဒေါ်ကြူလင်ရှင်း၊ ချွေးမဖြစ်သူ ဒေါ်လီလီဝင်းတို့ လာရောက်အပ်နှံပြီး ဒေါ်ဟောင်ကောနှင့်ဒေါ်ကြူလင်ရှင်းတို့သည် မြန်မာစကားကို ကောင်းစွာပြောဆိုနားလည်ကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက အသေးစိတ်ရှင်းပြခြင်းကို ကောင်းစွာသဘောပေါက်နားလည်ကြကြောင်း ပေါ်ပေါက်သည်။

စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအနေဖြင့်လည်း စာချုပ်စာတမ်းတစ်ခုကိုချုပ်ဆိုရာတွင် ပါဝင်သူတို့က နားလည်သဘောပေါက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ လွတ်လပ်သောသဘောဆန္ဒဖြင့်မဟုတ်လျှင်သော်လည်းကောင်း ချုပ်ဆိုပေးလိမ့်မည်မဟုတ်ပေ။

သို့ဖြစ်ရာ သက်သေခံ-စျ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၊ သက်သေခံ-ည ပေးကမ်းစာချုပ်၊ သက်သေခံ- ဋ နှင့် ဌ အပြန်အလှန်စွန့်လွှတ်စာချုပ်တို့မှာ ထိုစာချုပ်များတွင် ပါဝင်သော ကာယကံရှင်များ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူနိုင်ပေသည်။

ဒေါ်လီလီဝင်းက စာချုပ်များချုပ်ဆိုရာတွင် ပါဝင်သည်ဆိုခြင်းမှာ ပေးကမ်းခြင်းကို လက်ခံသူအနေဖြင့် ပါဝင်ခဲ့ခြင်းဖြစ်သည်။ အမှုဖြစ်စဉ်အရအဓိကအကျဆုံးသူမှာ ပေးကမ်းမည့်သူဖြစ်သည့် ဒေါ်ဟောင်ကော ဖြစ်သည်။ ၎င်းက အဓိကဆုံးဖြတ်ဆောင်ရွက်သူဖြစ်သည်။

အမှုတွင် ပေါ်ပေါက်ချက်အရ သက်သေခံ- စျ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ပြုလုပ်ခဲ့ခြင်း၊ သက်သေခံ-ည ပေးကမ်းစာချုပ်ပြုလုပ်ခဲ့ခြင်းတို့မှာ ဒေါ်ဟောင်ကော၏ လွတ်လပ်သောသဘောဆန္ဒအလျောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့ပြီးဖြစ်သည်။ သက်သေခံ-ဃ သေစာရင်းအတုဆိုသည်မှာ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ပြုလုပ်ရန်အတွက်သာ လိုအပ်ခြင်းဖြစ်သည်။ သေစာရင်းမှာ လားရှိုးနှင့်မန္တလေး ကွဲလွဲသည်မှလွဲ၍ ခင်ပွန်းဖြစ်သူ ဦးကြူရွှင်ကျန်းသေဆုံးခြင်းမှာ အမှန်ဖြစ်သည်။ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ပြုလုပ်သူမှာလည်း ဦးကြူရွှင်ကျန်း၏ ဇနီးဖြစ်သူ ဒေါ်ဟောင်ကောဖြစ်သည်။ ၎င်း၏လွတ်လပ်သော သဘောဆန္ဒဖြင့်ပြုလုပ်ခဲ့ကြောင်းလည်း ပေါ်ပေါက်ပြီးဖြစ်သည်။ ဆက်လက်၍ ပေးကမ်းစာချုပ်

ပြုလုပ်ချုပ်ဆိုပေးအပ်ခဲ့ခြင်းမှာလည်း ဒေါ်ဟောင်ကောဓ၏ လွတ်လပ်သော သဘောဆန္ဒအရသာဖြစ်သည်။ ၎င်း၏လွတ်လပ်သော သဘောဆန္ဒ မပါဘဲ ဆောင်ရွက်ရန်မှာ မဖြစ်နိုင်ပေ။

ဒေါ်ဟောင်ကောအနေဖြင့် ပေးကမ်းခြင်းသည် သမီးအရင်းဖြစ်သူ ဒေါ်ကြူလင်ရှင်းကို ပေးကမ်းခြင်းလည်းပါဝင်ပြီး တစ်ဖက်တွင် ချွေးမဖြစ်သူ ဒေါ်လီလီဝင်းကိုပေးကမ်းခြင်းမှာ သားဖြစ်သူ၏အစု ( ဒေါ်လီလီဝင်း၏ ခင်ပွန်းရရန်ရှိသောအစု ) အတွက် လက်ခံရယူထားရန်ဖြစ်သည်ဟု ဒေါ်လီလီဝင်း၏ ထွက်ဆိုချက်ကိုလည်း ဂရုပြုရန်ရှိသည်။ ဒေါ်ဟောင်ကောက ၎င်း၏လွတ်လပ်သော သဘောဆန္ဒဖြင့် ပေးကမ်းခဲ့ခြင်းအပေါ် လက်ခံရယူသည့်ဒေါ်လီလီဝင်းသည် ဥပဒေကို ချိုးဖောက်သည်ဟု ကောက်ယူရန် အထောက်အထားမတွေ့ရှိရပေ။

တစ်ဖန်အမှုတွင် အဓိကအကျဆုံးဖြစ်သည့် သက်သေခံ-ဃ သေစာရင်းအတုကို မည်သူက ပြုလုပ်သည်ဆိုသောအချက်မှာ ထင်ရှားပေါ်ပေါက်ခြင်းမရှိသော်လည်း ဒေါ်လီလီဝင်းသည် သက်သေခံ-ဃ သေစာရင်းအတုကိုအသုံးပြုလျက် ၎င်း၏အမည်ပေါက်အောင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သုံးသပ်ထားသည်။

ဒေါ်လီလီဝင်းသည် စာချုပ်များချုပ်ဆိုရာတွင် ပါဝင်သည်ဆိုသော်လည်း အထက်တွင် သုံးသပ်ပြီးဖြစ်သည့်အတိုင်း အဆိုပါစာချုပ်များသည် ကာယကံရှင်များ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားများ ပေါ်ပေါက်နေသည်။ အဓိကဆုံးဖြတ်ဆောင်ရွက်သူမှာ ဒေါ်ဟောင်ကောဖြစ်သည်။ ပေးကမ်းခြင်းအကျိုးခံစားခွင့်ကို ဒေါ်လီလီဝင်းသာမက သမီးဖြစ်သူ ဒေါ်ကြူလင်ရှင်းလည်း ခံစားရသည်။ ဒေါ်လီလီဝင်းသည်

သက်သေခံ-ဃ သေစာရင်းကို အတုပြုလုပ်ထားကြောင်း သိရှိသည်ဟု ကောက်ယူချက်ကို ဆက်စပ်ရန် ကွင်းဆက်ပြတ်နေသည်။

ဒေါ်လီလီဝင်းမှာ လားရှိုးမြို့တွင် နေထိုင်သူဖြစ်၍ ဦးကြူရွှင်ကျန်း သေဆုံးပြီးမှ ဦးကြူကွမ်းမိုနှင့် လက်ထပ်သည် ဆိုသော်လည်း ဦးကြူရွှင်ကျန်း လားရှိုးမြို့တွင် ကွယ်လွန်ခဲ့သည်ကို သိရှိနိုင်ပါသည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်သည်လည်း မှန်းဆချက်သာဖြစ်သည်။ ထိုအချက်ကို ထောက်ခံသည့် အထောက်အထားမတွေ့ရှိရပေ။

မူလမြို့နယ်တရားရုံးမှ ဒေါ်လီလီဝင်းအပေါ် လိမ်လည်ရန် အလို့ငှာ သက်သေခံ-ဃ စာတမ်းအမှတ်အသားကို လိမ်လည်အတုပြုသည်ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၄၆၈ အရ လည်းကောင်း၊ လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားကို သိလျှက်နှင့် ထိုစာတမ်းအမှတ်အသားကို အစစ်အမှန်အနေဖြင့် အသုံးပြုသည်ဖြစ်၍ ရာဇသတ်ကြီးပုဒ်မ ၄၆၈/၄၇၁ အရ လည်းကောင်း စွဲချက်နှစ်ရပ်ဖြင့် စွဲချက်တင်ခဲ့သည်ကို တွေ့ရသည်။

မြို့နယ်တရားရုံး၏စွဲချက်အရ သက်သေခံ - ဃ သေစာရင်း အတုလိမ်လည်ပြုလုပ်မှုအပေါ်အခြေပြု၍ ရာဇသတ်ကြီးပုဒ်မ ၄၆၈ ဖြင့် အဓိက စွဲချက်တင်ထားခြင်းဖြစ်ပြီး ထိုရာဇသတ်ကြီးပုဒ်မ ၄၆၈ နှင့် ဆက်စပ်၍ ရာဇသတ်ကြီးပုဒ်မ ၄၇၁ ဖြင့် ထပ်မံစွဲချက်တင်ထားခြင်း ဖြစ်သည်။

ရာဇသတ်ကြီးအခန်း ၁၈ တွင် စာတမ်းအမှတ်အသား၊ ကုန်တံဆိပ်၊ ပစ္စည်းတံဆိပ်များနှင့်စပ်လျဉ်းသော ပြစ်မှုများကို ယင်းပုဒ်မ ၄၆၃ မှ ၄၈၉-က အထိ ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မ ၄၆၃ မှ ၄၇၇-က အထိမှာ စာတမ်းအမှတ်အသားနှင့်သက်ဆိုင်သည့်အပိုင်း ဖြစ်သည်။

ယင်းပုဒ်မများတွင် စာတမ်းအမှတ်အသားအမျိုးအစားအလိုက် လိမ်လည်အတုပြုခြင်းနှင့်စပ်လျဉ်း၍ ဆက်နွယ်ရာရာ ပြစ်မှုပြစ်ဒဏ်များကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ရာဇသတ်ကြီးပုဒ်မ ၄၆၃ တွင် လိမ်လည်အတုပြုမှု၊ ယင်းပုဒ်မ ၄၆၄ တွင် မဟုတ်မမှန်သည့် စာတမ်းအမှတ်အသားပြုမှု၊ ယင်းပုဒ်မ ၄၇၀ တွင် လိမ်လည်အတုပြုလုပ်ထားသော စာတမ်းအမှတ်အသားတို့၏ ပြစ်မှုအင်္ဂါရပ်များကို ဖွင့်ဆိုပေးထားသည်။

ရာဇသတ်ကြီးပုဒ်မ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၂၊ ၄၇၃၊ ၄၇၄၊ ၄၇၅၊ ၄၇၆၊ ၄၇၇၊ ၄၇၇-က တို့တွင် ကျူးလွန်သည့်ပြစ်မှုအတွက် ချမှတ်နိုင်သည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ရာဇသတ်ကြီးပုဒ်မ ၄၇၁ တွင် တိုက်ရိုက်အပြစ်ပေးနိုင်သည့် ပြဋ္ဌာန်းချက်မပါရှိပေ။

ရာဇသတ်ကြီးပုဒ်မ ၄၇၁ တွင် "မည်သူမဆို လိမ်လည်အတုပြုထားသော စာတမ်းအမှတ်အသားဖြစ်ကြောင်း မိမိသိလျက်နှင့်သော်လည်းကောင်း၊ထိုသို့ဖြစ်ကြောင်းယုံကြည်ရန်မိမိ၌ အကြောင်းရှိလျက်နှင့်သော်လည်းကောင်း၊ ထိုစာတမ်းအမှတ်အသားကို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လိုသည့်သဘောဖြင့်ဖြစ်စေ၊ အစစ်အမှန်အနေဖြင့်အသုံးပြုလျှင် ထိုစာတမ်းအမှတ်အသားကို မိမိကိုယ်တိုင်လိမ်လည်အတုပြုဘိသကဲ့သို့ ထိုသူအားပြစ်ဒဏ်ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားသည်။

ရာဇသတ်ကြီးပုဒ်မ ၄၇၁ သည် ယင်းပုဒ်မတစ်ခုတည်း သီးခြားရပ်တည်နိုင်ခြင်းမရှိဘဲ ရှေ့တွင်ပြဋ္ဌာန်းထားသည့် ရာဇသတ်ကြီးပုဒ်မ ၄၆၅၊ ၄၆၆၊ ၄၆၇၊ ၄၆၈ တို့အပေါ် တည်မှီ၍ ဆင့်ပွားသော ပုဒ်မသာဖြစ်သည်။

သို့ဖြစ်ရာယခုအမှုတွင် ဒေါ်လီလီဝင်းသည် ရာဇသတ်ကြီးပုဒ်မ ၄၆၈ ကို ကျူးလွန်ကြောင်း မထင်ရှားသည့်အခြေအနေတွင် ယင်းမှ

ဆင့်ပွားလာသော ရာဇသတ်ကြီးပုဒ်မ ၄၇၁ ကို ကျူးလွန်ကြောင်း သုံးသပ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ အရေးယူလောက်သော ဥပဒေပြဿနာအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်သည် -

" တရားခံ ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၆၈၊ ၄၇၁ အရ စွဲဆိုမှုတွင် ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့က အမှုမှ အပြီးအပြတ်လွှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်ပြီး ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် အမှုတွဲပေါ်ပေါက်ချက်များအရ ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း မရှိကြောင်း။ "

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုသည်။ အယူခံတရားလို ဒေါ်လီလီဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၇၁ အရ ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်နှင့် ငွေဒဏ် ကျပ်တစ်သိန်းပေးဆောင်စေရန်၊ မဆောင်ပျက်ကွက်က ထောင်ဒဏ် (၆) လ ကျခံစေရန် ပြစ်မှုထင်ရှား စီရင်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအားအမှုမှအပြီးအပြတ်လွှတ်ခဲ့သည့် ချမ်းအေးသာစံမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့ကို ပြန်လည်အတည်ပြုလိုက်သည်။ ဒဏ်ငွေပေးဆောင်ပြီးဖြစ်ပါက ဒေါ်လီလီဝင်းသို့ ပြန်လည်ထုတ်ပေးစေရမည်။

+၂၀၂၁ ခုနှစ်
အောက်တိုဘာလ
၂၆ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးမျိုးတင့်ရှေ့တွင်**

**ဦးသီဟကိုကို**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်***

**Main Server တွင် သိုလှောင်ထားသော အချက်အလက်များအား CD ဖြင့်ကူးယူ၍ သက်သေခံစာတမ်းအမှတ်အသားအဖြစ် တင်သွင်းခြင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၃၊ ယင်းအက်ဥပဒေပုဒ်မ ၆၃ (၅) နှင့် ယင်းပုဒ်မ ၆၅ (ဃ) အရ ခွင့်ပြုနိုင်ခြင်း**

**ဆုံးဖြတ်ချက်**။ ။သက်သေခံ(ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများသည် အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များဖြစ်ပြီး ထို စာရွက်စာတမ်းများမှာ တရားခံသီဟကိုကို အပ်နှံသည့် ကွန်ပျူတာ အတွင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ Main Server မှ ပြန်လည် ကူးယူ ထားပြီး ကွန်ပျူတာထဲရှိစဉ်က ထိုစာရွက်စာတမ်းများကို ဦးလှမျိုးသန့် (လိုပြ-၃) မှ ကိုယ်တိုင်မြင်တွေ့ ဖတ်ရှုခဲ့ရသူဖြစ်ကြောင်း ထွက်ဆို၍ သက်သေခံတင်သွင်းခြင်းဖြစ်သည်။

ထို့ကြောင့် သက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများ

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၂၉ (ခ)

\+ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၄ (ခ) တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့်ပြင်ဆင်မှု

သည် သက်သေခံအက်ဥပဒေပုဒ်မ ၃၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၃ (၅)အရ စာရွက်စာတမ်းများကို ကိုယ်တိုင်မြင်ဖူးခဲ့သူက ထိုစာရွက်စာတမ်းအမှတ်အသားရှိ အချက်အလက်များနှင့် ပတ်သက်သည့် ထွက်ဆိုချက်များ၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၅ (ဃ) အရ မူရင်းသည် လွယ်လင့်တကူရွှေ့ပြောင်းခြင်းမပြုနိုင်သည့် ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံအဖြစ် လက်ခံသည်ဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားခံသီဟကိုကိုထံမှ ရရှိသောစာရွက်စာတမ်းများ အားလုံးသည် ကုမ္ပဏီပိုင်စာရွက်စာတမ်းများဖြစ်ကြောင်း မှတ်ပုံတင်ဆောင်ရွက်ထားခြင်းမရှိဟု ဦးကျော်ကျော်စိုး (လိုပြ-၁) အား ပြန်လှန်မေးမြန်းထားသဖြင့် သက်သေခံတင်သွင်းသည့် စာရွက်စာတမ်းများမှာ မှန်ကန်ခြင်း ရှိ မရှိ စပ်ဆိုင်လျက်ရှိသောကြောင့် ထိုသက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများသည် သက်သေခံအက်ဥပဒေပုဒ်မ ၉ အရ စပ်ဆိုင် သော အကြောင်းခြင်းရာဖြစ်သည်မှာ ထင်ရှားလျက်ရှိပေသည်။ တရားခံ သီဟကိုကိုအနေဖြင့် သက်သေခံ (ဂ) မှ (ဇ-၄) ပါ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ပြန်လည်ချေပရန် လုံလောက်သောအခွင့်အရေးရရှိနိုင်သည်ဖြစ်၍ ၎င်းအပေါ် ထိခိုက်နစ်နာသည်ဟုလည်း မဆိုနိုင်ပေ။

လျှောက်ထားသူအတွက် - ဒေါ်သီတာစိုး၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက်- ဦးငြိမ်းချမ်း၊လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေရေးရာဝန်ကြီးဌာန

ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၃ တွင် တရားလိုပြသက်သေ ဦးလှမျိုးသန့်အား စစ်ဆေးစဉ် ၁၇-၁၀-၂၀၁၄ ရက်စွဲပါ အစည်းအဝေးမှတ်တမ်းအား သက်သေခံ (ခ) နှင့် သက်သေခံ (က-၁) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည့်မှတ်တမ်းများကို သက်သေခံ (ဂ) မှ (ဇ-၄) အထိ လက်ခံကြောင်း အမိန့်ချမှတ်သည်။ အဆိုပါအမိန့်ကို

တရားခံ ဦးသီဟကိုကိုက ဒက္ခိဏခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၇ ဖြင့် တက်ရောက်ရာ ၁၇-၁၀-၂၀၁၄ ရက်စွဲပါ အစည်းအဝေးမှတ်တမ်းအား သက်သေခံ (ခ) လက်ခံခြင်းကို ဆက်လက်အတည်ပြုပြီး ကျန်စာမှတ်စာတမ်းများအား သက်သေခံ (ဂ) မှ (ဇ-၄) ထိ လက်ခံသည့်အမိန့်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်သဖြင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၄ (ခ) ဖြင့် တက်ရောက်ရာ မူလဇမ္ဗူသီရိမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုကြောင်း အမိန့်ချမှတ်သဖြင့် တရားခံ ဦးသီဟကိုကိုက ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ အမှတ် ၁၄၅၊ Zeya & Associates Co.,Ltd. မှ Project Manager အဖြစ် တာဝန်ထမ်းဆောင်သူ သီဟကိုကိုသည် ကုမ္ပဏီ၌တာဝန်ထမ်းဆောင်နေစဉ် အတွင်း HAVAC & R (AIRCON) ကုမ္ပဏီ၊ Skyline Engineering Group နှင့် အခြားပုဂ္ဂိုလ်များကို ဆက်သွယ်ရန် တာဝန်ပေးအပ်ထားခွင့်ပြုမှု မရှိဘဲ တိတ်တဆိတ်ဆက်သွယ်ကာ လုပ်ငန်းများကို အပြိုင်လုပ်ကိုင်ခြင်း၊ ကုမ္ပဏီကပေးအပ်ထားသော Computer အတွင်း သိမ်းဆည်းထားရှိသည့် Zeya & Associates Co.,Ltd. မှ ၎င်းအားတာဝန်ပေး လုပ်ကိုင်စေခဲ့သော လုပ်ငန်းစီမံကိန်းပုံစံများ၊ ဇယားများ၊ သတင်းအချက်အလက်များကို ထိမ်းသိမ်းရမည်မှန်းသိလျက် ဖျောက်ဖျက်ခဲ့ပြီး Computer ကို ပြန်လည်ပေးအပ်ခြင်းဖြင့် ယုံကြည်မှုကို အလွဲသုံးစားပြုခဲ့သောကြောင့် အရေးယူပေးရန် Zeya & Associates Co.,Ltd ၏ တာဝန်ပေးချက်အရ အကြီးတန်းစီမံခန့်ခွဲရေးမှူး ဒေါ်နွယ်နီအောင်က ဇမ္ဗူသီရိမြို့နယ်ရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းမှုဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက အမှုတွင် သက်သေခံ (ဂ) မှ (ဇ-၄)

အထိ စာတမ်းအမှတ်အသားများ၏ မူရင်းအမှတ်အသားများပျောက်ဆုံးကြောင်း သက်သေပြသနိုင်ခြင်းမရှိကြောင်း၊ လျှောက်ထားသူက ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် ကုမ္ပဏီသို့ ပေးအပ်ခဲ့သော Laptop အတွင်းမှ ယင်းစာတမ်းအမှတ်အသားများကို ၅-၁၁-၂၀၁၄ ရက်နေ့ အစည်းအဝေးတွင် တွေ့ရှိ၍ Main Server သို့ပို့ဆောင်ခဲ့ကြောင်း ဦးလှမျိုးသန့် (လိုပြ-၃) ကထွက်ဆိုကြောင်း၊ ထို့နောက် လျှောက်ထားသူက Laptop အပ်စဉ် Laptop အတွင်းရှိ စာတမ်းအမှတ်အသားများဖျက်ပြီးမှ အပ်၍ မူရင်းမရှိတော့သဖြင့် မိတ္တူများအပ်ကြောင်း ထွက်ဆိုကြောင်း၊ အမျိုးမျိုးအဖုံဖုံထွက်ဆိုပြီး မူရင်းစာတမ်းအမှတ်အသားရှိခဲ့ကြောင်း သက်သေပြရန်တာဝန်မကျေပွန်ဘဲ မိတ္တူအဆင့်ဆင့်ကူးထားသော၊ မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးထားခြင်းမရှိသော၊ အမှန်တကယ်လျှောက်ထားသူက ပြုလုပ်ခဲ့သော စာတမ်းအမှတ်အသားဖြစ်ကြောင်း သက်သေမပြနိုင်သော စာတမ်းအမှတ်အသားမိတ္တူများကို နှုတ်သက်သေထွက်ချက်သက်သက်ဖြင့် သက်သေခံအဖြစ် လက်ခံခြင်းသည် ပြဋ္ဌာန်းဥပဒေနှင့် ဆန့်ကျင်နေကြောင်း၊ ယင်းလုပ်ငန်းများသည် ကုမ္ပဏီ၏ လုပ်ငန်းများဖြစ်ကြောင်း တင်ပြနိုင်ခြင်းလည်းမရှိ၊ အခြားကုမ္ပဏီများ အမှန်ရှိကြောင်း သက်သေလည်း မပြနိုင်၊ စွဲဆိုထားသော ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဂ) ပါ အတိုင်း ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြုပြီး ခိုးယူသော၊ လိမ်လည်သော၊ အလွဲသုံးစားပြုသော၊ အကျိုးပျက်စီးစေသော ကုမ္ပဏီ၏ စာတမ်းအမှတ်အသားဖြစ်ကြောင်း ထွက်ဆိုခြင်းလည်းမရှိ၊ သက်သေအထောက်အထားတင်ပြခြင်းလည်း မရှိဘဲနှင့် အဆင့်ဆင့်မိတ္တူကူးယူထားသော စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း **ဦးပညာဝံသနှင့် ဦးဝိသုဒ္ဓ အမှု**[၁] ကို ကိုးကား၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်ပြီး ဒက္ခိဏခရိုင်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုသည့်အမိန့်တစ်ရပ်

၁။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၂၀

ချမှတ်ပေးပါရန် လျှောက်ထားတင်ပြသည်။

ဥပဒေရေးရာဝန်ကြီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုပြသက်သေ ဦးလှမျိုးသန့်သည် ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် ပြုလုပ်သည့် အစည်းအဝေးအား ကိုယ်တိုင်တက်ရောက်ခဲ့သည့်အပြင် သီဟကိုကို၏ အီးမေးလ်ကို စစ်ဆေးရာတွင် ကိုယ်တိုင်မြင်တွေ့သိရှိသူ ဖြစ်ကြောင်း၊ သက်သေခံစာရွက်စာတမ်းများမှာ အမှုတွင် အဓိကကျသည့် အကြောင်းခြင်းရာများဖြစ်ကြောင်း၊ အဆိုပါ စာရွက်စာတမ်းများသည် ဦးသီဟကိုကိုမှ တရားလိုကုမ္ပဏီက လုပ်ကိုင်ခြင်းမရှိသည့် လုပ်ငန်းများ နှင့် ၎င်းအားတာဝန်ပေးထားခြင်းမရှိသော လုပ်ငန်းများကို ရုံးချိန်အတွင်း တရားလိုကုမ္ပဏီ၏ ဆက်သွယ်ရေးကွန်ယက်မှတစ်ဆင့် အခြားကုမ္ပဏီ များနှင့်ပူးပေါင်းပြီး ကိုယ်ကျိုးအတွက် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိနှင့် ထိုသို့ဆောင်ရွက်ရာတွင် ၎င်းအားပေးအပ်ထားသည့် Laptop၊ လက်ကိုင်ဖုန်းများကို အသုံးပြုဆက်သွယ်ထားခြင်း ဟုတ် မဟုတ် စသည့် အချက်အလက်တို့နှင့် ပတ်သက်သော တိုက်ရိုက်စပ်ဆိုင်နေသည့် အချက်များဖြစ်ကြောင်း၊ သက်သေခံ (ဂ) မှ (ဇ-၄) ပါ စာမှတ်စာတမ်းများ အား သီဟကိုကိုအသုံးပြုသည့် Laptop ဖြင့် အသုံးပြုခဲ့ကြောင်းနှင့် ၎င်းအနေဖြင့် Laptop ထဲရှိ အဆိုပါအချက်များကို ဖျက်ဆီးခဲ့သဖြင့် ကုမ္ပဏီ၏ Internet main server မှာ ရုံးတော်သို့ သယ်ဆောင်ယူ၍ တင်ပြမရနိုင်သောကြောင့် main server ထဲရှိ ယင်းအချက်အလက်များ ကို CD ဖြင့် ကူးယူပြီးစာမှတ်စာတမ်းထုတ်ကာ ရှာဖွေပုံစံဖြင့်တင်ပြခြင်း ဖြစ်၍ ထိုစာမှတ်စာတမ်းများသည် အမှုနှင့်စပ်ဆိုင်ခြင်းပေါ်ပေါက် ကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၃ (၅)၊ ၆၅ (ဃ)၊ သက်သေခံ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၁၄-က (၁) နှင့် ၁၁၄-က (၃) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိကြောင်း၊ ဗမ္ဘူသီရိမြို့နယ်တရားရုံးက သက်သေခံစာရွက်စာတမ်းများကို သက်သေခံ (ဂ) မှ (ဇ-၄) ထိ

လက်ခံသည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့မှာ ဥပဒေနှင့်ညီညွတ်သဖြင့် ပြင်ဆင်မှုအား ပလပ်ပေးရန် လျှောက်ထားတင်ပြသည်။

အမှုတွင် ဦးလှမျိုးသန့် (လိုပြ-၃) သည် Zeya & Associates Co.,Ltd. ရန်ကုန်ရုံးချုပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘဏ္ဍာရေးဌာနအကြီးအကဲဖြစ်သည်။ တရားခံသီဟကိုကိုသည် ကုမ္ပဏီရုံးခွဲတည်ရှိရာ နေပြည်တော်တွင် ပရောဂျက်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သီဟကိုကိုမှာ ကုမ္ပဏီလုပ်ငန်းများနှင့် ပတ်သက်၍ ကုမ္ပဏီမှ ဖုန်း၊ ကွန်ပျူတာ၊ အီးမေးလ်အကောင့်ကို ဖွင့်ပေးထားပြီး ဒီဇိုင်းများရေးဆွဲခြင်း၊ တန်ဖိုးတွက်ချက်ပေးခြင်း၊ အသုံးပြုမည့်ပစ္စည်းအမျိုးအစားရွေးချယ်ပေးခြင်းလုပ်ငန်းကို တာဝန်ယူရသူဖြစ်သည်။

တရားခံသီဟကိုကိုအား တရားလိုကုမ္ပဏီက ဆက်သွယ်ရေးကွန်ယက်တစ်ခုခုကိုအသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်းဖြင့် စွပ်စွဲကာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် တရားစွဲဆိုမှုဖြစ်သည်။

လျှောက်ထားသူဘက်မှ ကန့်ကွက်နေသည့် သက်သေခံ (ဂ) မှ (ဇ-၄) ထိ စာမှတ်စာတမ်းများသည် တရားလိုကုမ္ပဏီဘက်က အမှုစတင်စွဲဆိုစဉ်က ရှာဖွေပုံစံနှင့် အပ်နှံထားကြောင်းပေါ်လွင်သည်။ အဆိုပါစာမှတ်စာတမ်းများမှာ တရားခံသီဟကိုကိုသည် ကုမ္ပဏီမှ ပေးအပ်ထားသည့် လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ်ကို အသုံးပြုပြီး ပြိုင်ဘက်ကုမ္ပဏီများထံ ဆက်သွယ်ကြောင်းသိရှိရသဖြင့် ကွန်ပျူတာကို ပြန်လည်သိမ်းဆည်း၍ ကုမ္ပဏီ၏တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် စစ်ဆေးရာမှ ထွက်ပေါ်လာသော စာမှတ်စာတမ်းများဖြစ်သည်။ ထိုသို့

စစ်ဆေးမှုပြုစဉ်က ဦးလှမျိုးသန့် (လိုပြ-၃) ကိုယ်တိုင်ပါဝင်ပြီး စာမှတ်စာတမ်းများကို မြင်တွေ့ခဲ့သူဖြစ်သည်။

ကွန်ပျူတာထဲတွင် ကုမ္ပဏီမှ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ၊ ပုံစံများ၊ ဇယားများနှင့် အချက်အလက်များကို ဖျောက်ဖျက်ထားသဖြင့် ကုမ္ပဏီ၏ Internet Main Server ထဲရှိ ယင်းအချက်အလက်များကို CD ဖြင့်ကူးပြီး စာမှတ်စာတမ်းထုတ်၍ ရှာဖွေပုံစံဖြင့် အပ်နှံကြောင်း၊ Main Server မှာ အအေးခန်းစနစ်ဖြင့် နေရာသတ်မှတ်လျက် နည်းပညာအရ ထားရှိရပြီး သက်ဆိုင်ရာ ဆက်သွယ်ရေးဌာန၏ သတ်မှတ်နေရာတွင် ထားရှိရခြင်းဖြစ်သောကြောင့် အလွယ်တကူမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်ကြောင်းမြင်သာသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် “သက်သေခံချက်” ဆိုသည်မှာ သက်သေအဖြစ်အစစ်ခံသူများ၏ ထွက်ဆိုချက် (နှုတ်သက်သေခံချက်) နှင့် စာတမ်းအမှတ်အသားသက်သေခံချက်တို့ဖြစ်ကြောင်း အဓိပ္ပာယ်ဖော်ပြထားသည်။

သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂ တွင် - မူလ သက်သေခံအက်ဥပဒေပုဒ်မ ၃ ကိုအောက်ပါအတိုင်း ဖြည့်စွက်ပြဋ္ဌာန်းထားသည် -

သက်သေခံအက်ဥပဒေပုဒ်မ ၃ -

(က) “စာတမ်းအမှတ်အသား” ဆိုသည့် စကားရပ် အဓိပ္ပါယ်ဖွင့်ဆိုချက်၏ နောက်တွင် “စာတမ်းအမှတ်အသား” ဆိုသည့် စကားရပ်အဓိပ္ပါယ်တွင် အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များပါဝင်သည်။” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်ဟု ဖော်ပြထားသည်။

(ဂ) စာတမ်းအမှတ်အသားတစ်ခု၏ မိတ္တူဆိုရာတွင် ဖော်ပြထားသည့် စာတမ်းအမှတ်အသား၏ အဓိပ္ပာယ် အတွင်းကျရောက်သည့် စာတမ်းအမှတ်အသားဖြစ် လျှင် ၎င်း၏ အထဲ၌ထည့်သွင်းထားသည့် အသံ သို့မ ဟုတ် အခြားသောအချက်အလက်များမှ ပုံဖော် ကူးယူချက် (Transcript) တစ်ရပ်ရပ်ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

သို့ဖြစ်၍ သက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများ သည် အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များဖြစ်ပြီး ထိုစာရွက်စာတမ်းများမှာ တရားခံ သီဟကိုကို အပ်နှံသည့် ကွန်ပျူတာ အတွင်းမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ Main Server မှ ပြန်လည်ကူးယူ ထားပြီး ကွန်ပျူတာထဲရှိစဉ်က ထိုစာရွက်စာတမ်းများကို ဦးလှမျိုးသန့် (လိုပြ-၃) မှကိုယ်တိုင်မြင်တွေ့ဖတ်ရှုခဲ့ရသူဖြစ်ကြောင်း ထွက်ဆို၍ သက်သေခံတင်သွင်းခြင်းဖြစ်သည်။

ထို့ကြောင့် သက်သေခံ (ဂ) မှ (ဇ-၄) ထိ စာရွက်စာတမ်းများ သည် သက်သေခံအက်ဥပဒေပုဒ်မ ၃၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၃ (၅) အရ စာရွက်စာတမ်းများကို ကိုယ်တိုင်မြင်ဖူးခဲ့သူက ထိုစာရွက် စာတမ်းအမှတ်အသားရှိ အချက်အလက်များနှင့် ပတ်သက်သည့် ထွက်ဆို ချက်များ၊ သက်သေခံအက်ဥပဒေပုဒ်မ ၆၅ (ဃ) အရ မူရင်းသည် လွယ်လင့်တကူရွှေ့ပြောင်းခြင်းမပြုနိုင်သည့် ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံအဖြစ် လက်ခံသည်ဟု ကောက်ယူရပေမည်။

ထို့အပြင် တရားခံသီဟကိုကိုထံမှ ရရှိထားသော စာရွက်စာတမ်း များအားလုံးသည် ကုမ္ပဏီပိုင်စာရွက်စာတမ်းများဖြစ်ကြောင်း မှတ်ပုံတင် ဆောင်ရွက်ထားခြင်းမရှိဟု ဦးကျော်ကျော်စိုး (လိုပြ-၁) အား ပြန်လှန်

မေးမြန်းထားသဖြင့် သက်သေခံတင်သွင်းသည့် စာရွက်စာတမ်းများမှာ မှန်ကန်ခြင်းရှိ မရှိ စပ်ဆိုင်လျက်ရှိသောကြောင့် ထိုသက်သေခံ (ဂ) မှ (ဇ-၄) အထိ စာရွက်စာတမ်းများသည် သက်သေခံအက်ဥပဒေပုဒ်မ ၉ အရ စပ်ဆိုင်သောအကြောင်းခြင်းရာဖြစ်သည်မှာ ထင်ရှားလျက်ရှိပေသည်။ တရားခံသီဟကိုကိုအနေဖြင့်သက်သေခံ (ဂ) မှ (ဇ-၄) ပါ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ပြန်လည်ချေပရန် လုံလောက်သောအခွင့်အရေး ရရှိနိုင်သည်ဖြစ်၍ ၎င်းအပေါ် ထိခိုက်နစ်နာသည်ဟုလည်း မဆိုနိုင်ပေ။

စာတမ်းအမှတ်အသား သက်သေခံချက်တစ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံ ဝင်သည် မဝင်သည်ကို ဆုံးဖြတ်နိုင်ခွင့်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၃၆ အရ တရားသူကြီး၏ အခွင့်အာဏာသာဖြစ်သည်။ ယခု အဆင့်တွင် သက်သေခံ (ဂ) မှ (ဇ-၄) ထိ စာရွက်စာတမ်းများကို သက်သေခံအဖြစ်လက်ခံသောအဆင့်သာဖြစ်၍ဥပဒေနှင့် ညီညွတ်ကြောင်း သုံးသပ်ရပေသည်။

သို့ဖြစ်၍ သက်သေခံ (ဂ) မှ (ဇ-၄) စာရွက်စာတမ်းများကို သက်သေခံလက်ခံခြင်းအပေါ် ပယ်ဖျက်သည့် ဒက္ခိဏခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလဇမ္ဗူသီရိမြို့နယ်တရားရုံးက သက်သေခံ (ဂ) မှ (ဇ-၄) စာရွက်စာတမ်းများအား သက်သေခံအဖြစ် လက်ခံကြောင်း ချမှတ်သည့် အမိန့်ကို ပြန်လည်အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်မှာ မှားယွင်းမှုမရှိသဖြင့် ဝင်ရောက်စွက်ဖက် ပြင်ဆင်ရန်သင့်မည်မဟုတ်ပေ။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်လိုက်သည်။

+၂၀၂၁ ခုနှစ်
ဇွန်လ ၁ ရက်

## ရာဇဝတ်ပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးတင်ဟုန်ရှေ့တွင်

## သံချောင်း (ခ) ရဲမြင့်အောင်
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**ပြစ်မှုထင်ရှားစီရင်ပြီးပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ခြင်း မရှိဘဲ အမှုကို ပြောင်းလဲစွဲချက်တင်ရန် ချမှတ်ခဲ့သည့် အထက်တရားရုံး၏ အမိန့်သည် ဥပဒေအရ တရားဝင်၍ မှန်ကန်သောအမိန့်အဖြစ်ရပ်တည်နိုင်ခြင်း ရှိ မရှိ**

**ဆုံးဖြတ်ချက်**။ ။ မြို့နယ်တရားရုံးက သံချောင်း (ခ) ရဲမြင့်အောင် အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှား စီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမရှိပေ။ ပြင်ဆင်မှုတွင် ခရိုင်တရားရုံးက မူလရုံး၏ စွဲချက်အမိန့်ကို ပယ်ဖျက် ရုံမျှဖြင့် မူလရုံးက ပြစ်မှုထင်ရှားစီရင်ပြီးပြစ်ဒဏ်ချမှတ်ခဲ့သည့် အပြီးသတ် အမိန့်သည် အလိုအလျောက်မပျက်ပြယ်ပေ။ ထို့ကြောင့် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၃၆၉ ပါ ပြဋ္ဌာန်းချက်အရ မြို့နယ်တရားရုံးက

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၇၈(ခ)

+ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၃ (ခ) တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

၂၀၂၁ ခုနှစ်
သံချောင်း (ခ)
ရဲမြင့်အောင်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

သံချောင်း(ခ)ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်သည် တည်ဆဲပင်ဖြစ်သည်။ ခရိုင်တရားရုံးက မူလရုံး၏စွဲချက် အမိန့်ကိုသာ ပယ်ဖျက်၍ အခြားပြစ်မှုများနှင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားသည့် အမိန့်သည် မူလရုံး၏ အတည်ဖြစ်ဆဲ အပြီးသတ်အမိန့်ကို ထိခိုက်စေသည်ဖြစ်၍ ဥပဒေအရ တရားဝင်၍ မှန်ကန်သောအမိန့်အဖြစ် ရပ်တည်နိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် - (၁) ဦးညွန့်လှိုင်၊ တရားလွှတ်တော်ရှေ့နေ (မလာ)
(၂) ဒေါ်ဝင့်ဝင့်ဝါ၊တရားလွှတ်တော်ရှေ့နေ (မလာ)

လျှောက်ထားခံရသူ အတွက် - ဦးငြိမ်းချမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

ကျောက်ဆည်မြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၇၃၃ တွင် သံချောင်း(ခ)ရဲမြင့်အောင်၊ ကိုဇွဲ(ခ)ဇွဲသူရမျိုး၊ နားသီး (ခ) ကျော်ဇင်ဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၆/၃၂၄/၃၂၃/၁၁၄ အရ စွဲဆိုသည်။ မြို့နယ်တရားရုံးက သံချောင်း(ခ)ရဲမြင့်အောင်အား ရာဇသတ်ကြီး ပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရလည်းကောင်း၊ ကိုဇွဲ(ခ)ဇွဲသူရမျိုး၊ နားသီး (ခ) ကျော်ဇင်ဦးတို့အား ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ သံချောင်း (ခ) ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းကို ပယ်ဖျက်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ပုဒ်မ ၃၂၄ တို့အရ ပြောင်းလဲစွဲချက်တင်ဖြေရှင်းစေသည့် အမိန့်တစ်ရပ်ပြင်ဆင်ချမှတ်

ပေးပါရန် ကျောက်ဆည်ခရိုင်ဥပဒေရုံးက ကျောက်ဆည်ခရိုင်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ကို တင်သွင်းရာ ခွင့်ပြုခဲ့သည်။ ယင်းအမိန့်အပေါ် သံချောင်း (ခ) ရဲမြင့်အောင်က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၃ (ခ) ကို တင်သွင်းရာ ပလပ်ခံရသည်။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက်တင်သွင်းခြင်း ဖြစ်သည်။

အခင်းဖြစ်နေ့က သားဖြစ်သူ စိုးလင်းထက် (လိုပြ-၃) က မင်္ဂလာဆောင်အိမ်တွင် ၎င်းအား ကုလားနီတို့အဖွဲ့က ထိုးကြိတ်ခဲ့သည်ဟု တိုင်ကြားသဖြင့် ဦးသိန်းစိုးဝင်း(လိုပြ-၄)နှင့်ဇနီး ဒေါ်မေနွယ်အောင် (လိုပြ-၁) တို့သည် စိုးလင်းထက်နှင့်အတူ မင်္ဂလာဆောင်အိမ်သို့ သွားကြသည်။ တင်ဒိုင်းကျေးရွာ၊ အောင်ပြည့်စုံ လက်ဖက်ရည်ဆိုင်နား အရောက်တွင် သံချောင်း(ခ)ရဲမြင့်အောင်၊ ကိုဖွဲ့၊ နားသီး၊ ဝဏ္ဏာ၊ ချွန်ကြီး၊ ကုလားနီ၊ ကျော်လွင်ဦးတို့နှင့် တွေ့ဆုံပြီး ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ ထိုစဉ်က ဦးသိန်းစိုးဝင်းတို့ကလည်း တုတ်များကိုင်ဆောင်ထားကြသည်။ ရန်ပွဲအပြီးတွင် နောက်ထပ်ရောက်ရှိလာသူ စိုးမင်းထက် (လိုပြ-၂) အပါအဝင် ဦးသိန်းစိုးဝင်း၊ ဒေါ်မေနွယ်အောင်၊ စိုးလင်းထက် တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

ဦးသိန်းစိုးဝင်း၏ ဦးခေါင်းပိုင်းတွင် ပြတ်ရှဒဏ်ရာ ၃ ချက်နှင့် ပေါက်ပြဲဒဏ်ရာ ၁ ချက် ရရှိခဲ့သည်။ ဦးခေါင်းနောက်စေ့ဝဲဘက်တွင် ရရှိသည့်ဒဏ်ရာမှာ ဦးခေါင်းခွံရိုးချိုင့်ဝင်၍ ကျိုးအက်သွားပြီး ဘက်ဘယ်ပါးတွင် ရရှိသောဒဏ်ရာကြောင့် ရုပ်အဆင်းပျက်စေသည့် အမာရွတ်ကျန်ရှိကြောင်း ဒေါက်တာယမင်း (လိုပြ-၆) က ထင်မြင်ချက်ပေးထားသည်။ ဦးသိန်းစိုးဝင်း ရရှိသောဒဏ်ရာများတွင် ရာဇသတ်ကြီးပုဒ်မ ၃၂၀ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သည့် နာကျင်စေမှုမျိုးပါရှိကြောင်း ပေါ်ပေါက်သည်။

သို့ရာတွင် ဦးသိန်းစိုးဝင်းရရှိသောဒဏ်ရာများကို မည်သူကပြုလုပ်ခဲ့ကြောင်း တရားလိုဘက်မှ စွပ်စွဲထားခြင်းမရှိပေ။

ဒုရဲအုပ် ထင်ကျော်အောင် (လိုပြ-၈) က သံချောင်း (ခ) ရဲမြင့်အောင် ထံမှ အရိုးအသွား ၉ လက်မခန့်ရှိသော ဦးချွန်ဓားမြှောင်ကို ရှာဖွေပုံစံ သက်သေခံ (ခ-၁) ဖြင့်လည်းကောင်း၊ ကိုစွဲ (ခ) သူရမျိုး၊ ဝဏ္ဏ၊ နားသီး(ခ)ကျော်ဇင်ဦး၊ ကျော်လွင်ဦးတို့ထံမှ ဝါးတုတ် ၁ ချောင်းစီကို ရှာဖွေပုံစံ သက်သေခံ (ခ) (ခ-၂) (ခ-၃) (ခ-၄) တို့ဖြင့် လည်းကောင်း သိမ်းဆည်းခဲ့သည်။

မြို့နယ်တရားရုံးက သံချောင်း(ခ)ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၂၃ နှင့် ပုဒ်မ ၃၂၄ တို့အရ စွဲချက်တင်ရာ အပြစ်ရှိကြောင်း ဝန်ခံသဖြင့် စွဲချက်တင်ခဲ့သည့်ပြစ်မှုများဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ အလားတူပင် ကိုစွဲ (ခ) ဖွဲသူရမျိုး၊ နားသီး(ခ)ကျော်ဇင်ဦး တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ စွဲချက်တင်ခဲ့ရာ အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြသဖြင့် ယင်းပုဒ်မဖြင့် ပြစ်မှုထင်ရှားစီရင်ခဲ့သည်။

ကျောက်ဆည်ခရိုင်ဥပဒေရုံးက သံချောင်း (ခ) ရဲမြင့်အောင် အပေါ် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၆ တို့အရ စွဲချက်တင်ဖြေရှင်းစေသည့် အမိန့်တစ်ရပ် ပြင်ဆင် ချမှတ်ပေးရန် ကျောက်ဆည်ခရိုင်တရားရုံး၊ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ် ပြင်ဆင်မှု အမှတ် ၃၀ ကို တင်သွင်းသည်။ ခရိုင်တရားရုံးက ရာဇဝတ် ပြင်ဆင်မှုအား တစ်စိတ်တစ်ဒေသခွင့်ပြုပြီး သံချောင်း(ခ) ရဲမြင့်အောင် အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ စွဲချက်တင်သည့် အမိန့်ကို ပယ်ဖျက်၍ ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ပုဒ်မ ၃၂၄ တို့အရ စွဲချက်တင် ဆောင်ရွက်ရန်ညွှန်ကြားသည်။ ကျန်လျှောက်ထားခံရသူ (၂) (၃) အပေါ် ဝင်ရောက်စွက်ဖက်ရန်မရှိ၍ မူလရုံးစွဲချက်အမိန့်ကို ဆက်လက်

၂၀၂၁ ခုနှစ်
သံချောင်း (ခ)
ရဲမြင့်အောင်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အတည်ပြုသည်ဟု အမိန့်ချမှတ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၃(ခ) တွင် ခရိုင်တရားရုံး၏အမိန့်ကို အတည်ပြုခဲ့သည်။

ဤပြင်ဆင်မှုကို ကြားနာစဉ်က လျှောက်ထားသူ သံချောင်း(ခ) ရဲမြင့်အောင် နှင့် ၎င်း၏ ရှေ့နေတို့လာရောက်လျှောက်လဲတင်ပြခြင်း မရှိကြပေ။ ကျောက်ဆည်ခရိုင်ဥပဒေရုံးက ကျောက်ဆည် ခရိုင်တရားရုံးသို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းရာတွင် တိုင်းဒေသကြီးဥပဒေအရာရှိ၏ ဆုံးဖြတ်ချက်မပါသဖြင့် ဥပဒေရုံးများလက်စွဲ၊ ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေများအရ လွဲမှားကြောင်း၊ ပြင်ဆင်မှုတက်ရောက်ရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်နေခြင်းအပေါ် အကြောင်းပြချက်သည် လုံလောက်သော အကြောင်းပြချက်မဟုတ်ကြောင်း ပြင်ဆင်မှု လျှောက်လွှာတွင် အကြောင်းပြထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက မြို့နယ်အမှုလိုက်ဥပဒေအရာရှိနှင့် မြို့နယ်တာဝန်ခံဥပဒေအရာရှိတို့က ကျောက်ဆည်မြို့နယ်တရားရုံးက ချမှတ်သော အမိန့်အပေါ် ပြင်ဆင်မှု တင်သွင်းရန် ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ ပြင်ဆင်မှုတွင် ကျောက်ဆည်ခရိုင် တရားရုံးက မူလအမှုတွဲပေါ်ပေါက်ချက်များနှင့်အညီ သံချောင်း(ခ) ရဲမြင့်အောင်အား ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ပုဒ်မ ၃၂၄ အရ စွဲချက်တင် ဖြေရှင်းစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်ဆည် ခရိုင်ဥပဒေရုံးက ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ် ရက်ပေါင်း ၁၆ ရက်ကျော်လွန်ခြင်းအပေါ် လုံလောက်သော အကြောင်းပြချက်ဖြင့် ကျမ်းကျိန်ဆိုတင်သွင်းခဲ့ခြင်းဖြစ်ပြီး တရားရုံးဆင်ခြင်တုံတရားအရ ပြင်ဆင်မှုကို လက်ခံခွင့်ပြုခဲ့ခြင်းသာဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂ (ဃ) တွင် “ပြင်ဆင်မှုဆိုသည်မှာ တရားရုံးတစ်ရုံးရုံးက ချမှတ်သည့်စီရင်ချက် သို့မဟုတ် အမိန့်ကို ပြင်ဆင်မှုစီရင်ပိုင်ခွင့်ရှိသော တရားရုံးက ဥပဒေနှင့် အညီ ပြန်လည်စိစစ်ရန်ခွင့်ပြုသည့်အမှုကို ဆိုလိုသည်” ဟု အဓိပ္ပာယ် ဖော်ပြထားသည်။ ထို့ကြောင့် ပြင်ဆင်မှုတင်သွင်းရာတွင် ဥပဒေရုံးများ လက်စွဲ၊ ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများပါ သတ်မှတ်ချက်များ နှင့် ညီညွတ်ခြင်းမရှိကြောင်း အကြောင်းပြချက်သည် ဤပြင်ဆင်မှုတွင် အောက်ရုံးများ၏ အမိန့်အပေါ် ဝင်ရောက်စွက်ဖက်ရန် လုံလောက်သည့် အကြောင်းတစ်ရပ်မဟုတ်ပေ။ ထို့ပြင်တရားရုံးများလက်စွဲအပိုဒ် ၇၆၆ ပါ သတ်မှတ်ကာလ ကျော်လွန်ပြီးမှတင်သွင်းလာသည့် ရာဇဝတ်ဆိုင်ရာ ပြင်ဆင်မှုကို လက်ခံဆောင်ရွက်ခြင်း ပြုသင့် မသင့်မှာ တရားသူကြီး၏ သင့်လျော်ရာ လုပ်ပိုင်ခွင့်သက်သက်သာဖြစ်သည်။ ခရိုင်ဥပဒေရုံးက ပြင်ဆင်မှုတင်သွင်းရာတွင် ပြင်ဆင်မှုတက်ရောက်ရန် သင့် မသင့် စိစစ် ဆောင်ရွက်နေရသဖြင့် သတ်မှတ်ချက်ကာလထက် ၁၆ ရက် ကျော်လွန် ခဲ့ရခြင်းဖြစ်သည်ဟုအကြောင်းပြခြင်းအပေါ် ခရိုင်တရားရုံးက ခွင့်ပြုခဲ့ခြင်း သည် ဆင်ခြင်တုံတရားကို နည်းလမ်းတကျကျင့်သုံးရာမရောက်ဟု မဆို နိုင်ပေ။

သို့ရာတွင် ခရိုင်တရားရုံး၏အမိန့်နှင့်ယင်းအမိန့်ကို အတည်ပြု ခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တို့သည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ရန် ပေါ်ပေါက်နေသည်။

မြို့နယ်တရားရုံးက သံချောင်း(ခ) ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁) လနှင့် ငွေဒဏ် ကျပ် ၃၀၀၀၀ ပေးဆောင်စေရန်နှင့် ငွေဒဏ်မဆောင် ပျက်ကွက်က ထောင်ဒဏ် (၆) လ ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ ၃၂၃ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ ရက်နှင့် ငွေဒဏ်ကျပ် ၂၀၀၀၀ ပေးဆောင်ရန်နှင့် ငွေဒဏ်

၂၀၂၁ ခုနှစ်
သံချောင်း (ခ)
ရဲမြင့်အောင်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

မဆောင် ပျက်ကွက်က ထောင်ဒဏ် ၁၅ ရက်ကျခံစေရန်၊ ပြစ်ဒဏ်များ တစ်ပေါင်းတည်းကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။

ပြင်ဆင်မှုတွင်ခရိုင်တရားရုံးက သံချောင်း(ခ) ရဲမြင့်အောင် အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ စွဲချက်တင်ခဲ့သည့် အမိန့်ကိုပယ်ဖျက်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ပုဒ်မ ၃၂၄ တို့ အရ စွဲချက်တင်ဆောင်ရွက်ရန်ညွှန်ကြားသည့် အမိန့်ချမှတ်ခဲ့သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ (၁) တွင် တရားရုံး တစ်ရုံးရုံး သည် စီရင်ချက်မချမီ မည်သည့်အချိန်၌မဆို စွဲချက်တစ်ခုခုသို့ ပြောင်းလဲ နိုင်သည် သို့မဟုတ် ဖြည့်သွင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ တရားသူကြီး က မူလစွဲချက်ကို ဖတ်ပြရှင်းလင်းပြောကြားပြီးသည်နှင့် စွဲချက်ကို ပြောင်းလဲပေးရန်ချက်ချင်း လျှောက်ထားနိုင်သည်။ တရားရုံးက လျှောက်ထားချက်ကို ခွင့်မပြုပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ ပြင်ဆင်မှုရုံးသည် မူလရုံးက စီရင်ချက် မချမီအချိန်အတွင်း မူလရုံး၏စွဲချက်အမိန့်ကို ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်ရှိသည်။ ပြင်ဆင်မှု တင်သွင်းထားစဉ်အတွင်း မူလရုံးက စီရင်ချက်ချမှတ်ခဲ့ပါက ပြင်ဆင်မှုရုံးက မူလရုံး၏စွဲချက် အမိန့်အပေါ် ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်တော့ပေ။ ယခုအမှုသည် မူလရုံးက စီရင်ချက်ချမှတ်ခဲ့ပြီးသော အမှု၏စွဲချက်အမိန့်အပေါ် ပြင်ဆင်ပေးရန် ပြင်ဆင်မှုလျှောက်ထားလာသည့်အမှု ဖြစ်သည်။

ခရိုင်တရားရုံးသည် ပြင်ဆင်မှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပါ ပြဋ္ဌာန်းချက်များအရ မြို့နယ်တရားရုံး၏အမိန့်ကို ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်ရှိသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) ပါ ပြဋ္ဌာန်းချက်အရ ပြင်ဆင်မှုတရားရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ အရ အယူခံရုံး

၂၀၂၁ ခုနှစ်
သံချောင်း (ခ)
ရဲမြင့်အောင်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အား အပ်နှင်းထားသောအာဏာကို သုံးစွဲခွင့်ရှိသည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၃ (၁) (က) တွင် အမှုမှအပြီးအပြတ်လွှတ်သောအမိန့် အပေါ် အယူခံခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပုဒ်မ ၄၂၃(၁)(ခ) တွင် ပြစ်ဒဏ်ချမှတ်ထားသောအမိန့်အပေါ် အယူခံခြင်းနှင့်ပတ်သက်၍ လည်း ကောင်း ပြဋ္ဌာန်းထားသည်။ ၎င်းအနက် ပုဒ်မ ၄၂၃ (၁) (ခ) အရ အယူခံ သောအမှုတွင် (၁) ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ကို ပယ်ဖျက်၍ တရားခံအား အမှုမှအပြီးအပြတ်ဖြစ်စေ၊ စွဲချက်မတင်မီဖြစ်စေ လွှတ်နိုင်သည် သို့မဟုတ် အဆိုပါ တရားရုံး၏လက်အောက်ဖြစ်သော စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတစ်ရုံးက ပြန်လည်စစ်ဆေးစီရင်ရန် သို့မဟုတ် စစ်ဆေး စီရင်ရန်အတွက် လွှဲအပ်တင်ပို့ရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ခ) အရ အမှုကို အစမှ ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ပါက တရားခံအပေါ် ပြစ်မှုထင်ရှား စီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်၍ မူလမှုစစ်ဆေးစီရင် သည့် တရားရုံးမှ သင့်လျော်သောတရားသူကြီးအား အမှုကိုပြန်လည် စစ်ဆေးရန်လည်းကောင်း၊ တရားခံထမ်းဆောင်ထားသည့်ဒဏ်ငွေရှိပါက ၎င်းအား ပြန်လည်ထုတ်ပေးရန်ကိုလည်းကောင်း ညွှန်ကြားသည့်အမိန့် ချမှတ်ရသည်။

သို့ရာတွင် မြို့နယ်တရားရုံးကသံချောင်း(ခ) ရဲမြင့်အောင်အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းမရှိပေ။ ပြင်ဆင်မှုတွင် ခရိုင်တရားရုံးက မူလရုံး၏စွဲချက်အမိန့်ကို ပယ်ဖျက်ရုံမျှဖြင့် မူလရုံးက ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့် အပြီးသတ်အမိန့်သည် အလို အလျောက်မပျက်ပြယ်ပေ။

ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၉ ပါ ပြဋ္ဌာန်းချက်အရ

၂၀၂၁ ခုနှစ်
သံချောင်း (ခ)
ရဲမြင့်အောင်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

မြို့နယ်တရားရုံးက သံချောင်း(ခ)ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်သည် တည်ဆဲပင်ဖြစ်သည်။ ခရိုင်တရားရုံးက မူလရုံး၏စွဲချက်အမိန့်ကိုသာ ပယ်ဖျက်၍ အခြားပြစ်မှုများနှင့်စွဲချက်တင် စစ်ဆေးရန် ညွှန်ကြားသည့်အမိန့်သည် မူလရုံး၏အတည်ဖြစ်ဆဲ အပြီးသတ်အမိန့်ကို ထိခိုက်စေသည်ဖြစ်၍ ဥပဒေအရ တရားဝင်၍ မှန်ကန်သောအမိန့်အဖြစ် ရပ်တည်နိုင်မည်မဟုတ်ပေ။

ခရိုင်တရားရုံးသည် ပြစ်မှုထင်ရှားစီရင်သည့် စီရင်ချက်ကို ပြင်ဆင်မှုတင်သွင်းသည့် အမှုတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁)(ခ)အရ အမှုကို အစမှပြန်လည်စစ်ဆေး (retrial) စေရန် ညွှန်ကြားသည့်အမိန့်ချမှတ်နိုင်သည်။

တရားရုံးများလက်စွဲအပိုဒ် ၁၁၂၇ တွင် အမှုကို အသစ်ပြန်၍ စစ်ဆေးစီရင်ရန် အထက်ရုံးက အမိန့်ရရှိသည့်အခါ အသစ်ပြန်၍ စစ်ဆေးစီရင်ရသောအမှုတွဲမှာ သီးခြားအမှုအမှတ် တပ်ရမည်။ သီးခြားအမှုတွဲဖြစ်ရမည်။ မူလအမှုတွဲရှိ စာရွက်စာတမ်းများကို ဒုတိယစစ်ဆေးစီရင်သော အမှုတွင်သုံးလျှင် နောက်အမှုတွဲသို့ ပြောင်းရွှေ့ရမည်ဟု ညွှန်ကြားထားသည်။

**မောင်စိုးသိန်း ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** [၁] တွင် " ပြန်လည်စစ်ဆေးသောအမှုသည် အမှုသစ်ဖြစ်သည်။ ထို့ကြောင့် စစ်ဆေးစီရင်ခြင်းအဓိပ္ပာယ် ပြည့်ဝလေအောင် တရားလိုဘက်မှလည်း စွပ်စွဲချက်ကို သက်သေထူ၍ ခိုင်မာစေရမည်။ တရားခံကလည်း စွပ်စွဲချက်မမှန်ကြောင်း ချေပခုခံသက်သေပြနိုင်စေရမည်။ တရားရုံးကလည်း နှစ်ဖက်ထွက်ဆိုချက်များကို ချိန်ဆ၍ စွဲချက်မှန် မမှန် တရားခံ အပြစ်ရှိမရှိ ကို လွတ်လပ်စွာဆုံးဖြတ်နိုင်စေရမည် "ဟု ထုံးဖွဲ့ညွှန်ပြထားသည်။

---

၁။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅

ထို့ကြောင့် ပြင်ဆင်မှုတွင် ခရိုင်တရားရုံးက စီရင်ချက်ချမှတ်ပြီးသော မူလမှု၏စွဲချက်အမိန့်ကို ပယ်ဖျက်၍ အခြားပြစ်မှုများဖြင့် စွဲချက်တင် ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်လည်းကောင်း၊ တရားရုံးများလက်စွဲပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း ဆန့်ကျင်ခြင်းရှိ မရှိ အငြင်းပွားဖွယ်ပေါ်ပေါက်နေသည်။

**မောင်လှမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၂] တွင် ကျော်ဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၀၃ အရ စွဲချက်တင်ရာ ဝန်ခံသဖြင့် အပြစ်ပေးခဲ့ပြီး သက်သေခံရွှေထည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်ပြင်ဆင်မှုတွင်ရန်ကုန်တိုင်းတရားရုံး(မြောက်ပိုင်းခရိုင်) က ကျော်ဝင်းအား အမှုမှအပြီးအပြတ်လွှတ်ပြီး ရွှေထည်များကိုပြန်ပေးခဲ့သည်။ လှမြင့်က ၎င်းနှင့်ကျော်ဝင်းတို့ ဦးမောင်ဆိုင်၏ လယ်ကို ထယ်ထိုးကြစဉ် ၎င်းအရှေ့က ထယ်ထိုးပြီး ကျော်ဝင်းက နောက်မှဖြစ်ကြောင်း၊ အချင်းဖြစ်ရွှေတုံးကို ၎င်းကကောက်ရပြီး ရွှေမှန်းမသိ၍ ကျော်ဝင်းကို ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုကာ ထိုအချက်များကို ဦးမောင်ဆိုင်က ထောက်ခံထွက်ဆိုထားသဖြင့် သက်သေခံ ရွှေများ၏ပင်ရင်းအစ မူလရွှေတုံးကို ကောက်ရသူမှာ လှမြင့် နှင့် ကျော်ဝင်းတို့အနက် မည်သူသည် အမှန်ဖြစ်ကြောင်းကိုဖြစ်စေ၊ လှမြင့်၏ထွက်ဆိုချက်များ မှန် မမှန်ကို ဖြစ်စေ၊ ကျော်ဝင်းအား စစ်ဆေးမှသာလျှင် ဝေဖန်ချင့်ချိန်နိုင်မည်ဟု သုံးသပ်ကာ ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်) နှင့် မြို့နယ်တရားရုံးတို့၏ အမိန့်တို့ကို ပယ်ဖျက်၍ အမှုကို စွဲချက်တင်သည့်အဆင့်မှ ပြန်လည်စစ်ဆေးရန် တိုက်ကြီးမြို့နယ်တရားရုံးအား ညွှန်ကြားလိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်သိန်း ပါ ၃ အမှု**[၃] တွင် ဦးမောင်သိန်း ပါ ၃ ဦးသည် မျှောစာမပါဘဲ မီးသွေးများသယ်ဆောင်သဖြင့် ၁၉၉၂ ခုနှစ်သစ်တောဥပဒေပုဒ်မ ၄၁(ဇ) အရ စွဲချက်တင်ခဲ့သော်

---

၂။ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆၇

၃။ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၀

လည်း မကွေးတိုင်းတရားရုံးက မူလရုံး၏ စွဲချက်အမိန့်ကို ပယ်ဖျက်ပြီး ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၅ အရ စွဲချက်တင်ရန် အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံးက ဦးမောင်သိန်းတို့အပေါ် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၅ အရစွဲချက်တင်၍ အပြစ် ရှိ မရှိ မေးမြန်းရာ အပြစ်ရှိကြောင်းဝန်ခံ၍ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ တရားရုံးချုပ်က ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၅ သည် သစ်တောအရာရှိ၏ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်သည့်လုပ်ပိုင်ခွင့်ဖြစ်ပြီး တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်မဟုတ်ကြောင်း၊ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၅ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ သစ်တောဥပဒေပုဒ်မ ၄၀ (ဧ) အရ ငြိစွန်းချက်ရှိနေသဖြင့် ဖြေရှင်းရန်တာဝန်ရှိကြောင်းသုံးသပ်ပြီး မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ၎င်းတို့အား သစ်တောဥပဒေပုဒ်မ ၄၀ (ဧ) အရ စွဲချက်တင်သည့်အဆင့်မှ ပြန်လည်စစ်ဆေးရန် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၃ (၁) (ခ) (၁) အရ ညွှန်ကြားလိုက်သည့် အမိန့်ချမှတ်ခဲ့သည်။

ယခုအမှုမှာ သံချောင်း(ခ)ရဲမြင့်အောင်ပါ ၃ ဦးတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၃/ ၃၂၄/ ၃၂၆/ ၁၁၄ တို့အရ တရားစွဲဆိုအရေးယူခဲ့ခြင်းဖြစ်ပြီး မြို့နယ်တရားရုံးက သံချောင်း (ခ) ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၃ နှင့် ပုဒ်မ ၃၂၄ တို့အရ စွဲချက်တင်ရာ အပြစ်ရှိကြောင်း ဝန်ခံသဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အထက်ဖော်ပြပါ အမှုများတွင် အကြောင်းပြထားသည့်အတိုင်း စွဲချက်တင်သည့်အဆင့်မှ အမှုကို စစ်ဆေးရန်ထူးခြားသောအခြေအနေမျိုး ပေါ်ပေါက်ကြောင်း မတွေ့ရပေ။

ဖော်ပြပါ အမှုများတွင် ဆိုင်ရာအမှုမှာ ပေါ်ပေါက်နေသော သက်သေခံချက်များအရ အကြောင်းပြဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ စီရင်ထုံးဟူသည် သက်ဆိုင်ရာအမှု၏ ဖြစ်ရပ်အတွက်သာလျှင် ထုံးသာဓက

ဖြစ်သည်။ **မစ္စဆပ်ဝမ်ကူး နှင့် အိပ်(ချ်)အာရန်း အမှု** [၄] ကို ကြည့်ပါ။

အမှုအဖြစ်အပျက်နှင့်ပေါ်ပေါက်နေသည့် ဆုံးဖြတ်ရန်ပြဿနာတို့အရ အမှုကိုစွဲချက်တင်သည့်အဆင့်မှာ ပြန်လည်စစ်ဆေးရန် ညွှန်ကြားခဲ့သည့် ခရိုင်တရားရုံး၏အမိန့်သည် အထက်ပါ ထုံးသာဓကများနှင့် ညီညွတ်သည်ဟု မဆိုနိုင်သဖြင့် ထိုသို့ဥပဒေနှင့်မညီညွတ်သည့်အမိန့်ကို ပြင်ဆင်မှုတွင် အတည်ပြုလက်ခံခြင်း ပြုလုပ်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ခရိုင်တရားရုံး၏ အမိန့်နှင့်ယင်းအမိန့်ကို အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်တို့ကို ပယ်ဖျက်၍ အမှုကို အသစ်တစ်ဖန်ပြန်လည်စစ်ဆေး သင့် မသင့် ဆက်လက်သုံးသပ်ရန်ဖြစ်သည်။

**မောင်စိုးသိန်း ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု** [၁] တွင် "မလိုဘဲလည်း အမှုကို ပြန်လည်စစ်ဆေးခြင်းမပြုအပ်၊ ပြန်လည်စစ်ဆေးခြင်းဖြင့် ကြန့်ကြာခက်ခဲတတ်သည်။ သက်သေများကို ရှာဖွေခေါ်ယူရန်မလွယ်ဖြစ်တတ်သည်။ တရားခံများအဖို့ အခါခါစစ်ဆေးခံရသဖြင့် နစ်နာတတ်သည်။ ထို့ကြောင့် မလွှဲမရှောင်မှသာလျှင် အမှုကို ပြန်လည် စစ်ဆေးစေအပ်သည်။ အထက်ရုံးက အမှားကိုပြင်ဆင်၍ အပြီးအပြတ် ဆုံးဖြတ်နိုင်သမျှ ဆောင်ရွက်ပေးအပ်သည်" ဟူ၍ ထုံးဖွဲ့ညွှန်ပြသည်။

တရားခံ သံချောင်း (ခ)ရဲမြင့်အောင်သည် ၁၅-၁၁-၂၀၁၉ ရက်နေ့တွင် ထောင်ဒဏ်ကျခံခဲ့ပြီးဖြစ်သည်။ ပြစ်ဒဏ်ကျခံခဲ့ပြီး ၁ နှစ်ခန့်အကြာတွင် ခရိုင်တရားရုံး၏အမိန့်အရ ဒုတိယအကြိမ် အမှုပြန်လည်ရင်ဆိုင်ခဲ့ရသည်။ ၎င်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ပုဒ်မ ၃၂၄ တို့အရ စွဲချက်တင်ပြီးနောက် COVID-19 ရောဂါဖြစ်ပွားနေခြင်းကြောင့် အမှုကို ဆက်လက်စစ်ဆေးနိုင်ခြင်းမရှိဘဲ ကြန့်ကြာခဲ့ရသည်။ ယခုအချိန်

---

၄။ ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ-၃၀၆

တွင် အမှုကို အစမှ ပြန်လည်စစ်ဆေးစေမည်ဆိုလျှင် တရားခံသည် တတိယအကြိမ်အမှုကို ပြန်လည် ရင်ဆိုင်ရဦးမည်ဖြစ်သည်။ ဥပဒေဟူသည် မျှတရသည်။ တစ်ဖက်သတ်မလုပ်ရချေ။ တရားခံအဖို့ အခါခါ အစစ်ဆေးခံရသဖြင့် နစ်နာတတ်သည်။ တရားခံအပေါ် တရားမျှတစေရန်လည်းလိုသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် (၅၈/၂၀၂၁) ကို ထုတ်ပြန်၍ ၃၁-၁-၂၀၂၁ ရက်မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ချမှတ်ခြင်းခံရသော ပြစ်ဒဏ်ကို ၄ ပုံ ၁ ပုံ လျှော့ပေးခဲ့သည်။

အထက်ပါအကြောင်းများကြောင့် အမှုကို ပြန်လည်စစ်ဆေးရန် မလွဲမရှောင်သာသောအခြေအနေမျိုးဖြစ်သည်ဟု ဆုံးဖြတ်ရန်မသင့်ပေ။

သို့ဖြစ်၍ ခရိုင်တရားရုံးက သံချောင်း (ခ) ရဲမြင့်အောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၂၄ နှင့် ပုဒ်မ ၃၂၃ တို့အရ စွဲချက်တင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်၍ ရာဇသတ်ကြီးပုဒ်မ ၃၂၆ နှင့် ပုဒ်မ ၃၂၄ တို့အရ စွဲချက်တင်ဆောင်ရွက်ရန် ချမှတ်ထားသောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။

+၂၀၂၁ ခုနှစ်
ဧပြီလ ၂၆ ရက်

## ရာဇဝတ်ပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးအောင်ဇော်သိန်း ရှေ့တွင်

## သန့်ဇင်ဖြိုး (ခ) ရှမ်းကြီး (ခ) ကိုစိုင်း
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**ရဲစုံထောက်မေးမြန်းစဉ် ရဲကစေခိုင်း၍ တယ်လီဖုန်းဖြင့်ဆက်သွယ် မှာကြားချက်အရ မူးယစ်ဆေးဝါးရောင်းချရန် ရောက် ရှိလာသူ၏ လက်ဝယ်တွေ့ရှိသော မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍ ဖုန်းဆက်သွယ်ပေးရန် ခိုင်းစေခြင်းခံရသူ၏ ပြုလုပ်မှုသည်မိမိအလိုအလျောက်ပြုခြင်း ဟုတ် မဟုတ်**

**ဆုံးဖြတ်ချက်။** ။ ရဲအရာရှိ၏စေခိုင်းချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ဖုန်းဆက်မှာကြားပေးပို့ခိုင်းခဲ့ခြင်းသည် ၎င်း၏အလိုအလျောက် ပေါ်ပေါက်လာသောစိတ်ဆန္ဒအရ ပြုမူဆောင်ရွက်ခဲ့သည်ဟုလည်းကောင်း၊ လာရောက်ပေးပို့သူထံမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍ အဆိုပါ လာရောက်ပေးပို့သူနှင့် ပူးပေါင်းကြံစည်သည်ဟု လည်းကောင်း ဆိုနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားခံ၏ဆောင်ရွက်ချက်သည် ၁၉၇၃ ခုနှစ်၊

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၁၉ (ခ)

\+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၃၀ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်စွဲပါ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က) (၂၃) ပါ "အားပေးကူညီခြင်း" ဆိုသည့်စကားရပ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉ ပါ "မိမိအလိုအလျောက်ပြုခြင်း" ဆိုသည့်စကားရပ်တို့တွင် အကျုံးဝင်သက်ဆိုင်သည်ဟု သုံးသပ်မည်ဆိုပါက ဥပဒေနှင့်ညီညွတ်မှုတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးထက်အောင်သန့်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်နှင်းသီရိဝေ၊
လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

မုံရွာခရိုင်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၀ တွင် စိုးငြိမ်းအောင်အပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ် ကျခံစေရန်၊ သန့်ဇင်ဖြိုး (ခ) ရှမ်းကြီး (ခ) ကိုစိုင်းအပေါ် ယင်းဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏အမိန့်ကို သန့်ဇင်ဖြိုး (ခ) ရှမ်းကြီး (ခ) ကိုစိုင်းက ကျေနပ်မှုမရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၃၃၀ ဖြင့် အယူခံရာ ပလပ်ခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်ပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။

အမှုဖြစ်ပွားပုံမှာ ၂-၉-၂၀၁၈ ရက်နေ့ ၁၄ : ၃၀ အချိန်ခန့်တွင် မုံရွာနယ်မြေရဲစခန်း၏ မယ(ပ)၈/၂၀၁၈နှင့် မယ(ပ)၉/၂၀၁၈ အမှုတို့မှ ကွင်းဆက်တရားခံ သန့်ဇင်ဖြိုး(ခ) ရှမ်းကြီး (ခ) ကိုစိုင်းအား စစ်မေးစဉ်

ထွက်ဆိုချက်သတင်းအရ ဒုရဲအုပ်ဇာနည်မောင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ (၆)၊ စည်သူလမ်းနှင့်ယုဇနလမ်းထောင့်တွင် အသင့်စောင့်ဆိုင်းနေစဉ် စည်သူလမ်းအတိုင်း အနောက်မှအရှေ့သို့ ကြိုတင်သတင်းရရှိထားသူ စိုးငြိမ်းအောင်မောင်းနှင်လာသော ဆိုင်ကယ်အားရပ်တန့်ရှာဖွေ စစ်ဆေးရာဌင်းဝတ်ဆင်ထားသော ဘောင်းဘီတို၏ ယာဘက်အိတ်ကပ်အတွင်းမှ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃ ပြား၊ ၂၄.၃ ဂရမ် တွေ့ရှိသဖြင့် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို ရှာဖွေပုံစံ (သက်သေခံ-ခ) ဖြင့်သိမ်းဆည်းပြီး ဒုရဲအုပ် ဇာနည်မောင်က မုံရွာနယ်မြေရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် (သက်သေခံ-က)ကို ရေးဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်သည်။

လျှောက်ထား၏ရှေ့နေက သန့်ဇင်ဖြိုးကို မုံရွာနယ်မြေရဲစခန်း မယ(ပ)၈/၂၀၁၈ နှင့် မယ(ပ)၉/၂၀၁၈ တို့နှင့်ပတ်သက်ပြီး ကြံရာပါအဖြစ်ဖမ်းဆီးခဲ့ကြောင်း၊ ထိုသို့ဖြစ်ပွားစဉ် စိုးငြိမ်းအောင် ဝတ်ဆင်ထားသော ဘောင်းဘီတို ယာဘက်အိတ်ကပ်အတွင်းမှ မူးယစ်ဆေးဝါးများကို တွေ့ရှိ သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း၊ သန့်ဇင်ဖြိုးမှ ပေးအပ်ထားခြင်းလည်း မရှိသည့်အပြင် စိုးငြိမ်းအောင်က မူးယစ်ဆေးဝါးများကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသယ်ဆောင်ရန်အတွက် ပူးပေါင်းကြံစည်ကူညီထောက်ပံ့ကြောင်း သက်သေခံချက်တစ်စုံတစ်ရာလည်းမရှိကြောင်း၊ စိုးငြိမ်းအောင်ထံတွင် မူးယစ်ဆေးဝါးများရှိကြောင်း သိရှိသူတစ်ဦးအနေဖြင့် စိုးငြိမ်းအောင်က မူးယစ်ဆေးဝါးများလက်ဝယ်ထားရှိခြင်းကို အားပေးကူညီသည်ဟုကောက်ယူသုံးသပ်နိုင်မည်မဟုတ်ကြောင်း၊ ထိုအခြေအနေတွင် မုံရွာခရိုင်တရားရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့က မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ စိုးငြိမ်းအောင်နှင့်ဆက်စပ်မှုရှိ

၂၀၂၁ ခုနှစ်
သန့်ဇင်ဖြိုး (ခ)
ရှမ်းကြီး (ခ) ကိုစိုင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ကြောင်း၊ မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ အားပေးကူညီကြောင်း သုံးသပ်၍ အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း၊ သို့ပါ၍ သန့်ဇင်ဖြိုးအား အမှုမှ အပြီးအပြတ်လွှတ်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက သန့်ဇင်ဖြိုး၏ ပြောပြချက်အရ မူးယစ်ဆေးဝါးများကို စိုးငြိမ်းအောင်ထံမှ ဝယ်ယူရရှိကြောင်း သိရသဖြင့် စိုးငြိမ်းအောင်ထံသို့ ဖုန်းဖြင့်ချိတ်ဆက်ခိုင်းခဲ့ပြီး သက်သေခံဆေးပြားများကို လာရောက်ပို့ဆောင်ရန် ပြောဆိုခိုင်းခဲ့ကြောင်း၊ ချိန်းဆိုထားသည့်နေရာသို့ အသင့်စောင့်ဆိုင်းနေစဉ် စိုးငြိမ်းအောင်မှာ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသဖြင့် ဝိုင်းဝန်းရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီတိုယာဘက် အိတ်ကပ်အတွင်းမှ မက်အင်ဖီတမင်းဆေးပြား ၂၄၃ ပြား၊ ၂၄.၈ဂရမ်နှင့်ငွေ ၂၇၇၅၀၀ ကျပ်ကို သိမ်းဆည်းရမိကြောင်း၊ သန့်ဇင်ဖြိုးမှာ စိုးငြိမ်းအောင်နှင့်ချိတ်ဆက်ပြီး မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့ကြောင်းပေါ်ပေါက်သဖြင့် စိုးငြိမ်းအောင်က စိတ်ကြွရူးသွပ်ဆေးပြားများကို ရောင်းချရန် အလို့ငှာလက်ဝယ်ထားရှိသယ်ဆောင်ရာတွင် အတူပူးပေါင်းကြံစည်ပြီး အားပေးကူညီခဲ့သည်ဟု သုံးသပ်တွေ့ရကြောင်း၊ **မောင်သာမြ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ အမှု**[၁] တွင် "အောက်ရုံးနှစ်ရုံး၏ အကြောင်းခြင်းရာနှင့် ပတ်သက်၍ တစ်သဘောတည်း ချမှတ်ထားသောအမိန့်သည် ထင်ရှားစွာ မှားယွင်းချွတ်ချော်နေပြီး မတရားဖြစ်နေသည်ကို မတွေ့ရ၊ ထို့ကြောင့်ပြင်ဆင်မှုရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန်မလိုကြောင်း" လမ်းညွှန်ထုံးဖွဲ့ထားကြောင်း၊ မုံရွာခရိုင်တရားရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့က ချမှတ်ထားသောအမိန့်များသည် ထင်ရှားစွာ မှားယွင်းချွတ်ချော်နေကြောင်း၊ မတရားဖြစ်နေကြောင်း မတွေ့ရသဖြင့် ပြင်ဆင်မှုအကြောင်းပြချက်များကို လက်ခံစဉ်းစားရန်မသင့်ကြောင်း၊ ရာဇဝတ်

၁။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၄၀

ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

မူလရုံးအမှုတွဲကို လေ့လာသည့်အခါတွင် လျှောက်ထားသူ သန့်ဇင်ဖြိုးသည် မုံရွာနယ်မြေရဲစခန်း၊ ပထမသတင်းပေးတိုင်ချက်အမှတ် မယ(ပ) ၈/၂၀၁၈ နှင့် မယ(ပ) ၉/၂၀၁၈ တို့ဖြင့် ရေးဖွင့်တိုင်တန်းခဲ့သည့် အမှုများတွင် ကွင်းဆက်တရားခံအဖြစ် ဖမ်းဆီးခြင်းခံထားရစဉ် စိုးငြိမ်းအောင် ဆိုသူထံမှ မူးယစ်ဆေးဝါးများဝယ်ယူခဲ့ကြောင်း ထွက်ဆိုချက်အရ ရဲအရာရှိကစေခိုင်းသဖြင့်စိုးငြိမ်းအောင်ထံသို့ ဖုန်းဖြင့်ချိတ်ဆက်၍ ပစ္စည်းပို့ခိုင်းခဲ့သည်။ ပစ္စည်းပို့ရန် ချိန်းဆိုသည့်နေရာတွင် စောင့်ဆိုင်းဖမ်းဆီးရာ စိုးငြိမ်းအောင်ထံမှ တွေ့ရှိသိမ်းဆည်းခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်ပတ်သက်၍ သန့်ဇင်ဖြိုးကိုပါ အားပေးကူညီသူအဖြစ် အမှုတွင်ထည့်သွင်း အရေးယူခဲ့ခြင်းဖြစ်သည်။

မူလခရိုင်တရားရုံးက သန့်ဇင်ဖြိုးသည် စိုးငြိမ်းအောင်နှင့်အတူ သက်သေခံဆေးပြားများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိရာတွင် ပူးပေါင်းကြံစည်ပြီး အားပေးကူညီခဲ့သည်ဟု သုံးသပ်ကာ ၎င်းအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခဲ့ပြီး အဆိုပါအမိန့်ကို စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က ဆက်လက်အတည်ပြုထားသည်။ သို့ဖြစ်၍ အမှုတွဲ ပေါ်ပေါက်ချက်အရ သန့်ဇင်ဖြိုးသည် စိတ်ကြွရူးသွပ်ဆေးပြားများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသူ စိုးငြိမ်းအောင်ကို အားပေးကူညီခြင်း ရှိ မရှိ ဆန်းစစ်ရန် လိုသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေတွင် “အားပေးကူညီခြင်း”ဆိုသည့် စကားရပ်၏အဓိပ္ပာယ်ကို ဖွင့်ဆိုထားခြင်းမရှိသဖြင့် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က)(၂၃)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အဓိပ္ပာယ်

ကောက်ယူရန်ဖြစ်သည်။ **ဦးစောသင်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမှု** [၂] ကို ရည်ညွှန်းသည်။

၂၀၂၁ ခုနှစ်
သန့်ဇင်ဖြိုး (ခ) ရှမ်းကြီး (ခ) ကိုစိုင်း နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

"အားပေးကူညီခြင်း"နှင့်ပတ်သက်၍၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က) (၂၃) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

> "အားပေးကူညီခြင်း သို့မဟုတ် အားပေးအားမြှောက်ပြုခြင်း ဆိုသောစကားရပ်တွင် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက်သောသူအား လှုံ့ဆော်ခြင်း သို့မဟုတ် ကူညီထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ရန် အခြားသူတစ်ဦးနှင့် ပူးပေါင်းကြံစည်ခြင်းတို့ ပါဝင်သည်။"

ထို့ပြင်ရာဇသတ်ကြီးပုဒ်မ ၃၉ တွင် "မိမိအလိုအလျောက်ပြုခြင်း" ဆိုသည့် စကားရပ်ကို အောက်ပါအတိုင်းဖွင့်ဆိုထားသည် -

> "တစ်ဦးတစ်ယောက်သောသူသည် အကျိုးသက်ရောက်စေရန် ကြံရွယ်၍ပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုစဉ် အကျိုးသက်ရောက်မည်ကို သိလျက်နှင့် ဖြစ်စေ၊ အကျိုးသက်ရောက်တန်ရာသည်ကို ယုံကြည်ရန်အကြောင်းရှိလျက်ဖြစ်စေပြုလျှင် ထိုသူသည် မိမိအလိုအလျောက်ပြုသည်မည်၏။"

ရဲအရာရှိက သန့်ဇင်ဖြိုးအား စိုးငြိမ်းအောင်ထံသို့ ဖုန်းဖြင့် ချိတ်ဆက်ခိုင်းခဲ့ပြီး သက်သေခံ စိတ်ကြွရူးသွပ်ဆေးပြားများကို လာရောက်ပို့ဆောင်ရန် ပြောဆိုခိုင်းသည်ကို ဒုရဲအုပ် ရန်အောင်ကျော် (လိုပြ-၁)၊ ဦးစိုးမြင့် (လိုပြ-၄) တို့၏ ထွက်ဆိုချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တင်ပြလျှောက်လဲချက်တို့တွင် တွေ့ရသည်။ ထိုသို့

၂။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၁

ရဲအရာရှိ၏ စေခိုင်းချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ဖုန်းဆက်မှာကြားပေးပို့ခိုင်းခဲ့ခြင်းသည် ၎င်း၏ အလိုအလျောက်ပေါ်ပေါက်လာသော စိတ်ဆန္ဒအရ ပြုမူဆောင်ရွက်ခဲ့သည်ဟုလည်းကောင်း၊ လာရောက်ပေးပို့သူထံမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းပြီး အဆိုပါ လာရောက်ပေးပို့သူနှင့်ပူးပေါင်းကြံစည်သည်ဟုလည်းကောင်း ဆိုနိုင်မည် မဟုတ်ပေ။

"An accomplice is a guilty associate in crime, but a trap witness is not an accomplice but merely a police decoy." **U TUN YEE V THE UNION OF MYANMAR**[၃] စီရင်ထုံးကို ကြည့်ပါ။

သို့ဖြစ်၍ ရဲအရာရှိ၏ စေခိုင်းချက်အရ တရားခံက အသွင်ယူ ဖုန်းဆက်မှာကြားသဖြင့်လာရောက်ပေးပို့သူထံမှစိတ်ကြွရူးသွပ်ဆေးပြား များတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး အဆိုပါ လာရောက်ပေးပို့သူအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားမှုဖြင့် အရေးယူခဲ့သောဖြစ်စဉ်တွင် တရားခံ၏ ဆောင်ရွက်ချက်သည် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က) (၂၃) ပါ "အားပေးကူညီခြင်း" ဆိုသည့် စကားရပ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉ ပါ "မိမိအလိုအလျောက်ပြုခြင်း" ဆိုသည့် စကားရပ်တို့တွင် အကျုံးဝင်သက်ဆိုင်သည်ဟု သုံးသပ်မည် ဆိုပါက ဥပဒေနှင့်ညီညွတ်မျှတမှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် အောက်ရုံးများ၏အမိန့်အပေါ် ဤရုံးမှ ဝင်ရောက်စွက်ဖက်ရန် အကြောင်း ပေါ်ပေါက်နေသည်။

---

၃။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၃၀

၂၀၂၁ ခုနှစ်
သန့်ဇင်ဖြိုး (ခ)
ရှမ်းကြီး (ခ) ကိုစိုင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုသည်။ တရားခံ သန့်ဇင်ဖြိုး (ခ) ရှမ်းကြီး (ခ) ကိုစိုင်းအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်သည့် မုံရွာခရိုင်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်များကို ပယ်ဖျက်လိုက်ပြီး သန့်ဇင်ဖြိုး (ခ) ရှမ်းကြီး (ခ) ကိုစိုင်းအား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။

+၂၀၂၁ ခုနှစ်
မေလ ၂၀ ရက်

## ရာဇဝတ်ပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန်ရှေ့တွင်

## ဦးသန်းစိုး

## နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**ပြစ်မှုနှင့်သက်ဆိုင်သည်ဆိုရာတွင် ပြစ်မှုကျူးလွန်၍ ရရှိသည့် ငွေကြေးဖြင့်ပစ္စည်းအားဝယ်ယူခြင်းနှင့် ပြစ်မှုကျူးလွန်ရာ တွင် အဆိုပါ ပစ္စည်းကို အသုံးချခြင်းတို့ပါဝင်ခြင်း**

**ဆုံးဖြတ်ချက်** ။ ။ အချင်းဖြစ်ယာဉ်သည် ပြစ်မှုနှင့်သက်ဆိုင်ခြင်း ရှိ မရှိ စဉ်းစားရန်မှာ အကြောင်းခြင်းရာပြဿနာဖြစ်သည်။ ပြစ်မှုနှင့်သက်ဆိုင် သည်ဆိုရာတွင် ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ပစ္စည်းအား ဝယ်ယူခြင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အဆိုပါပစ္စည်းကို အသုံးချခြင်း တို့ဖြစ်သည်။ သို့ဖြစ်၍ ယာဉ်ကို မည်သူကပိုင်ဆိုင်သည်ဆိုသည့် အချက် ကိုအခြေခံစဉ်းစားရန်မဟုတ်ဘဲ ပြစ်မှုကျူးလွန်၍ရရှိသည့် ငွေကြေးဖြင့် ဝယ်ယူခဲ့ခြင်း ဟုတ် မဟုတ်၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့ခြင်း ရှိ မရှိ ဆိုသည့်အချက်တို့ကို စိစစ်ရန်ဖြစ်သည်။

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၆၈၁ (ခ)

\+ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၀ (ခ) တွင်ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်စွဲပါ မွန်ပြည်နယ်တရားလွှတ်တော်၏အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

၂၀၂၁ ခုနှစ်
ဦးသန်းစိုး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

လျှောက်ထားသူအတွက် - ကိုယ်တိုင်

လျှောက်ထားခံရသူအတွက် - ဒေါ်သီသီစန်း၊
လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

မော်လမြိုင်ခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀၄ တွင် တရားခံ နေလင်းနှင့်မျိုးသန့်တို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီးနောက်သက်သေခံ HONDA NCX 110 အမျိုးအစား ထိုင်းနိုင်ငံလုပ် အနက်ရောင်မော်တော်ဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ယာဉ်ပိုင်ရှင်ဟု အဆိုရှိသူ ဦးသန်းစိုးက ယာဉ်ပြန်လည်ရရှိရေးအတွက် မွန်ပြည်နယ်တရားလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၄၀ (ခ) ဖြင့် လျှောက်ထားရာ ပလပ်ခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ၅-၈-၂၀၁၉ ရက်နေ့ ၁၅:၁၀ အချိန်တွင် မော်လမြိုင်မြို့၊ အမှတ် (၃၈)၊ မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူး စောမိုးအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သတင်းအရ မော်လမြိုင်မြို့၊ ရွှေပြည်စိုးရပ်ကွက်၊ အုတ်ဖိုမြို့ပတ်လမ်း၊ အမှတ် (၁၅၃) ရှိ နေလင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ အိမ်ရှင်နေလင်းနှင့် ၎င်း၏ဦးလေးတော်စပ်သူ မျိုးသန့်၊ ဖြိုးမောင်မောင်ဦး၊ ဇင်ဝေငြိမ်းတို့ (၄) ဦးအား ထိုင်လျက်တွေ့ရပြီး ၎င်းတို့ထိုင်နေသော ကော်ဇောအောက်မှ M-150 ပုလင်းအတွင်း ရောင်စုံအအေးစုပ်ပိုက်များနှင့်ထည့်ထားသော ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၆ ပြား (၉.၆ ဂရမ်)၊ ၎င်းတို့ထိုင်နေသည့်ရှေ့ နေအိမ်ကြွေပြားခင်းပေါ်မှ စိတ်ကြွဆေးသုံးစွဲရာတွင် အသုံးပြုသည့်

ပစ္စည်းများ၊ အိမ်ရှေ့တွင်ရပ်ထားသော HONDA NCX 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိခဲ့သည်။ အဆိုပါပစ္စည်းများကို သက်သေခံ (ဂ) ရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့ပြီး ၎င်းတို့ ၄ ဦးအပေါ် ဥပဒေအရအရေးယူပေးရန် ဒုရဲမှူးစောမိုးအောင်က သက်သေခံ (က) ပထမသတင်းပေးတိုင်ချက်ရေးဖွင့်တိုင် တန်းခဲ့သောအမှုဖြစ်သည်။

လျှောက်ထားသူက အချင်းဖြစ်နေရာကို ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ တရားခံ ၄ ဦးကို အနောက်ဖက်အဆောင်အတွင်းမှ ဖမ်းဆီးရမိပြီး ဆိုင်ကယ်မှာ အဆောက်အဦရှေ့တွင် ရပ်ထားလျှက် တွေ့ရှိခြင်းဖြစ်ကြောင်း၊သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများကို အချင်းဖြစ်ဆိုင်ကယ်အတွင်းမှတွေ့ရှိခဲ့ခြင်းမဟုတ်ကြောင်း၊ အချင်းဖြစ်ဆိုင်ကယ်မှာ တရားခံနေလင်း၏ ဖခင်လျှောက်ထားသူကပိုင်ဆိုင်ကြောင်း၊ ဆိုင်ကယ်ကို အိမ်ရှေ့တွင် ရပ်ထားစဉ်သိမ်းဆည်းခဲ့သည့်အချက်ကို မူလရုံးတော်နှင့် ပြင်ဆင်မှုရုံးတော်တို့က အလေးအနက်သုံးသပ်မှုမပြုဘဲ လျှောက်ထားသူအား ပြန်မပေးခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ အချင်းဖြစ်ဆိုင်ကယ်မှာ လျှောက်ထားသူက မြတ်နန်းယုံငွေရေးကြေးရေး ဝန်ဆောင်မှုကုမ္ပဏီ လီမီတက်မှအရစ်ကျဝယ်ယူထားရာ အမှုအားအမိန့်ချပြီးနောက် ၂၀-၄-၂၀၂၀ ရက်နေ့တွင် (၁၁) ရစ်မြောက်ငွေပေးသွင်းခဲ့ရကြောင်း၊ ၂၀-၅-၂၀၂၀ ရက် နေ့တွင် (၁၂) ရစ်မြောက် ငွေပေးသွင်းခဲ့ရပြီး ဆိုင်ကယ်နှင့်ပတ်သက်သည့် ပိုင်ဆိုင်ခွင့်စာအုပ်၊ ဗိုးတက်တို့ကိုရရှိခဲ့ကြောင်း၊ ၂၃-၅-၂၀၂၀ ရက်နေ့တွင် ဆိုင်ကယ်နံပါတ် ၇၂ယ/၉၁၃၈၅ ကိုပေးခဲ့ကြောင်း၊ ဆိုင်ကယ်ကို ဘဏ္ဍာသိမ်းခံရမည်ဆိုပါက လျှောက်ထားသူအတွက် များစွာနစ်နာသဖြင့် အချင်းဖြစ်ဆိုင်ကယ်အား လျှောက်ထားသူသို့ ပြန်လည်ပေးအပ်စေသည့် အမိန့်ချမှတ်ပေးပါရန် ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲတင်ပြလျှောက်လဲသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားသူသည် သက်သေခံဆိုင်ကယ်နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း အထောက်အထားများကို သက်သေခံအဖြစ် မူလခရိုင်တရားရုံး၌ တင်ပြခဲ့ခြင်းမရှိသော်လည်း ဤအမှုတွင် ပူးတွဲတင်ပြထားကြောင်း၊ တရားခံ နေလင်းအား ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်၍ ပြစ်မှုနှင့်သက်ဆိုင်သည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမိန့်သည် ဥပဒေနှင့် ညီညွတ်သော်လည်း အချင်းဖြစ်ချိန်က သက်သေခံဆိုင်ကယ်သည်နေအိမ်ရှေ့တွင်ရပ်ထားစဉ်သိမ်းဆည်းခဲ့ခြင်းဖြစ်၍လျှောက်ထားသူ၏ ပြင်ဆင်မှုအကြောင်းပြချက်အပေါ် ပြန်လည်စဉ်းစားသင့်ပါကြောင်း တင်ပြလျှောက်လဲသည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (က) တွင် "ပုဒ်မ ၁၆ မှ ပုဒ်မ ၂၁ အထိပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် အမိန့်ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားသည်။

အချင်းဖြစ်ယာဉ်သည် ပြစ်မှုနှင့်သက်ဆိုင်ခြင်းရှိ မရှိ စဉ်းစားရန်မှာ အကြောင်းခြင်းရာပြဿနာဖြစ်သည်။ ပြစ်မှုနှင့်သက်ဆိုင်သည်ဆိုရာတွင်ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ပစ္စည်းအား ဝယ်ယူခြင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အဆိုပါပစ္စည်းကို အသုံးချခြင်းတို့ဖြစ်သည်။ သို့ဖြစ်၍ယာဉ်ကို မည်သူကပိုင်ဆိုင်သည်ဆိုသည့်အချက်ကို အခြေခံစဉ်းစားရန်မဟုတ်ဘဲ ပြစ်မှုကျူးလွန်၍ ရရှိသည့်ငွေကြေးဖြင့် ဝယ်ယူခဲ့ခြင်း ဟုတ် မဟုတ်၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့ခြင်း ရှိ မရှိဆိုသည့် အချက်တို့ကို စိစစ်ရန်ဖြစ်သည်။

ယခုအမှုတွင် အချင်းဖြစ်ဆိုင်ကယ်ကို တရားခံနေလင်းက မူးယစ်ဆေးဝါး ရောင်းချရာတွင် အသုံးပြုခဲ့သည်ဟု ပထမသတင်းပေး တိုင်ချက်၊ တရားလိုနှင့်ရဲတပ်ဖွဲ့ဝင်လိုပြ သက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံ(ဂ)ရှာဖွေပုံစံပေါ်တွင် ရေးသွင်းချက်များ၌ တွေ့ရသည်။

သို့သော်ရှာဖွေသက်သေများဖြစ်သည့် ဦးစိုးမြင့် (လိုပြ-၃) နှင့် ဦးမြင့်ဖေ(လိုပြ-၆) တို့က ရုံးရှေ့ထွက်ဆိုရာတွင် နေအိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်းသာ ထွက်ဆိုထားပြီး တရားခံနေလင်းက မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့်ဆိုင်ကယ်ဖြစ်ကြောင်း ပြောဆိုပေးအပ်ခဲ့သည်ဟုထွက်ဆိုချက် မတွေ့ရပေ။

အချင်းဖြစ်ဆိုင်ကယ်တွေ့ရှိပုံမှာလည်း နေအိမ်ရှေ့တွင်ရပ်ထားစဉ် တွေ့ရှိခြင်းဖြစ်ပြီး ဆိုင်ကယ်အတွင်းမှ မူးယစ်ဆေးဝါးများမတွေ့ရခြင်း၊ အချင်းဖြစ်စဉ်တွင်ငွေကြေးများသိမ်းဆည်းရရှိမှု မရှိခြင်းတို့ကြောင့် တရားခံနေလင်းက အချင်းဖြစ်ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်သည့် အနေအထားမတွေ့ရပေ။ ထိုသို့သောအခြေအနေတွင် အချင်းဖြစ်ဆိုင်ကယ်အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်ဖြစ်ကြောင်း ကောက်ယူ ဆုံးဖြတ်ပါက ထင်ကြေးဖြင့်အပြစ်ပေးသည့် သဘောသက်ရောက်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါက မျှတမှန်ကန်သည်ဟု မဆိုနိုင်ပေ။ **ဦးအောင်ငွေ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၁] ကို ကြည့်ပါ။

တရားခံနေလင်းအနေဖြင့် အချင်းဖြစ်ဆိုင်ကယ်မှာ ဖခင်ဖြစ်သူ၏ ဆိုင်ကယ်ဖြစ်ကြောင်း တရားလို ဒုရဲမှူး စောမိုးအောင်အား စစ်မေး

---

၁။ ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၁

စဉ်က ပြန်လှန်မေးမြန်းထားသည်။ အဆိုပါ ဆိုင်ကယ်ကို သိမ်းဆည်းစဉ်ကယာဉ်နံပါတ်ကိုဖော်ပြထားခြင်းမရှိသော်လည်းအချင်းဖြစ်ဆိုင်ကယ်သည် တရားမဝင်သည့် လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း တရားလိုဘက်က စွပ်စွဲတင်ပြထားသည်ကို မတွေ့ရပေ။ လျှောက်ထားသူကလည်း အချင်းဖြစ်ဆိုင်ကယ်ကို အရစ်ကျဝယ်ယူခဲ့ပြီး ၂၃-၅-၂၀၂၀ ရက်နေ့မှ ယာဉ်နံပါတ် ၇၂ယ/၉၁၃၈၅ ကို ရရှိခဲ့ကြောင်း တင်ပြထားသည်။ မူလခရိုင်တရားရုံးက အမှုကို ၇-၄-၂၀၂၀ ရက်နေ့တွင် အမိန့်ချမှတ် ခဲ့ရာတွင် လျှောက်ထားသူအနေဖြင့်မူလရုံးအမှုတွဲတွင် ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိစေကာမူ အချင်းဖြစ်ဆိုင်ကယ်မှာ ၎င်းပိုင်ဆိုင်ကြောင်းတင်ပြချက်မှာ ကျိုးကြောင်းဆီလျော်မှုရှိသည်ဟု ဆိုနိုင်သည်။

အချင်းဖြစ်ဆိုင်ကယ်ကို တရားခံ နေလင်းက မူးယစ်ဆေးဝါး ရောင်းဝယ်၍ ရရှိသော ငွေကြေးဖြင့်ဝယ်ယူခဲ့ကြောင်း သက်သေခံချက်တစ်စုံတစ်ရာမရှိသဖြင့် အဆိုပါ ဆိုင်ကယ်သည် ပြစ်မှုနှင့်သက်ဆိုင်သည်ဟု ကောက်ယူနိုင်မည်ဟုတ်ပေ။ **မောင်တင့်လွင်(ခ)တောသား နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၂] ကို ရည်ညွှန်းသည်။

ထိုသို့ပေါ်ပေါက်နေသည့်အခြေအနေတွင်သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (က) နှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြင်ဆင်မှုရုံးအနေဖြင့် တည့်မတ်ပေးရန်လိုအပ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ အချင်းဖြစ် HONDA NCX 110 အမျိုးအစား၊ ထိုင်းနိုင်ငံလုပ်အနက်ရောင် မော်တော်ဆိုင်ကယ်

၂။ ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၁

၂၀၂၁ ခုနှစ်
ဦးသန်းစိုး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အား ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သည့် မော်လမြိုင်ခရိုင်တရားရုံး၏ အမိန့်ကိုအတည်ပြုခဲ့သော မွန်ပြည်နယ်တရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်ပြီး အဆိုပါ ဆိုင်ကယ်ကို လျှောက်ထားသူ ဦးသန်းစိုးသို့ ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

**ရာဇဝတ်ပြင်ဆင်မှု**

+၂၀၂၁ ခုနှစ်
ဇွန်လ ၁၇ ရက်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးတင်ဟုန် ရှေ့တွင်**

**ဦးအေးချိုပါ-၂**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ-၂***

**အမှုသည်တစ်စုံတစ်ဦးက တင်သွင်းသော အမှုနှင့်စပ်ဆိုင်သည့် သက်သေခံချက်များကို စစ်ဆေးစီရင်မှု၏ မည်သည့် အဆင့်တွင်မဆို သက်သေခံအဖြစ်လက်ခံရန်တရားရုံး တွင် မူလဘူတအာဏာရှိခြင်း**

**ဆုံးဖြတ်ချက်**။ ။ စာတမ်းအမှတ်အသားသက်သေခံချက် တစ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံဝင်သည်၊ မဝင်သည်ကို ဆုံးဖြတ်နိုင်ခွင့်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၃၆ အရ တရားသူကြီး၏ အခွင့်အာဏာ ဖြစ်သည်။

အကြောင်းခြင်းရာတစ်ခုသည် သက်သေခံဝင်ရန်အတွက် သက်သေခံအက်ဥပဒေပုဒ်မ ၅ အရ အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာများ ဟုတ် မဟုတ် စိစစ်ရန် သာဖြစ်သည်။

စစ်ဆေးစီရင်သည့်အမှုတွင် သတ်မှတ်ထားသည့်အဆင့် ကျော်လွန်

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၃၈ (ခ)

\+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၂၆ (ခ) ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

၂၀၂၁ ခုနှစ်
ဦးအေးချိုပါ- ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ-၂

ပြီးနောက် ပြစ်မှုအတွက် သက်သေပြရန်အမှုနှင့် စပ်ဆိုင်ပြီး အခြားနည်းဖြင့်သက်သေခံမဝင်ကြောင်း ပိတ်ပင်ထားခြင်းမရှိသော သက်သေခံချက်ကို သက်သေခံအဖြစ်လက်ခံခြင်းအား ပိတ်ပင်သည့်ဥပဒေပြဋ္ဌာန်းချက်မရှိပေ။

အယူခံရုံးပင်လျှင် အမှုကို ထိုက်သင့်သလို အဆုံးအဖြတ်ပေးရန် သက်သေခံချက်ကို လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ နောက်ထပ်သက်သေခံ ချက်ရယူနိုင်သည်။ ထို့ပြင် အမှုစပ်ဆိုင်ပြီး တရားမျှတမှန်ကန်ရေးအတွက် လိုအပ်ကြောင်းတွေ့ရှိရလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပါ ပြင်ဆင်မှုအာဏာအရ သက်သေခံချက်အသစ်ကို လက်ခံနိုင်သည်။

သို့ဖြစ်၍ အမှုသည်တစ်စုံတစ်ဦးကတင်သွင်းသော အမှုနှင့် စပ်ဆိုင်သည့် သက်သေခံချက်ကို စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်တွင်မဆို သက်သေခံအဖြစ်လက်ခံရန် တရားရုံးတွင် မူလဘူတအာဏာရရှိကြောင်း ထင်ရှားသည်။

လျှောက်ထားသူများအတွက် - ကိုယ်တိုင်

လျှောက်ထားခံရသူ (၁) အတွက် - ဦးဆန်းထွန်းဦး၊
လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူ (၂) အတွက် - ဒေါ်သက်သက်မာ၊
တရားလွှတ်တော်ရှေ့နေ

ပဲခူးမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄၉၃ တွင် ဦးအောင်ဇော်ဦး က ဦးအောင်သီဟဖြိုးနှင့် ဦးအေးချိုတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၇၉၊ ၄၂၇/ ၁၀၉ အရ စွဲဆိုသည်။ မြို့နယ်တရားရုံး

၂၀၂၁ ခုနှစ်
ဦးအေးချိုပါ-၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ-၂

က ဦးအောင်သီဟဖြိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၇၉ အရလည်းကောင်း၊ ဦးအေးချိုအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၇၉/၁၁၄ အရလည်းကောင်း စွဲချက်တင်ခဲ့သည်။ ၎င်းနောက် ဦးအေးချို (ခံပြ-၂)အား စစ်မေးစဉ် ၁၈-၁၂-၂၀၁၃ ရက်စွဲပါ စာကို သက်သေခံတင်သွင်းရာ သက်သေခံ(၃) အဖြစ်လက်ခံခဲ့သည်။ ဦးအေးချိုအား ပြန်လှန်စစ်မေးသည့်အဆင့်တွင် တရားလိုဘက်က ၃၁-၈-၂၀၁၅ ရက်စွဲပါစာကို သက်သေခံအဖြစ် တင်သွင်းခဲ့ရာ မြို့နယ်တရားရုံးက ခွင့်မပြုခဲ့ပေ။ ပဲခူးခရိုင်တရားရုံး ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅ တွင် ခရိုင်တရားရုံးက မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ၃၁-၈-၂၀၁၅ ရက်စွဲပါစာကို သက်သေခံ အဖြစ်လက်ခံခဲ့ပြီး သက်သေခံ (ည) အဖြစ်မှတ်သားထားသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂၆ (ခ) တွင်လည်း ခရိုင်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုခဲ့သည်။ ထို့ကြောင့် ဦးအေးချိုတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ထန်းပင်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၁၇၁-ဃနှင့် ကွင်းအမှတ် ၁၁၇၁-ဆ၊ ဦးပိုင်အမှတ် ၅၆၇+၈/၄၆၃၊ ဧရိယာ ၅.၆၀ ဧကရှိ ဥယျာဉ်ခြံမြေကို ၄-၃-၂၀၁၄ ရက်နေ့၌ ဦးအောင်ဇော်ဦးသည် ဦးကျော်လွင်ထံမှဝယ်ယူကာကွန်ကရစ်တိုင် ၆၁ တိုင်ဖြင့် ၂၆-၃-၂၀၁၅ ရက်နေ့တွင် ခြံစည်းရိုးကာခဲ့ရာမှ ထိုခြံစည်းရိုးတိုင်များ ပျောက်ဆုံး၍ မေးမြန်းစုံစမ်းရာ ခြံမြေနှင့် ကပ်လျက်နေထိုင်သူ ဦးအေးချို ခိုးယူကြောင်းသိရသဖြင့် ဦးအောင်ဇော်ဦးက ပဲခူးမြို့နယ်တရားရုံးတွင် ဦးအေးချိုနှင့်အောင်သီဟဖြိုးတို့ကို အရေးယူပေးရန် ဦးတိုက်လျှောက်ထားမှုဖြစ်သည်။

၂၀၂၁ ခုနှစ်
ဦးအေးချိုပါ- ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ-၂

လျှောက်ထားသူ ဦးအေးချိုက တရားလိုကိုစစ်ဆေးစဉ်က သက်သေခံစာအဖြစ်တင်ပြခဲ့ခြင်းမရှိဘဲ တရားခံနှင့် တရားခံပြသက်သေများ စစ်ဆေးဆဲအဆင့်တွင် ပြန်လှန်စစ်မေးသည့်အခါမှ တရားလိုက သက်သေခံတင်သွင်းလာခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေကို ဆန့်ကျင်ရာရောက်ပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၄(၁)(၂)နှင့် ပုဒ်မ ၂၅၂ တို့အရ တရားလို ဘက်ထောက်ခံတင်ပြရန် သက်သေခံချက် ရယူနိုင်သည့် အချိန်ကျော်လွန်သွားပြီးဖြစ်သဖြင့် တရားလိုဘက် သက်သေခံအထောက်အထားရရန်အကြောင်းမရှိတော့ပါဟု တင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက **ဦးသာကြံ နှင့် ဒေါ်ကြိုင် ပါ ၂ အမှု**[၁] ကို ရည်ညွှန်းပြီး တရားလိုဘက်တင်ပြသည့် ၃၁-၈-၂၀၁၅ ရက်စွဲပါ စာမှတ်စာတမ်းကို သက်သေခံအဖြစ် လက်ခံခဲ့သည့် ခရိုင်တရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တို့မှာ ဥပဒေအရ မှန်ကန်မှုရှိပါသည်ဟု တင်ပြလျှောက်လဲသည်။

ဦးအောင်ဇော်ဦး၏ရှေ့နေကလည်း ၃၁-၈-၂၀၁၅ ရက်စွဲပါ စာတမ်းအမှတ်အသားသည် သက်သေခံအက်ဥပဒေပုဒ်မ ၉ အရ စပ်ဆိုင်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် ခရိုင်တရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တို့က တစ်သဘောတည်းဆုံးဖြတ်၍ အဆိုပါ စာရွက်အား သက်သေခံအဖြစ် လက်ခံခွင့်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိပါသည်ဟု တင်ပြလျှောက်လဲသည်။

သက်သေများတင်ပြရန်နှင့် စစ်ဆေးရန်အစီအစဉ်ကို ရာဇဝတ်ဆိုင်ရာကျင့်ထုံးနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ သတ်မှတ်ရမည်ဟု သက်သေခံအက်ဥပဒေပုဒ်မ ၁၃၅ တွင် ပြဋ္ဌာန်းထားသည်။ ရာဇဝတ်မှုများတွင် တရားလိုဘက် သက်သေခံချက်များရယူခြင်းနှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၄၊ ပုဒ်မ ၂၅၂၊ ၂၅၆ နှင့် ၂၅၇

၁။ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၄

တို့ကို ပြဋ္ဌာန်းထားခြင်းသည် သက်သေများကိုတင်ပြရန်နှင့် စစ်ဆေးရန် အစီအစဉ်ကို သတ်မှတ်ထားခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ်
ဦးအေးချိုပါ- ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ-၂

သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် "သက်သေခံချက်" ဆိုသည်မှာ သက်သေအဖြစ် အစစ်ခံသူများ၏ထွက်ဆိုချက် (နှုတ်သက်သေခံချက်) နှင့် စာတမ်းအမှတ်အသားသက်သေခံချက်တို့ဖြစ်ကြောင်း အဓိပ္ပာယ်ဖော်ပြထားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ တွင် တရားလိုဘက်သက်သေခံချက်များရယူခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်။ ဦးစွာ တရားလိုကိုယ်တိုင် မိမိဘက်မှတင်ပြနိုင်သမျှ သက်သေခံချက်များကို တင်ပြရသည်။ ၎င်းနောက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂(၂) အရ အမှုကိစ္စကို သိရှိသူများအား တိုင်ကြားသူထံမှဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ သိရှိနိုင်ရန် တရားသူကြီးကဖော်ထုတ်ပြီး တရားရုံးသို့ ဆင့်ခေါ်စစ်မေးရသည်။ တရားလိုဘက် သက်သေခံချက်များရယူပြီးနောက် တရားခံက ခုခံချေပရန်အဆင့်တွင် တရားရုံး၏ အခွင့်အာဏာမှအပ တရားလိုဘက်မှနောက်ထပ် သက်သေအသစ်တင်ပြစစ်ဆေးခွင့်ကို အခွင့်အရေးတစ်ရပ်အနေဖြင့် အရေးဆိုခွင့်မရှိတော့ပေ။

စာတမ်းအမှတ်အသားသက်သေခံချက်တစ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံဝင်သည်၊ မဝင်သည်ကို ဆုံးဖြတ်နိုင်ခွင့်မှာသက်သေခံအက်ဥပဒေပုဒ်မ ၁၃၆ အရ တရားသူကြီး၏ အခွင့်အာဏာဖြစ်သည်။

အကြောင်းခြင်းရာတစ်ခုသည် သက်သေခံဝင်ရန်အတွက် သက်သေခံအက်ဥပဒေ ပုဒ်မ ၅ အရ အငြင်းဖြစ်သည့်အကြောင်းခြင်းရာများ သို့မဟုတ် စပ်ဆိုင်သောအကြောင်းခြင်းရာများ ဟုတ် မဟုတ် စိစစ်ရန်သာဖြစ်သည်။

စစ်ဆေးစီရင်သည့်အမှုတွင် သတ်မှတ်ထားသည့်အဆင့်ကျော်လွန်ပြီးနောက် ပြစ်မှုအတွက် သက်သေပြရန် အမှုနှင့် စပ်ဆိုင်ပြီး အခြားနည်းဖြင့် သက်သေခံမဝင်ကြောင်း ပိတ်ပင်ထားခြင်းမရှိသော သက်သေခံချက်ကို သက်သေခံအဖြစ်လက်ခံခြင်းအား ပိတ်ပင်သည့်ဥပဒေပြဋ္ဌာန်းချက်မရှိပေ။

အယူခံရုံးပင်လျှင် အမှုကို ထိုက်သင့်သလိုအဆုံးအဖြတ်ပေးရန် သက်သေခံချက်ကို လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ နောက်ထပ် သက်သေခံချက်ရယူနိုင်သည်။ ထို့ပြင် အမှုနှင့်စပ်ဆိုင်ပြီး တရားမျှတမှန်ကန်ရေးအတွက် လိုအပ်ကြောင်း တွေ့ရှိရလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပါ ပြင်ဆင်မှုအာဏာအရ သက်သေခံချက်အသစ်ကို လက်ခံနိုင်သည်။

သို့ဖြစ်၍ အမှုသည်တစ်စုံတစ်ဦးကတင်သွင်းသောအမှုနှင့် စပ်ဆိုင်သည့် သက်သေခံချက်ကို စစ်ဆေးစီရင်မှု၏ မည်သည့်အဆင့်တွင်မဆို သက်သေခံအဖြစ်လက်ခံရန် တရားရုံးတွင် မူလဘူတအာဏာရရှိကြောင်း ထင်ရှားသည်။

ထို့ကြောင့် ယခုအမှုတွင် ဦးအောင်ဇော်ဦးတင်သွင်းသည့် ၃၁-၈-၂၀၁၅ ရက်စွဲပါ စာသည် အမှုနှင့်စပ်ဆိုင်ခြင်း ရှိ မရှိ၊ အခြားနည်းဖြင့် သက်သေခံမဝင်ကြောင်း ပိတ်ပင်ထားခြင်း ရှိ မရှိ စိစစ်ရန်လိုသည်။

ဦးအေးချို (ခံပြ-၂) အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၇၉/၁၁၄ အရ စွဲချက်တင်ခဲ့ရာ ၎င်း၏မြေအတွင်းကျောက်တိုင်များ ဝင်ရောက်စိုက်ထူခဲ့ခြင်းဖြစ်၍ အပြစ်မရှိဟု ထုချေခဲ့သည်။ ၎င်းတင်ပြသည့် ၁၈-၁၂-၂၀၁၃ ရက်စွဲပါစာ (သက်သေခံ- ၃) တွင် ဒေါ်ခင်အေးမူက ဦးကျော်လွင်အား ရောင်းချခဲ့သောမြေမှာ ၅.၆၀ ကေသာဖြစ်ပြီး ဦးအေးချိုစိုက်ပျိုးထားသောမြေ ၂ ကေကို ဦးအေးချိုအားလွှဲပြောင်းပေးရန် သဘောတူကြောင်း

ဖော်ပြထားပြီး ဒေါ်ခင်အေးမူနှင့် ဦးအေးချိုတို့၏ အမည်နှင့်လက်မှတ်တို့ကို ဖော်ပြထားသည်။

ဦးအောင်ဇော်ဦး (လိုပြ-၁) က တင်သွင်းသည့် ၃၁-၈-၂၀၁၅ ရက်စွဲပါစာ (သက်သေခံ-ည) တွင် ဒေါ်ခင်အေးမူက ဦးကျော်လွင်အား ဥယျာဉ်ခြံမြေ ၅.၆၀ ကေကို မြေကြီးမြေပုံပါ အတိုင်း ရောင်းချခဲ့ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း လွှဲပြောင်းထားခြင်း၊ ပေးကမ်းထားခြင်း၊ ရောင်းချထားခြင်းမရှိကြောင်း ဖော်ပြထားပြီး ဒေါ်ခင်အေးမူ၏အမည်နှင့် လက်မှတ်ကို ဖော်ပြထားသည်။

ဦးအေးချို(ခံပြ-၂)က ဒေါ်ခင်အေးမူပိုင်မြေ ၂ ကေခန့်ကို ဒေါ်ခင်အေးမူက မိမိအား ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈-၁၂-၂၀၁၃ ရက်စွဲပါစာ (သက်သေခံ- ၃) ဖြင့် ခုခံချေပခြင်းအပေါ် ဦးအောင်ဇော်ဦး (လိုပြ-၁)က ဒေါ်ခင်အေးမူပိုင်မြေကို မည်သူကိုမျှ ပေးကမ်းခဲ့ခြင်း မရှိကြောင်း၊ ၃၁-၈-၂၀၁၅ ရက်စွဲပါစာ (သက်သေခံ-ည) ဖြင့် ငြင်းဆိုသော အချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၉ အရ စပ်ဆိုင်သော အကြောင်းခြင်းရာဖြစ်သည်ဟု ပေါ်ပေါက်သည်။ ၃၁-၈-၂၀၁၅ ရက်စွဲပါစာ (သက်သေခံ-ည) သည် အခြားနည်းဖြင့် သက်သေခံမဝင်ကြောင်း ပိတ်ပင်ထားသည့် သက်သေခံချက်ဖြစ်သည်ဟုလည်း ပေါ်ပေါက်ခြင်း မရှိပေ။ တရားလိုဘက်သက်သေခံချက်များ တင်ပြစဉ်က လစ်ဟင်းခဲ့သည့်သက်သေခံချက်အသစ်တစ်ရပ်ကို မိမိစွဲဆိုသည့်အမှုအတွက် အထောက်အကူပြုစေရန် ထပ်မံကြိုးပမ်းခြင်းမျိုးမဟုတ်ကြောင်းလည်း ပေါ်ပေါက်သည်။

ထို့ပြင် ဦးအေးချိုတို့သည် ၃၁-၈-၂၀၁၅ ရက်စွဲပါစာ (သက်သေခံ-ည) နှင့်စပ်လျဉ်း၍ ပြန်လည်ချေပရန် လုံလောက်သော အခွင့်အရေးရရှိ

၂၀၂၁ ခုနှစ်

ဦးအေးချိုပါ- ၂

နှင့်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ-၂

နိုင်သည်ဖြစ်၍ ၎င်းတို့အပေါ် ထိခိုက်နစ်နာစေသည်ဟုလည်း မဆိုနိုင်ပေ။

ခရိုင်တရားရုံးက ၃၁-၈-၂၀၁၅ ရက်စွဲပါစာ (သက်သေခံ-ည) သည် သက်သေခံအက်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အမှုနှင့် စပ်ဆိုင်ကြောင်း ကောက်ယူပြီး သက်သေခံအဖြစ် လက်ခံခဲ့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟု ပေါ်ပေါက်ခြင်းမရှိသဖြင့် ယင်းအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်တို့အပေါ် ဤရုံးက ဝင်ရောက်စွက်ဖက်ရန်မသင့်ဟု ယူဆသည်။

တိုင်းဒေသကြီးတရားလွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ ပါ ပြင်ဆင်မှုအာဏာအရဆုံးဖြတ်သည့် အမှု၏စီရင်ချက်တွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကိုးကားသုံးသပ်ခဲ့ခြင်း သည် ပေါ့ဆလွန်းရာရောက်သည်။ ထို့ကြောင့် နောင်တွင် အလားတူ ပေါ့ဆစွာ ဆောင်ရွက်ခြင်းမျိုး မပေါ်ပေါက်စေရန် သတိချပ်စေလိုပေ သည်။

အထက်ပါ အကြောင်းများကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်လိုက်သည်။

+၂၀၂၁ ခုနှစ်
ဧပြီ ၇ ရက်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန်ရှေ့တွင်

## အောင်ဇော်ဦး(ခ)အဲဇော် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**ပူးတွဲတရားခံတစ်ဦး၏ ရဲထံပြောကြားချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော သက်သေခံချက်မဟုတ်သဖြင့် တရားခံအပေါ်အပြစ်ပေးရန် အခြေခံအဖြစ်အသုံးမပြုနိုင်ခြင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်သည် အခိုင်အမာဖြစ်နေသော တရားဝင်သက်သေခံချက် (Legal testimony) အပေါ် အခြေခံရန်ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်**။ ။ ပူးတွဲတရားခံတစ်ဦး၏ဖြောင့်ချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သက်သေခံချက်မဟုတ်ပေ။ ထို့ကြောင့်အပြစ်ပေးရန် အခြေခံအဖြစ်မသုံးနိုင်ပေ။ အခြားသက်သေခံချက်ကို ထောက်ခံသည့်အနေဖြင့်သာ အသုံးပြုနိုင်သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အလှ(ခ)မောင်လှ ပါ ၃** အမှုကို

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၆၉(ခ)

\+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၈၆ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို တက်ရောက်သည့် ပြင်ဆင်မှု

ရည်ညွှန်းသည်။

တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ရဲထံပြောကြားချက်သည် ကတိသစ္စာပြု၍ ထွက်ဆိုသောပြောဆိုချက်မဟုတ်သည့်အပြင် လျှောက်ထားသူရှေ့တွင် ပြောဆိုချက်မဟုတ်သည်သာမက ပြန်လှန်မေးမြန်းခွင့်မရသော ပြောဆိုချက်ဖြစ်သည်။ ထို့ပြင်တရားခံ အောင်မြတ်နိုင်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) အရ ရုံးရှေ့၌ ထွက်ဆိုရာတွင် လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍ သယ်ဆောင်ရန် စေခိုင်းခြင်းမရှိပါ၊ ရဲထံတွင်လည်း ထိုသို့ထွက်ဆိုခဲ့ခြင်းမရှိပါဟု ထွက်ဆိုသည်။ ထို့ကြောင့် တရားခံအောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ ရဲထံပြောကြားချက်သည် သက်သေခံအရာတွင် အားနည်းလျက်ရှိကြောင်း ကောက်ယူနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရာဇဝတ်မှုများတွင် တရားခံ ပြစ်မှုကျူးလွန်ကြောင်းသံသယမရှိဘဲ ထင်ရှားအောင် တရားလိုဘက်က သက်သေထင်ရှားပြသရန် တာဝန်ရှိသဖြင့် တရားရုံးကလည်း တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သံသယလုံးဝမရှိသည်အထိ စဉ်းစားဆင်ခြင်ပြီးမှသာ ပြစ်မှုထင်ရှားစီရင်ရန်ဖြစ်သည်။ တရားရုံး၏ဆုံးဖြတ်ချက်သည် သံသယအပေါ် အခြေခံရန်မဟုတ်ဘဲ အခိုင်အမာဖြစ်နေသော တရားဝင်သက်သေခံချက်များအပေါ် အခြေခံရန်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဒေါ်ခိုင်ဇာလင်း၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးဆုချို၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြင်ဦးလွင်ခရိုင်တရားရုံး ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၉၈ တွင် အောင်မြတ်နိုင် နှင့် လှထွန်းရီ တို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ

၂၀၂၁ ခုနှစ်
အောင်ဇော်ဦး (ခ)
အဲဇော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ပုဒ်မ ၁၉ (က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီကျခံစေရန်၊ အောင်ဇော်ဦး(ခ)အဲဇော်အပေါ် ယင်းဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏အမိန့်ကို အောင်ဇော်ဦး(ခ)အဲဇော်က ကျေနပ်မှုမရှိသဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၈၆ ကို တင်သွင်းရာပလပ်ခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုဖြစ်ပွားပုံအကြောင်းခြင်းရာ အတိုချုပ်မှာ ၂၄-၉-၂၀၁၈ ရက်နေ့ ၁၈:၁၅ နာရီအချိန်တွင် အမှတ် (၁၆) မူးယစ်တပ်ဖွဲ့စု၊ ပြင်ဦးလွင်မှ ရဲအုပ်မျိုးသန်းဦး ဦးစီးသောတပ်ဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ်၊ စမ္ပာယ်နဂိုရ်အဝင်လမ်းပေါ်တွင် တားဆီးနှိမ်နင်းရေးဆောင်ရွက်စဉ် အောင်မြတ်နိုင် မောင်းနှင်လာပြီး လှထွန်းရီလိုက်ပါလာသော ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေ စစ်ဆေးခဲ့သည်။ ဆိုင်ကယ်ရှေ့ဂွကြားတွင်ပါရှိသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၃၀၀ ဂရမ် တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ တစ်ရွာတည်းနေ ကြည်လွင်က ငွေကျပ် ၂၄ သိန်းပေး၍လည်းကောင်း၊ အောင်ဇော်ဦး(ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍လည်းကောင်း ဝယ်ယူသယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်းပြောပြသည်ဟုဆိုသည်။ ၎င်းနောက် ဘိန်းဖြူနှင့်သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (သက်သေခံ-ခ) ဖြင့်သိမ်းဆည်းခဲ့ပြီး ရဲအုပ်မျိုးသန်းဦးက သပိတ်ကျင်းမြို့မရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် (သက်သေခံ-က) ကို ရေးဖွင့်ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ ထွက်ဆိုချက်မှာ ရဲထံတွင် ထွက်ဆိုချက်သာဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေခံမဝင်ကြောင်း၊ တရားခံအောင်မြတ်နိုင်နှင့်လှထွန်းရီတို့ လက်မှတ်ရေးထိုးပေးအပ်သည့်

၂၀၂၁ ခုနှစ်
အောင်ဇော်ဦး (ခ)
အဲဇော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ရှာဖွေပုံစံ (သက်သေခံ-ခ) ပါ သက်သေခံပစ္စည်းနှင့်စပ်လျဉ်းသည့် ရေးသွင်းချက်တွင်လည်း လျှောက်ထားသူနှင့် မည်သို့မည်ပုံပတ်သက်ဆက်နွယ်သည့်ပစ္စည်းဖြစ်ကြောင်း ဖော်ပြပါရှိခြင်းမရှိကြောင်း၊ လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်ထံမှ ပူးတွဲတရားခံနှစ်ဦးနှင့် စပ်လျဉ်းသည့် အထောက်အထားတစ်စုံတစ်ရာတွေ့ရှိရမိသိမ်းဆည်းခြင်း မရှိသကဲ့သို့ ၎င်းတို့နှစ်ဦးထံမှာလည်း လျှောက်ထားသူနှင့်စပ်လျဉ်းသည့် အထောက် အထားတစ်စုံတစ်ရာတွေ့ရှိ သိမ်းဆည်းရမိခြင်းမရှိကြောင်း၊ လျှောက်ထားသူအပေါ် ထင်ကြေးဖြင့်အပြစ်ပေးထားခြင်းသာဖြစ်ကြောင်း ရေးသား လျှောက်လဲချက်တင်သွင်းသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက မူလရုံးအမှုတွဲ ပေါ်ပေါက်ချက်များအရ အခင်းဖြစ်နေ့က တရားလိုရဲအုပ်မျိုးသန်းဦးနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့နယ်၊ စမွာယ်နဂိုရ်ကျေးရွာ အဝင်လမ်းမပေါ်တွင် စစ်ဆေးရှာဖွေမှုပြုလုပ်စဉ် ကျေးရွာဇက်ဆိပ်သို့ အောင်မြတ်နိုင်မောင်းနှင်ပြီး လှထွန်းရီလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ရှေ့ဝွကြားရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်များ ထည့်သွင်းထားသည့် ဆပ်ပြာခွက် ၂၅ ခွက် (အလေးချိန် ၃၀၀ ဂရမ်) တွေ့ရှိ သိမ်းဆည်းရမိပြီး မော်လိုက်မြို့နယ်၊ ကံထူးရွာနေ ကြည်လွင်က ငွေကျပ် ၂၄ သိန်း၊ အောင်ဇော်ဦး(ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍ ဝယ်ယူ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားခံ အောင်ဇော်ဦး(ခ) အဲဇော် အပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က) အရ တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံ၏ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိကြောင်း ပေါ်ပေါက်သဖြင့် တရားခံသည် မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပတ်သက်သူတစ်ဦးဖြစ်ကြောင်း သုံးသပ်ရရှိပါ

၂၀၂၁ ခုနှစ်
အောင်ဇော်ဦး (ခ)
အဲဇော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ကြောင်း၊ **ဇော်ကြီး(ခ)ဇော်လွင်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** [၁] အမှုတွင် လမ်းညွှန်ထုံးဖွဲ့ ချက်အရ ယခုအမှုတွင် တရားခံ အောင်မြတ်နိုင် နှင့် လှထွန်းရီတို့အား စတင်ဖမ်းဆီးရမိသည့် အချိန်တွင် သက်သေခံ မူးယစ်ဆေးဝါးများကို အောင်ဇော်ဦးက ငွေကျပ် ၂၆ သိန်းပေး၍ ဝယ်ယူ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း ပြောဆိုချက်ကို အမှုတွင် ထည့်သွင်း သုံးသပ်ခဲ့သည့် မူလပြင်ဦးလွင်ခရိုင်တရားရုံး အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှုရှိကြောင်း၊ **ဦးစောသင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်**[၂] အမှုတွင် အားပေးကူညီခြင်း သို့မဟုတ် အားပေး အားမြှောက်ပြုခြင်းဆိုသော စကားရပ်တွင် ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက်သောသူအား လှုံ့ဆော်ခြင်း သို့မဟုတ် ကူညီထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန် ရာတွင် အခြားသူတစ်ဦးနှင့် ပူးပေါင်းကြံစည်ခြင်းမျိုး ပါဝင်သည်ဟု လမ်းညွှန်ထုံးဖွဲ့ထားရာ ယခုအမှုတွင် တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့က သက်သေခံမူးယစ်ဆေးဝါးများကို တရားခံ အောင်ဇော်ဦး (ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍ ဝယ်ယူသယ်ဆောင်ခိုင်းခြင်း ဖြစ်ကြောင်း၊ ဖမ်းဆီးရေးအဖွဲ့ထံ ပြောပြခဲ့ကြောင်း ပေါ်ပေါက်ခြင်း၊ တရားခံများမှာ တစ်ရွာတည်းနေထိုင်ကြသူများဖြစ်ပြီး ရန်ငြိုးရန်စ ရှိကြောင်း မပေါ်ပေါက်သဖြင့် မဟုတ်မမှန်လုပ်ကြံစွပ်စွဲရန်အကြောင်း မရှိကြောင်း၊ တရားခံအောင်မြတ်နိုင်နှင့် လှထွန်းရီတို့မှာ ရွှေမျောလုပ်ငန်း တွင် နေ့စားအလုပ်သမားများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မူးယစ် ဆေးဝါးဝယ်ယူသယ်ဆောင်ရန်ငွေကို အောင်ဇော်ဦး(ခ)အဲဇော်မှ ငွေကျပ် ၂၆ သိန်း ပေးခဲ့ကြောင်း ပြောဆိုချက်မှာ သဘာဝယုတ္တိရှိကြောင်းနှင့် တရားခံ အောင်ဇော်ဦး(ခ)အဲဇော်၏ ဆီးတွင် မူးယစ်ဆေးဝါးစမ်းသပ် တွေ့ရှိသဖြင့် မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပတ်သက်သူဖြစ်၍ တရားခံ

၁။ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁

၂။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁

အောင်ဇော်ဦး(ခ)အဲဇော်အနေဖြင့် တရားခံ အောင်မြတ်နိုင်နှင့်လှထွန်းရီတို့ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိနိုင်ရန် အားပေးကူညီခဲ့ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည့် မူလပြင်ဦးလွင်ခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှုရှိသဖြင့် လျှောက်ထားသူ၏ ပြင်ဆင်မှုအကြောင်းပြချက်များအပေါ် လက်ခံစဉ်းစားရန် မသင့်ကြောင်း တင်ပြပြီး ပြင်ဆင်မှုကို ပလပ်ပေးရန် လျှောက်ထားသည်။

ဤအမှုသည် ပြင်ဆင်မှုဖြစ်သည်။ ဤရုံးသည် ပြင်ဆင်မှုကို စဉ်းစားဝေဖန် သုံးသပ်ရာတွင် အယူခံရုံးများကဲ့သို့ ဝေဖန်သုံးသပ်ရန် မဟုတ်ပေ။ အောက်ရုံးနှစ်ရုံးစလုံးက တစ်သဘောတည်းချမှတ်သော အမိန့်သည် ပေါ်လွင်စွာမှားယွင်းနေသည့်အပြင် ထင်ရှားစွာတရားမျှတမှု ကင်းမဲ့နေမှသာ ဤရုံးသည် ပြင်ဆင်မှုရုံးအနေနှင့် အောက်ရုံးများက ချမှတ်သောအမိန့်ကို ဝင်ရောက်စွက်ဖက်နိုင်သည်။ ဤရုံးကမည်သည့် အကြောင်းခြင်းရာနှင့် မည်သည့်ဥပဒေအချက်အလက်တို့တွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းရှိ မရှိ သုံးသပ်ရန်လိုပေသည်။

ယခုအဓိကစဉ်းစားရန်ရှိသောအချက်မှာ လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှု ထင်ရှားစီရင်ရန် တရားဝင်သက်သေခံချက် ( Legal testimony) ထင်ရှား ပေါ်ပေါက်ခြင်းရှိ မရှိပင်ဖြစ်သည်။

မူလရုံး အမှုတွဲကို လေ့လာသည့်အခါတွင် လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်ထံမှ မည်သည့်သက်သေခံပစ္စည်းမျှ မတွေ့ရှိရကြောင်း ပေါ်ပေါက်သည်။ အောင်ဇော်ဦး(ခ)အဲဇော်ကို ရှာဖွေဖမ်းဆီးခဲ့ခြင်းမှာလည်း အောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ ရဲထံပြောကြားချက်

ဖြစ်သော ၎င်းတို့ထံမှသိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများသည် ကြည်လွင်က ငွေကျပ် ၂၄ သိန်းပေး၍ လည်းကောင်း၊ အောင်ဇော်ဦး(ခ) အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍လည်းကောင်း ဝယ်ယူသယ်ဆောင် စေခိုင်းခြင်းဖြစ်သည်ဟု ထွက်ဆိုချက်အပေါ် မူတည်၍ ရှာဖွေဖမ်းဆီး ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ အောင်မြတ်နိုင်၊ လှထွန်းရီနှင့် အောင်ဇော်ဦး(ခ)အဲဇော်တို့သည် မော်လိုက်မြို့နယ်၊ ကံထူးရွာတွင် နေထိုင်ကြသူများဖြစ်ကြပြီး ၎င်းတို့၏ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ ရှိရသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများလည်းဖြစ်သည်ဟု တွေ့ရသည်။ ရဲအုပ် မျိုးသန်းဦး(လိုပြ-၁)က အမှုစစ်၏ အကြောင်းကြားချက်အရ အောင်ဇော်ဦးထံမှ မူးယစ်ဆေးဝါးသော်လည်းကောင်း၊ ပူးတွဲတရားခံ များထံမှ ငွေကြေးသော်လည်းကောင်း၊ ပူးတွဲတရားခံများနှင့် ပတ်သက် ဆက်နွယ်သော အထောက်အထားသော်လည်းကောင်း သိမ်းဆည်း ရမိခြင်းမရှိကြောင်းထွက်ဆိုထားသည်ကို အမှုတွဲတွင် တွေ့ရသည်။

ယခုအမှုတွင် လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်အပေါ် ငြိစွန်းစေသည့် သက်သေခံချက်မှာ တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့က သက်သေခံမူးယစ်ဆေးဝါးများကို လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍ဝယ်ယူသယ်ဆောင် ခိုင်းခြင်းဖြစ်ကြောင်း ဖမ်းဆီးသည့်ရဲအရာရှိထံ ပြောကြားချက်နှင့် အောင်ဇော်ဦး(ခ)အဲဇော်၏ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ် ကြောင်း တွေ့ရသည်။

လျှောက်ထားသူ၏ရှေ့နေက တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ ရဲထံထွက်ဆိုချက်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေခံမဝင်ပါဟု တင်ပြသည်။

အခင်းဖြစ်နေ့က မူးယစ်တပ်ဖွဲ့စု(၁၆)၊ ပြင်ဦးလွင်မှ ရဲအုပ်

မျိုးသန်းဦးနှင့်တပ်ဖွဲ့ဝင်များသည် တားဆီးနှိမ်နင်းရေးဆောင်ရွက်နေစဉ် တရားခံ အောင်မြတ်နိုင်နှင့်လှထွန်းရီတို့ထံမှ မူးယစ်ဆေးဝါးရှာဖွေတွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ တရားခံများက ပြောဆိုခဲ့ခြင်းဖြစ်သည်ဟု ပေါ်ပေါက်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေအခန်း ၁၄ တွင် ရဲထံသတင်းပေးခြင်းနှင့်ရဲတို့စုံစမ်းထောက်လှမ်းရန် အာဏာများကို ပြဋ္ဌာန်းထားရာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂(၁) ပါ ပြဋ္ဌာန်းချက်သည် ယင်းအခန်းတွင် ပါရှိသည်။ ပုဒ်မ ၁၆၂(၁) ပြဋ္ဌာန်းချက်တွင်ပါရှိသည့် " ဤအခန်းအရ စုံစမ်း ထောက်လှမ်းနေစဉ်တွင် ရဲအရာရှိထံပေးသော မည်သူတစ်ဦးတစ်ယောက်၏အစစ်ခံချက်ကိုမျှ x x x သက်သေခံချက်အဖြစ် အသုံးမပြုစေရ" ဆိုသည့်စကားရပ်ကို ထောက်ချင့်လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၅၅၊ ၁၅၆ တို့အရ ရဲအရာရှိက စုံစမ်းထောက်လှမ်းစဉ်ပြောကြားချက်သည်သာ ပုဒ်မ ၁၆၂ (၁) ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ကြောင်း ထင်ရှားသည်။

ပထမသတင်းပေးတိုင်ချက် (သက်သေခံ-က) တွင် တရားခံ အောင်မြတ်နိုင်နှင့်လှထွန်းရီတို့ကို စစ်မေးရာ သိမ်းဆည်းရမိသော သက်သေခံမူးယစ်ဆေးဝါး (ဘိန်းဖြူ) များသည် ၎င်းတို့နှင့်တစ်ရွာတည်းနေထိုင်သူ ကြည်လွင်က ငွေကျပ် ၂၄ သိန်းပေး၍လည်းကောင်း၊ အောင်ဇော်ဦး(ခ)အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍သော်လည်းကောင်း ဝယ်ယူသယ်ဆောင်စေခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ကြောင်း စွပ်စွဲဖော်ပြထားသည်။ ဖမ်းဆီးခဲ့သူ ရဲအုပ်မျိုးသန်းဦး (လိုပြ-၁) ကလည်း အထက်ဖော်ပြပါအတိုင်း ထွက်ဆိုသည်။

မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊

လွှဲပြောင်းပေးခြင်းသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရာ ရောက်သည်။

တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့က ၎င်းတို့လက်ဝယ် တွေ့ရှိသည့် မူးယစ်ဆေးဝါးများမှာ လျှောက်ထားသူ အောင်ဇော်ဦး(ခ) အဲဇော်က ငွေပေးပြီးဝယ်ယူသယ်ဆောင်ခိုင်းခြင်းဖြစ်သည်ဟု ပြောဆို ခဲ့ခြင်းဖြစ်လျှင် ၎င်းတို့သည် လျှောက်ထားသူ အောင်ဇော်ဦး(ခ) အဲဇော်နှင့်အတူ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခဲ့ကြ ကြောင်း ဝန်ခံခြင်းဖြစ်သည်ဟု ကောက်ယူနိုင်သည်။

**မောင်ကိုးနီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်**[၃] အမှုတွင် တရားခံ မောင်သောင်းရီ နှင့် မောင်ချိုတူးတို့က မောင်ထင်ပေါ်၊ မောင်ကိုးနီနှင့်မောင်တင်ဦးတို့ထံမှတစ်ဆင့်ဝယ်ယူခဲ့သော ဆန်အိတ်များ ဖြစ်ကြောင်း ရဲရှေ့တွင် ပြောဆိုခဲ့ခြင်းသည် သက်သေခံအက်ဥပဒေပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းချက်အရ တရားခံက ရဲရှေ့တွင် ဖြောင့်ဆိုသည့် အချက်ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ် ထုံးဖွဲ့သည်ကိုတွေ့ရသည်။

ဖြောင့်ချက်ဆိုသည်မှာ တရားခံတစ်ဦးက ၎င်းအပေါ် စွဲဆိုသည့်ပြစ်မှုကို ကျူးလွန်ကြောင်းဝန်ခံသည်၊ ကျူးလွန်ကြောင်း ဝန်ခံရာရောက်သည့် ပြောဆိုချက်ကို ဆိုလိုသည်။ **မောင်ကိုလေး ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** [၄] အမှုကို ရည်ညွှန်းသည်။

**ဆိုဘီကာရာမန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** [၅] အမှု တွင် တရားခံသည် စွပ်စွဲထားသောပြစ်မှုနှင့်ပတ်သက်၍ ပြစ်မှု

၃။ ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇

၄။ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၈(၁၅၂)

၅။ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ- ၃၈၅

၂၀၂၁ ခုနှစ်
အောင်ဇော်ဦး (ခ)
အဲဇော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

မြောက်စေရန် အရေးကြီးသောအချက်များကို ဝန်ခံထားခြင်းဖြစ်သောကြောင့် ၎င်း၏ပြောဆိုချက်များသည် ဖြောင့်ချက်ဖြစ်ရာ ရဲထံတွင် ပြောဆိုခြင်းဖြစ်သောကြောင့် သက်သေခံအက်ဥပဒေပုဒ်မ ၂၅ အရ သက်သေခံမဝင်ဟု ထုံးဖွဲ့သည်။

သက်သေခံအက်ဥပဒေပုဒ်မ ၂၅ နှင့်အကျုံးဝင်သောဖြောင့်ချက်သည် ဖြောင့်ချက်ပေးသူအပေါ် သက်သေခံမဝင်ဟု ပြဋ္ဌာန်းထားသော်လည်း တစ်မှုတည်းတွင်ပြစ်မှုတစ်မျိုးတည်းအတွက် ပူးတွဲစစ်ဆေးခြင်းခံရသော အခြားတရားခံအပေါ် သက်သေခံချက်အဖြစ် အသုံးမပြုနိုင်ဟု ပိတ်ပင်ထားခြင်းမရှိပေ။

သို့ရာတွင် ပူးတွဲတရားခံတစ်ဦး၏ဖြောင့်ချက်သည် သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် သက်သေခံချက်မဟုတ်ပေ။ ထို့ကြောင့် အပြစ်ပေးရန် အခြေခံအဖြစ် မသုံးနိုင်ပေ။ အခြားသက်သေခံချက်ကို ထောက်ခံသည့်အနေဖြင့်သာ အသုံးပြုနိုင်သည်။ **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် အလှ(ခ)မောင်လှ ပါ ၃** [၆] အမှုကို ကြည့်ပါ။

တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ ရဲထံ ပြောကြားချက်သည် ကတိသစ္စာပြု၍ ထွက်ဆိုသောပြောဆိုချက်မဟုတ်သည့်အပြင် လျှောက်ထားသူရှေ့တွင် ပြောဆိုချက်မဟုတ်သည်သာမက ပြန်လှန်မေးမြန်းခွင့်မရသောပြောဆိုချက်ဖြစ်သည်။ ထို့ပြင် တရားခံ အောင်မြတ်နိုင် က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) အရ ရုံးရှေ့၌ ထွက်ဆိုရာတွင် လျှောက်ထားသူ အောင်ဇော်ဦး(ခ) အဲဇော်က ငွေကျပ် ၂၆ သိန်းပေး၍သယ်ဆောင်ရန် စေခိုင်းခြင်းမရှိပါ။ ရဲထံတွင်လည်း ထိုသို့ ထွက်ဆိုခဲ့ခြင်းမရှိပါဟု ထွက်ဆိုသည်။ ထို့ကြောင့် တရားခံ အောင်မြတ်နိုင်နှင့် လှထွန်းရီတို့၏ ရဲထံ ပြောကြားချက်သည် သက်သေခံအရာတွင် အားနည်းလျက်ရှိကြောင်း ကောက်ယူနိုင်သည်။

၆။ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ- ၂၉

ထို့ပြင် လျှောက်ထားသူ အောင်ဇော်ဦး(ခ) အဲဇော်သည် တရားခံအောင်မြတ်နိုင်၊ လှထွန်းရီတို့နှင့်တစ်ရွာတည်းသားများဖြစ်ကြကြောင်းနှင့် လျှောက်ထားသူ အောင်ဇော်ဦး (ခ) အဲဇော်သည် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ကြောင်း ပေါ်ပေါက်နေခြင်းသည် တရားခံအောင်မြတ်နိုင်နှင့်လှထွန်းရီတို့ကို မူးယစ်ဆေးဝါးဝယ်ယူ သယ်ဆောင်ခိုင်းခဲ့ကြောင်း သက်သေထင်ရှားစေသည့် သက်သေခံချက်များဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ရန် ခိုင်လုံသည်ဟုလည်း မထင်ရှားပေ။

**ဇော်ကြီး(ခ)ဇော်လွင်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်**[၁] အမှုတွင် အထူးအယူခံခုံရုံးက အဓိကတရားခံ မြင့်စိုး(ခ)ရာမ ၏ရဲထံအစစ်ခံချက်အရ ဇော်ကြီး(ခ)ဇော်လွင်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာတွင် မည်သည့်မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သက်သေခံပစ္စည်း တစ်စုံတစ်ရာသိမ်းဆည်းရမိခြင်းမရှိကြောင်း သုံးသပ်ပြီး အဓိကတရားခံ မြင့်စိုး(ခ)ရာမ၏ ရဲထံအစစ်ခံချက်မှအပ အခြားသက်သေခံချက်များ တရားလိုဘက်မှ သက်သေထင်ရှားမပြနိုင်သော အခြေအနေတွင်အဓိကတရားခံ၏ရဲထံအစစ်ခံချက်အပေါ် မူတည်ပြီးလျှောက်ထားသူ ဇော်ကြီး(ခ)ဇော်လွင်ထွန်း ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိဟု ထုံးဖွဲ့သည်။

ရာဇဝတ်မှုများတွင် တရားခံ ပြစ်မှုကျူးလွန်ကြောင်း သံသယမရှိဘဲ ထင်ရှားအောင် တရားလိုဘက်က သက်သေထင်ရှားပြသရန် တာဝန်ရှိသဖြင့် တရားရုံးကလည်း တရားခံသည် ပြစ်မှု ကျူးလွန်ကြောင်း သံသယလုံးဝမရှိသည်အထိ စဉ်းစားဆင်ခြင်ပြီးမှသာ ပြစ်မှုထင်ရှားစီရင်ရန် ဖြစ်သည်။ တရားရုံး၏ဆုံးဖြတ်ချက်သည် သံသယအပေါ် အခြေခံရန်မဟုတ်ဘဲ အခိုင်အမာဖြစ်နေသော တရားဝင်သက်သေခံချက်များအပေါ် အခြေခံရန်ဖြစ်သည်။

၂၀၂၁ ခုနှစ်
အောင်ဇော်ဦး (ခ)
အဲဇော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အထက်တွင်ဖော်ပြပြီးသော အောင်ဇော်ဦး(ခ)အဲဇော်နှင့် သက်ဆိုင်သည့်အကြောင်းခြင်းရာ၊ ဥပဒေအချက်အလက်များကြောင့် အောင်ဇော်ဦး (ခ) အဲဇော်အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုကို ကျူးလွန်သည်ဟု ယူဆပြီး ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် လက်ခံအတည်ပြုရန် မဖြစ်နိုင်သဖြင့် အောက်ရုံးများ၏အမိန့်အပေါ် ဤရုံးမှဝင်ရောက်စွက်ဖက်ရန်အကြောင်း ပေါ်ပေါက်နေသည်။

လျှောက်ထားသူ အောင်ဇော်ဦး(ခ) အဲဇော်ကိုထင်ကြေးဖြင့် အပြစ်မပေးသင့်ဟု ယူဆသောကြောင့် ၎င်းအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည့် ပြင်ဦးလွင်ခရိုင်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူ အောင်ဇော်ဦး(ခ)အဲဇော် အား ဤအမှုနှင့်ပတ်သက်၍ အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။

# ၂၀၂၁ ခုနှစ်

# တရားမဆိုင်ရာအမှုများ

ညွှန်းချက် (ကက)

တရားမဆိုင်ရာအမှုများ စာမျက်နှာ

ဥပဒေများ

- ကာလစည်းကမ်းသတ်အက်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- တရားမနစ်နာမှုဥပဒေ
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
- မြန်မာဓလေ့ထုံးတမ်းဥပဒေ
- လယ်ယာမြေဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ

**ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ အရ တရားရုံး၌ ကုန်လွန်ခဲ့သောအချိန်ကာလကို ထုတ်ပယ်ခွင့်ရသည့် "အခြားအလားတူသဘောရှိသောအကြောင်း"**

**လင်နှင့်မယားတို့၏ပစ္စည်းပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်ကို မိသားစုအဖြစ်ဆက်ခံခြင်း (By Survivorship) မဟုတ်ဘဲ အမွေကြောင်းအရ ဆက်ခံခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားလိုပထမစွဲဆိုသော တရားမကြီးမှုကို အယူခံရုံးအဆင့်ဆင့်က ပလပ်ခဲ့ခြင်းသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄ (၁) ပါ " စီရင်ပိုင်ခွင့်အာဏာမရှိခြင်းကြောင့် ဖြစ်စေ၊ အခြားအလားတူသဘောရှိသော အကြောင်းကြောင့်ဖြစ်စေ

အဆိုပါ စွဲဆိုသောအမှုကို လက်မခံနိုင်သည့်ကိစ္စ” ဆိုသည့် သတ်မှတ်ပြဋ္ဌာန်းချက်ဘောင်အတွင်း ကျရောက်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ **ဦးမြင့်သော် ပါ ၇ နှင့် မောင်ဇင်လင်း ပါ ၃ အမှု**[၂] တွင် ဤမူသဘောကို ပြဆိုသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင် သို့မဟုတ် မယားကွယ်လွန်သောအခါ ကျန်ရစ်သူသည် လင်မယားပိုင်ပစ္စည်းတွင် ကွယ်လွန်သူ၏ အကျိုးသက်ဆိုင်ခွင့်ကို မိသားစုအဖြစ် ဆက်ခံခြင်း (by survivorship ) မဟုတ်ဘဲ အမွေကြောင်းအရ ဆက်ခံသည်။ သို့ဖြစ်ရာ မုဆိုးမဖြစ်သူ ဒေါ်ခင်ထားရီက ကွယ်လွန်သူခင်ပွန်း ရရန်ရှိသော ကြွေးမြီကိုရလိုကြောင်း စွဲဆိုသောအခါ၌ ဒီကရီမချမီ အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထား တောင်းယူရမည်။ **မောင်ဖိုးထွား နှင့် မငွေဇင် အမှု** [၁] ကို ရည်ညွှန်းသည်။

တရားရုံးသည် တရားလိုက အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန် သင့်တင့်သောအချိန် ခွင့်ပြုရမည်။ တရားလိုစွဲဆိုသော အမှုတွင် အမွေဆက်ခံခွင့်လက်မှတ်မပါသည့် အကြောင်းကြောင့် အမှုကိုပလပ်ခြင်းမပြုနိုင်။

ဦးငွေအောင် နှင့် ဒေါ်ခင်ထားရီ ၃၁

**အယူခံရုံးသည် နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့် မပေးဘဲ အချက်အလက်တစ်ရပ်ကို ဖော်ထုတ်၍ အမှုကို ဆုံးဖြတ်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ၂၄ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် နည်းလမ်းတကျ ကျင့်သုံးရာရောက် မရောက်၊ တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ၂ ပြဋ္ဌာန်းချက်နှင့်**

## ညီညွတ်သည်ဟု ဆိုနိုင် မဆိုနိုင်။　　　　စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ “မူလရုံးအမှုတွဲရှိ သက်သေခံအထောက်အထား များမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ အရ အယူခံရုံးက စီရင်ချက်ချနိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့်အကြောင်းပြချက်အရ ထိခိုက်နစ်နာမည့် အမှုသည်အား ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာမရောက်၍ အယူခံရုံး၏ အဆုံးအဖြတ်သည် ဥပဒေနှင့်ညီသည်ဟု မဆိုနိုင်ပေ။”

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလရုံးက အငြင်းပွားခြင်း၊ ငြင်းချက်ထုတ်ဖြေဆိုခြင်း၊ ဆုံးဖြတ်ခြင်းမပြုခဲ့သည့် ပြဿနာတစ်ရပ်အား ဖော်ထုတ်၍ ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျကျင့်သုံးရာမရောက်သည့်အပြင် တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်ကိုလည်း လိုက်နာရာမရောက်၍ ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ဦးဥတ္တရ　　နှင့်　　ဦးစိုးနိုင် ပါ ၃　　၅၀
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်ဦးခင်မောင်တင့်)

**တရားမကျင့်ထုံးဥပဒေအမိန့်၁၁၊ နည်းဥပဒေ ၁ အရ မေးမြန်းချက်များ တင်သွင်းမှုအပေါ် ကန့်ကွက်ရာ၌ ဆောင်ရွက်ရမည့်နည်းလမ်း** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ အမှုသည်တစ်ဖက်ဖက်က မေးမြန်းချက်များ တင်သွင်းလာလျှင် မေးမြန်းခံရသူ (တရားလို/တရားပြိုင်) သည် မေးမြန်းချက်များကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်ဟူ၍ တရားရုံးက အမိန့်ချမှတ်ရန် ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည့် မေးခွန်းများကို ဖြေဆိုစေရန် အမိန့်ပုံစံသည် တရားမပုံစံအမှတ် ၅၀ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမပုံစံအမှတ် ၅၀ ဖြင့် မေးခွန်းများ ဖြေဆိုရန် အမိန့်ချမှတ်သည့်အခါ မေးခွန်းမေးမြန်းခံရသည့် တစ်ဖက်အမှုသည်က ကန့်ကွက်လိုလျှင် အမိန့် ၁၁၊ နည်းဥပဒေ ၆ အရ ဖြေဆိုချက်အဖြစ် တင်သွင်းသော ကျမ်းကျိန်လွှာတွင် ထည့်သွင်း ကန့်ကွက်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလရုံးသည် တရားပြိုင်ဘက်မှ တရားလိုအား မေးမြန်းခွင့်လျှောက်ထားသည့် ၉-၁-၂၀၂၀ ရက်နေ့ ရုံးချိန်းတွင် တရားမပုံစံအမှတ် ၅၀ ကို ထုတ်ပေးကြောင်း နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားခြင်းမရှိပေ။ တရားလိုဘက်မှ ထိုမေးမြန်းချက်အပေါ် ကန့်ကွက်ရာ၌ နည်းဥပဒေ ၆ တွင် ကျမ်းကျိန်ချက်၌ ထည့်သွင်း ကန့်ကွက်ရန်ဖြစ်ပါလျက် ကျမ်းကျိန်ချက်မတင်သွင်းဘဲ ကန့်ကွက်စာတင်ရုံမျှဖြင့် အမိန့်၁၁၊ နည်းဥပဒေ ၁၁ အရ ဆောင်ရွက်သည့် သဘောသက်ရောက်သည့်အမိန့်ချမှတ်ထားခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှန်ကန်မှုမရှိပေ။

ဒေါ်နန္ဒမာလာ(ခ)ဒေါ်ထံဏီဝင်းပြည့် နှင့် ဒေါ်နေဇင်မြင့် ၄၄
(ခ) ပြည့်ပြည့်(ခ) စောမြင့်ကြည်(ခ)
ချင်းမ

စာမျက်နှာ

**တရားမနစ်နာမှုဥပဒေ- ပေါ့လျော့လစ်ဟင်းမှုကြောင့် နစ်နာကြေး ရလိုမှု၊ တရားလိုဘက်မှ သက်သေထူရမည့်အချက်များ၊ ပေါ့ဆမှု၏အဓိပ္ပာယ်**

**ဆုံးဖြတ်ချက်**။ ။ တရားမနစ်နာမှုဥပဒေအရ ပေါ့ဆမှုအတွက် နစ်နာကြေးရလိုမှု၌ တရားပြိုင်တွင် ဂရုစိုက်ရန်တာဝန်ရှိကြောင်း၊ ယင်းတာဝန်ကို ချိုးဖောက်ကြောင်းနှင့် ယင်းချိုးဖောက်မှုကြောင့် တရားလိုတွင် နစ်နာဆုံးရှုံးမှုရှိကြောင်း တရားလိုက သက်သေထူရန် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမနစ်နာမှုဥပဒေပါ ပေါ့ဆမှုဆိုသည်မှာ ဆောင်ရွက်ရန်တာဝန်ရှိသည့်အလျောက် သာမန်အမြော်အမြင်ရှိသူ တစ်ဦး လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စကို မဆောင်ရွက်ခြင်းကြောင့် သော်လည်းကောင်း၊ သာမန်အမြော်အမြင်ရှိသူတစ်ဦး မဆောင်ရွက်သည့် ကိစ္စကို ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ သူတစ်ပါး၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ထိခိုက်နစ်နာခြင်းဖြစ်သည်။

ဒေါ်ခိုင်ခိုင်မြင့်

ဦးကျော်မျိုးဟန်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဟန်) ၁

နှင့်

ဦးကျော်မျိုးဟန်

(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဟန်)

ဒေါ်ခိုင်ခိုင်မြင့်

(ကစ) ညွှန်းချက်

**မိဘများသည် မိမိတို့မကွယ်လွန်ခင် သားသမီးများကို အမွေဆက်ခံခွင့်မရှိသော သွာနုတ္တသားသမီးအဖြစ် မြွက်ဟကြေညာနိုင်သည့်အခွင့်အရေးရှိ မရှိ** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ တရားပြိုင်သည် သားတစ်ယောက်အနေဖြင့် ဖခင်အား သားနှင့် မလျော်သောပြုမှု၊ သားသမီးမပီသသောပြုမှု၊ သားသမီးတို့ပြုဖွယ်နှင့် မသင့်လျော်သောပြုမှု ကျူးလွန်ခဲ့သဖြင့် ထိုသို့သောသားမျိုးကို မွေးဖွားမိပါသည်ဟု ဖခင်တစ်ယောက်အနေဖြင့် မြွက်ဟကြေညာလိုခြင်းသာဖြစ်ကြောင်း တရားလိုကတင်ပြထားသော်လည်း ၎င်းတောင်းဆိုသော သက်သာခွင့်သည် နောင်တစ်ချိန် မိဘများ ကွယ်လွန်ချိန်ရောက်မှ ပေါ်ပေါက်လာမည့် တရားပြိုင်၏ အမွေဆက်ခံခွင့်ကို ကြိုတင်တားဆီးရာရောက်သဖြင့် သွာနုတ္တသားအဖြစ် မြွက်ဟကြေညာနိုင်သည့်အခွင့်အရေးမရှိသည်မှာ မြင်သာသည်။

ဒေါက်တာစိုင်းကျော်မင်း(ခ) နှင့် ဦးစိုင်းကျော်စည်သူ အိုက်ယွမ်း ၁၃

**တရားစွဲဆိုရန် အကြောင်းကိုဖြစ်မြောက်စေသော အကြောင်းခြင်းရာများအရ တရားလိုတောင်းဆိုသော သက်သာခွင့် သို့မဟုတ် ဆီလျော်ရာရာ သက်သာခွင့်ကို ရထိုက်ခွင့်ရှိစေသည့် ဥပဒေရှိပါမှ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်မည်ဖြစ်ခြင်း၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆၊ လယ်ယာမြေကို အမွေပုံပစ္စည်းအဖြစ် စီမံခန့်ခွဲပေးရန်စွဲဆိုသောအမှု၊ ပုဒ်မ ၃၆ တားမြစ်ချက်တွင် အကျုံးဝင်ခြင်း၊**

**အဆိုလွှာတွင် အမွေပစ္စည်းအဖြစ်ဖော်ပြပြီး ခွဲဝေပေးရန် တောင်းဆိုသည့် လယ်မြေများသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသည်ဟု ဖော်ပြထားမှုမရှိခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ အဆိုလွှာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) အရ အဆိုပြုရန် လိုအပ်သည့် အကြောင်းခြင်းရာများ မှန်ကန်ရုံမျှဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟု တထစ်ချ မဆိုနိုင်သေးပေ။ ထိုအကြောင်းခြင်းရာများအရ တရားလိုသည် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ဆီလျော်ရာရာ သက်သာခွင့် ရထိုက်ခွင့်ရှိစေသည့် ဥပဒေရှိပါမှ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက် မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ လယ်ယာမြေများနှင့်ပတ်သက်၍ စီမံခန့်ခွဲ ခွင့်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းခြင်းမပြုမီကာလတွင် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ သက်ဆိုင်ရာ မြေယာကော်မတီများ၏ လုပ်ပိုင်ခွင့်ဖြစ်သည်။ ၁၉၅၃ ခုနှစ် လယ်ယာ မြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ တွင် တည်ဆဲအခြားဥပဒေ တွင် မည်သို့ပင်ပါရှိစေကာမူ လျော်ကြေးကို မည်သူရထိုက်သည် ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ အငြင်းပွားသော အမှုကိစ္စနှင့် အုပ်ထိန်းသူခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် အမှုကိစ္စမှတစ်ပါး ဤ အက်ဥပဒေပါ မည်သည့်ကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာ မရှိစေရဟု ပြဋ္ဌာန်းထားသည်။ လယ်ယာမြေကို တရားရုံးများက အမွေခွဲဝေပေးခွင့်အာဏာမရှိခဲ့ပေ။

ယခုအမှုတရားလိုများသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၉ ပြဋ္ဌာန်းချက်အရလည်း တရားရုံး၏ အဆုံးအဖြတ်ခံယူ

ညွှန်းချက်

နိုင်သော အခွင့်အရေးရရှိသူများမဟုတ်သည်မှာ အဆိုလွှာအရ အထင် စာမျက်နှာ
အရှားပေါ်ပေါက်နေသည်။

ဦးစန်းဝင်း ပါ ၂ နှင့် ဒေါ်အုန်းသိန်း ပါ ၃ ၂၁

+၂၀၂၁ ခုနှစ်
စက်တင်ဘာလ
၂၁ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးတင်ဟုန် ရှေ့တွင်**

**ဒေါ်ခိုင်ခိုင်မြင့်**

**ဦးကျော်မျိုးဟန်**
**(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဟန်)**

**နှင့်**

**ဦးကျော်မျိုးဟန်**
**(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးလှဟန်)***

**ဒေါ်ခိုင်ခိုင်မြင့်****

**တရားမနစ်နာမှုဥပဒေ- ပေါ့လျော့လစ်ဟင်းမှုကြောင့် နစ်နာကြေး ရလိုမှု၊ တရားလိုဘက်မှ သက်သေထူရမည့်အချက်များ၊ ပေါ့ဆမှု၏ အဓိပ္ပာယ်**

**ဆုံးဖြတ်ချက်**။ ။ တရားမနစ်နာမှုဥပဒေအရ ပေါ့ဆမှုအတွက် နစ်နာကြေးရလိုမှု၌ တရားပြိုင်တွင် ဂရုစိုက်ရန်တာဝန်ရှိကြောင်း၊ ယင်းတာဝန်ကို ချိုးဖောက်ကြောင်းနှင့် ယင်းချိုးဖောက်မှုကြောင့် တရားလိုတွင် နစ်နာဆုံးရှုံးမှုရှိကြောင်း တရားလိုက သက်သေထူရန် ဖြစ်သည်။

---

* ၂၀၂၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၁၉၉

**၂၀၂၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၂၅၈

\+ ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁၀ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

| | |
|---|---|
| ၂၀၂၁ ခုနှစ် | **ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမနစ်နာမှုဥပဒေပါ ပေါ့ဆမှုဆိုသည်မှာ ဆောင်ရွက်ရန်တာဝန်ရှိသည့်အလျောက် သာမန်အမျှော်အမြင်ရှိသူ တစ်ဦးလုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စကို မဆောင်ရွက်ခြင်းကြောင့်သော် လည်းကောင်း၊ သာမန်အမျှော်အမြင်ရှိသူတစ်ဦး မဆောင်ရွက်သည့်ကိစ္စ ကို ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ သူတစ်ပါး၏ ခန္ဓာကိုယ် ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ထိခိုက်နစ်နာခြင်းဖြစ်သည်။ |
| ဒေါ်ခိုင်ခိုင်မြင့် ဦးကျော်မျိုးဟန် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ်စာရသူ ဦးလှဟန်) နှင့် ဦးကျော်မျိုးဟန် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ်စာရသူ ဦးလှဟန်) | |
| ဒေါ်ခိုင်ခိုင်မြင့် | |

အယူခံတရားလိုအတွက် - ဒေါ်ယဉ်လွဲလွဲပြုံး၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးသန်းလွင်၊ တရားလွှတ်တော်ရှေ့နေ

---

အယူခံတရားလိုအတွက် - ဦးသန်းလွင်၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဒေါ်ယဉ်လွဲလွဲပြုံး၊ တရားလွှတ်တော်ရှေ့နေ

ပုသိမ်ခရိုင်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၆ တွင် ဒေါ်ခိုင်ခိုင်မြင့်က ဦးကျော်မျိုးဟန်အပေါ် တရားပြိုင်၏ဆီဆိုင်မှ မီးကူးစက် လောင်ကျွမ်းမှုကြောင့် တရားလိုတို့တွင် ထိခိုက်ဒဏ်ရာရရှိမှု အပေါ် အထွေထွေနစ်နာကြေး ငွေကျပ်သိန်း ၂၀၀ ရလိုမှုစွဲဆိုရာ တရားပြိုင်ကတရားလိုအား အထွေထွေနစ်နာကြေးသိန်း ၅၀ ကျပ်တိတိ ပေးစေရန် ဒီကရီချမှတ်ခဲ့သည်။ ဦးကျော်မျိုးဟန်က ကျေနပ်မှုမရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၂၁၀ ဖြင့် အယူခံတက်ရောက်ခဲ့ရာ နစ်နာကြေးသိန်း ၅၀ ပေးစေရန်ချမှတ်သည့် မူလခရိုင်တရားရုံး၏အမိန့်အစား အယူခံ

တရားလိုက အယူခံတရားပြိုင်အား အထွေထွေနစ်နာကြေးသိန်း ၃၀ ကို စရိတ်နှင့်တကွ ပေးစေရန် ပြင်ဆင်ချမှတ်ခဲ့သည်။

ထို့ကြောင့် ဒေါ်ခိုင်ခိုင်မြင့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၉၉ ကိုလည်းကောင်း၊ ဦးကျော်မျိုးဟန်က ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၅၈ ကိုလည်းကောင်း တင်သွင်းခြင်းဖြစ်သည်။

ဤအယူခံမှုများသည် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၁၀ မှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဆုံးဖြတ်ရမည့်ပြဿနာတူညီ၍ ဤစီရင်ချက်သည် အယူခံမှုနှစ်မှုလုံးနှင့်သက်ဆိုင်စေရမည်။

အဆိုလွှာတွင် ဒေါ်ခိုင်ခိုင်မြင့်က ရေခဲစက်ဟောင်းလမ်းနှင့် မရမ်းချုံလမ်းမကြီးဆုံရာထိပ်ရှိ ခတ်တိုင်အောက်ရေမြောင်းပေါ်တွင် သစ်သားပြားများနှင့်ခင်းကာ ဆိုင်တည်ဆောက်၍ ထမင်း၊ ဟင်းနှင့် မုန့်များရောင်းချကြောင်း၊ ဦးကျော်မျိုးဟန်သည် ဒေါ်ခိုင်ခိုင်မြင့်ဆိုင်မှ ခါတ်တိုင် ၃/၄ တိုင်ခန့်အကွာရှိ အိမ်အမှတ် (၃၈) တွင် ထက်မဥ္ဇူအမည်ရှိ ဆီဆိုင်ဖွင့်လှစ်ပြီး ဓါတ်ဆီ၊ ဒီဇယ်ဆီများကို လက်လီလက်ကား ရောင်းချသည့်ဆိုင်ကြီးဖြစ်ကြောင်း၊ ၉-၈-၂၀၁၆ ရက်နေ့ ညနေ ၅ နာရီခန့်တွင် ဆီဆိုင်မှ ဆီများရေမြောင်းအတွင်းစီးဝင်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒေါ်ခိုင်ခိုင်မြင့်၏ စျေးဆိုင်အောက်ရှိ ရေမြောင်းအတွင်းသို့ ရောက်ရှိပြီး ထပ်မံပေါက်ကွဲ မီးလောင်ခဲ့ရာ စျေးဆိုင်တွင်နေထိုင်သူ ဒေါ်ခိုင်ခိုင်မြင့် မီးကူးစက်လောင်ကျွမ်းခံရပြီး ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ အတွင်း လူနာအဖြစ် ၂၃ ရက်ကြာအောင် တက်ရောက်ကုသသော်လည်း ဆေးကုသစရိတ်နှင့် အခြားအထွေထွေကုန်ကျစရိတ်မတတ်နိုင်၍ ဒဏ်ရာ ပျောက်ကင်းမှုမရှိခင် ဆေးရုံမှဆင်းကာ နေအိမ်တွင် ဆေးကုသမှု

၂၀၂၁ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
ဒေါ်ခိုင်ခိုင်မြင့်

ခံယူနေရကြောင်း၊ မီးလောင်ဒဏ်ရာကြောင့် ယာဘက်လက်မောင်းမှာ ကောင်းစွာ ပျောက်ကင်းခြင်းမရှိသေးကြောင်း၊ ခြေထောက်နှစ်ဘက်လုံးတွင် မီးလောင်ဒဏ်ရာအမာရွတ်များရှိပြီး အရေကြည်ဖုများပေါက်သဖြင့် အနာကောင်းစွာ မကျက်သေးကြောင်း၊ ခြေခုံနှင့်ခြေသလုံးများတွင် မီးလောင်ဒဏ်ရာကြောင့်လမ်းကောင်းစွာ မလျှောက်နိုင်တော့သဖြင့် မူလလုပ်ဆောင်သော စျေးဆိုင်ကို ရောင်းနိုင်ခြင်းမရှိတော့ကြောင်း၊ ဦးကျော်မျိုးဟန်၏ဆီဆိုင်မှ မီးကူးစက်လောင်ခြင်းခံရသဖြင့် ဒေါ်ခိုင်ခိုင်မြင့်မှာ ထိခိုက်ဒဏ်ရာရမှုအပေါ် ဆေးကုသခဲ့ရခြင်း၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရခြင်း၊ စျေးဆိုင်ရောင်းချသည့်လုပ်ငန်း ပျက်စီးစေမှုအတွက် နစ်နာကြေးရထိုက်သူဖြစ်ကြောင်း အထွေထွေ နစ်နာကြေးငွေကျပ်သိန်း ၂၀၀ ပေးစေသည့် ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

ချေလွှာတွင် ဦးကျော်မျိုးဟန်၏ဆီဆိုင်မှ ဓာတ်ဆီများရေမြောင်းအတွင်း စီးဝင်ခြင်းမရှိခဲ့သလို မီးလောင်မှုဖြစ်ပွားခြင်းလည်းမရှိခဲ့ကြောင်း၊ ဒေါ်ခိုင်ခိုင်မြင့်စျေးဆိုင်တွင် မီးလောင်မှုဖြစ်ပွားရခြင်းနှင့် ၎င်းအား မီးကူးစက်လောင်ကျွမ်းခြင်းတို့မှာ တရားပြိုင်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိသဖြင့် ပုသိမ်မြို့နယ်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ ပြစ်မှုကြီးအမှုကြီးအမှတ် ၁၀၁၂ တွင် တရားပြိုင် ဦးကျော်မျိုးဟန်မှာ တရားရှင်လွှတ်ခြင်း ခံရသူဖြစ်ကြောင်း၊ တရားလို ဒေါ်ခိုင်ခိုင်မြင့် စျေးဆိုင်၌ရှိစဉ် မီးကူးစက်လောင်ကျွမ်းခြင်း၊ ဆေးရုံတွင် တက်ရောက်ကုသမှုခံရခြင်းတို့မှာ တရားပြိုင်နှင့် သက်ဆိုင်ပတ်သက်မှုမရှိကြောင်း၊ တရားလို မီးလောင်ကျွမ်းခံရပြီး ထိခိုက်ဒဏ်ရာရရှိခြင်းတို့မှာ တရားပြိုင်၏ဆီဆိုင်မှ မီးကူးစက်လောင်ကျွမ်းခံရခြင်းမဟုတ်သည့်အတွက် တရားလိုဆေးကုသရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ စျေးဆိုင်ရောင်းချသည့်လုပ်ငန်းပျက်စီးရခြင်းကြောင့် တရားလိုနစ်နာသည့်ကိစ္စမှာ တရားပြိုင်နှင့် ပတ်သက်မှုမရှိကြောင်း၊

တရားလိုတောင်းဆိုသည့် နစ်နာကြေးပေးရန် တာဝန်မရှိပါကြောင်း၊ တရားလို၏ ဈေးရောင်းချသည့်ဆိုင်မှာ လမ်းဘေးရေမြောင်းကို ခွဆောက်သည့်ဆိုင်ဖြစ်ပြီး တရားပြိုင်၏ဆီဆိုင်ဘက်မှ စီးဆင်းရသည့်ရေမြောင်းသည် တရားလို၏ဈေးဆိုင်မရောက်ခင် ရေခဲစက်ဟောင်းလမ်းနှင့် ဦးစုလမ်းဘက်မှထွက်လာသောရေမြောင်းတို့နှင့် ပေါင်းစပ်ပြီးမှ တရားလိုဈေးဆိုင်ခွဆောက်လုပ်ထားသည့် ရေမြောင်းသို့ရောက်ရှိသဖြင့် အဆိုပါရေမြောင်းနှင့်စီးဆင်းနေသောရေတို့သည် တရားပြိုင် ဆီဆိုင်ဘက်မှ တစ်ခုတည်းစီးဆင်းခဲ့ခြင်းမဟုတ်၍ မီးပေါ့ဆမှု (ရာဇဝတ်မှု) တွင် တရားပြိုင်အား တရားရှင်လွှတ်ခဲ့ကြောင်း၊ တရားမမှုအား တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းမရှိကြောင်း ချေပသည်။

ပုသိမ်ခရိုင်တရားရုံးက မီးလောင်သောရေမြောင်းမှာ တရားပြိုင်၏ စွန့်ပစ်ဓါတ်ဆီ၊ စက်သုံးဆီများအား စနစ်တကျမစွန့်ပစ်ဘဲ ရေမြောင်းထဲသို့ အလွယ်တကူစွန့်ပစ်မှုကြောင့် ရေမြောင်းထဲမှ မီးထတောက်ပြီး တရားလို၌ဒဏ်ရာရရှိသွားခြင်းဖြစ်ရာ တရားပြိုင်အနေဖြင့် တရားလိုမီးလောင်ခံရမှုအပေါ် တာဝန်တစ်စုံတစ်ရာမရှိဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ တရားပြိုင်သည် တရားလိုမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ နစ်နာကြေးငွေ ၃၃၀၀၀၀ ကျပ် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ တရားလိုသည် ၎င်းတောင်းဆိုသော နစ်နာကြေးငွေ ကျပ်သိန်း ၂၀၀ ကို တရားပြိုင်က ပေးရန်တာဝန်ရှိသည်ဆိုခြင်းမှာမမှန်ဘဲ တရားပြိုင်က တရားလိုအား အထွေထွေနစ်နာကြေးငွေ ကျပ်သိန်း ၅၀ ပေးရန် တာဝန်ရှိကြောင်း သုံးသပ်ဆုံးဖြတ်၍ ဒီကရီချမှတ်ပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က မူလခရိုင်တရားရုံးသည် အယူခံတရားပြိုင်က အယူခံတရားလိုထံမှ နစ်နာကြေးငွေ ကျပ်သိန်း ၅၀ ရထိုက်ကြောင်း မည်သည့်အချက်အပေါ် အခြေခံခွင့်ပြုခဲ့သည့်ကိုမတွေ့ရကြောင်း၊ အယူခံတရားပြိုင်သည် ပုသိမ်မြို့ဆေးရုံတွင်

၂၀၂၁ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
ဒေါ်ခိုင်ခိုင်မြင့်

ဆေးကုသခဲ့သဖြင့် ဆေးကုသစရိတ်ကုန်ကျဖွယ်ရာမရှိခြင်း၊ ဆေးဝါးဝယ်ယူသောက်သုံးရာတွင် မည်မျှကုန်ကျကြောင်း တင်ပြမှုမရှိခြင်း၊ စျေးဆိုင်ပျက်စီးမည့် တန်ဖိုးမည်မျှဖြစ်ကြောင်း တိကျစွာတင်ပြနိုင်မှုမရှိခြင်းအပေါ် အခြေခံ၍ အထွေထွေနစ်နာကြေးကို ပြင်ဆင်သတ်မှတ်သင့်ကြောင်း သုံးသပ်ပြီး တရားမပထမအယူခံမှုအား တစ်စိတ်တစ်ဒေသခွင့်ပြု၍ အယူခံတရားလိုက အယူခံတရားပြိုင်အား အထွေထွေနစ်နာကြေးကျပ်သိန်း ၅၀ ပေးစေရန် ချမှတ်သည့် မူလခရိုင်တရားရုံး၏ အမိန့်အစား အယူခံတရားလိုက တရားခံတရားပြိုင်အား အထွေထွေနစ်နာကြေးကျပ်သိန်း ၃၀ ကို စရိတ်နှင့်တကွ ပေးစေရန် ပြင်ဆင်ချမှတ်ခဲ့သည်။

ဒေါ်ခိုင်ခိုင်မြင့်၏ရှေ့နေက မူလရုံးတရားပြိုင်၏ ထက်မဥ္ဇူဆီဆိုင်၏ရေမြောင်းတစ်လျှောက်ရှိ ခိုင်ရွှေစင်သောက်ရေသန့်အိမ်ရှေ့နှင့် ဦးစီစီဟန် အိမ်ရှေ့ ရေမြောင်းအတွင်း မီးထတောက်လောင်ကျွမ်းခဲ့ပြီးမှ မူလရုံးတရားလို၏ စျေးဆိုင်အောက် ရေမြောင်းအတွင်း မီးထတောက်လောင်ကျွမ်းခြင်းကြောင့် မူလရုံးတရားလိုတွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ တရားလိုမီးလောင်ခံရ၍ တရားပြိုင် လင်မယားရောက်လာပြီး မီးလောင်ခံရမှုနှင့်ပတ်သက်၍ အားလုံးတာဝန်ယူသည်ဟု ပြောဆိုကာ ငွေကျပ် ၃၃၀၀၀၀ ကို မူလရုံးတရားလို၏ ညီမ ဒေါ်လဲ့လဲ့မြင့် (လိုပြ-၁) ထံ ပေးအပ်ခဲ့ကြောင်း ပေါ်ပေါက်နေပြီး ယင်းအချက်ကို နှစ်ရုံးစလုံးမှ တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခဲ့ကြကြောင်း၊ မူလခရိုင်တရားရုံးတွင် စွဲဆိုခဲ့သောအမှုမှာ အထွေထွေနစ်နာကြေးငွေ ကျပ်သိန်း ၂၀၀ ကို တရားစွဲဆိုတောင်းခံခဲ့ခြင်းဖြစ်ကြောင်း၊ ၉-၈-၂၀၁၆ ရက်နေ့ မီးလောင်မှုကြောင့် တရားလိုရရှိသော မီးလောင်ဒဏ်ရာကို ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ၂၃ ရက်ကြာ ဆေးရုံတက်ရောက် ကုသခဲ့ရပြီးနောက်ပိုင်း ယနေ့အချိန်ထိ တစ်ဦးတည်း လှုပ်ရှားသွားလာ၍ မရသည့်အပြင်

၎င်းလုပ်ကိုင်မြဲအလုပ် မလုပ်နိုင်တော့သည့်အပြင် ဈေးဆိုင်ကိုပါ ဖျက်သိမ်းလိုက်ကြောင်း၊ ခရိုင်တရားရုံးတရားသူကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်မှ တရားလိုဆေးကုသခဲ့သော ပုသိမ်မြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသစရိတ်ကုန်ကျဖွယ်မရှိခြင်း၊ ဆေးဝါးဝယ်ယူသောက်သုံးရာတွင် မည်မျှကုန်ကျကြောင်း တင်ပြနိုင်ခြင်းမရှိဟု သုံးသပ်ကာ အထွေထွေနစ်နာကြေးကို ပြင်ဆင်သတ်မှတ်ခြင်းမှာ တရားလိုများစွာ နစ်နာကြောင်း၊ အထွေထွေကြေးတောင်းခံမှုများတွင် နစ်နာကြေးကို အသေးစိတ်တင်ပြရန် မလိုကြောင်း၊ လျော်ကြေးသတ်မှတ်ရန်မှာ တရားသူကြီးက ကြိုးစားချင့်ချိန်သတ်မှတ်ရမည်ဟု စီရင်ထုံးများလမ်းညွှန်ထားကြောင်း၊ ခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့က ဒေါ်ခိုင်ခိုင်မြင့် မီးလောင်ခံရ၍ ထိခိုက်မှုအတွက် လျော်ကြေးငွေပေးရန် တာဝန်ရှိကြောင်း တစ်သဘောတည်းသုံးသပ်ဆုံးဖြတ်ခဲ့သည့်အပြင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်မှ အယူခံတရားပြိုင် (မူလရုံးတရားလို) သည် ၎င်းရထိုက်သည်ဆိုသော နစ်နာကြေးအရေအတွက်ကို ခိုင်ခိုင်မာမာ တင်ပြထွက်ဆိုခဲ့ကြောင်း မတွေ့ပေဟုသုံးသပ်ခဲ့ခြင်း၊ အထွေထွေနစ်နာကြေး တောင်းခံသည့်အမှုမျိုးတွင် အသေးစိတ်တင်ပြရန်မလိုကြောင်း၊ လျော်ကြေးသတ်မှတ်ရန်မှာ တရားသူကြီးက ကြိုးစားချင့်ချိန်သတ်မှတ်ပေးရမည်ဟူ၍လည်း လမ်းညွှန်ထုံးဖွဲ့ထားသဖြင့် မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအား ပြန်လည်အတည်ပြုပေးရန် လျှောက်ထားသည်။

ဦးကျော်မျိုးဟန်၏ရှေ့နေက အချင်းဖြစ်မီးလောင်မှုနှင့် ပတ်သက်၍ ပုသိမ်မြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးအမှုကြီးအမှတ် ၁၀၁၂၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် တရားစွဲဆိုခဲ့ရာ စွဲချက်မတင်မီလွှတ်ခဲ့သည့်အမိန့်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပေါ့လျော့စွာဆောင်ရွက်ခြင်းမဟုတ်ကြောင်း ပေါ်ပေါက်

၂၀၂၁ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ်စာရသူ ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန် (၎င်း၏ အခွင့်ရ ကိုယ်စားလှယ်စာရသူ ဦးလှဟန်)
ဒေါ်ခိုင်ခိုင်မြင့်

သည့်အခြေအနေတွင် အထွေထွေနစ်နာကြေးပေးစေခြင်းမှာ လျော်ကန်မှု မရှိကြောင်း၊ ဒေါ်ခိုင်ခိုင်မြင့် စျေးဆိုင်နှင့် ဦးကျော်မျိုးဟန်ဆီဆိုင်မှာ ဓါတ်တိုင် ၄ တိုင်ခန့်ကွာဝေးကြောင်း၊ ကြားတွင် မီးလောင်မှုမရှိဘဲ ဒေါ်ခိုင်ခိုင်မြင့်ဆိုင်မှသာ မီးလောင်ခြင်း၊ ၎င်းဆိုင်သည် ရေမြောင်းကို ခွ၍ဆောက်ထားပြီး ထမင်းနှင့်မုန့်များကို မီးအသုံးပြု၍ ဆောင်ရွက် ရခြင်းဖြစ်သည့်အတွက် ၎င်းကိုယ်တိုင်၏မီးပေါ့ဆမှု ရှိ မရှိ သံသယ ဖြစ်ဖွယ်ရှိသည့်အခြေအနေတွင် ဦးကျော်မျိုးဟန်တွင် တာဝန်ရှိသည်ဟု သုံးသပ်ခြင်းမှာ နစ်နာပါကြောင်း၊ ဦးကျော်မျိုးဟန်၏ဆိုင်မှ ဆီများ ရေမြောင်းအတွင်းကျသည်ဆိုပါကလည်း ဒေါ်ခိုင်ခိုင်မြင့် ဆိုင်အောက် တွင် စုပုံနေရန် အကြောင်းမရှိကြောင်း၊ ရေမြောင်းအတွင်းမှ ဆီများ မီးလောင်ပါက ဦးကျော်မျိုးဟန် ဆိုင်နှင့်ဓာတ်တိုင် ၄ တိုင်ခန့်ဝေးသော ရေမြောင်းတစ်လျှောက် မီးလောင်ရမည်ဖြစ်သော်လည်း ရေမြောင်း တစ်လျှောက်မီးမလောင်ဘဲ ဒေါ်ခိုင်ခိုင်မြင့်ဆိုင်မှသာ ရေမြောင်းထဲတွင် ဓါတ်ဆီဆိုင်မှ ဆီများကြောင့် မီးလောင်ရသည်ဆိုသောအချက်မှာ အလှမ်းကွာဝေးသော သက်သေခံချက်များဖြစ်၍ နစ်နာကြေးပေးရန် ဆုံးဖြတ်မှုမှာ သင့်မြတ်မှုမရှိကြောင်း၊ ရာဇဝတ်မှုမှစီရင်ချက်ကို တရားမမှု တွင် အထွေထွေလျော်ကြေးကိစ္စ၌ ထည့်သွင်းဆုံးဖြတ်သင့်သော်လည်း မဆုံးဖြတ်ခြင်းမှာ နစ်နာကြောင်း၊ တရားရုံးအဆင့်ဆင့်၏ စီရင်ချက် နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလို၏အဆိုလွှာအား စရိတ်နှင့် တကွ ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အမှုတွဲလေ့လာရာတွင် ဦးကျော်မျိုးဟန်၏ ထက်မဉ္ဇူဆီဆိုင် သည် ဒေါ်ခိုင်ခိုင်မြင့်၏ စားသောက်ဆိုင်မှဓါတ်တိုင် ၃/၄ တိုင်ခန့် ကွာဝေးကြောင်း၊ ၎င်းဆိုင်နှစ်ခုအကြားတွင် ခိုင်ရွှေစင် သောက်ရေသန့် အိမ်၊ ဦးစီစီဟန်၏နေအိမ်များရှိပြီး ဒေါ်ခိုင်ခိုင်မြင့် စျေးဆိုင်မှာ ရေမြောင်း ကိုခွလျှက် ဆောက်လုပ်ထားကြောင်းတွေ့ရသည်။ ရေမြောင်းတစ်လျှောက်

၂၀၂၂ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
ဒေါ်ခိုင်ခိုင်မြင့်

ခိုင်ရွှေစင် သောက်ရေသန့်အိမ်၊ ဦးစီစီဟန်၏နေအိမ်ကြားတွင် တစ်ကြိမ် မီးထတောက်ခဲ့ပြီး၊ ဒေါ်ခိုင်ခိုင်မြင့် ဈေးဆိုင်အောက်တွင် ထပ်မံ မီးတောက်ခဲ့ကြောင်းတွေ့ရသည်။ ဒေါ်ခိုင်ခိုင်မြင့်ဆိုင်အောက် ရေမြောင်း အတွင်းမှ မီးထတောက်သဖြင့် မျက်နှာကိုမီးကူးစက်လောင်ကျွမ်းပြီး တစ်ကိုယ်လုံးမီးဟပ်သွားခဲ့သဖြင့် ဆေးရုံတွင် ၂၃ ရက်ကြာ တက်ရောက် ကုသခဲ့ရခြင်း၊ မီးလောင်ခံရသည့်အတွက် ခြေထောက်နှစ်ချောင်း၊ လက်နှစ်ဘက်၊ ရှေ့ရင်ဘက်နှင့်မျက်နှာတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါ ဒဏ်ရာနှင့် ပတ်သက်၍ ဦးကျော်မျိုးဟန်မှ ဆေးကုသစရိတ်ကို တာဝန်ယူကြောင်း ပြောဆိုကာ ထောက်ပံ့ငွေ ၃၃၀၀၀၀ ကျပ် ပေးအပ်ခဲ့ ကြောင်းတို့ အငြင်းမပွား ပေါ်ပေါက်သည်။

တရားပြိုင်၏ဆီဆိုင်မှ ဆီများကို ရေမြောင်းအတွင်းသို့ စည်းကမ်းမဲ့ စွန့်ပစ်ခဲ့သည့်အတွက် ယခုကဲ့သို့ မီးလောင်ခံရသဖြင့် ကိုယ်စိတ်ဆင်း ရဲခြင်း၊ ဈေးရောင်းသည့်လုပ်ငန်းပျက်စီးရခြင်း၊ ဆေးကုသခြင်းတို့အတွက် နစ်နာကြေးသိန်း ၂၀၀ ရလိုကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

မီးသတ်စခန်းမှူး ဦးနိုင်လင်း (လိုပြ-၄) က မီးလောင်ရသည့် အကြောင်းအရင်းမှာ လမ်းသွားလမ်းလာတစ်ဦးက ဆီဆိုင်ဘေး ရေမြောင်းသို့ဆေးလိပ်မီးပစ်ချရာမှ မီးလောင်မှုဖြစ်ရကြောင်း မီးလောင်မှု အစီရင်ခံစာတွင် ဖော်ပြထွက်ဆိုထားသည်ကို တွေ့ရသည်။

တရားပြိုင်၏ ဆီဆိုင်ကို သန့်ရှင်းရေးပြုလုပ်ရာတွင် တံမြက်စည်းဖြင့် ရေမြောင်းအတွင်းသို့ လှဲချလေ့ရှိကြောင်း၊ တရားလို၏ ထွက်ဆိုချက်များကို လိုပြသက်သေများက ထောက်ခံထွက်ဆိုထားကြပြီး တရားပြိုင်ဘက်မှလည်း ငြင်းဆိုထားမှုမရှိပေ။ အချင်းဖြစ်နေရာမှာ ရေမြောင်းဖြစ်ပြီး ရေများစီးဆင်းလျက်ရှိသည်။ ရေသက်သက်သာ ဖြစ်လျှင် စီးဆင်းနေသော ရေမြောင်းမှ မီးထတောက်ရန် အကြောင်းမရှိ

၂၀၂၁ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)

ပေ။ ဦးဝင်းညွန့် (ပြိုင်ပြ-၁) ကလည်း "ရေမြောင်းအတွင်းတွင် မိုးတွင်းဖြစ်၍ ရေများရှိနေသည့်အပြင် ခတ်ဆီဆိုင်မှ လှဲ့ကျင်းချလိုက်သောပေါက်ကွဲစေတတ်သည့် ဓါတ်ဆီများပါဝင်နေသည်ကို သိသလားဆိုကရေတော့ပါမည် ဖြစ်ပါသည်။ ဆီလည်း အနည်းအကျဉ်းပါမည် ဖြစ်ပါသည်" ဟု ထွက်ဆိုထားသည်ကို တွေ့ရသည်။ ရေမြောင်းတစ်လျှောက်ရှိ ဦးစီစီဟန် နေအိမ်နားနှင့် ခိုင်ရွှေစင်သောက်ရေသန့် အိမ်ရှေ့အနီးတွင် မီးတောက်တစ်ခုဖြစ်ပေါ်ခဲ့ပြီး တရားလို၏ ဈေးဆိုင်အောက်ရှိ ရေမြောင်းအတွင်းတွင် ထပ်မံပေါက်ကွဲမီးလောင်ခဲ့သည့် အနေအထားအရ ရေမြောင်းအတွင်း တရားပြိုင်၏ဆီဆိုင်မှ စီးဝင်လာသောဆီများကြောင့်သာ ယခုကဲ့သို့ ရေမြောင်းတစ်လျှောက် မီးတောက်ခဲ့သည့်အနေအထား သုံးသပ်ရမိသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်တရားရုံး ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၀၁၂၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ တွင် ဦးကျော်မျိုးဟန်အား စွဲချက်မတင်မီလွှတ်ခဲ့ကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာတရားရုံး၏စီရင်ချက်သည် တရားမရုံးနှင့် မသက်ဆိုင်တရားမရုံးအပေါ် အတည်မဖြစ်ကြောင်း **မင်္ဂလာသုခဆန်စက်လီမိတက်နှင့် ဦးသန်းစိန် အမှု**[၁] တွင် လမ်းညွှန်ထားသည်။

ယခုအမှုသည် တရားမနစ်နာမှုဥပဒေအရ ပေါ့ဆမှုအတွက် နစ်နာကြေးရရန် တရားစွဲဆိုမှုဖြစ်သည်။ အမှုတွင် တရားပြိုင်တွင် ဂရုစိုက်ရန်တာဝန်ရှိကြောင်း၊ ယင်းတာဝန်ကို ချိုးဖောက်ကြောင်းနှင့် ယင်းချိုးဖောက်မှုကြောင့် တရားလိုတွင် နစ်နာဆုံးရှုံးမှုရှိကြောင်း တရားလိုက သက်သေထူရန်ဖြစ်သည်။

ယခုအမှုတွင်ဆုံးဖြတ်ရန်ပြဿနာသည် ရာဇသတ်ကြီးပုဒ်မ ၂၈၅ ပါ ပြစ်မှုကို ကျူးလွန်ရာရောက် မရောက် ဆုံးဖြတ်ရန် ပြဿနာနှင့်

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ-၇၉၄

တူညီခြင်းမရှိပေ။ ယခုအမှုသည် မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၃(၃) အရ ဆုံးဖြတ်ရသောအမှုမျိုးဖြစ်သည်။

တရားမနစ်နာမှုဥပဒေပါ ပေါ့ဆမှုဆိုသည်မှာ ဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် သာမန်အမြော်အမြင်ရှိသူတစ်ဦး လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စကို မဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ သာမန်အမြော်အမြင်ရှိသူတစ်ဦး မဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ သူတစ်ပါး၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ထိခိုက်နစ်နာခြင်းဖြစ်သည်။

အမှုတွင် ဦးကျော်မျိုးဟန်သည် မီးဘေးအန္တရာယ်ဖြစ်စေနိုင်သော လောင်စာဆီများကို အထူးဂရုစိုက်၍ ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသော်လည်း ပေါ့ဆမှုရှိခဲ့ကြောင်း၊ ၎င်း၏ ပေါ့ဆမှုကြောင့် ဒေါ်ခိုင်ခိုင်မြင့်အား ထိခိုက်နစ်နာစေခဲ့ကြောင်း သက်သေခံချက်များ ပေါ်ပေါက်နေသည်။

ခရိုင်တရားရုံး နှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့ကလည်း ဒေါ်ခိုင်ခိုင်မြင့် မီးလောင်ခံရ၍ ထိခိုက်မှုတွင် ဦးကျော်မျိုးဟန်က လျော်ကြေးပေးရန် တာဝန်ရှိကြောင်းနှင့်ပတ်သက်၍ တညီတညွတ်တည်း သုံးသပ်ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

တရားပြိုင်က တရားလိုဆေးကုသစရိတ်များ ကုန်ကျခံပေးမည်ဖြစ်ကြောင်းပြောဆို၍ ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်းလည်း အမှုတွဲ၌ တွေ့ရပေသည်။ ဓါတ်ဆီ၊ စက်သုံးဆီများအား စနစ်တကျ မစွန့်ပစ်ဘဲ ရေမြောင်းအတွင်းသို့ အလွယ်တကူစွန့်ပစ်ခဲ့ရာမှ မီးလောင်ကျွမ်းမှုကိုလွယ်ကူစေပြီး တရားလိုဒဏ်ရာများရရှိခဲ့သည့်အခြေအနေတွင် တရားပြိုင်အနေဖြင့် တာဝန်မကင်းဟု ဆိုရမည်ဖြစ်ပေသည်။

ဒေါ်ခိုင်ခိုင်မြင့်အနေနှင့် နစ်နာကြေးငွေ တောင်းခံရာတွင်

ဆေးရုံတက်ရောက်ကုသခဲ့သည့်အတွက် ကုန်ကျစရိတ်များနှင့် ပတ်သက်၍ တိတိကျကျတွက်ချက်တောင်းခံထားမှု မတွေ့ရပေ။ ၎င်း၏စျေးဆိုင်လုပ်ငန်းပျက်စီးသည်ဟုဆိုသော်လည်း ဆုံးရှုံးပျက်စီးသည့်တန်ဖိုးမတွေ့ရပေ။ ၎င်းရထိုက်သည့်နစ်နာကြေးကို ခိုင်ခိုင်မာမာထွက်ဆို တင်ပြခဲ့ကြောင်း မတွေ့ရပေ။ ကိုယ်စိတ်ဆင်းရဲခြင်းဖြစ်ရမှုအပေါ် ငွေကြေးနှင့် တွက်ချက်နိုင်မည် မဟုတ်ချေ။

**တန်ချူကင်းပါ ၃ နှင့် စောချိန်ပွန် ပါ ၂ အမှု** [၂] တွင် အထွေထွေလျော်ကြေးငွေကို မည်မျှပေးသင့်ကြောင်းသတ်မှတ်ရန်ကိစ္စမှာ ခက်ခဲသည့်ကိစ္စရပ်ဖြစ်သော်လည်း တရားသူကြီးက အစွမ်းကုန်ကြိုးစား၍ ချင့်ချိန်ရမည်ဖြစ်သည်ဟု လမ်းညွှန်ထားသည်။

အထွေထွေလျော်ကြေးမည်မျှပေးသင့်သည်ကို သတ်မှတ်ရန် ခက်ခဲသောကိစ္စရပ်ဖြစ်သည့်အတွက် ဦးကျော်မျိုးဟန်အနေဖြင့် ဒေါ်ခိုင်ခိုင်မြင့်က ဆေးရုံတက်စဉ် လူမှုရေးအရ ထောက်ပံ့ကြေးဖြင့် ၃၃၀၀၀၀ ကျပ် ထောက်ပံ့ပေးခဲ့သည့်အခြေအနေများ၊ ဒေါ်ခိုင်ခိုင်မြင့် ထိခိုက်နစ်နာခံစားရမှုအခြေအနေများကို မြန်မာနိုင်ငံတရားဥပဒေဆိုင်ရာအကျဉ်းဥပဒေပုဒ်မ ၁၃(၃) အရ တရားမျှတမှု၊ သာနာညီမျှမှုနှင့်ကောင်းမြတ်သော အသိစိတ်ရှိမှုတို့အရ ထည့်သွင်းစဉ်းစား၍ အထွေထွေနစ်နာကြေး သိန်း ၃၀ ကို စရိတ်နှင့်တကွ ပေးစေရန် ချမှတ်ခဲ့သည့် ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်မျှတသည့်အတွက် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမတွေ့ရပေ။

ထိုကြောင့် ဤအယူခံမှုများအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀၀/- စီ သတ်မှတ်သည်။

---

၂။ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၉၀

**တရားမပြင်ဆင်မှု**

+၂၀၂၁ ခုနှစ်
ဒီဇင်ဘာလ ၂၈ ရက်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးမျိုးတင့် ရှေ့တွင်**

**ဒေါက်တာစိုင်းကျော်မင်း (ခ) အိုက်ယွမ်း**
**နှင့်**
**ဦးစိုင်းကျော်စည်သူ***

**မိဘများသည် မိမိတို့မကွယ်လွန်ခင်သားသမီးများကို အမွေဆက်ခံခွင့်မရှိသော သွာနုတ္တသားသမီးအဖြစ် မြွက်ဟကြေညာနိုင်သည့် အခွင့်အရေးရှိ မရှိ**

**ဆုံးဖြတ်ချက်**။ ။ တရားပြိုင်သည် သားတစ်ယောက်အနေဖြင့် ဖခင်အားသားနှင့် မလျော်သောပြုမှု၊ သားသမီးမပီသသောပြုမှု၊ သားသမီးတို့ပြုဖွယ်နှင့် မသင့်လျော်သောပြုမှု ကျူးလွန်ခဲ့သဖြင့် ထိုသို့သောသားမျိုးကို မွေးဖွားမိပါသည်ဟု ဖခင်တစ်ယောက်အနေဖြင့် မြွက်ဟကြေညာလိုခြင်းသာဖြစ်ကြောင်း တရားလိုက တင်ပြထားသော်လည်း ၎င်းတောင်းဆိုသော သက်သာခွင့်သည် နောင်တစ်ချိန်မိဘများ ကွယ်လွန်ချိန်ရောက်မှပေါ်ပေါက်လာမည့် တရားပြိုင်၏ အမွေဆက်ခံခွင့်ကို ကြိုတင်တားဆီးရာရောက်သဖြင့် သွာနုတ္တသားအဖြစ် မြွက်ဟကြေညာနိုင်သည့် အခွင့်အရေးမရှိသည်မှာ မြင်သာသည်။

---

*၂၀၂၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၇၁

+၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၁၀ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၂၀၂၁ ခုနှစ်
ဒေါက်တာ
စိုင်းကျော်မင်း (ခ)
အိုက်ယွမ်း
နှင့်
ဦးစိုင်းကျော်စည်သူ

လျှောက်ထားသူအတွက် - ဒေါ်နွံ့နွံ့ဝင်း၊ တရားလွှတ်တော်ရှေ့နေ (၎င်းကိုယ်စားတရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်းမှ လာ၍ ရေးသား လျှောက်လဲချက်တင်သည်။)

လျှောက်ထားခံရသူများ အတွက် - ဦးရဲလင်းအောင်၊တရားလွှတ်တော်ရှေ့နေ (၎င်းကိုယ်စားတရားလွှတ်တော်ရှေ့နေ ဒေါ်အိအိခိုင်မှလာ၍ ရေးသားလျှောက်လဲချက်တင်သည်။)

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ်တရားမကြီးမှုအမှတ် ၃၉ တွင် ဒေါက်တာ စိုင်းကျော်မင်း(ခ)အိုက်ယွမ်းက ဦးစိုင်းကျော်စည်သူ အပေါ် သွာနုတ္တခေါ် အဖကို ပြန်သတ်သော သားတစ်ဦး၏ ဖခင်ဖြစ် ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုသည်။ အဆိုအချေများအရ ငြင်းချက် (၄) ရပ်ကို ထုတ်နုတ်ပြီးနောက် တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်ခြင်းမရှိ ဆိုသည်မှာမှန်သလား ငြင်းချက်(၁)အား မမှန်ဟု လည်းကောင်း၊ အမှုကိုဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလား ငြင်းချက်(၂)အား မမှန်ဟုလည်းကောင်း ပဏာမငြင်းချက် (၂) ရပ်အား တရားလိုဘက်အသာပေး ဖြေဆိုဆုံးဖြတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ဦးစိုင်းကျော်စည်သူက မကျေနပ်သဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၁၀ ဖြင့် ပြင်ဆင်မှုလျှောက်ထားရာ အမှုအား စရိတ်နှင့်တကွ ပလပ်ခဲ့သဖြင့် ဒေါက်တာစိုင်းကျော်မင်း(ခ)အိုက်ယွမ်းက ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ ပြင်ဆင်မှု လျှောက်ထားလာခြင်းဖြစ်သည်။

မန္တလေးခရိုင်တရားရုံးက အဆိုလွှာတွင် တရားလိုသည် သားဖြစ်သူ တရားပြိုင်ထံ ငွေကျပ်သိန်း ၁၀၀ အပ်နှံထားရာ သိန်း ၅၀ ကို

ပြန်တောင်းသည့်အခါ မပေးသည့်အပြင် မိုက်ရိုင်းစွာ ပြန်လည်ပြောဆို တုံ့ပြန်ကြောင်း၊ ထပ်မံတောင်းဆိုရာ တစ်ယောက်တစ်ခွန်း စကားများရာမှ လူစိတ်ပျောက်ပြီး ဖခင်အရင်းကို ရက်စက်စွာအနိုင်အထက်ပြုကျင့်ခြင်း၊ ထိုးကြိတ်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ အနီးနားရှိ ကားမောင်းသမား၊ အိမ်ဝန်ထမ်းများမှ အင်အားသုံးဆွဲနိုင်၍သာ အသက်ချမ်းသာရာရခဲ့သည်ဟု အဆိုပြုထားကြောင်း၊ ချေလွှာတွင် တရားလိုသည် တရားပြိုင်ခြံအတွင်းသို့ သံတုတ်ဖြင့် ဝင်လာပြီး ချေးငွေကိစ္စပြောဆိုရာ အဆင်မပြေသဖြင့် မှန်တံခါး၊ နံရံ၊ ကြမ်းခင်းတို့ကိုရိုက်နှက်ခြင်း၊ တရားပြိုင်၏ကားကို ရိုက်ခွဲဖျက်ဆီး၊ ခြိမ်းခြောက်ခြင်း၊ တရားပြိုင်က သံတုတ်ကို ဖမ်းဆုပ်ထားသည့်အနေအထားဖြင့် နှစ်ဦးစလုံးကြမ်းပြင်ပေါ်သို့ လဲကျခြင်းသာဖြစ်ကြောင်း၊လည်ပင်းညှစ်ခြင်းဆိုသည်မှာ လုံးဝမဟုတ်မှန်ကြောင်း၊ မိုက်ရိုင်းစွာ ပြောဆိုတုံ့ပြန်ခြင်းလည်းမရှိကြောင်း၊ တရားလိုက သံတုတ်ဖြင့်ရိုက်၍ တရားပြိုင် ဦးခေါင်းဘယ်ဘက်ဂျိုစောင်းတွင် ဖူးရောင်နာကျင် ဒဏ်ရာရရှိခဲ့သဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံသို့ ဆေးကုသမှုခံခဲ့ရကြောင်း ချေပထားသည်။ ထို့ကြောင့် အဆိုအချေအရ နှစ်ဖက်အငြင်းပွားပြဿနာကို တရားရုံး၏အဆုံးအဖြတ်ခံယူစရာအကြောင်း ပေါ်ပေါက်နေသည်မှာ ထင်ရှားသည်ဟု သုံးသပ်လျက်ငြင်းချက် (၁) ကို ဖြေဆိုခဲ့သည်။

တရားလိုသည် တရားပြိုင်၏ တရားဝင်ဖခင်ဖြစ်ပြီး သားယောကျ်ားလေးဖြစ်သောကြောင့် သမီးများထက် အချစ်ပိုအလိုလိုက် အကြိုက်ဆောင်ကာ ဖခင်၏ချစ်ခြင်းမေတ္တာဖြင့် ဖြည့်ဆည်းပေးခဲ့ပြီးကာမှ သားဖြစ်သူ၏ရက်စက်စွာ အနိုင်အထက်ပြု တုံ့ပြန်မှုကို ခံရသည်ဟု အဆိုပြုပြီး အသက်အန္တရာယ်ဖြစ်စေအောင်အထိ ပြုလုပ်ခဲ့သည်ဆိုသော သွာနုတ္တသားကို မွေးဖွားခဲ့သည်ဟု မြွက်ဖော်ကြေညာလိုသည့် အခွင့်အရေးကို ရထိုက်ကြောင်း စွဲဆိုခြင်းဖြစ်ကြောင်း၊ ယင်းအဆိုပြုချက်သာ မှန်ပါက တောင်းဆိုသည့်အတိုင်း မြွက်ဟကြေညာခွင့်ရနိုင်မည်ဖြစ်သည်

အလျှောက် အမှုစွဲဆိုပုံမှားယွင်းသည်ဟုမဆိုနိုင်ဟု သုံးသပ်လျက် ငြင်းချက် (၂) ကို ဖြေဆိုခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုသည် သွာနုတ္တ၏ဖခင်ဖြစ်ကြောင်း ကြေညာပေးနိုင်ရန်အတွက် တရားပြိုင်သည် သွာနုတ္တ ဟုတ် မဟုတ် ဦးစွာဆုံးဖြတ်ပြီးမှသာ အမှုကို ဆုံးဖြတ်နိုင်မည် ဖြစ်သဖြင့် တရားစွဲဆိုချိန်တွင် တရားလို၏တရားဝင်အနေအထားကို တောင်းဆိုခြင်းမဟုတ်ဘဲ တရားပြိုင်၏ တရားဝင်အနေအထားကို ဆုံးဖြတ်ခံယူခြင်းဖြစ်သဖြင့် မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခွင့်မရှိကြောင်း၊ တရားလို၏ အဆိုလွှာသည် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသဖြင့် မူလရုံးက အမှုပုံစံမှန်ကြောင်း ဆုံးဖြတ်ချက်သည် မှန်ကန်မှုမရှိကြောင်း **ဒေါ်စိန်ကြည် နှင့် ဦးသန်းစိန် အမှု** [၁] **၊ ဒေါ်ခင်မြင့် နှင့် ဒေါ်မြင့်မြင့် ပါ -၇ အမှု** [၂] ကို ကိုးကားလျက်အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေက သားဖြစ်သူက ဖခင်အပေါ် ရက်စက်စွာ ဒေါသတကြီးတုံ့ပြန်ခြင်းသည် ဖခင်တည်းဟူသော တရားဝင်အခြေအနေကို ငြင်းကွယ်ရာရောက်ကြောင်း၊ သွာနုတ္တ သားအဖြစ် ကြေညာလိုခြင်းမဟုတ်ဘဲ မိမိအား ရန်သူသဖွယ်တုံ့ပြန်ခဲ့သော သွာနုတ္တသားတစ်ဦးကိုမွေးဖွားမိသည့် ဖခင်တစ်ဦးဖြစ်သည်ကို ကြေညာ လိုခြင်းဖြစ်ကြောင်း၊ ကွယ်လွန်ပြီးမှကျန်သည့်ပစ္စည်းခွဲဝေမပေးချင်၍ မဟုတ်ကြောင်း၊ မိမိသက်ရှိထင်ရှားဂုဏ်သိက္ခာများနှင့် မေတ္တာတရားများကို ထုတ်ဖော်မြွက်ဟကြေညာရန်အထိ ရည်ရွယ်ကြောင်း၊ မိမိပိုင်ပစ္စည်းများကို ယခင်ကတည်းကပင် သားဖြစ်သူအား မှတ်ပုံတင်၍ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း လျှောက်လဲသည်။

---

၁။ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၄
၂။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅

လျှောက်ထားခံရသူ၏တရားလွှတ်တော်ရှေ့နေက တရားလိုသည် ဖခင်တစ်ဦးအနေဖြင့် မိမိအသက်၊ အရှက်နှင့် ဂုဏ်သိက္ခာကို ကိုယ်ထိလက်ရောက်ပြုမူရန်ရှာသည့် သွာနုတ္တ ခေါ် ခွေးနှင့်တူသော သားကို အမွေပုံစာရင်းမှ အပြီးအပိုင်အပြတ် မဖယ်ထုတ်လိုသော်လည်း အခြားလိမ္မာရေးခြားရှိသည့် သားသမီးများနှင့်တန်းတူ မသတ်မှတ်နိုင်ကြောင်း၊ သွာနုတ္တ ခေါ် ခွေးနှင့်တူသောသားကို မိမိမွေးဖွားမိကြောင်း တရားဝင် မြွက်ဟကြေညာလိုပါသည်ဟု အဆိုလွှာအပိုဒ် (၇) တွင် ဖော်ပြထားသော်လည်း တရားလိုက တရားပြိုင်သည် အမွေဆက်ခံပိုင်ခွင့်ကို ဆုံးရှုံးစေသော သွာနုတ္တသားဖြစ်သည်ဟုသွယ်ဝိုက်၍ စွဲဆိုခြင်းဖြစ်၍ ပြင်ဆင်မှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲသည်။

အမှုမှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက် သက်သက်တောင်းဆိုသောအမှုဖြစ်၍ သက်သာခွင့် တောင်းဆိုနိုင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရန်လိုသည်-

(က) တရားလိုသည် အမှုစွဲဆိုချိန်တွင် တည်ရှိသော ၎င်း၏ တရားဝင် အခြေအနေ သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးနှင့် ပတ်သက်၍ စွဲဆိုခြင်းဖြစ်ရမည်။

(ခ) အဆိုပါ တရားဝင်အခြေအနေ သို့မဟုတ် အခွင့်အရေးကို တရားပြိုင်က ငြင်းကွယ်ရမည် သို့မဟုတ် ငြင်းကွယ်ရန် လိုလားနေသူ ဖြစ်ရမည်။

(ဂ) တရားလိုအနေဖြင့် နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုနိုင်သည့် အခြေအနေမရှိစေရပေ။

ယခုအမှုတွင် တရားလိုနှင့် တရားပြိုင်တို့သည် သားအဖဖြစ်ကြသည်။ သားသမီးဟူသည် မိဘကို ရိုသေရသည်။ ပြုစုလုပ်ကျွေးရသည်။ မိဘတို့၏ ဆိုဆုံးမသော စကားကိုနာခံရသည်။ မိဘသြဇာကို

နာခံရသည်။ ၎င်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ မိဘသည် အနန္တောအနန္တ ၅ ပါး ဂိုဏ်းဝင်ဖြစ်သည်။ ဘုရားနှင့်တစ်ဂိုဏ်းတည်း သတ်မှတ်၍ ရှိသေကြရသည်။ ဤသည်မှာ တရားလို၏တရားဝင် အခြေအနေ၊ တည်ဆဲအခွင့်အရေးဖြစ်သည်။

အဆိုလွှာအပိုဒ် (၄) တွင် ဖခင်ဖြစ်သူ တရားလိုက သားဖြစ်သူ တရားပြိုင်ထံသို့ အပ်နှံထားသော ငွေကျပ် သိန်း ၁၀၀ အနက် သိန်း ၅၀ ကို ပြန်လည်တောင်းခံရာ ပြန်မပေးဘဲ မိုက်ရိုင်းစွာ ပြန်လည်ပြောဆို တုံ့ပြန်ကြောင်း၊ အနိုင့်အထက်ပြု ထိုးကြိတ်သတ်ပုတ်ရုံမက လည်ပင်း ကို ညှစ်သည့်အတွက် အနီးရှိ ကားမောင်းသမား၊ အိမ်ဝန်ထမ်းများ ဆွဲနိုင်ကြ၍သာ အသက်ချမ်းသာရာရကြောင်း အဆိုပြုထားသည်။ CCTV မှတ်တမ်းမှကူးယူထားသည့် ဓာတ်ပုံများကလည်း အဆိုလွှာပါ အချက် အလက်များကို ထောက်ခံသည်ဟု ယူဆနိုင်သည့်ဓါတ်ပုံများကို အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြထားသည်။ ယင်းအချက်အလက်များ သည်တရားပြိုင်သည် တရားလိုအား မိဘကဲ့သို့မဆက်ဆံဘဲ ရန်သူ သဖွယ်ဆက်ဆံသည်ဟုဆိုနိုင်သည့် အဆိုပြုချက်များဖြစ်၍ တရားလို၏ မိဘဆိုသည့် တရားဝင်အခြေအနေကို တရားပြိုင်က ငြင်းကွယ်သည့် အချက်ဖြစ်သည်ဆိုသော်လည်း မိခင်ဖြစ်သူမှာ သက်ရှိထင်ရှားရှိသေး သဖြင့် ၎င်း၏ ရင်မှဖြစ်သောသားကို အမွေဆက်ခံခွင့်ဆုံးရှုံးစေသည့် သွာနုတ္တသားအဖြစ် သတ်မှတ်လိုသည့်အချက် မတွေ့ရပေ။

ယခုအမှုတွင် အဆိုလွှာအပိုဒ် (၆) တွင် " xxxx သွာနုတ္တခေါ် ခွေးနှင့်တူသော သားကို အမွေပုံစာရင်းမှ အပြီးအပြတ်မဖယ်ထုတ်လို သော်လည်းxxx"ဟု ဖော်ပြထားသဖြင့် ၎င်းကွယ်လွန်သောအခါ အမွေဆက်ခံပိုင်ခွင့်ကို ပိတ်ပင်နိုင်စေရန်မဟုတ်ဟု တင်ပြသော်လည်း “ သွာနုတ္တ” ဟု သတ်မှတ်လိုက်သည်နှင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တရားပြိုင်သည် အမွေဆက်ခံခွင့်ရှိသူတစ်ဦးမဟုတ်တော့သည်မှာ

၂၀၂၁ ခုနှစ်
ဒေါက်တာ
စိုင်းကျော်မင်း (ခ)
အိုက်ယွမ်း
နှင့်
ဦးစိုင်းကျော်စည်သူ

မြင်သာသည်။

**ဒေါ်စိန်ကြည် နှင့် ဦးသန်းစိန် အမှု**[၃] တွင် ဦးသန်းစိန်က သမီးရင်းဖြစ်သူ ဒေါ်စိန်ကြည်အပေါ် ဒေါ်စိန်ကြည်သည် မိဘအမွေ ဆက်ခံခွင့်မရှိသော သမီးဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ ဦးသန်းစိန် ကွယ်လွန်သောအခါ သမီးဖြစ်သူ ဒေါ်စိန်ကြည်၏ အမွေဆက်ခံနိုင်စွမ်းကို ပိတ်ပင်စေနိုင်စေရန်အတွက် သေတမ်းစာသဘောသက်ရောက်သည့် တောင်းဆိုချက်နှင့် အစီအမံတို့ကို ပြုလုပ်ခွင့်မရှိ၊ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်နေသည်ဟု သုံးသပ်ပြီး အမှုကို ပလပ်ခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

သွာနုတ္တသားသမီးဆိုသော စကားရပ်မှာ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေမခံထိုက်သော သားသမီးဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ရာ တရားလိုသည် သားဖြစ်သူကို သွာနုတ္တသားဟုသတ်မှတ်ခြင်းသည် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ သားသမီးကို အမွေမဆက် ခံစေလိုသည့်သဘော သက်ရောက်သည်။

သွာနုတ္တသားသမီးများသည် အမွေဆက်ခံခွင့်ရှိ မရှိ ဆိုသော ပြဿနာမှာ မိဘများကွယ်လွန်ပြီးနောက်မှ ကျန်ရစ်သူအမွေဆိုင် အချင်းချင်းကြား ပြဿနာဖြစ်သည်။

မိဘကွယ်လွန်ပြီးနောက် သက်ရှိထင်ရှားကျန်ရှိသည့် ညီအကို မောင်နှမဆွေမျိုးသားချင်းတို့က အဆိုပြုလေ့ရှိကြောင်း မြန်မာဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ ထုံးဖွဲ့ထားသော စီရင်ထုံးများအရတွေ့ရသည်။

ယခုအမှုတွင် တရားလိုက တရားပြိုင်သည် သားတစ်ယောက် အနေဖြင့် ဖခင်အား သားနှင့်မလျော်သော ပြုမှု၊ သားသမီး မပီသသော ပြုမှု၊ သားသမီးတို့ ပြုဖွယ်နှင့် မသင့်လျော်သော ပြုမှုကျူးလွန်ခဲ့သဖြင့် ထိုသို့သော သားမျိုးကို မွေးဖွားမိပါသည်ဟု ဖခင်တစ်ယောက်အနေဖြင့်

---

၃။ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၄

မြွက်ဟကြေညာလိုခြင်းသာဖြစ်ကြောင်း တရားလိုက တင်ပြထားသော်လည်း ၎င်းတောင်းဆိုသောသက်သာခွင့်သည် တရားပြိုင်၏ အမွေဆက်ခံခွင့်ကို ကြိုတင်တားဆီးရာရောက်သဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်နေသည်မှာ မြင်သာသည်။

သို့ဖြစ်၍ အဆိုလွှာတွင် တရားစွဲဆိုရန်အကြောင်းကို ဖြစ်မြောက်စေသော အကြောင်းခြင်းရာများကို အဆိုပြုရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) တွင် ပြဋ္ဌာန်းထားရာ ယခုအမှုတွင်သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက်သက်သက်တောင်းဆိုရာတွင် လိုအပ်သော အချက်အလက်များနှင့်ညီညွတ်ခြင်းမရှိသဖြင့် အမှုအား စရိတ်နှင့်တကွ ပလပ်ခဲ့သော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ချမှတ်သောအမိန့်မှာ မှားယွင်းခြင်းမရှိပေ။

အထက်ပါအကြောင်းများကြောင့် ဤတရားမပြင်ဆင်မှုကို ပလပ်သည်။ ပဏ္ဏာမ ငြင်းချက်(၂) ရပ်နှင့်စပ်လျဉ်း၍ ဖြေဆိုဆုံးဖြတ်သည့် မန္တလေးခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့သော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက်အတည်ပြုသည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

+၂၀၂၁ ခုနှစ်
ဒီဇင်ဘာလ ၆ ရက်

**တရားမအထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော
ဦးအောင်ဇော်သိန်း၊ ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး နှင့် ဦးတင်ဟုန်
တို့ ရှေ့တွင်**

**ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃***

၂၀၂၁ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)

**တရားစွဲဆိုရန် အကြောင်းကိုဖြစ်မြောက်စေသော အကြောင်းခြင်းရာများအရ တရားလို တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ဆီလျော်ရာရာသက်သာခွင့်ကို ရထိုက်ခွင့်ရှိစေသည့် ဥပဒေရှိပါမှ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်မည်ဖြစ်ခြင်း၊ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆၊ လယ်ယာမြေကို အမွေပုံပစ္စည်းအဖြစ် စီမံခန့်ခွဲပေးရန် စွဲဆိုသောအမှု၊ ပုဒ်မ ၃၆ တားမြစ်ချက်တွင် အကျုံးဝင်ခြင်း၊ အဆိုလွှာတွင် အမွေပစ္စည်းအဖြစ်ဖော်ပြပြီး ခွဲဝေပေးရန် တောင်းဆိုသည့် လယ်မြေများသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ရရှိထားသည်ဟု ဖော်ပြထားမှုမရှိခြင်း။**

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

**ဆုံးဖြတ်ချက်**။ ။ အဆိုလွှာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ (င) အရ အဆိုပြုရန် လိုအပ်သည့် အကြောင်းခြင်းရာများ မှန်ကန်ရုံမျှဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟု တထစ်ချမဆိုနိုင်သေးပေ။ ထိုအကြောင်းခြင်းရာများအရ တရားလိုသည် တောင်းဆိုသောသက်သာခွင့် သို့မဟုတ် ဆီလျော်ရာရာ သက်သာခွင့်ရထိုက်ခွင့်ရှိစေသည့် ဥပဒေရှိပါမှ တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ လယ်ယာမြေများနှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပြဋ္ဌာန်းခြင်းမပြုမီကာလတွင် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ သက်ဆိုင်ရာမြေယာကော်မတီများ၏ လုပ်ပိုင်ခွင့်ဖြစ်သည်။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ တွင် တည်ဆဲအခြားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ လျော်ကြေးကို မည်သူရထိုက်သည်ဟူသောပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားသော အမှုကိစ္စနှင့် အုပ်ထိန်းသူခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် အမှုကိစ္စမှတစ်ပါး ဤအက်ဥပဒေပါ မည်သည့်ကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာမရှိစေရဟု ပြဋ္ဌာန်းထားသည်။ လယ်ယာမြေကို တရားရုံးများက အမွေခွဲဝေပေးခွင့်အာဏာမရှိပေ။

၂၀၂၁ ခုနှစ်
ဒေါ်ခိုင်ခိုင်မြင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)
နှင့်
ဦးကျော်မျိုးဟန်
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ
ဦးလှဟန်)

ယခုအမှုတရားလိုများသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၉ ပြဋ္ဌာန်းချက်အရလည်း တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်သော အခွင့်အရေးရရှိသူများမဟုတ်သည်မှာ အဆိုလွှာအရ အထင်အရှား ပေါ်ပေါက်နေသည်။

အယူခံတရားလိုများအတွက် - ဒေါ်နီနီမြင့်၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးတင်လှိုင်၊ တရားလွှတ်တော်ရှေ့နေ (မလာ)

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

ကော့မှူးမြို့နယ်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃ တွင် ဒေါ်အုန်းသိန်း ပါ ၃ ဦးက ဦးစန်းဝင်း ပါ ၂ ဦးအပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလားဟူသော ပဏာမငြင်းချက်အား မမှန်ကန်ကြောင်း ဖြေဆိုအမိန့်ချမှတ်သည်။ အဆိုပါအမိန့်အပေါ် တရားပြိုင်များက ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၂၀၁၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၀၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၄၉ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၈ တို့တွင် အဆင့်ဆင့်တင်သွင်း လျှောက်ထားသော်လည်းအောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ(အထူး)အမှတ် ၅၂၀ တွင် လျှောက်ထားရာ အောက်ပါဥပဒေ ပြဿနာအပေါ် ကြားနာဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့် ပြုခဲ့သည်-

> "လယ်ယာမြေများကိုသာ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသောအမှုတွင် အဆိုလွှာ၌ အချင်းဖြစ်လယ်ယာမြေများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ရရှိထားကြောင်း ဖော်ပြထားခြင်းမရှိပါဘဲလျက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်ဆိုသော တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်ကိုအတည်ပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု ရှိ မရှိ။"

အယူခံတရားလိုများ၏ရှေ့နေက မူလမှုတရားလိုများသည် လယ်ယာမြေများကို အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဟူ၍ ၃-၆-၂၀၁၆ ရက်နေ့တွင် စွဲဆိုခဲ့ခြင်းဖြစ်၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအာဏာ တည်ပြီးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၃ တွင်

---

*၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၂

+၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၈ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကို အယူခံမှု

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

ဤဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်း ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကို ဥပဒေနှင့်အညီ တရားရုံး၏အဆုံးအဖြတ်ခံယူနိုင်သော အခွင့်အရေးမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူများသာ ရရှိသောအခွင့်အရေးဖြစ်ကြောင်း **ဒေါ်ခင်ဆွေမြင့် နှင့် ဦးဝင်းရွှေ (ခ) ဦးဝင်းဆွေ ပါ ၃ အမှု**[၁] တွင် လမ်းညွှန်ထားကြောင်း၊ အဆိုလွှာနှင့် ပူးတွဲတင်သွင်းသော စာရွက်စာတမ်းစာရင်းတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ပါဝင်ခြင်းမရှိကြောင်း၊ အဆိုလွှာ၌လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသော လယ်မြေများဖြစ်သည်ဟု ဖော်ပြထားခြင်းမရှိကြောင်း၊ အချင်းဖြစ်လယ်ယာမြေများသည် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) အတည်ပြုထုတ်ပေးထားခြင်းမရှိသေးသည်မှာ ဆိုလွှာအရပင် ထင်ရှားပေါ်ပေါက်ကြောင်း၊ အမွေပုံပစ္စည်းအဖြစ် တရားရုံးတော်မှ စီမံခန့်ခွဲပေးနိုင်သော အခွင့်အာဏာမရှိသည့်အတွက် တရားလိုများသည် သက်သာခွင့်တောင်းဆို၍ မရနိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ အဆိုလွှာကို ပယ်ရမည်သာဖြစ်ကြောင်း၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လွဲမှားစွာသုံးသပ်၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟု အမှုကိုဆက်လက်စစ်ဆေးရန် ဆုံးဖြတ်ခဲ့သော တရားရုံး အဆင့်ဆင့်သည် မိမိတို့၏ စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်ဆောင်ရွက်ရာရောက်ကြောင်း၊ ဤတရားမအထူးအယူခံမှုကို လက်ခံခွင့်ပြုပြီး မူလမှုကိုစရိတ်နှင့်တကွ ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များဘက်မှ လာရောက်လျှောက်လဲတင်ပြမှု

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

မရှိပေ။

အဆိုလွှာတွင် တရားလိုများနှင့် တရားပြိုင်များသည် မောင်နှမ အရင်းတော်စပ်ကြကြောင်း၊ ဖခင်နှင့် မိခင်မှာ ကွယ်လွန်ခဲ့ကြပြီးဖြစ်ကြောင်း၊ အဘိုးအဘွားများဖြစ်ကြသော ဦးရှိန်၊ ဒေါ်သန်းရှင် အမည်ပေါက် ကော့မှူးမြို့နယ်၊ လက်ခိုက်ကွင်း၊ ကွင်းအမှတ် ၂၆၇ ဦးပိုင် အမှတ် ၃၀/၁၊ ဧရိယာ ၁၅.၃၀ ဧကရှိ လယ်မြေများကို တရားလို တရားပြိုင်များ၏ဖခင် ဦးတင်ရီက ဆက်လက်လုပ်ကိုင်ခဲ့ကြောင်း၊ မိဘများ ကွယ်လွန်ပြီးနောက် တရားပြိုင် (၁) ဦးစန်းဝင်းက လုပ်ကိုင်နေကြောင်း၊ အညီအမျှ ခွဲဝေလုပ်ကိုင်ရန် ၂၂-၆-၂၀၀၀ ရက်နေ့တွင် တရားလို တရားပြိုင်တို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့သော်လည်း ခွဲဝေပေးခဲ့ခြင်း မရှိကြောင်း၊ မိဘများကျန်ရှိသည့် လယ်မြေ ၁၅.၃၀ ဧက၏ ငါးပုံ သုံးပုံကို တရားပြိုင်မှ ခွဲဝေပေးသည့် ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

ချေလွှာတွင် အဘိုး ဦးရှိန်၊ အဘွား ဒေါ်သန်းရှင် အမည်ပေါက် လယ် ၁၅.၃၀ ဧကအတွက် ဦးလေးဖြစ်သူ ဦးမှတ်က ဘဏ်ကြွေးဆပ်ခိုင်းပြီး တရားပြိုင် (၁) ဦးစန်းဝင်း အား လုပ်ကိုင်စေခဲ့ရာ နှစ်ပေါင်း ၄၂ နှစ်ခန့် လုပ်ကိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဖခင် ဦးတင်ရီမှာ လယ်လုပ်ကိုင်ခဲ့ခြင်းမရှိကြောင်း၊ ၂၂-၆-၂၀၁၀ ရက်စွဲဖြင့် သီးစားချထားခွဲဝေလုပ်ကိုင်ရန် သဘောတူညီခဲ့ကြသော်လည်း တရားလိုများက စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာမှုမရှိကြောင်း၊ အမွေခွဲဝေပေးရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ အချင်းဖြစ်လယ်မြေသည် တရားပြိုင် ဦးစန်းဝင်း အမည်ပေါက်ဖြင့်လည်းကောင်း၊ ဦးရှိန်၊ ဒေါ်သန်းရှင် အမည်ပေါက်ဖြင့်လည်းကောင်း မြေခွန်ပြေစာထွက်ရှိပြီး တရားပြိုင်က မြေခွန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ အဘိုး ဦးရှိန်နှင့် အဘွား ဒေါ်သန်းရှင်တို့တွင် ဦးတင်ရီ အပါအဝင် သားသမီး ၁၁ ဦးရှိပြီး အဘိုးအဘွားနှင့် သားသမီး ၁၁ ဦးမှာ သက်ရှိထင်ရှားမရှိတော့ဘဲ မြေး ၃၉ ဦး ပေါက်ဖွားကျန်ရှိသဖြင့် တရားစွဲဆို

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

ပုံမှားယွင်းကြောင်း၊ တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း ချေပသည်။

မူလမြို့နယ်တရားရုံးက ငြင်းချက် ၄ ရပ် ထုတ်နုတ်ပြီး ပဏာမငြင်းချက်ဖြစ်သော ငြင်းချက်အမှတ် (၃) ဖြစ်သည့် ယခုအမှု တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဆိုသည်မှာ မှန်သလားဟူသည့် ငြင်းချက်အား မမှန်ကန်ကြောင်း ဖြေဆိုအမိန့်ချမှတ်ခဲ့သည်။ အထက် တရားရုံးအဆင့်ဆင့်ကလည်း အဆိုပါအမိန့်ကို အတည်ပြုခဲ့သည်။

တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိ ဆိုသည်ကို အဆိုလွှာ၌ အဆိုပြုသော အကြောင်းခြင်းရာများအား စိစစ်ရမည်ဖြစ် သည်။ တစ်နည်းဆိုသော် ထိုအကြောင်းခြင်းရာများ ထင်ရှားခဲ့လျှင် တရားလိုသည် အမှုနိုင်ခြေ ရှိ မရှိသာလျှင် စိစစ်ရန်ဖြစ်သည်။ **ရမ်ကူဘေးပန်ဒစ် နှင့် ဦးရှိတုံ (ခ) ဦးလှမြင့် ပါ ၅ အမှု**[၁] ကို ကြည့်ပါ။

တရားလို၏ အဆိုလွှာအပိုဒ် ၂ တွင် "x x x တရားလိုများနှင့် တရားပြိုင်များသည် အဘိုးအဘွားများဖြစ်ကြသော ဦးရှိန်၊ ဒေါ်သန်းရှင် အမည်ပေါက်ဖြင့် လက်ခိုက်ကွင်း၊ ကွင်းအမှတ် ၂၉၇ ဦးပိုင်အမှတ် ၃၀/၁ ဧရိယာ ၁၅.၃၀ ဧက ကျန်ရှိခဲ့ပါသည်။ ၎င်းကျန်ရှိခဲ့သည့် လယ်မြေများကို တရားလိုတရားပြိုင်များ၏ဖခင်၊ ဦးတင်ရီက ဆက်လက်လုပ်ကိုင်ခဲ့ပါ သည်။ x x x" ဟု ဖော်ပြပါရှိပြီး တောင်းဆိုသော သက်သာခွင့်အဖြစ် "x x x သို့ဖြစ်ပါ၍ တရားလိုများစွဲဆိုထားသည့် မိဘများကျန်ရှိခဲ့သည့် လယ်မြေ xx ၁၅.၃၀ ဧက၏ ရထိုက်သည့် (ငါးပုံသုံးပုံအား တရားပြိုင်မှ ခွဲဝေပေးစေသည့်အမိန့်တစ်ရပ်ကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေး ပါရန် ရုံးတော်သို့ ရိုသေစွာလျှောက်ထားအပ်ပါသည် x x x" ဟု အဆိုပြု တောင်းဆိုထားသည်။

---

၁။ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၇

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

တရားလို၏အဆိုလွှာအရ လယ်မြေ ၁၅.၃၀ ဧက တစ်မျိုးတည်းကိုသာ အမွေပစ္စည်းအဖြစ်ဖော်ပြပြီး စွဲဆိုခြင်းဖြစ်သည်။

လယ်ယာမြေများနှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းခြင်းမပြုမီကာလတွင် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ သက်ဆိုင်ရာမြေယာကော်မတီများ၏ လုပ်ပိုင်ခွင့်ဖြစ်သည်။ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၆ တွင် တည်ဆဲအခြားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ လျော်ကြေးကို မည်သူရထိုက်သည်ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ အငြင်းပွားသော အမှုကိစ္စနှင့် အုပ်ထိန်းသူခန့်အပ်ခြင်းနှင့်စပ်လျဉ်းသည့် အမှုကိစ္စမှတစ်ပါး ဤအက်ဥပဒေပါ မည်သည့်ကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာမရှိစေရဟု ပြဋ္ဌာန်းထားသည်။ လယ်ယာမြေကို တရားရုံးများက အမွေခွဲဝေပေးခွင့်အာဏာမရှိခဲ့ပေ။

တရားလို၏ အဆိုလွှာအပိုဒ် (၁) တွင် ဖခင်ဖြစ်သူ ဦးတင်ရီမှာ ၁၃၃၅ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်ထွေးတင်မှာ ၁၃၅၉ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြပါသည်ဟု ဖော်ပြထားသည်။

အမွေရှင်များသည် ၁၉၇၄ ခုနှစ် နှင့် ၁၉၉၇ ခုနှစ်တို့တွင် ကွယ်လွန်ခဲ့ကြခြင်းဖြစ်သည်။

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုသည် အမွေရခွင့်အပေါ်အခြေခံ၍ စွဲဆိုသော အမှုမျိုးဖြစ်၍ အမွေရှင်ကွယ်လွန်သောနေ့သည် အမွေမှုစွဲဆိုရန် အကြောင်းပေါ်ပေါက်သော နေ့ဖြစ်သည်။ **မဖွားရှင် နှင့် ဦးဘိုးဆင်အမှု**[၃] ကို ကြည့်ပါ။ မြန်မာဓလေ့ထုံးတမ်းအမွေခန်းဥပဒေတွင် ပုဂ္ဂိုလ်တစ်ဦးကွယ်လွန်ပါက ၎င်း၏အမွေပစ္စည်းကို အမွေခံအစီအစဉ်အရ မည်သူမည်ဝါတို့သည် အမွေခံအမွေစားဖြစ်ရမည်။ ၎င်းတို့၏ အမွေဝေစု

၃။ အေ၊အိုင်၊အာ၊ ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၃၂၄

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

သည် မည်၍မည်မျှဖြစ်ရမည် စသည်ဖြင့် အတိအကျသတ်မှတ်ပြီးဖြစ်သည်။ **ဦးအောင်ခင် နှင့် ဒေါ်ရင်လှ ပါ ၆ အမှု**[၄] ကို ကြည့်ပါ။ အမွေရှင် ကွယ်လွန်သည့်အချိန် ကျန်ရှိသော အမွေပစ္စည်းကို အမွေစားအမွေခံများက အမွေဆက်ခံခွင့်ရခြင်းဖြစ်သည်။

အမှုတွင် အမွေရှင်များ ကွယ်လွန်ချိန်တွင် အဆိုလွှာပါ လယ်မြေ ၁၅.၃၀ ဧက ကျန်ရှိခဲ့သည်ဆိုပါကလည်း ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပြဋ္ဌာန်းချက်အရ အဆိုပါ လယ်မြေများကို တရားရုံးက အမွေခွဲဝေပေးရန် အခွင့်အာဏာ မရှိပေ။ ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းသော ဥပဒေဖြစ်သည့် လယ်ယာမြေဥပဒေပုဒ်မ ၉ တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားရာ ပုဒ်မ ၉ ၏ အပိုဒ် (ဂ) တွင် "လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်" ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အဆိုပါ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ဥပဒေနှင့်အညီ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်သော အခွင့်အရေးသည် ယင်းဥပဒေပုဒ်မ ၉ အရ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူများသာရရှိသော အခွင့်အရေးဖြစ်သည်။ **ဒေါ်ခင်ဆွေမြင့် နှင့် ဦးဝင်းရွှေ (ခ) ဦးဝင်းဆွေ ပါ ၃ အမှု**[၁]" ကို ကြည့်ပါ။

အဆိုလွှာတွင် အမွေပစ္စည်းအဖြစ်ဖော်ပြပြီး ခွဲဝေပေးရန် တောင်းဆိုသည့် လယ်မြေများသည် တရားလို၊ တရားပြိုင်တို့၏ အဘိုးအဘွားများဖြစ်သော ဦးရှိန်၊ ဒေါ်သန်းရှင် အမည်ဖြင့်သော်လည်းကောင်း၊ မိဘများဖြစ်သည့် ဦးတင်ရီ၊ ဒေါ်ထွေးတင်အမည်ဖြင့်သော်

---

၄။ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၁

လည်းကောင်း၊ တရားလိုများအမည်ဖြင့်သော်လည်းကောင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသည်ဟု ဖော်ပြထားခြင်း မရှိချေ။

သို့ဖြစ်ရာ အမွေပစ္စည်းအဖြစ် အဆိုပြုစွဲဆိုသော လယ်ယာမြေများသည် လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇) ထွက်ရှိထားခြင်းမရှိဟုသာ ကောက်ယူရပေမည်။

ယခုအမှုတရားလိုများသည် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၉ ပြဋ္ဌာန်းချက် အရလည်း တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်သော အခွင့်အရေး ရရှိသူများမဟုတ်သည်မှာ အဆိုလွှာအရ အထင်အရှား ပေါ်ပေါက်နေသည်။

တရားလိုများအဆိုပြုသည့်အတိုင်း ဘိုးဘွားမိဘများ ကွယ်လွန်ချိန်တွင်လယ်ယာမြေများ ကျန်ရှိခဲ့ကြောင်း ထင်ရှားပေါ်ပေါက်မည်ဆိုလျှင်ပင် တရားရုံးက အဆုံးအဖြတ်ပေး စီမံခန့်ခွဲနိုင်မည်မဟုတ်သောကြောင့် တရားလိုများသည် ၎င်းတို့တောင်းဆိုသော သက်သာခွင့်ကို ရနိုင်မည်မဟုတ်ချေ။

အဆိုလွှာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်းဥပဒေ ၁ (င) အရ အဆိုပြုရန်လိုအပ်သည့် အကြောင်းခြင်းရာများ မှန်ကန်ရုံမျှဖြင့် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်ဟု တထစ်ချမဆိုနိုင်သေးပေ။ ထိုအကြောင်းခြင်းရာများအရ တရားလိုသည် တောင်းဆိုသော သက်သာခွင့် သို့မဟုတ် ဆီလျော်ရာရာ သက်သာခွင့်ရထိုက်ခွင့်ရှိစေသည့် ဥပဒေရှိပါမှတရားစွဲဆိုရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ **ဦးဆောင်း နှင့် ဦးခင်မောင် ပါ ၂ အမှု**[၅] ကို ကြည့်ပါ။ အဆိုလွှာတွင် ဖော်ပြထားသော အကြောင်းခြင်းရာများအရ တရားလိုများသည် ယခုအမှုအား တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ပေ။

၅။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ-၃၁၄

၂၀၂၁ ခုနှစ်
ဦးစန်းဝင်း ပါ ၂
နှင့်
ဒေါ်အုန်းသိန်း ပါ ၃

အဆိုလွှာသည် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း ထင်ရှားသိသာစေခြင်းမရှိသည့်ကိစ္စတွင် အဆိုလွှာကို ပယ်ရမည်ဖြစ်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁(က) တွင် ပြဋ္ဌာန်းထားသည်။

မူလကော့မှူးမြို့နယ်တရားရုံးက တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မမှန်ကန်ကြောင်း ဖြေဆိုချမှတ်သည့်အမိန့်သည် ဥပဒေအရ မှန်ကန်မှုမရှိသဖြင့် အဆိုပါ အမိန့်ကို တရားရုံးအဆင့်ဆင့်က ဆက်လက်အတည်ပြုခြင်းသည်လည်း မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ကြားနာခဲ့သည့်ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> "လယ်ယာမြေများကိုသာ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသောအမှုတွင် အဆိုလွှာ၌ အချင်းဖြစ်လယ်ယာမြေများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ရရှိထားကြောင်း ဖော်ပြထားခြင်း မရှိပါဘဲလျက် တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည် ဆိုသော တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်ကို အတည်ပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်သည် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုမရှိကြောင်း။"

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးအဆင့်ဆင့်၏ စီရင်ချက်နှင့်ဒီကရီများကို စရိတ်နှင့်တကွပယ်ဖျက်ပြီး မူလရုံးတရားလိုများ၏ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ (က) အရ ပယ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

+၂၀၂၁ ခုနှစ်
နိုဝင်ဘာလ ၂၂ ရက်

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန် နှင့် ဒေါ်ခင်မေရီတို့ ရှေ့တွင်**

**ဦးဌေးအောင်**

**နှင့်**

**ဒေါ်ခင်ထားရီ***

**ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ အရ တရားရုံး၌ ကုန်လွန်ခဲ့သောအချိန်ကာလကို ထုတ်ပယ်ခွင့်ရသည့် "အခြားအလားတူသဘောရှိသောအကြောင်း"**

**လင်နှင့်မယားတို့၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်ကို မိသားစုအဖြစ်ဆက်ခံခြင်း (By Survivorship) မဟုတ်ဘဲ အမွေကြောင်းအရ ဆက်ခံခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားလိုပထမစွဲဆိုသော တရားမကြီးမှုကို အယူခံရုံး အဆင့်ဆင့်က ပလပ်ခဲ့ခြင်းသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ (၁) ပါ " စီရင်ပိုင်ခွင့်အာဏာမရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူ သဘောရှိသောအကြောင်းကြောင့်ဖြစ်စေ အဆိုပါ စွဲဆိုသောအမှုကို

---

*၂၀၂၀ ပြည့်နှစ်၊ တရားမအထူးအယူခံမှုအမှတ် ၅

+၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၆၉ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကို အထူးအယူခံမှု

၂၀၂၁ ခုနှစ်
ဦးဌေးအောင်
နှင့်
ဒေါ်ခင်ထားရီ

လက်မခံနိုင်သည့်ကိစ္စ” ဆိုသည့် သတ်မှတ်ပြဋ္ဌာန်းချက်ဘောင်အတွင်း ကျရောက်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဦးမြင့်သော် ပါ ၇ နှင့် မောင်ဇင်လင်း ပါ ၃ အမှု[၂] တွင် ဤမူသဘောကို ပြဆိုသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင် သို့မဟုတ် မယားကွယ်လွန်သောအခါ ကျန်ရစ်သူသည် လင်မယားပိုင်ပစ္စည်းတွင် ကွယ်လွန်သူ၏ အကျိုးသက်ဆိုင်ခွင့်ကို မိသားစုအဖြစ်ဆက်ခံခြင်း (by survivorship ) မဟုတ်ဘဲ အမွေကြောင်းအရ ဆက်ခံသည်။ သို့ဖြစ်ရာ မူဆိုးမဖြစ်သူ ဒေါ်ခင်ထားရီက ကွယ်လွန်သူခင်ပွန်းရရန်ရှိသော ကြွေးမြီကို ရလိုကြောင်း စွဲဆိုသောအခါ၌ ဒီကရီမချမီ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားတောင်းယူရမည်၊ **မောင်ဖိုးထွား နှင့် မငွေဇင် အမှု**[၁] ကို ရည်ညွှန်းသည်။

တရားရုံးသည် တရားလိုက အမွေဆက်ခံခွင့်လက်မှတ်တင်ပြရန် သင့်တင့်သောအချိန်ခွင့်ပြုရမည်။ တရားလိုစွဲဆိုသောအမှုတွင် အမွေဆက်ခံခွင့်လက်မှတ်မပါသည့်အကြောင်းကြောင့် အမှုကိုပလပ်ခြင်းမပြုနိုင်။

အယူခံတရားလိုအတွက် - ဦးအောင်မိုးထွန်း၊ တရားလွှတ်တော်ရှေ့နေ (မလာ) (၎င်း၏ ရေးသားလျှောက်လဲချက်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်းက ကိုယ်စားတင်သည်)

အယူခံတရားပြိုင်အတွက် - ဦးသန်းရွှေ၊ တရားလွှတ်တော်ရှေ့နေ (မလာ) (၎င်း၏ ရေးသားလျှောက်လဲချက်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်စန္ဒာ (ခ) ကေသွယ်မိုးက ကိုယ်စားတင်သည်)

အိမ်မဲမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၀ တွင် ဒေါ်ခင်ထားရီက ဦးဌေးအောင်အပေါ် အမွေဆက်ခံခြင်းအက်ဥပဒေ

ပုဒ်မ ၂၁၄ (၁) (၃) (က) နှင့်အညီ အမွေဆက်ခံရန် သက်သေခံလက်မှတ် ရရှိထားသူအား ငွေကျပ် သိန်းနှစ်ဆယ် ဒီကရီချထားပေးစေလိုမှုစွဲဆိုရာ အမှုအား စရိတ်နှင့်တကွ ပလပ်သည်။ အဆိုပါ ဒီကရီကို တရားလို ဒေါ်ခင်ထားရီက မြောင်းမြခရိုင်တရားရုံး ၂၀၁၇ ခုနှစ် တရားမအယူခံမှု အမှတ် ၇၉ တွင် အယူခံရာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး တရားပြိုင်သည် ငွေကျပ်သိန်း နှစ်ဆယ်ကို တရားလိုသို့ အမှုစတင်စွဲဆိုသည့်နေ့မှ ငွေအကြေပေးဆပ်သည့်နေ့အထိ တရားရုံး အတိုးငွေ ၉ ရာခိုင်နှုန်းနှင့်တကွ ပြန်လည်ပေးဆပ်စေရန် ဒီကရီချမှတ် သည်။ တရားပြိုင် ဦးဌေးအောင်က ဧရာဝတီတိုင်းဒေသကြီးတရား လွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၉ တွင် အယူခံရာ အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး ခရိုင်တရားရုံး၏ ဒီကရီပါ “အမှုစတင်စွဲဆိုသည့်နေ့မှ ငွေအကြေပေးဆပ်သည့်နေ့အထိ တရားရုံးအတိုးငွေ ၉ ရာခိုင်နှုန်းနှင့်တကွ" ဟူသော စာသားအား ပယ်ဖျက်ပြီး တရားပြိုင်သည် ငွေကျပ်သိန်း နှစ်ဆယ်ကို တရားလိုသို့ စရိတ်နှင့်တကွ ပြန်လည်ပေးဆပ်စေရန် ဒီကရီချမှတ်သည်။

အဆိုပါ ဒီကရီအပေါ် ဦးဌေးအောင်က ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၉၆၉ တွင် လျှောက်ထားသော်လည်း အောင်မြင်မှုမရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၅၃ တွင် လျှောက်ထားရာ အောက်ပါပြဿနာကို စိစစ်ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> “ မြောင်းမြခရိုင်တရားရုံး၏ဒီကရီကိုအတည်ပြုခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီနှင့် ယင်းစီရင်ချက်၊ ဒီကရီကိုအတည်ပြုပြီး ဝင်ရောက် စွက်ဖက်ခြင်းမပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၏ စီရင်ချက်နှင့်ဒီကရီတို့သည် ဥပဒေအရ မှန်ကန်ခြင်း ရှိ
မရှိ။ "

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားလို ဒေါ်ခင်ထားရီသည် မူလရုံးတရားပြိုင်အပေါ် အိမ်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ တွင် ရရှိခဲ့သည့်ဒီကရီကို မြောင်းမြခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၃၀/၂၀၁၄ ၌ တရားလိုသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ (၁) (ခ) (က) နှင့် ညီညွတ်မှု တောင်းဆိုနိုင်မည်ဟု သုံးသပ်ပြီး မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်ကလည်း ဆက်လက်အတည်ပြုခဲ့ကြောင်း၊ ထို့နောက် ဒေါ်ခင်ထားရီက အမွေဆက်ခံခွင့်လက်မှတ်ရရှိရန် လျှောက်ထားခဲ့ပြီး ယခုတရားမကြီးမှုအမှတ် ၅၀/၂၀၁၅ ကို စွဲဆိုလာခြင်းဖြစ်ကြောင်း၊ သက်သေခံ (ဂ) ငွေချေးစာချုပ် ချုပ်ဆိုသောနေ့ရက်မှာ ၅-၅-၂၀၁၀ ဖြစ်ပြီး စာချုပ်အရ ငွေပြန်လည်ပေးဆပ်ရမည့်နေ့ရက်မှာ ၁၃၇၃ ခုနှစ်တန်ခူးလပြည့်နေ့ ခရစ်သက္ကရာဇ်အရ ၁၈-၄-၂၀၁၁ ရက်နေ့ဖြစ်ကြောင်း၊ ယခုတရားမကြီးမှုကို ၈-၅-၂၀၁၅ ရက်နေ့တွင် စွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်မှ စွဲဆိုသောအမှုဖြစ်သည်မှာ မြင်သာကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၃ အရ အမှုကို ပလပ်ရမည်ဖြစ်ကြောင်း၊ ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီကိုပယ်ဖျက်၍ မူလရုံးတရားလို၏အမှုကို စရိတ်နှင့်တကွ ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မူလရုံးတရားလိုသည် မူလရုံးတရားပြိုင်အပေါ် ၅-၅-၂၀၁၀ ရက်စွဲ စာချုပ်ပါ ငွေကို ၃ နှစ်မပြည့်မီကာလအတွင်း အိမ်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မြောင်းမြခရိုင်တရားရုံးနှင့် ဧရာဝတီ

တိုင်းဒေသကြီးတရားလွှတ်တော်တို့က အမွေဆက်ခံခွင့်လက်မှတ်ရရှိပြီးမှ စွဲဆိုရန်ညွှန်ကြားသဖြင့် အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားရယူပြီး တရားမကြီးမှုအမှတ် ၅၀/၂၀၁၅ အမှုကိုစွဲဆိုခဲ့ကြောင်း၊ မူလရုံးတရားလိုသည် မိမိစွဲဆိုရမည့်အမှုကိစ္စကို စဉ်ဆက်မပြတ် လုံ့လစိုက်ကာ တရားစွဲဆိုခဲ့ကြောင်း၊ ကာစည်းကမ်းသတ်ကျော်လွန်မှုမရှိသောကြောင့် ဤအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်သည် ဆွေမျိုးသားချင်းတော်စပ်ကြောင်း၊ တရားပြိုင်က ၎င်း၏ ဈေးဆိုင်တွင် ရင်းနှီးမတည်ငွေလိုအပ်ကြောင်း အကူအညီတောင်းရာ ငွေကျပ်သိန်းနှစ်ဆယ်ကို တရားလို၏ခင်ပွန်း ဦးမြင့်သိန်းက ၅-၅-၂၀၁၀ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ စာချုပ်ချုပ်ဆို ထုတ်ချေးခဲ့ကြောင်း၊ အတိုးမရှိ ကူညီခဲ့ခြင်းဖြစ်ပြီး ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် နောက်ဆုံးထား ပေးဆပ်ရမည်ဖြစ်သော်လည်း ပေးဆပ်ခြင်းမပြု၍ တရားလို၏ခင်ပွန်းက အကြိမ်များစွာ သွားရောက်တောင်းခံသော်လည်း ပေးဆပ်ခြင်းမရှိကြောင်း၊ တရားလို၏ခင်ပွန်းသည် ၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့၌ ကွယ်လွန်ခဲ့ကြောင်း၊ တရားလိုသည် ထိုငွေကိုရရန် ၉-၁၁-၂၀၁၂ ရက်နေ့တွင် ရှေ့နေငှားပြီး သတိပေးနို့တစ်စာပေးပို့ခဲ့ရာ ၂၃-၁၂-၂၀၁၂ ရက်နေ့တွင်မှ ငြင်းဆိုပြန်ကြားလာကြောင်း၊ တရားလိုက အိမ်မဲမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ ဖြင့် တရားစွဲရာ ငွေကျပ်သိန်းနှစ်ဆယ်ကို စရိတ်နှင့်တကွပေးဆပ်စေရန် ဒီကရီချမှတ်ကြောင်း၊ တရားပြိုင်က မြောင်းမြခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၃၀/၂၀၁၄ ဖြင့်အယူခံရာ သေဆုံးသူ၏ ဇနီးက အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၄ (၁) (၃) (က) အရ အမွေဆက်ခံခွင့်လက်မှတ်မရှိဘဲ တရားစွဲခြင်းကို ဒီကရီချမှတ်ပေးခြင်းမှာ မှားယွင်းသည်ဟု မူလရုံး၏ ဒီကရီကို ပယ်ဖျက်

ခဲ့ကြောင်း၊ တရားလိုက ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ဒုတိယအယူခံမှုအမှတ် ၆၄/၂၀၁၄ ဖြင့် အယူခံရာတွင်လည်း အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ (၁) (၃) (က) နှင့် ညီညွတ်ခြင်းမရှိပါက ဒီကရီ ချမှတ်ပေး၍မရဟု သုံးသပ်ဖော်ပြကြောင်း တရားလိုသည် မြောင်းမြခရိုင် တရားရုံးမှ အမွေဆက်ခံခွင့်လက်မှတ်ရရှိပြီးဖြစ်၍ ယခုအမှုကိုစွဲဆို ကြောင်း ဖော်ပြအဆိုပြုသည်။

ချေလွှာတွင် တရားလိုတင်ပြသော ၅-၅-၂၀၁၀ ရက်စွဲပါစာချုပ် သည် မမှန်မကန်ဖန်တီးထားသောစာချုပ်ဖြစ်ကြောင်း၊ တရားပြိုင်၏ လက်ဗွေလက်မှတ်မဟုတ်ကြောင်း၊ ငွေကျပ်သိန်းနှစ်ဆယ်ချေးငှားဖူးခြင်း မရှိကြောင်း၊ ငွေချေးသည်ဟု အဆိုပြုသည့်နေ့မှာ ၅-၅-၂၀၁၀ ဖြစ်ပြီး၊ တရားလို၏ခင်ပွန်းကွယ်လွန်ရက်မှာ ၁၃၇၃ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့၊ ၂၀၁၁ ခုနှစ်ဖြစ်ပြီး ယခုတရားစွဲသောနေ့မှာ ၈-၅-၂၀၁၅ ဖြစ် သည့်အတွက် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆိုခြင်းဖြစ် ကြောင်း ချေပသည်။

အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ တရားလို၏ ခင်ပွန်း ကွယ်လွန်သူ ဦးမြင့်သိန်းထံမှ တရားပြိုင် ဦးဌေးအောင်သည် ၅-၅-၂၀၁၀ ရက်နေ့က ငွေကျပ်သိန်း နှစ်ဆယ်ချေးယူခဲ့ပြီး ပြန်လည်ပေးဆပ် ခြင်းမရှိကြောင်း မြောင်းမြခရိုင်တရားရုံးက သုံးသပ်၍ အနိုင်ဒီကရီချမှတ် ခြင်းအပေါ် အတိုးငွေပါ ခွင့်ပြုခြင်းကို ပယ်ဖျက်သည်မှလွဲ၍ ငွေကျပ် သိန်းနှစ်ဆယ်ကို တရားပြိုင်က တရားလိုသို့ပြန်လည်ပေးဆပ်စေသည့် ဒီကရီကို အထက်တရားရုံးအဆင့်ဆင့်က အတည်ပြုခဲ့သည်။ ထိုသို့ ငွေကျပ် သိန်းနှစ်ဆယ်ချေးယူပြီး ပြန်လည်ပေးဆပ်ခြင်းမရှိကြောင်း အကြောင်းခြင်းရာအပေါ် တစ်သဘောတည်း ကောက်ယူသုံးသပ် ဆုံးဖြတ် ခဲ့မှုအပေါ် ဤအထူးအယူခံခုံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမပေါ်ပေါက်ပေ။

အယူခံတရားလိုက အထူးအယူခံအကြောင်းပြချက်အဖြစ် ငွေချေးစာချုပ်အရ ငွေပြန်ပေးဆပ်ရမည့်နေ့ရက်မှာ ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်နေ့၊ ခရစ်သက္ကရာဇ်အရ ၁၈-၄-၂၀၁၁ ဖြစ်ကြောင်း၊ ယခုတရားမကြီးမှုကို ၈-၅-၂၀၁၅ ရက်နေ့မှ စွဲဆိုခြင်းဖြစ်သောကြောင့် ကြွေးမြီအတွက် တောင်းဆိုခွင့်စည်းကမ်းသတ်ကာလ ၃ နှစ်ကျော်လွန်ပြီးမှ အမှုစွဲဆိုခြင်းဖြစ်ကြောင်း အကြောင်းပြတင်သွင်း လျှောက်ထားခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက ပဏာမငြင်းချက်ဖြစ်သော "တရားလိုသည် ဤအမှုကို ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တရားစွဲဆိုရခြင်းဖြစ်သည်ဆိုသည်မှာ မှန်သလား" ဟူသည့် ငြင်းချက်အား ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ (၁) ကို ကိုးကား၍ တရားလိုသို့ အသာပေးဖြေဆိုဆုံးဖြတ်ခဲ့မှုကို မြောင်းမြခရိုင်တရားရုံးက ဆက်လက်အတည်ပြုခဲ့သည်။ ထိုအမိန့်အပေါ် တရားပြိုင်ဘက်က အထက်တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းလျှောက်ထားခဲ့ခြင်း မရှိချေ။

ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ် ၆၆ ပြဋ္ဌာန်းချက်အရ ပေးဆပ်ရန် သတ်မှတ်ထားသည့်နေ့ရက်မှစတင်၍ ၃ နှစ်အတွင်း စွဲဆိုရမည်ဖြစ်သည်။

တရားလိုက တရားပြိုင်အပေါ် ၅-၅-၂၀၁၀ ရက်စွဲပါစာချုပ်အရ ငွေကျပ်သိန်း နှစ်ဆယ်ရလိုကြောင်း အိမ်မဲမြို့နယ်တရားရုံးတွင် ယခင်တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ အမှုကို စွဲဆိုခဲ့ရာ ကာလစည်းကမ်းသတ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုမပေါ်ပေါက်ခဲ့ပေ။ မြို့နယ်တရားရုံးတွင် တရားလိုက အနိုင်ဒီကရီလည်းရရှိခဲ့သည်။

ထို့နောက် အယူခံရုံးများဖြစ်သော မြောင်းမြခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ သုံးသပ်ဆုံးဖြတ်ချက်အရ တရားလိုက အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားရယူပြီးနောက်

ယခုတရားမကြီးမှုအမှတ် ၅၀/၂၀၁၅ အမှုစွဲဆိုခဲ့ခြင်းမှာ ကာလစည်းကမ်းသတ် ၃ နှစ်ကို ကျော်လွန်နေပြီဖြစ်ကြောင်း တရားပြိုင်ဘက်မှ ကန့်ကွက်တင်ပြခြင်းဖြစ်သည်။

စီရင်ပိုင်ခွင့်အာဏာမရှိသည့် တရားရုံးတွင် သဘောရိုးဖြင့် စွဲဆိုခဲ့သည့်အချိန်ကာလကို ထုတ်ပယ်ခွင့်ရခြင်းနှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ တွင် ပြဋ္ဌာန်းထားသည်။ ဒုတိယအကြိမ် တရားလိုစွဲဆိုသောတရားမကြီးမှုအတွက် စည်းကမ်းသတ်ကာလသည် ဤပုဒ်မပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သက်ဆိုင်ခြင်း ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ (၁) အရ စီရင်ပိုင်ခွင့်အာဏာမရှိခြင်းကြောင့်ဖြစ်စေ အခြားအလားတူသဘောရှိသော အကြောင်းကြောင့်ဖြစ်စေ သဘောရိုးဖြင့်စွဲဆိုသည့်ကိစ္စ၌ ထိုတရားရုံးတွင် ကုန်လွန်ခဲ့သော အချိန်ကာလကို ထုတ်ပယ်ရမည်ဖြစ်သည်။

အိမ်မဲမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀ တွင် ဒေါ်ခင်ထားရီက ဦးဌေးအောင်အပေါ် ကွယ်လွန်သူ ခင်ပွန်း ဦးမြင့်သိန်းထံမှ ချေးယူခဲ့သော ငွေကျပ်သိန်း နှစ်ဆယ်ရလိုကြောင်း စွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။

မြောင်းမြခရိုင်တရားရုံး၊၂၀၁၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၀ တွင် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၄ ကို ရည်ညွှန်းပြီး ဒေါ်ခင်ထားရီသည် အမွေဆက်ခံခွင့်လက်မှတ်မတင်ပြဘဲ တရားစွဲဆိုခဲ့ခြင်းအပေါ် မြို့နယ်တရားရုံးက ဒီကရီချမှတ်ပေးခဲ့ခြင်းကို မှားယွင်းကြောင်း အကြောင်းပြကာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ခင်ထားရီစွဲဆိုသော အမှုကိုပလပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၄ ခုနှစ်၊ တရားမ

ဒုတိယအယူခံမှု အမှတ် ၆၄ တွင် ဒေါ်ခင်ထားရီက ကွယ်လွန်သူ ၎င်း၏ ခင်ပွန်းနှင့် တရားပြိုင်တို့အကြား ချေးငှားထားသည့် ငွေနှင့်ပတ်သက်၍ တောင်းဆိုပိုင်ခွင့်မှာ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၄ နှင့် ညီညွတ်မှသာလျှင် တောင်းဆိုခွင့်ရှိမည်ဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိပါက ၎င်းတောင်းဆိုသည့်အပေါ် တရားရုံးက ဒီကရီချမှတ်ပေး၍မရကြောင်း သုံးသပ်ပြီး ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သည်။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၄ (၁) (၃) အရ ကြွေးမြီကို ဖော်ပြထားသည့် အမွေဆက်ခံခွင့်လက်မှတ်တင်ပြခြင်းမရှိလျှင် မည်သည့် တရားရုံးကမျှ ကွယ်လွန်သူ၏ ပစ္စည်းများကို သို့မဟုတ် ပစ္စည်းများ၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အမွေဆက်ခံခြင်းဖြင့် ရထိုက်သည်ဟု အရေးဆိုသူသို့ ကွယ်လွန်သူ၏ မြီစားက ၎င်းကြွေးမြီကို ပေးဆပ်စေရန် ဒီကရီချမှတ်မပေးရ ( No court shall pass a decree ) ဟု အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ (၁) (က) က ပိတ်ပင်ထားသည်။ သို့ရာတွင် တရားမမှုစွဲဆိုခြင်းကိုမူ ပိတ်ပင်ခြင်းမပြုပေ။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင် သို့မဟုတ် မယားကွယ်လွန်သောအခါ ကျန်ရစ်သူသည် လင်မယားပိုင်ပစ္စည်းတွင် ကွယ်လွန်သူ၏ အကျိုးသက်ဆိုင်ခွင့်ကို မိသားစုအဖြစ်ဆက်ခံခြင်း (by survivorship) မဟုတ်ဘဲ အမွေကြောင်းအရ ဆက်ခံသည်။ သို့ဖြစ်ရာ မုဆိုးမဖြစ်သူ ဒေါ်ခင်ထားရီက ကွယ်လွန်သူခင်ပွန်းရရန်ရှိသော ကြွေးမြီကိုရလိုကြောင်း စွဲဆိုသောအခါ၌ ဒီကရီမချမီ အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားတောင်းယူရမည်။ **မောင်ဖိုးထွား နှင့် မငွေဇင် အမှု**[၁] ကို ကြည့်ပါ။

တရားရုံးသည် တရားလိုက အမွေဆက်ခံခွင့်လက်မှတ်တင်ပြရန်

၁။ ၁၉၃၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၃၉၆

သင့်တင့်သော အချိန်ခွင့်ပြုရမည်။ တရားလိုစွဲဆိုသောအမှုတွင် အမွေဆက်ခံခွင့်လက်မှတ်မပါသည့် အကြောင်းကြောင့် အမှုကိုပလပ်ခြင်း မပြုနိုင်။

အယူခံရုံးသည် အမွေဆက်ခံခွင့်လက်မှတ်တင်ပြရန် စည်းကမ်းချက် သတ်မှတ်၍ ယာယီဒီကရီချမှတ်နိုင်သည်။ သို့တည်းမဟုတ် ဒီကရီကို ရပ်ဆိုင်းထားနိုင်သည့်အပြင် တရားလိုအား သင့်တော်သောအချိန် ခွင့်ပြုကာ အမွေဆက်ခံခွင့်လက်မှတ်တင်ပြလာသောအခါ ကြွေးမြီအတွက် ဒီကရီချမှတ်ပေးရန် မူလရုံးအား ဆင့်ဆိုနိုင်သည်။ **မောင်ဖိုးထွားနှင့် မငွေဇင် အမှု** (၁) ကို ကြည့်ပါ။

မြို့နယ်တရားရုံးသည် ကွယ်လွန်သူ ခင်ပွန်းရရန်ရှိသော ကြွေးမြီကို အမွေဆက်ခံသူတရားလိုက မြီစားတရားပြိုင်ထံမှ တောင်းဆိုသောအမှုတွင် ကြွေးမြီအတွက် အမွေဆက်ခံခွင့်လက်မှတ်မပါရှိဘဲ အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းသည် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသည့် အယူခံမှုတွင် ခရိုင်တရားရုံးက တရားလို၏အမှုကို ပလပ်ခဲ့ခြင်းသည်လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့ခြင်းသည်လည်းကောင်း အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၁၄ ပါ ပြဋ္ဌာန်းချက်နှင့် **မောင်ဖိုးထွား နှင့် မငွေဇင် အမှု** (၁) ပါ ထုံးဖွဲ့ချက်တို့ကို လိုက်နာရာ မရောက်ပေ။

အယူခံရုံးသည် တရားလို ပထမအကြိမ်စွဲဆိုသော အိမ်မဲမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ အမှုကို ပလပ်ခြင်းမပြုဘဲ တရားလိုက အမွေဆက်ခံခွင့် လက်မှတ်ကိုတင်ပြရန် အချိန်ပေး စောင့်ဆိုင်းပြီး လက်မှတ်တင်ပြမှ ဥပဒေနှင့်အညီ ဒီကရီချမှတ်ပေးရန်

မူလမြို့နယ်တရားရုံးအား ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ပါက တရားလို အနေဖြင့် ယခုကဲ့သို့ အမှုသစ်ထပ်မံစွဲဆိုရမှုမရှိသောကြောင့် ကာလ စည်းကမ်းသတ် ပြဿနာပေါ်ပေါက်ရန်လည်း အကြောင်းရှိမည် မဟုတ်ပေ။

တရားလို၏ပေါ့လျော့မှုကြောင့် မဟုတ်ဘဲတရားရုံး၏ အမှတ်မဲ့ ဆောင်ရွက်မှုကြောင့် တရားလိုသည် ယခုအမှုကိုထပ်မံစွဲဆိုရခြင်း ဖြစ်သည်။

တရားရုံး၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အမှုသည် ကို ထိခိုက်နစ်နာစေ သင့်သည်မဟုတ်ပေ။

သို့ဖြစ်ရာ တရားလိုပထမစွဲဆိုသော တရားမကြီးမှုကို အယူခံရုံး အဆင့်ဆင့်က ပလပ်ခဲ့ခြင်းသည် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄(၁) ပါ "စီရင်ပိုင်ခွင့်အာဏာ မရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအလားတူ သဘောရှိသောအကြောင်းကြောင့်ဖြစ်စေ အဆိုပါ စွဲဆိုသောအမှုကို လက်မခံနိုင်သည့်ကိစ္စ" ဆိုသည့် သတ်မှတ်ပြဋ္ဌာန်းချက်ဘောင်အတွင်း ကျရောက်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ **ဦးမြင့်သော် ပါ ၇ နှင့် မောင်ဇင်လင်း ပါ ၃ အမှု** [၂] တွင် ဤမူသဘောကို ပြဆိုသည်။

တရားလို ပထမအကြိမ် တရားမကြီးမှုစတင်စွဲဆိုသည့်အချိန်မှ ထိုအမှုနှင့် စပ်လျဉ်းသည့် အယူခံမှုအား အယူခံတရားရုံးမှအမိန့်ချ သည့်ကာလအထိ ကုန်လွန်ခဲ့သော အချိန်ကာလကို တရားလိုက ထပ်မံ စွဲဆိုသည့်တရားမကြီးမှုအတွက် စည်းကမ်းသတ်ကာလရေတွက်ရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ (၁) အရ ထုတ်ပယ်ရမည် ဖြစ်သည်။

တရားလိုက ပထမအကြိမ်စွဲဆိုသော အိမ်မဲမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ အမှုကို ၁၄-၁-၂၀၁၃ ရက်နေ့တွင် စွဲဆိုခဲ့

၂။ ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၂၇

ခြင်းဖြစ်သည်။ တရားလိုက မူလမြို့နယ်တရားရုံးတွင် အနိုင်ဒီကရီရရှိသည်။ တရားပြိုင်ဘက်က ခရိုင်တရားရုံးသို့တင်သွင်းသော အယူခံမှုကို ၁၈-၇-၂၀၁၄ ရက်နေ့တွင် ဒီကရီချမှတ်ပြီး၊ တရားလိုက ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ တင်သွင်းသော ဒုတိယအယူခံမှုကို ၂၇-၂-၂၀၁၅ ရက်နေ့တွင် ဒီကရီချမှတ်ကြောင်း သက်သေခံ (ဃ) နှင့် (ခ) စီရင်ချက် ဒီကရီတို့အရ တွေ့ရှိရသည်။

မူလမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၀/၂၀၁၃ ကို စတင်စွဲဆိုသည့် ၁၄-၁-၂၀၁၃ ရက်နေ့မှ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က အယူခံမှုကို ဒီကရီချမှတ်သည့် ၂၇-၂-၂၀၁၅ ရက်နေ့အထိ ကုန်လွန်ခဲ့သည့်ကာလကို တွက်ချက်ပါက ၂ နှစ်နှင့် ၁ လ ဖြစ်သည်။

စာချုပ်အရ ငွေပေးဆပ်ရန် သတ်မှတ်သည့်နေ့ရက်မှာ ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်နေ့၊ ခရစ်သက္ကရာဇ်အရ ၁၈-၄-၂၀၁၁ ဖြစ်သောကြောင့် ဒုတိယအကြိမ် တရားမကြီးမှုကို ၈-၅-၂၀၁၅ ရက်နေ့တွင် စွဲဆိုခြင်းသည် သတ်မှတ်ရက်မှ ၄ နှစ်နှင့် ၂၀ ရက်တွင် စွဲဆိုခြင်းဖြစ်သည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၄ (၁) အရ ထုတ်ပယ်ရမည့်ကာလဖြစ်သော ၂ နှစ် နှင့် ၁ လကို ထုတ်ပယ်လိုက်ပါက သတ်မှတ်ရက်မှ ၃ နှစ်အတွင်း စွဲဆိုမှုဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ရာ ၈-၅-၂၀၁၅ ရက်နေ့တွင် တရားလိုက ဒုတိယအမှုကို စတင်စွဲဆိုခြင်းသည် စည်းကမ်းသတ်ကာလ ၃ နှစ်ကို ကျော်လွန်ခြင်းမရှိချေ။

တရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့သည့် အိမ်မဲမြို့နယ်တရားရုံး၏ စီရင်ချက်၊ ဒီကရီကိုပယ်ဖျက်ပြီး တရားလိုအား အနိုင်ဒီကရီချမှတ်သည့် မြောင်းမြခရိုင်တရားရုံး၏ဒီကရီအပေါ် ပြင်ဆင်ချက်ဖြင့် ဆက်လက်အတည်ပြုသော ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏

စီရင်ချက်နှင့်ဒီကရီသည် မှားယွင်းကြောင်း မတွေ့ရှိရပေ။ အဆိုပါ ဒီကရီကို အတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီသည်လည်း ဥပဒေအရ မှန်ကန်ပေသည်။

အထက်ပါအကြောင်းများကြောင့် ကြားနာခဲ့သည့်ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> " မြောင်းမြခရိုင်တရားရုံး၏ ဒီကရီကို အတည်ပြုခဲ့သည့် ဧရာဝတီ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက် နှင့် ဒီကရီ နှင့် ယင်းစီရင်ချက်၊ ဒီကရီကို အတည်ပြုပြီး ဝင်ရောက် စွက်ဖက်ခြင်းမပြုသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၏ ဒီကရီတို့သည် ဥပဒေအရ မှန်ကန်ခြင်းရှိကြောင်း"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+ ၂၀၂၁ ခုနှစ်
ဒီဇင်ဘာလ ၂၈ ရက်

**တရားမပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးခင်မောင်ကြီး ရှေ့တွင်**

**ဒေါ်နန္ဒမာလာ (ခ) ဒေါ်ထံဏီဝင်းပြည့် (ခ) ပြည့်ပြည့် (ခ)**
**စောမြင့်ကြည် (ခ) ချင်းမ**
**နှင့်**
**ဒေါ်နေဇင်မြင့်***

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ မေးမြန်းချက်များ တင်သွင်းမှုအပေါ် ကန့်ကွက်ရာ၌ ဆောင်ရွက်ရမည့် နည်းလမ်း**

**ဆုံးဖြတ်ချက်**။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ အမှုသည် တစ်ဖက်ဖက်က မေးမြန်းချက်များ တင်သွင်းလာလျှင် မေးမြန်းခံရသူ (တရားလို/တရားပြိုင်) သည် မေးမြန်းချက်များကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်ဟူ၍ တရားရုံးက အမိန့်ချမှတ်ရန် ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည့်မေးခွန်းများကို ဖြေဆိုစေရန် အမိန့်ပုံစံသည် တရားမပုံစံအမှတ် - ၅၀ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမပုံစံအမှတ် ၅၀ ဖြင့် မေးခွန်းများဖြေဆိုရန် အမိန့်ချမှတ်သည့်အခါ မေးခွန်းမေးမြန်းခံရသည့် တစ်ဖက်အမှုသည်က ကန့်ကွက်လိုလျှင် အမိန့် ၁၁၊ နည်းဥပဒေ ၆ အရ ဖြေဆိုချက်အဖြစ်

*၂၀၂၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၀၂

+၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၉ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပြင်ဆင်မှု

တင်သွင်းသော ကျမ်းကျိန်လွှာတွင် ထည့်သွင်းကန့်ကွက်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလရုံးသည် တရားပြိုင်ဘက်မှ တရားလိုအား မေးမြန်းခွင့် လျှောက်ထားသည့် ၉-၁-၂၀၂၀ ရက်နေ့ ရုံးချိန်းတွင် တရားမပုံစံအမှတ် ၅၀ ကို ထုတ်ပေးကြောင်း နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားခြင်းမရှိပေ။ တရားလိုဘက်မှ ထိုမေးမြန်းချက်အပေါ် ကန့်ကွက်ရာ၌ နည်းဥပဒေ ၆ တွင် ကျမ်းကျိန်ချက်၌ ထည့်သွင်း ကန့်ကွက်ရန်ဖြစ်ပါလျက် ကျမ်းကျိန်ချက် မတင်သွင်းဘဲ ကန့်ကွက်စာ တင်ရုံမျှဖြင့်အမိန့်၁၁၊ နည်းဥပဒေ ၁၁ အရ ဆောင်ရွက်သည့်သဘော သက်ရောက်သည့်အမိန့်ချမှတ်ထားခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ် မှန်ကန်မှုမရှိပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် - | ဦးစည်သူထွန်း၊ တရားလွှတ်တော်ရှေ့နေ (မလာ) (၎င်း၏ ရေးသားလျှောက်လဲချက် ကို တရားလွှတ်တော်ရှေ့နေ ဒေါ်စန္ဒာ (ခ) ကေသွယ်မိုးမှ ကိုယ်စားတင်သည်။ |
| လျှောက်ထားခံရသူအတွက် - | ဦးလှစိန်၊တရားလွှတ်တော်ရှေ့နေ (မလာ) (၎င်း၏ ရေးသားလျှောက်လဲချက်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်သီတာစိုးမှ ကိုယ်စားတင်သည်။ |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀၉ တွင် ဒေါ်နေဇင်မြင့်က ဒေါ်နန္ဒမာလာ(ခ) ဒေါ်ထံဏီဝင်းပြည့် (ခ) ပြည့်ပြည့် (ခ) စောမြင့်ကြည် (ခ) ချင်းမအပေါ် တယ်လီဖုန်းငွေဖြည့် ကတ်ဝယ်ယူရန်အတွက် ပေးသွင်းထားသော စပေါ်ငွေကျပ်သိန်း (၆၀၀၀) အား နစ်နာကြေးငွေကျပ်သိန်း (၆၀၀၀) နှင့်တကွ ပြန်လည်ပေးအပ် စေလိုမှုစွဲဆိုရာတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ

၂၀၂၁ ခုနှစ်
ဒေါ်နန္ဒမာလာ (ခ)
ဒေါ်ထံဏီဝင်းပြည့် (ခ)
ပြည့်ပြည့် (ခ)
စောမြင့်ကြည် (ခ)
ချင်းမ
နှင့်
ဒေါ်နေဇင်မြင့်

မေးခွန်း (၅) ရပ် မေးမြန်းခွင့်ပြုရန် လျှောက်ထားမှုအား ပယ်သည့်အမိန့် ချမှတ်သည့်အပေါ် တရားပြိုင် ဒေါ်နန္ဒမာလာက ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက မေးခွန်းများအား မေးမြန်းခွင့်မပြုသည့်အတွက် တရားပြိုင်တွင် များစွာနစ်နာကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ ကျမ်းကျိန်ဖြေဆိုရန် လျှောက်ထားခဲ့ခြင်းကို လက်မခံခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း၊ ယေဘုယျအားဖြင့် မေးမြန်းချက်များ၏ အဖြေတို့သည် မေးမြန်းသူ တင်ပြလိုသောအမှုကို အထောက်အကူရစေမည်ဖြစ်လျှင်သော်လည်းကောင်း၊ ဆန့်ကျင်ဘက်အမှုသည်၏ အမှုကို ဖြိုဖျက်နိုင်စေမည်ဖြစ်လျှင်သော်လည်းကောင်း၊ မေးမြန်းချက်တို့ကို ခွင့်ပြုရမည်ဖြစ်ကြောင်း၊ မေးခွန်းများအား မူလရုံးတရားလိုမှ ကျမ်းကျိန်ချက်နှင့်တကွ ဖြေဆိုစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက မေးမြန်းသည့် မေးခွန်းများမှာ မူလရုံး တရားပြိုင်ဘက်က သက်သေပြရမည့်ကိစ္စရပ်များနှင့် မူလရုံးတရားလိုအား ပြန်လှန်မေးသည့် အဆင့်တွင် မေးမြန်းနိုင်သည့် ပြန်လှန်မေး မေးခွန်းများအား မေးမြန်းထားခြင်းဖြစ်သဖြင့် တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် မှားယွင်းမှုမရှိကြောင်း၊ ဤပြင်ဆင်မှုကို ပလပ် ပေးရန် လျှောက်လဲတင်ပြသည်။

မူလရုံးက မေးခွန်းအမှတ် (က) သည် အဆိုလွှာနှင့်အတူ တရားလို၊ တရားပြိုင်တို့နှစ်ဦး သဘောတူဝန်ခံကတိစာချုပ်များ၏ မိတ္တူကို ပူးတွဲတင်ပြထားသဖြင့် တရားပြိုင်ဘက်မှ စီရင်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ချေပရမည့်တာဝန်ဖြစ်ကြောင်း၊ ကျန်မေးခွန်းအမှတ် (ခ)၊ (ဂ)၊ (ဃ)၊ (င) တို့သည် တရားပြိုင်ဘက်မှအဆိုပြုချက်တို့အပေါ်ချေပရန်ဖြစ်ကြောင်း၊

ပြန်လှန်မေးခွန်း မေးမြန်းသည့်အခါ မေးမြန်းရမည့် မေးခွန်းမျိုးဖြစ်ကြောင်း၊ တရားပြိုင်ကချေပရန် တာဝန်သက်သက်သာဖြစ်သည့် အချက်များဖြစ်ခြင်းကြောင့် တရားမကျင့်ထုံးဥပဒေအမိန့်၁၁၊ နည်းဥပဒေ ၁ အရ လျှောက်ထားမှုကို ခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။

အမှုတွင် ချေလွှာမတင်မီ တရားပြိုင်၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ မေးခွန်း (၅) ရပ်အား တရားလိုမှ ကျမ်းကျိန်ချက်နှင့်တကွ ဖြေကြားစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် ၉-၁-၂၀၂၀ ရက်နေ့ ရုံးချိန်းတွင် လျှောက်ထားခဲ့သည်။ ထိုနေ့တွင် တရားလိုရှေ့နေမှ ကန့်ကွက်ကြောင်းနှုတ်ဖြင့် တင်ပြခဲ့ပြီး ၂၃-၁-၂၀၂၀ နေ့ ရုံးချိန်း တွင် တရားလိုရှေ့နေက တရားပြိုင်က အမိန့် ၁၁၊ နည်းဥပဒေ ၁ အရ မေးခွန်းများမေးမြန်းခြင်းအပေါ်တွင် ခွင့်မပြုသင့်ကြောင်း ကန့်ကွက်လွှာတစ်စောင်တင်သွင်းခဲ့သည်ကို တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ တွင် မည်သည့် တရားမမှုတွင်မဆို တရားလို သို့မဟုတ် တရားပြိုင်သည် တစ်ဖက်အမှုသည်တို့ကိုဖြစ်စေ၊ တစ်ဖက်အမှုသည်တို့အနက် တစ်ဦး သို့မဟုတ် အများကိုဖြစ်စေ စစ်မေးရေးအတွက် တရားရုံး၏ ခွင့်ပြုချက်ဖြင့် မေးမြန်းချက်များ ရေးသားပေးအပ်နိုင်သည်။ အဆိုပါ မေးမြန်းချက်များကို ပေးအပ်သောအခါ မည်သည့်မေးမြန်းချက်ကို မည်သူက ဖြေဆိုရမည်ဖြစ်ကြောင်း မေးမြန်းချက်စာတမ်းအောက်ခြေတွင် ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်ပါ တရားရုံး၏ ခွင့်ပြုချက်ဟူသော စကားရပ်သည်တရားရုံးက မည်သည့်မေးခွန်းများကို အတင်းအကြပ်ဖြေဆိုရန်၊ မည်သည့်မေးခွန်းများကိုဖြေဆိုရန် မလိုအပ်ဟု မေးခွန်းများမေးမြန်းခွင့်လျှောက်ထားချက်အပေါ် ကနဦး အရေးယူဆောင်ရွက်ရန်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ ၊ နည်းဥပဒေ ၁ အရ အမှုသည်

တစ်ဖက်ဖက်က မေးမြန်းချက်များ တင်သွင်းလာလျှင် မေးမြန်းခံရသူ (တရားလို/တရားပြိုင်) သည် မေးမြန်းချက်များကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်ဟူ၍ တရားရုံးက အမိန့်ချမှတ်ရန်ဖြစ်သည်။ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည့်မေးခွန်းများကို ဖြေဆိုစေရန် အမိန့်ပုံစံသည် တရားမပုံစံအမှတ်- ၅၀ ဖြစ်သည်။

တရားမပုံစံအမှတ် ၅၀ ဖြင့် မေးခွန်းများဖြေဆိုရန် အမိန့်ချမှတ်သည့်အခါ မေးခွန်းမေးမြန်းခံရသည့် တစ်ဖက်အမှုသည်က ကန့်ကွက်လိုလျှင် အမိန့် ၁၁၊ နည်းဥပဒေ ၆ အရ ဖြေဆိုချက်အဖြစ် တင်သွင်းသောကျမ်းကျိန်လွှာတွင် ထည့်သွင်းကန့်ကွက်နိုင်သည်။ အကယ်၍ နည်းဥပဒေ ၇ တွင်ပါရှိသည့်အတိုင်း မေးမြန်းချက်များအပေါ် ကန့်ကွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ထုတ်ပယ်ခြင်းတို့ပြုလုပ်လိုပါက မေးမြန်းချက်များပေးအပ်ပြီးနောက် (၇) ရက်အတွင်း လျှောက်ထားနိုင်ပေသည်။ ထိုသို့ ဆောင်ရွက်လိုခြင်းမရှိခဲ့သော် မေးမြန်းခြင်းခံရသူက နည်းဥပဒေ ၈ အရ မေးမြန်းချက်များကို ကျမ်းကျိန်လွှာဖြင့် ဖြေဆိုပြီး ၁၀ ရက်အတွင်းဖြစ်စေ၊ တရားရုံးကခွင့်ပြုသည့်အချိန်အတွင်းဖြစ်စေ တရားရုံးသို့ တင်သွင်းရန်ဖြစ်သည်။

မေးမြန်းခြင်းခံရသူက ကျမ်းကျိန်ချက် တင်သွင်းရာ၌ မဖြေဆိုလျှင် သို့မဟုတ် မလုံမလောက်ဖြေဆိုလျှင် ထိုသူအားဖြေဆိုရန် သို့မဟုတ် ထပ်မံဖြေဆိုစေရန် မေးမြန်းသူက တရားရုံးသို့ လျှောက်ထားသည့်အခါ နည်းဥပဒေ ၁၁ အရ တရားရုံးသည် မေးမြန်းချက်များကို ဖြေဆိုစေရန် သို့မဟုတ် ထပ်မံဖြေဆိုစေရန် ဆင့်ဆိုအမိန့်ချမှတ်ရန်ဖြစ်သည်။

မူလရုံးသည် တရားပြိုင်ဘက်မှ တရားလိုအား မေးမြန်းခွင့် လျှောက်ထားသည့် ၉-၁-၂၀၂၀ ရက်နေ့ ရုံးချိန်းတွင် တရားမပုံစံအမှတ် ၅၀ ကို ထုတ်ပေးကြောင်း နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားခြင်းမရှိပေ။

တရားလိုဘက်မှ ထိုမေးမြန်းချက်အပေါ် ကန့်ကွက်ရာ၌ နည်းဥပဒေ ၆ တွင် ကျမ်းကျိန်ချက်၌ ထည့်သွင်းကန့်ကွက်ရန်ဖြစ်ပါလျက် ကျမ်းကျိန်ချက် မတင်သွင်းဘဲ ကန့်ကွက်စာတင်ရုံမျှဖြင့်အမိန့်၁၁၊ နည်းဥပဒေ ၁၁ အရ ဆောင်ရွက်သည့် သဘောသက်ရောက်သည့်အမိန့်ချမှတ်ထားခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှန်ကန်မှု မရှိပေ။

သို့ဖြစ်ရာမူလရုံးသည် စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် တရားဥပဒေနှင့်ညီညွတ်မှုမရှိသည့်အတွက် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (ဂ) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝင်ရောက်စွက်ဖက်ပြင်ဆင်ရပေမည်။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကို ခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ပြီး တရားပြိုင်ဘက်က တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်းဥပဒေ ၁ အရ လျှောက်ထားလွှာအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

၂၀၂၁ ခုနှစ်
ဦးဥတ္တရ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးခင်မောင်တင့်)
နှင့်
ဦးစိုးနိုင် ပါ ၃

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးတင်ဟုန် ရှေ့တွင်**

**ဦးဥတ္တရ**
**(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးခင်မောင်တင့်)**
**နှင့်**
**၁။ ဦးစိုးနိုင်**
**၂။ ဒေါ်မိတင်(ခ)ဒေါ်တင်ဌေး**
**၃။ ဦးလေးနိုင်***

**အယူခံရုံးသည် နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့် မပေးဘဲ အချက်အလက်တစ်ရပ်ကို ဖော်ထုတ်၍ အမှုကို ဆုံးဖြတ်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် နည်းလမ်းတကျ ကျင့်သုံးရာရောက် မရောက်၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ၂ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သည်ဟု ဆိုနိုင် မဆိုနိုင်။**

**ဆုံးဖြတ်ချက်**။ ။ မူလရုံးအမှုတွဲရှိ သက်သေခံအထောက်အထားများမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ အရ အယူခံရုံးက

---

*၂၀၂၀ ပြည့်နှစ်၊ တရားမအယူခံမှုအမှတ် ၃၁၀

+၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၁ တွင် ချမှတ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်စွဲပါ မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

စီရင်ချက်ချနိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့်အကြောင်းပြချက်အရ ထိခိုက်နစ်နာမည့်အမှုသည်အား ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာမရောက်၍ အယူခံရုံးက အဆုံးအဖြတ်သည် ဥပဒေနှင့် ညီသည်ဟု မဆိုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလရုံးက အငြင်းပွားခြင်း၊ ငြင်းချက်ထုတ်ဖော်ဆိုခြင်း၊ ဆုံးဖြတ်ခြင်းမပြုခဲ့သည့်ပြဿနာတစ်ရပ်အား ဖော်ထုတ်၍ ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာမရောက်သည့်အပြင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်ကိုလည်း လိုက်နာရာမရောက်၍ ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဒေါ်ခိုင်တင်ဇာအောင်၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးတင်အေး၊ တရားလွှတ်တော်ရှေ့နေ

သထုံခရိုင်တရားရုံး၊ ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ဦးဥတ္တရ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်တင့်) က ဦးစိုးနိုင်ပါ-၃ ဦး အပေါ် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၈ အရ "ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသောအိမ်နှင့် ခြံစည်းရိုးများအား ဖျက်သိမ်းဖယ်ရှားစေ၍ မြေကိုလက်ရောက်ရလိုမှု" စွဲဆိုရာ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ယင်းစီရင်ချက်နှင့် ဒီကရီကို ဦးစိုးနိုင်ပါ-၃ ဦးက မွန်ပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၁ ဖြင့် အယူခံရာ သထုံခရိုင်တရားရုံး၏ ဒီကရီကို ပယ်ဖျက်၍

၂၀၂၁ ခုနှစ်
ဦးဥတ္တရ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးခင်မောင်တင့်)
နှင့်
ဦးစိုးနိုင် ပါ ၃

တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁(ဃ) အရ မူလရုံး တရားလို၏ အဆိုလွှာကိုပယ်ကြောင်း အမိန့်ချမှတ်သဖြင့် ဦးဥတ္တရ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်တင့်) က ဤတရားမအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားပြိုင်များက ချေလွှာတွင် ချေပထားခြင်းမရှိသော၊ ထုချေခြင်းမရှိသော မိမိတို့၏ ခုခံချေပချက်အတွက် အားကိုးအားထားပြုပြီး တင်ပြခြင်းမရှိသောအချက်များကို မွန်ပြည်နယ်တရားလွှတ်တော်က မျက်ကွယ်ပြုကာ မူလရုံး တရားပြိုင်များမှ ကျောက်တိုင်ကျောင်းပိုင်မြေအတွင်း ဝင်ရောက်ကျူးကျော် နေထိုင်လျက်ရှိကြောင်းမှာ ထင်ရှားပေါ်လွင်နေပါလျက် မူလရုံးတရားလို၏ အဆိုလွှာကိုပယ်ခဲ့ခြင်းမှာ အမှုစစ်ဆေးပေါ်ပေါက်ချက်များနှင့် ဆန့်ကျင်ကွဲလွဲနေပါကြောင်း၊ မူလသထုံခရိုင်တရားရုံးတော်မှ ထုတ်နုတ်စစ်ဆေးခြင်းမရှိသော မူလရုံးတရားလို၊ တရားပြိုင်များအနေဖြင့်လည်း အငြင်းပွားနေခြင်းမရှိသောအချက်များကို သုံးသပ်ဆုံးဖြတ်ခဲ့ပါကြောင်း၊ တရားမမှုတစ်မှု၏ အရေးကြီးဆုံးကဏ္ဍတစ်ရပ်ဖြစ်သော အမှုကိုစစ်ဆေးဆုံးဖြတ်ရာ၌ အရေးပါအရာရောက်သော မူလရုံးထုတ်နုတ်ထားသည့် ငြင်းချက်များနှင့်ပတ်သက်၍ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမရှိဘဲ "အမှုကိုတရားမရုံးက စီရင်ပိုင်ခွင့်မရှိကြောင်း ချေပချက်မရှိစေကာမူ အယူခံတရားရုံးက ထုတ်နုတ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု သုံးသပ်ရရှိသည်" ဟုဆိုကာ လွဲမှားစွာဆုံးဖြတ်ခဲ့ပါကြောင်း၊ သို့ပါ၍ မွန်ပြည်နယ်တရားလွှတ်တော်မှ အဆိုလွှာကို ပယ်သည့်အမိန့်သည် မူလရုံးအဆိုအချေ၊ သက်သေခံချက်များတွင် ပေါ်ပေါက်ခြင်းမရှိသော အချက်များအား ထုတ်နုတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ဥပဒေအရ လွဲမှားလျက်ပါရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့်

၂၀၂၁ ခုနှစ်
ဦးဥတ္တရ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးခင်မောင်တင့်)
နှင့်
ဦးစိုးနိုင် ပါ ၃

၇။ နည်းဥပဒေ ၁၁ (ဃ) ပြဋ္ဌာန်းချက်အရ ချေပလွှာတွင် ချေပထုချေထားသည့်အကြောင်းအချက်များ၊ ခုခံချေပချက်အတွက် အားကိုးအားထားပြုပြီး တင်ပြထားခြင်းမရှိသောအချက်များ၊ အမှုစစ်ပေါ်ပေါက်ချက်များကို ထည့်သွင်းဆုံးဖြတ်ရန်မလိုအပ်ဘဲ အဆိုလွှာပါ ဖော်ပြချက်များအရသာ စိစစ်ဆုံးဖြတ်ရမည်ဖြစ်သည်မှာ ထင်ရှားပါကြောင်း၊ အယူခံတရားလိုသည် မွန်ပြည်နယ်တရားလွှတ်တော်က ဥပဒေနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ခဲ့သည်ကို တလွဲအထင်ရောက်စေရန် တင်ပြခြင်းသာဖြစ်ပါကြောင်း၊ မွန်ပြည်နယ်တရားလွှတ်တော်က အဆိုအချေများအရ သာသနာရေးဆိုင်ရာ ပစ္စည်းပိုင်ဆိုင်မှုအငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်း မှုခင်းဖြစ်ပွားနေကြောင်း ကောင်းစွာတွေ့မြင်သုံးသပ်ထားပါကြောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းတစ်ခုခုဖြစ်ပွားလျှင် လုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသော သံဃဝိနိစ္ဆယ အဖွဲ့၏စစ်ဆေးဆုံးဖြတ်ခြင်းကိုသာခံရမည်ဖြစ်ကြောင်း၊ ယင်းမှုခင်းကို အခြားမည်သည့်တရားရုံးတွင်မျှ တရားမကြောင်းအရ စွဲဆိုခွင့်မရှိစေရဟု ဝိနည်းဓမ္မကံ အဓိကရုဏ်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ အခန်း၄၊ အပိုဒ် ၂၂ နှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်း ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည်ကို မွန်ပြည်နယ်တရားလွှတ်တော်က ကောင်းစွာတွေ့မြင်သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သို့ပါ၍ မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပေးပါရန် လျှောက်လဲတင်ပြသည်။

မူလရုံးတရားလို ဦးဥတ္တရ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်တင့်) က နှစ်ပေါင်းများစွာ လက်ရှိထားနေသည့် ကျောက်တိုင်ဘုန်းကြီးကျောင်းပိုင်မြေအတွင်းသို့ မူလရုံးတရားပြိုင်များက ကျူးကျော်ဝင်ရောက်၍ နေအိမ်ဆောက်လုပ်ကာ ခြံစည်းရိုး ကာရံကြကြောင်း အဆိုပြုပြီး၊ ကျူးကျော်ဆောက်လုပ်နေသည့် နေအိမ်နှင့် ကာရံထားသည့်

ခြံစည်းရိုးများကို ဖျက်သိမ်းဖယ်ရှား၍ ကျောင်းပိုင်မြေအား လက်ရောက်ရလိုမှု စွဲဆိုခြင်းဖြစ်သည်။

မူလရုံးတရားပြိုင်များက ဦးစိုးနိုင်၊ ဒေါ်တင်ငွေး အမည်ပေါက်မြေကွက်ကို စစ်တောင်းကျေးရွာနေ ဒေါ်ပဲ (ခ) ဒေါ်သန်းကြည်ထံမှ အပိုင်ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်စိုက်ပျိုး လုပ်ကိုင်နေထိုင်လာခြင်းဖြစ်ကြောင်း၊ ကျောက်တိုင်ဘုန်းကြီးကျောင်းပိုင်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမဟုတ်ကြောင်း ချေပသည်။

အဆိုအချေများအရ မူလခရိုင်တရားရုံးက အောက်ပါငြင်းချက် (၂) ရပ်ကို ထုတ်နုတ်ခဲ့သည်-

(၁) တရားပြိုင်များသည် ကျောက်တိုင်ဘုန်းကြီးကျောင်းပိုင်မြေအတွင်း ကျူးကျော်ဝင်ရောက်နေအိမ်ဆောက်လုပ်နေထိုင်သည်မှာ မှန်သလား။

(သို့မဟုတ်)

တရားပြိုင်များသည် ဦးစိုးနိုင်၊ ဒေါ်တင်ငွေးအမည်ပေါက်မိမိပိုင်ခြံမြေကွက် အတွင်း စိုက်ပျိုးနေထိုင်ခြင်းဖြစ်သည်မှာမှန်သလား။

(၂) တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်သနည်း။

သထုံခရိုင်တရားရုံးက အထက်ပါငြင်းချက်များအပေါ် သက်သေခံချက်များရယူပြီးနောက် တရားပြိုင်များသည် ကျောက်တိုင်ဘုန်းကြီးကျောင်းပိုင်မြေအတွင်း ကျူးကျော်ဝင်ရောက် နေအိမ်ဆောက်လုပ်နေထိုင်သည်မှာ မှန်ကြောင်းနှင့် တရားလိုသည် တရားပြိုင်များကျူးကျော်ထားသောမြေကို ပြန်လည်ရထိုက်ခွင့်ရှိကြောင်း ငြင်းချက်များအားဖြေဆိုကာ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။

မွန်ပြည်နယ်တရားလွှတ်တော်က မူလရုံးအဆိုအချေများအရ သာသနာရေးဆိုင်ရာ ပစ္စည်းပိုင်ဆိုင်မှုအငြင်းပွားသည့် ဝိဝါဒါဓိကရဏ်း မှုခင်းဖြစ်ပွားနေကြောင်း ထင်ရှားကြောင်း၊ ဝိနည်းဓမ္မကံမှုခင်းဖြစ်ပွား လျှင် ဤလုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသော သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ခြင်းကိုသာ ခံယူရမည်ဖြစ်ကြောင်း၊ ဝိနည်းဓမ္မကံ အဓိကရဏ်းများကို အခြားမည်သည့် တရားရုံးတွင်မျှ တရားမကြောင်း အရ စွဲဆိုခွင့်မရှိစေရဟု ဝိနည်းဓမ္မကံအဓိကရဏ်း ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ နှင့် ဥပဒေပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထား ပါကြောင်း၊ သို့ဖြစ်ပါ၍ သာသနာ့မြေပိုင်ဆိုင်မှုအငြင်းပွားသည့် ယခုအမှု စီရင်ပိုင်ခွင့်အာဏာ တရားမရုံးတွင်မရှိကြောင်း၊ အမှု၏မည်သည့် အဆင့် များတွင်မဆို တရားမကြောင်းအရ တရားစွဲဆိုခွင့်မရှိကြောင်း တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ ပိတ်ပင်ထားကြောင်း ပေါ်ပေါက်ပါက တရားမ ကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁(ဃ) အရ အဆိုလွှာကို ပယ်ပိုင် ခွင့်ရှိကြောင်း၊ အထက်ပါအကြောင်းများကြောင့် အမှုကိုတရားမရုံးက စီရင်ပိုင်ခွင့်မရှိကြောင်း ချေပချက်မရှိစေကာမူ အယူခံတရားရုံးက ထုတ်ဖော်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု သုံးသပ်ကာ သထုံခရိုင်တရားရုံး၏ ဒီကရီကိုပယ်ဖျက်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ (ဃ) အရ မူလရုံးတရားလို၏ အဆိုလွှာကို ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

သထုံခရိုင်တရားရုံးက တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခဲ့ခြင်းမှာ ထုတ်နုတ်ထားသည့် ငြင်းချက်များအပေါ် သက်သေခံချက် များရယူဖြေဆိုပြီးနောက် အမှု၏ အရည်အသွေးအရ အမှုကို အပြီး အပြတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်နယ်တရားလွှတ်တော်က မူလရုံး တရားလို၏ အဆိုလွှာအား တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ (ဃ) အရ ပယ်ခဲ့ခြင်းမှာ အဆိုအချေတို့အရ သာသနာ့မြေပိုင်ဆိုင်မှု အငြင်းပွားမှုဖြစ်၍ ဤတရားမရုံးက တရားစွဲဆိုခွင့်မရှိကြောင်း

အချက်အလက်တစ်ရပ် ဖော်ထုတ်၍ အမှုကိုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(၁) သတ်မှတ်ထားသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့် မဆန့်ကျင်စေဘဲ အယူခံရုံးမှာ အောက်ပါလုပ်ပိုင်ခွင့်ရှိစေရမည်-

(က) အမှုကို အပြီးသတ်ဆုံးဖြတ်ခွင့်

(ခ) အမှုကို ပြန်လည်စစ်ဆေးစီရင်ပိုင်ခွင့်

(ဂ) ငြင်းချက်ထုတ်၍ စစ်ဆေးစီရင်ပိုင်ခွင့်

(ဃ) နောက်ထပ်သက်သေခံချက်ယူပိုင်ခွင့် သို့မဟုတ် ထိုသို့ယူ၍ ဆင့်ဆိုပိုင်ခွင့်

(၂) အထက်တွင်ဆိုခဲ့သည့် ကန့်သတ်ချက်များနှင့် မဆန့်ကျင်စေဘဲ အယူခံရုံးသည် မူလစီရင်ခွင့်ရှိသည့်တရားရုံးများအား ယင်းရုံးများ၌ စွဲဆိုသော တရားမမှုများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များ ရရှိစေသည့်အပြင် ဤဥပဒေအရ သတ်မှတ်ထားသည့်တာဝန်ဝတ္တရားများကိုလည်း တတ်နိုင်သမျှ ဆောင်ရွက်ရမည်။

အယူခံရုံးသည် ဖော်ပြပါ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ (၁) (၂) ပြဋ္ဌာန်းချက်အရ မူလစီရင်ပိုင်ခွင့်ရှိသည့်တရားရုံးအား တရားမကျင့်ထုံးဥပဒေအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များရရှိသော်လည်း သတ်မှတ်ထားသည့် စည်းကမ်း၊ ကန့်သတ်ချက်များကို မဆန့်ကျင်စေဘဲ ရရှိသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။

၂၀၂၂ ခုနှစ်
ဦးဥတ္တရ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးခင်မောင်တင့်)
နှင့်
ဦးစိုးနိုင် ပါ ၃

"အယူခံရုံးသည် အယူခံမှုကို အဆုံးအဖြတ်ပြုရာတွင် အယူခံလွှာတွင်ဖော်ပြထားသည့် ကန့်ကွက်အကြောင်းပြချက်များကို သို့မဟုတ် ဤနည်းဥပဒေအရ တရားရုံး၏ ခွင့်ပြုချက်ဖြင့် တင်ပြသော အကြောင်းပြချက်များကိုသာ အစွဲပြု၍ ဆုံးဖြတ်ရန်မဟုတ်၊ သို့သော် အခြားအကြောင်းပြချက်အရ ထိခိုက်နစ်နာမည့်အမှုသည်က ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ အမှုကို ဆိုင်ပြိုင်ရန် လုံလောက်သည့် အခွင့်အရေးမရရှိလျှင် တရားရုံးသည် ထိုအကြောင်းပြချက်အပေါ် အခြေခံ၍ အမှုကို အဆုံးအဖြတ်မပြုရ။"ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပြဋ္ဌာန်းချက်တွင် ဖော်ပြပါရှိသည်။

မူလသထုံခရိုင်တရားရုံးက ငြင်းချက်များနှင့်စပ်လျဉ်း၍ သက်သေခံချက်များရယူပြီးနောက် ငြင်းချက်အားလုံးဖြေဆိုကာ တရားလိုတောင်းဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့ရာ ပထမအယူခံရုံးဖြစ်သည့် မွန်ပြည်နယ်တရားလွှတ်တော်က မူလခရိုင်တရားရုံး၏ ဒီကရီကို ပယ်ဖျက်ကာ အချက်အလက်တစ်ရပ်ဖော်ထုတ်၍ တရားလို၏ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ (ဃ) အရ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပထမအယူခံရုံးကဆုံးဖြတ်ရာတွင် ထိခိုက်နစ်နာမည့်အမှုသည်အား ထိုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

"အမှုတွဲရှိ သက်သေခံချက်မှာ အယူခံရုံးက စီရင်ချက်ချမှတ်ပေးနိုင်လောက်အောင် လုံလောက်လျှင် အယူခံဝင်သည့်ဒီကရီကို ချမှတ်သော တရားရုံး၏စီရင်ချက်သည် အယူခံရုံးက အခြေပြုသည့် အကြောင်းအချက်များမဟုတ်သော အခြားအကြောင်းအချက်များအပေါ်

၂၀၂၁ ခုနှစ်
ဦးဥတ္တရ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးခင်မောင်တင့်)
နှင့်
ဦးစိုးနိုင် ပါ ၃

လုံးဝအခြေပြုစေကာမူ အယူခံရုံးသည်လိုအပ်ပါက ငြင်းချက်များကို ထပ်မံထုတ်နုတ်၍ အမှုကို အပြီးသတ်အဆုံးဖြတ်ပြုနိုင်သည်” ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ တွင် ပြဋ္ဌာန်းထားသည်။

သထုံခရိုင်တရားရုံးက နှစ်ဖက်သက်သေခံချက်များ ရယူထားသဖြင့် ပထမအယူခံရုံးဖြစ်သော မွန်ပြည်နယ်တရားလွှတ်တော်က စီရင်ချက်ချမှတ်ပေးနိုင်လောက်အောင် သက်သေခံများ လုံလောက်နေပြီဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ ပါ ပြဋ္ဌာန်းချက်အရ အပြီးသတ်အဆုံးဖြတ်ပြုနိုင်ပေသည်။

သို့ရာတွင် အယူခံရုံးသည် နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့်မပေးဘဲ အချက်အလက်တစ်ရပ်ကို ဖော်ထုတ်၍ အမှုကို ဆုံးဖြတ်ပါက တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံးရာတွင် နည်းလမ်းတကျ ကျင့်သုံးရာရောက်မည် မဟုတ်ပေ။

“မူလရုံးအမှုတွဲရှိ သက်သေခံအထောက်အထားများမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ အရ အယူခံရုံးက စီရင်ချက်ချနိုင်လောက်အောင် လုံလောက်စေကာမူ အယူခံရုံးက ချမှတ်သည့် အကြောင်းပြချက်အရ ထိခိုက်နစ်နာမည့်အမှုသည်အား ထိုအကြောင်းပြချက်နှင့် စပ်လျဉ်း၍ လျှောက်လဲတင်ပြခွင့်မပြုခဲ့လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရာမရောက်၍ အယူခံရုံး၏ အဆုံးအဖြတ်သည် ဥပဒေနှင့်ညီသည်ဟု မဆိုနိုင်ကြောင်း” **ဦးလှဦးပါ- ၃ (ကွယ်လွန်သူ ဦးအောင်ဖေ၏ တရားဝင်ကိုယ်စားလှယ်များ) နှင့် ဒေါ်အုံးစီ အမှု** [(၁)] တွင် လမ်းညွှန်မှုပြုထားသည်။

မွန်ပြည်နယ်တရားလွှတ်တော်၏ ၂၀၁၉ ခုနှစ် တရားမပထမ

---

၁။ ၂၀၀၀ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၅၃ (၂၅၄)

အယူခံမှု ၈၁ တွင် အယူခံတရားလို ဦးစိုးနိုင်ပါ-၃ က အယူခံလွှာတွင် မူလရုံးက ထုတ်နုတ်ဖြေကြားထားသည့် ငြင်းချက်များနှင့်သက်ဆိုင်သည့် အချက်များကိုသာ အယူခံအကြောင်းပြခဲ့ရာ အယူခံတရားပြိုင် ဦးဥတ္တရ (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်တင့်) ကလည်း ထိုအချက်ပေါ်တွင်သာ ထုချေခဲ့သည်။

မွန်ပြည်နယ်တရားလွှတ်တော်က မူလအမှုသည် သာသနာ့မြေပိုင်ဆိုင်မှုအငြင်းပွားမှုဖြစ်၍ စီရင်ပိုင်ခွင့်အာဏာ တရားမရုံးတွင်မရှိကြောင်းသုံးသပ်၍ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁၁ (ဃ) ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည့် ပထမအယူခံမှုတွင် ထိုပြဿနာနှင့်စပ်လျဉ်း၍ ငြင်းချက်ထုတ်နုတ်ကာ နှစ်ဖက်အမှုသည်များအား ကြားနာခွင့်ပေးခဲ့ကြောင်း အထောက်အထားမတွေ့ရှိရပေ။

သို့ဖြစ်ရာ မူလရုံးက အငြင်းပွားခြင်း၊ ငြင်းချက်ထုတ်ဖြေဆိုခြင်း၊ ဆုံးဖြတ်ခြင်း မပြုခဲ့သည့် ပြဿနာတစ်ရပ်အား ဖော်ထုတ်၍ ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၄ ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ကျင့်သုံးရာမရောက်သည့်အပြင် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂ ပါပြဋ္ဌာန်းချက်ကိုလည်း လိုက်နာရာမရောက်၍ ပထမအယူခံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို ခွင့်ပြုပြီး မွန်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သည်။ ဖော်ထုတ်ဆုံးဖြတ်မည့်ပြဿနာအပေါ် ငြင်းချက်ထုတ်နုတ်၍ နှစ်ဖက်အမှုသည်များအား လျှောက်လဲတင်ပြခွင့်ပြုပြီး အယူခံမှုကို ပြန်လည်ကြားနာစေရန် မွန်ပြည်နယ်တရားလွှတ်တော်အား ညွှန်ကြား

၂၀၂၁ ခုနှစ်
ဦးဥတ္တရ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးခင်မောင်တင့်)
နှင့်
ဦးစိုးနိုင် ပါ ၃

လိုက်သည်။

ဤအယူခံမှုတွင် ကုန်ကျစရိတ်ကို နောက်ဆုံးတွင် အမှုရှုံးသူက အမှုနိုင်သူအား ပေးစေရမည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။